http://www.dhammadownload.com

သာမဏေကျော်

အတုယူဖွယ်ရာ

စိတ်ထားများ


DESIGN
AUNG LWIN
553920

သာမဏေကျော် ● အတုယူဖွယ်ရာစိတ်ထားများ

# သာမဏေကျော်

# အတုယူဖွယ်ရာ

# စိတ်ထားများ



(ဒုတိယအကြိမ်)

http://www.dhammadownload.com

# အတုယူဖွယ်ရာ စိတ်ထားများ

သာမဏေကျော်

http://www.dhammadownload.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် ● ၃၂၀၈၂၂၁၂၀၇

မျက်နှာဖုံးခွင့်ပြုချက် ● ၃၂၀၀၆၉၀၁၀၈

အုပ်ရေ ● ၁၀၀၀

တန်ဖိုး ● ၁၀၀၀ ကျပ်

ပုံနှိပ်ခြင်း ● ၂၀၀၈ ခုနှစ်၊ မတ်လ
ဒုတိယအကြိမ်

မျက်နှာဖုံးနှင့် ● ဒေါ်မေသက်ခိုင် (၀၈၂၉၄)
အတွင်းပုံနှိပ် (ပြည့်စုံပုံနှိပ်တိုက်)
အမှတ်-၂၀၆၊ (မြေညီ)၊
ဗိုလ်တထောင်ဘုရားလမ်း၊

ထုတ်ဝေသူ ● ဦးတင်ကိုဦး
ရွှေရည်မြင့်မြတ်စာပေ
အမှတ် (၅၈၀/ခ)၊ အောင်ရတနာလမ်း၊
သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းဖလင် ● ကိုမြင့်သူ

မျက်နှာဖုံးဒီဇိုင်း ● ကိုအောင်လွင်

**ဖြန့်ချိရေး**

**သာမဏေကျော်စာပေ**

သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်
(လော်ကားဥယျာဉ်အနီး)
မှော်ဘီမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၇၀၉၆၈၀

http://www.dhammadownload.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ရှင်ရာဟုလာနဲ့ သဲ | ၁ |
| ၂။ | ရှင်ရာဟုလာနဲ့ တံမြက်စည်း | ၃ |
| ၃။ | တွေးခေါ်ရှင် ကိုရင်ပဏ္ဍိတရဲ့ စိတ်ထား | ၆ |
| ၄။ | သံကိစ္စရဲ့ သံဝေဂ | ၉ |
| ၅။ | ကိုရင်လေးနဲ့ သူခိုးငါးရာ | ၁၁ |
| ၆။ | အရှင်သာရိပုတ္တရာရဲ့ နှိမ့်ချစိတ်ထား | ၁၄ |
| ၇။ | အရှင်သာရိပုတ္တရာရဲ့ ဆရာ့အပေါ် ရိုသေစိတ်ထား | ၁၈ |
| ၈။ | အရှင်သာရိပုတ္တရာရဲ့ ကြောင့်ကြစိတ်ထား | ၁၉ |
| ၉။ | အရှင်သာရိပုတ္တရာရဲ့ ကျေးဇူးသိစိတ်ထား | ၂၁ |
| ၁၀။ | အရှင်သာရိပုတ္တရာရဲ့ သီလမြတ်နိုးစိတ်ထား | ၂၃ |
| ၁၁။ | သာမာဝတီရဲ့ မေတ္တာစိတ်ထား | ၂၈ |
| ၁၂။ | အရှင်သာရိပုတ္တရာရဲ့ ကူညီတဲ့စိတ်ထား | ၃၀ |
| ၁၃။ | ရှင်တိဿရဲ့ တောပျော်စိတ်ယား | ၃၃ |
| ၁၄။ | အလှူခံနှစ်ပါးရဲ့ စိတ်ထား | ၃၅ |
| ၁၅။ | ဘုရားရှင်ရဲ့ ညီမျှတဲ့ချိန်ခွင်လျှာ | ၃၇ |
| ၁၆။ | မလ္လိကာရဲ့ စိတ်ထား | ၄၁ |
| ၁၇။ | အံ့ဩဖွယ်ရာ သူ့စိတ်ထား | ၄၄ |

http://www.dhammadownload.com


| | | |
|---|---|---|
| ၁၈။ | ရွှေမှုန်နဲ့ နွားချေး ရွေးတတ်တဲ့ စိတ်ထား | ၄၇ |
| ၁၉။ | အချစ်ရှုံးသူရဲ့ စိတ်ထား | ၄၉ |
| ၂၀။ | စစ်ပွဲတစ်ပွဲ | ၅၂ |
| ၂၁။ | အရှင်ပေါဋ္ဌိလရဲ့ စိတ်ထား | ၅၆ |
| ၂၂။ | ဘုရားလောင်းရဲ့ အပြစ်ကင်းတဲ့စိတ်ထား | ၆၀ |
| ၂၃။ | ဘုရားရှင်ရဲ့ အကြင်နာစိတ်ထား | ၆၂ |
| ၂၄။ | ဘုရားလောင်းရဲ့ သံမဏိစိတ်ထား | ၆၄ |
| ၂၅။ | ခေါင်းဆောင်ကောင်းရဲ့ စိတ်ထား | ၆၆ |
| ၂၆။ | အရှင်ပုဏ္ဏရဲ့ စိတ်ထား | ၆၉ |
| ၂၇။ | သုံးကိုယ် တစ်စိတ် | ၇၂ |
| ၂၈။ | မျောက်ရဲ့ စိတ်ထား | ၇၆ |
| ၂၉။ | ဃောသကရဲ့ စိတ်ထား | ၇၉ |
| ၃၀။ | ဥတ္တရာရဲ့ စိတ်ထား | ၈၂ |
| ၃၁။ | ဆင်ပြောင်လို စိတ်ထား | ၈၄ |
| ၃၂။ | သိဒ္ဓတ္ထရဲ့ စိတ်ထား | ၈၇ |
| ၃၃။ | စက္ကနရဲ့ စိတ်ထား | ၉၀ |
| ၃၄။ | သောဏအမေ့ စိတ်ထား | ၉၃ |
| ၃၅။ | တစ္ဆေမရဲ့ စိတ်ထား | ၉၆ |
| ၃၆။ | ဘုရားရှင်တွေရဲ့ စိတ်ထား | ၉၉ |
| ၃၇။ | ဘုရားလောင်း၏ မတွန့်တဲ့စိတ်ထား | ၁၀၁ |
| ၃၈။ | တိရစ္ဆာန်သုံးကောင်ရဲ့ စိတ်ထား | ၁၀၃ |
| ၃၉။ | သုမေဓာရဲ့ စိတ်ထား | ၁၀၆ |

http://www.dhammadownload.com

| | | |
|---|---|---|
| ၄၀။ | မယဒေဝရဲ့ စိတ်ထား | ၁၀၉ |
| ၄၁။ | ကုန်သည်ရဲ့ စိတ်ထား | ၁၁၂ |
| ၄၂။ | အကိတ္တိရဲ့ စိတ်ထား | ၁၁၅ |
| ၄၃။ | သုမုခရဲ့ စိတ်ထား | ၁၂၀ |
| ၄၄။ | ကျေးမင်းရဲ့ စိတ်ထား | ၁၂၃ |
| ၄၅။ | မိဖုရားခေါင်ကြီးရဲ့ စိတ်ထား | ၁၂၆ |
| ၄၆။ | ကျွန်ရစ်သူတို့ရဲ့ စိတ်ထား | ၁၂၉ |
| ၄၇။ | ခန္တိဝါဒီရသေ့ရဲ့ စိတ်ထား | ၁၃၂ |
| ၄၈။ | သားအဖသုံးယောက်ရဲ့ စိတ်ထား | ၁၃၅ |
| ၄၉။ | မဟာဇနကရဲ့ စိတ်ထား | ၁၃၈ |
| ၅၀။ | တေမိယရဲ့ စိတ်ထား | ၁၄၁ |
| ၅၁။ | သူတော်ကောင်းတို့ရဲ့ စိတ်ထား | ၁၄၄ |
| ၅၂။ | ဝေဿန္တရာရဲ့ စိတ်ထား | ၁၄၇ |
| ၅၃။ | ဓမ္မပါလမိသားစုရဲ့ စိတ်ထား | ၁၅၁ |
| ၅၄။ | တက္ကသိုလ်မင်းလောင်းရဲ့ စိတ်ထား | ၁၅၄ |
| ၅၅။ | အရှင်အာနန္ဒာရဲ့ စိတ်ထား | ၁၅၇ |
| ၅၆။ | အလှူပေး အလှူခံတို့ရဲ့ စိတ်ထား | ၁၆၀ |
| ၅၇။ | မဟာနာမ်ရဲ့ စိတ်ထား | ၁၆၃ |
| ၅၈။ | အရှင်မောဂ္ဂလာန်ရဲ့ စိတ်ထား | ၁၆၆ |
| ၅၉။ | မထေရ်ကြီးတွေရဲ့ စိတ်ထား | ၁၇၀ |
| ၆၀။ | မယတို့ရဲ့ စိတ်ထား | ၁၇၃ |

http://www.dhammadownload.com

# ရှင်ရာဟုလာနဲ့ သဲ

အရှင်ရာဟုလာဟာ (၇) နှစ်သားအရွယ်မှာ သာမဏေအဖြစ် ဝင်ရောက်ခဲ့ပါတယ်။ အရှင်မဟာမောဂ္ဂလာန်က ရာဟုလာမင်းသားရဲ့ ဆံပင်ကို ရိတ်ကာ သင်္ကန်းပေးပြီး သရဏဂုံ ပေးခဲ့ပါတယ်။ အရှင်မဟာကဿပက ဩဝါဒပေးတဲ့ဆရာ ဖြစ်ခဲ့ပါတယ်။ ဥပဇ္ဈာယ်ဆရာ (အနီးကပ် ကြည့်ရှုစောင့်ရှောက်တဲ့ ဆရာ) ကတော့ အရှင်သာရိပုတ္တရာ ဖြစ်ပါတယ်။ **(ပါစိတျာဒိ၊ ဋ္ဌ၊ ၂၉၁)**

အရှင်ရာဟုလာဟာ ရှင်သာမဏေအဖြစ် ဝင်ရောက်တဲ့နေ့က စပြီး နံနက်စောစောပဲ အိပ်ရာမှ ထကာ လက်အပြည့် သဲကို ချီမြှောက်ပြီး "ဒီနေ့ ငါဟာ ဘုရားနဲ့ ဆရာဥပဇ္ဈာယ်တွေထံက ဒီသဲလောက်ရှိတဲ့ အဆုံးအမ အသွန်အသင်တွေကို ရရင် ကောင်းလေစွ" လို့ တမ်းတပါသတဲ့။

"ကိုရင်ရာဟုလာဟာ အဆုံးအမ အသွန်အသင်ကို လိုလားပါပေတယ်။ ဖခင်ဘုရားရှင်အား သင့်လျော်လျောက်ပတ်တဲ့သား ဖြစ်ပါတယ်" လို့ ရဟန်းအပေါင်းရဲ့ကြားလယ်မှာ စကားဖြစ်ပေါ် နေပါသတဲ့။

**(အင်္ဂုတ္တရ၊ ဋ္ဌ၊ ပ၊ ၁၉၆)**

ရှင်ရာဟုလာဟာ နံနက်စောစောပဲ ဂန္ဓကုဋိ ကျောင်းဝင်းအတွင်းမှာ တစ်လက်ဆုပ်လောက် သဲကို ဒီလိုတွေးကာ ဖြန့်ကြဲပါတယ်။

"ဒီနေ့ ဘုရားထံမှ၊ ငါ့ဥပဇ္ဈာယ်ဆရာထံမှ ဒီလောက် ဩဝါဒ၊ ဒီလောက်ရေရွတ်မှုကို ရလိုပါတယ်။" **(မဇ္ဈိမပဏ္ဏာ၊ ဋ္ဌ၊ ၉၄)**

http://www.dhammadownload.com



ရှင်ရာဟုလာရဲ့အဆုံးအမ အသွန်အသင်ကို လိုချင်တဲ့ စိတ်ထား ဟာ ထူးခြားလှပါတယ်၊ ကြည်ညိုစရာ ကောင်းပါတယ်၊ အတုယူဖွယ် ကောင်းပါတယ်။ အဆုံးအမ၊ အသွန်အသင်တွေရဲ့တန်ဖိုးကို နားလည် လို့ လိုလားတဲ့စိတ်ထား ရှင်ရာဟုလာမှာ ရှိခြင်း ဖြစ်ပါတယ်။ ရှင်ရာဟု လာရဲ့ အဲဒီစိတ်ထားကို သိရတော့ ဓမ္မပဒမှာ ဘုရားဟောထားတဲ့ ဂါထာတစ်ပုဒ်က စကားပိုဒ်လေးကို သတိရမိပါတယ်။

'ဆုံးမသွန်သင်တဲ့ ပုဂ္ဂိုလ်ကို သူတော်ကောင်းတွေက ချစ်မြတ်နိုး ကြတယ်။ မသူတော်တွေက မုန်းကြတယ်' တဲ့။

ဒီစကားတော်အရ ရှင်ရာဟုလာရဲ့စိတ်ထားဟာ သူတော်ကောင်း တွေရဲ့ စိတ်ထားပဲ ဖြစ်ပါတယ်။ ကိုယ့်ကို ဆုံးမသွန်သင်တဲ့ ပုဂ္ဂိုလ်ကို ရွှေအိုးညွှန်ပြတဲ့သူလို မှတ်ယူနိုင်ရပါတယ်။

ရှင်ရာဟုလာလို စိတ်ထား ရှိလိုကြတဲ့ သားသမီးတွေဟာ မိဘ တွေရဲ့ ဆုံးမသွန်သင်တဲ့ စကားတွေကို လိုလိုလားလား ရှိကြရပါမယ်။ နာယူ မှတ်သားကြရပါမယ်။ လိုက်နာကျင့်သုံးကြရပါမယ်။

တပည့်တွေကလည်း ဆရာတွေရဲ့ ဆုံးမသွန်သင်တဲ့ စကားတွေ ကို လိုလိုလားလား ရှိကြရပါမယ်။ နာယူမှတ်သားကြရပါမယ်။ လိုက်နာ ကျင့်သုံးကြပါမယ်။

ဒါမှ တိုးတက်တဲ့သူတစ်ဦး ဖြစ်လာနိုင်ပါမယ်။

## လင်္ကာ

၁။ နံနက်စောခါ, ရာဟုလာ, လက်မှာ သဲယူသည်။
၂။ သဲလုံးအမျှ, ဩဝါဒ, သူက ရလိုသည်။
၃။ ထိုဩဝါဒ, မြတ်ဗုဒ္ဓ, ဆရာ့ထံမှ ရဖို့ ရည်။
၄။ ဩဝါဒလိုလား, သူ့စိတ်ထား, လေးစားစရာ ကောင်းလှသည်။
၅။ ရာဟုလာညီဖွား, အသင်ကား, စိတ်ထား သူ့လို ရှိသင့်သည်။

http://www.dhammadownload.com

# ရှင်ရာဟုလာနဲ့ တံမြက်စည်း

ရဟန်းတွေက ကိုရင်ရာဟုလာ အဝေးက လာနေတာကို မြင်ရင် တံမြက်စည်းနဲ့ အမှိုက်စွန့်ပုံးတွေကို အပြင်မှာ ပစ်ထားကြပါတယ်။ အဲဒီအခါ အခြားရဟန်းတွေက "ငါ့ရှင်တို့၊ ဒါကို ဘယ်သူ ချပစ်ထားတာလဲ" လို့ မေးတဲ့အခါ "အရှင်ဘုရားတို့၊ ကိုရင်ရာဟုလာ ဒီနားက ဖြတ်သွားပါတယ်။ သူများ ချပစ်ထားတာလေလား" လို့ အခြားရဟန်းတွေက ဖြေကြပါတယ်။ ကိုရင်ရာဟုလာက "အရှင်ဘုရားတို့၊ ဒါကို တပည့်တော် မလုပ်ပါ ဘုရား" လို့ တစ်နေ့မှ မပြောဘဲ အဲဒါတွေကို သိမ်းဆည်းကာ ရဟန်းတွေကို တောင်းပန်ပြီး သွားပါသတဲ့။

**(ပါစိတျာဒိ၊ ၄၊ ၁၁)**

ရှင်ရာဟုလာရဲ့စိတ်ထားဟာ အင်မတန်ပဲ ကောင်းမွန်လှပါပေတယ်။ ဒီလိုစိတ်ထားကောင်းကြောင်းကို သိကြလို့လည်း ရဟန်းတွေက ရှင်ရာဟုလာကို စမ်းသပ်ကြပုံ ပေါ်ပါတယ်။ ရှင်ရာဟုလာဟာ စကြဝတေး ဖြစ်နိုင်လောက်အောင် ဘုန်းကံပါရမီရှိတဲ့ ပုဂ္ဂိုလ် ဖြစ်ပါတယ်။ ရုပ်ရည်ကလည်း ဘုရားရှင်လိုပဲ တင့်တယ်သပ္ပာယ်ပါတယ်။ ရွှေအဆင်းလို ဝါဝင်းနေပါတယ်။ မင်းမျိုးဖြစ်လို့ နူးညံ့နေပါတယ်။ အစစအရာရာ ပြည့်စုံနေလို့ ကိုရင်ရာဟုလာမှာ ဘဝင်မြင့်မယ်ဆိုရင် မြင့်ချင်စရာပါပဲ။

http://www.dhammadownload.com



ရှင်ရာဟုလာဟာ ငယ်ရွယ်သူလေးဖြစ်ပေမယ့် အသိအမြင် ကြီးမားပါပေတယ်။ စိတ်ထား မြင့်မြတ်လှပါပေတယ်။ ပစ္စည်းရှင်ရဲ့ သားသမီးဖြစ်လို့ ဘဝင်မြင့်ကြတဲ့ ကလေးတွေ၊ ရာထူးရှင်ရဲ့ သားသမီးဖြစ်လို့ ဘဝင်မြင့်ကြတဲ့ ကလေးတွေ၊ ရုပ်ရည်ချောမောလှပလို့၊ ပညာတတ်လို့၊ အသိုင်းအဝိုင်းကောင်းလို့ စတဲ့ အကြောင်းတွေကြောင့် ဘဝင်မြင့်ကြတဲ့ ကလေးတွေဟာ ရှင်ရာဟုလာရဲ့စိတ်ထားကို အတုယူသင့်ကြပါတယ်။

ကလေးငယ်တွေသာမက ပစ္စည်းဥစ္စာ၊ ရာထူး၊ ရုပ်ရည်၊ ပညာ၊ အသိုင်းအဝိုင်းစတဲ့အခြေအနေတွေကြောင့် မာန်တက်နေကြသူလူကြီးတွေလည်း ရှင်ရာဟုလာရဲ့စိတ်ထားကို အတုယူသင့်ကြပါတယ်။ အဲဒီဘဝင်မြင့် မာန်တက်နေကြသူတွေအားလုံးရဲ့ မာန်တက်စရာ အခြေအနေတွေဟာ ရှင်ရာဟုလာရဲ့အခြေအနေနဲ့ နှိုင်းစာရင် မြင်းမိုရ်တောင်နဲ့ ဆီးစေ့ပမာလို ကွာခြားပါလိမ့်မယ်။ ရုပ်ရည်ရော၊ ပစ္စည်းရော၊ အသိုင်းအဝိုင်းရော၊ ရာထူးရော အစစအရာရာမှာ ခေါင်ထိပ်မှာ ရောက်နေတဲ့ ရှင်ရာဟုလာရဲ့အခြေအနေဟာ ဘဝင်မြင့်မယ်ဆိုရင် မိုးထက်ပင် မြင့်ချင်စရာပါပဲ။ ဒါပေမဲ့ အဲဒီလို ဘဝင်မမြင့်ဘဲ စိတ်ထားမြင့်မားတာဟာ ရဟန်းရှင်လူအားလုံးအတွက် အကောင်းဆုံး စံနမူနာ ဖြစ်ပါပေတယ်။

## လင်္ကာ

၁။ ရှင်ရာဟုလာ, အဝေးမှာ, လာတာ မြင်ကြသည်။
၂။ သူလာ လမ်းနား, မှိုက်တောင်းများ (တံမြက်စည်းများ),
ပစ်ထားကြပါသည်။
၃။ ဒါတွေ ဘယ်သူ, ပစ်ထားဟူ, ခြားသူတွေက မေးကြသည်။
၄။ ရှင်ရာဟုလာ, ဒီနားမှာ, သွားတာ တွေ့ရသည်။

http://www.dhammadownload.com



၅။ သူဟာ ဒါတွေ, ပစ်ထားပေ, ဖြစ်နိုင်ခြေ ရှိသည်။
၆။ ထိုသို့ ပြောတာ, ရာဟုလာ, ကြားကာ သွားပါသည်။
၇။ ထိုခါ တပည့်တော်, မလုပ်ပါနော်, တစ်နေ့သော်မှ, မပြောပြီ။
၈။ ထိုပစ္စည်းများ, သိမ်းဆည်းသွား,
သူကား တောင်းပန်လိုက်သေးသည်။
၉။ သူ့စိတ်ထားကား, လွန်မြင့်မား, လေးစားစရာ ကောင်းလှသည်။
၁၀။ ရာဟုလာညီဖွား, အသင်ကား, စိတ်ထား သူ့လို ရှိသင့်သည်။

http://www.dhammadownload.com

## တွေးခေါ်ရှင် ကိုရင်ပဏ္ဍိတရဲ့စိတ်ထား

“အရှင်ဘုရား၊ ဒါက ဘာပါလဲ ဘုရား။”

“ကိုရင် မြောင်းလို့ ခေါ်တယ်။”

“မြောင်းနဲ့ ဘာလုပ်ကြပါသလဲ ဘုရား။”

“မြောင်းနဲ့ ရေကို သယ်ယူပြီး ကောက်စိုက်ကြတယ် ကိုရင်”

“ရေမှာ စိတ်ရှိပါသလား ဘုရား”

“မရှိဘူး ကိုရင်”

“ဒီလို စိတ်မရှိတဲ့ ရေကို ကိုယ်လိုချင်ရာနေရာကို သယ်ယူလို့ ရပါသလား ဘုရား”

“ရတာပေါ့ ကိုရင်”

“ဪ ဒီလိုစိတ်မရှိတဲ့ ရေကိုတောင် ကိုယ်လိုချင်ရာ နေရာကို သယ်ဆောင်ပြီး အလုပ်လုပ်လို့ရရင် ိတ်ရှိသူတွေကလည်း ကိုယ့်စိတ်ကို ကိုယ့်အလိုလိုက်စေကာ ရဟန်းတရားကို ဘာလို့ အားမထုတ်နိုင်ကြရမှာလဲ”

သူဌေးသားဖြစ်တဲ့ (၇) နှစ်အရွယ် ကိုရင်လေးပဏ္ဍိတက ကိုရင်ဝတ်ပြီး ရှစ်ရက်မြောက်မှာ ဥပဇ္ဈာယ်ဆရာဖြစ်တဲ့ အရှင်သာရိပုတ္တရာနဲ့ အတူ သာဝတ္ထိမြို့ကို ဆွမ်းခံကြွရာ လမ်းခရီးမှာ အမေး၊ အဖြေ ပြုလုပ်

http://www.dhammadownload.com



ကာ ဖြစ်ပေါ်လာတဲ့ ရှင်ပဏ္ဍိတရဲ့အတွေးလေးဟာ မြတ်နိုးစရာ ကောင်းလှပါပေတယ်။

ဆရာတပည့်နှစ်ပါး ရှေ့ကို ဆက်သွားကြတဲ့အခါ ကိုရင်ပဏ္ဍိတက လေးသမားတွေ မြားတံကို မီးမှာ ပူစေကာ မျက်စိအစွန်းနဲ့ ကြည့်ပြီး ဖြောင့်အောင် လုပ်နေကြတာကို မြင်ရလို့ မေးပြန်ပါတယ်။

"ဒီလူတွေက ဘာလုပ်တဲ့ လူတွေပါလဲ ဘုရား"

"မြားလုပ်နေကြတဲ့ လူတွေပဲ ကိုရင်"

"ဘယ်လို လုပ်ကြတာပါလဲ ဘုရား"

"မီးမှာ ပူစေကာ မြားတံကို ဖြောင့်အောင် လုပ်နေကြတယ်"

"မြားတံမှာ စိတ်ရှိပါသလား ဘုရား"

"မရှိဘူး ကိုရင်"

"ဩော် စိတ်မရှိတဲ့ မြားတံကို ယူပြီး မီးမှာ ပူစေကာ ဖြောင့်အောင် လုပ်လို့ရရင် စိတ်ရှိသူတွေကလည်း ကိုယ့်စိတ်ကို ကိုယ့်အလိုလိုက်စေကာ ရဟန်းတရားကို ဘာလို့ အားမထုတ်နိုင်ကြရမှာလဲ။"

ရှေ့ဆက်သွားတဲ့အခါ ကိုရင်ပဏ္ဍိတက သစ်သားတွေကို အကန့်ဒေါက်ဆံ၊ အကွပ်တံကူ၊ ပုံတောင်းချက်မ စသည်ဖြစ်အောင် ခုတ်ရွေနေကြတာကို တွေ့ရလို့ မေးပြန်ပါတယ်။

"အရှင်ဘုရား၊ ဒီလူတွေက ဘာလုပ်တဲ့ လူတွေပါလဲ ဘုရား"

"သစ်ရွေသမားတွေပဲ"

"သူတို့က ဘာလုပ်ကြပါသလဲ ဘုရား"

"သစ်သားတွေကို ယူပြီး ယာဉ် စသည်တွေအတွက် ဘီးစသည်ကို ပြုလုပ်နေကြတယ် ကိုရင်"

"အဲဒီ သစ်သားတွေမှာ စိတ်ရှိပါသလား ဘုရား"

http://www.dhammadownload.com



"မရှိဘူး ကိုရင်"

"ဪ် စိတ်မရှိတဲ့ သစ်သားတွေကို ယူပြီး လှည်းဘီး စသည်ကို ပြုလုပ်ကြတယ်။ စိတ်ရှိသူတွေက ကိုယ့်စိတ်ကို ကိုယ့်အလို လိုက်စေကာ ရဟန်းတရားကို ဘာလို့ အားမထုတ်နိုင်ကြရမှာလဲ"

ကိုရင်ပဏ္ဍိတလေးဟာ ရှေ့ကို ဆက်မသွားတော့ဘဲ ကျောင်းကို ပြန်ကာ တရားအားထုတ်ပါတယ်။ အဲဒီနေ့ ဆွမ်းမစားမီအချိန်မှာပဲ ရဟန္တာ ဖြစ်သွားပါတယ်။ ဘုရားရှင်ကလည်း အဲဒီ ဥပမာ (၃) မျိုးကိုပဲ ဥပမာပေးကာ ပညာရှိဟာ ကိုယ့်ကိုယ်ကို ယဉ်ကျေးအောင် ဆုံးမဖို့ ဟောကြားတော်မူပါတယ်။ ကိုရင်ပဏ္ဍိတလေးရဲ့ အတွေးပါတဲ့ စိတ်ထားလေးဟာ မြတ်နိုးစရာကောင်းသလို အတုယူလိုက်နာစရာလည်း ကောင်းလှပါတယ်။ (ဓမ္မပဒ၊ ဌ၊ ပ၊ ၃၆၇)

## လင်္ကာ

၁။ ရေသွယ်သူတွေ, ကိုယ်လိုရေ, သွယ်နေကြပါသည်။
၂။ မြားလုပ်သူတွေ, မြားကောက်တွေ, ဖြောင့်နေကြပါသည်။
၃။ သစ်ရွေသူတွေ, သစ်သားတွေ, ခုတ်ရွေနေကြသည်။
၄။ ပညာရှိတွေ, ကိုယ့်ကိုယ်ပေ, လိမ္မာနေအောင် ဆုံးမသည်။
၅။ ရှင်ပဏ္ဍိတ, ဉာဏ်တွေးဆ, တရားရအောင် အားထုတ်သည်။
၆။ (၇) နှစ်သား, သူ့တွေးကား, မြင့်မားလှပါသည်။

http://www.dhammadownload.com

# သံကိစ္စရဲ့သံဝေဂ

"မင်းရဲ့အမေ့ဝမ်းဗိုက်ထဲမှာ မင်းနေတုန်းက မင်းရဲ့အမေဟာ သေသွားခဲ့တယ်။ မင်းအမေရဲ့အလောင်းကို မီးရှို့တဲ့အခါ မင်းအမေရဲ့ အလောင်းကို မီးလောင်ပေမယ့် မင်းကို မီးမလောင်ခဲ့ဘူး"

အဖော်ကလေးတွေက (၇) နှစ်အရွယ်ရှိ သံကိစ္စသူငယ်လေးကို အထက်ပါအတိုင်း ပြောကြပါတယ်။ သံကိစ္စရဲ့အမေဟာ သာဝတ္ထိမြို့က ချမ်းသာကြွယ်ဝတဲ့ အမျိုးသမီးပါပဲ။ သံကိစ္စကိုယ်ဝန်နဲ့ ရောဂါတစ်ခုကြောင့် သံကိစ္စအမေဟာ ရုတ်တရက် သေဆုံးသွားပါတယ်။ သူ့အမေအလောင်းကို မီးရှို့တဲ့အခါ ဝမ်းဗိုက်ကအသားမှတစ်ပါး အခြားနေရာတွေကို မီးလောင်ပါတယ်။ အလောင်းရဲ့ ဝမ်းဗိုက်အသားကို ထင်းပုံပေါ်က ချပြီး ၂ နေရာ၊ ၃ နေရာမှာ တံစူးဝါးတွေနဲ့ ထိုးကြပါတယ်။ တံစူးဝါးအစွန်းနဲ့ သံကိစ္စရဲ့မျက်စိအစွန်းကို ထိခိုက်မိပါတယ်။ ဒါကြောင့် သံကိစ္စလို့ နာမည်တွင်နေပါတယ်။ အဲဒီလို ဝမ်းဗိုက်အသားကို ထိုးဆွပြီး မီးကျီးခဲပုံပေါ် ပစ်ချကာ မီးကျီးခဲတွေနဲ့ပဲ ဖုံးပြီး ပြန်သွားကြပါတယ်။ ဝမ်းဗိုက်အသားကို မီးလောင်သွားပါတယ်။ မီးကျီးတွေအပေါ်က ရွှေအနှစ်အဆင်းရှိတဲ့ ကလေးငယ်က ပဒုမ္မာကြာတိုက်ထဲမှာ လဲလျောင်းနေသလို ဖြစ်နေပါတယ်။

http://www.dhammadownload.com



မှန်ပါတယ်။ နောက်ဆုံးဘဝပိုင်ရှင်မှာ မြင်းမိုရ်တောင်နဲ့ ကြိတ်ချေပစ်တောင်မှ ရဟန္တာ မဖြစ်သေးသမျှ သေတယ်ဆိုတာ မရှိပါ။

အဖော်ကလေးတွေ ပြောပြတဲ့ အထက်ပါစကားကို ကြားရတဲ့အခါ သံကိစ္စသူငယ်လေးက ဆွေမျိုးတွေအား ဒီလို ပြောကြားပါသတဲ့။

"ကျွန်တော်ဟာ ဒီလိုကြောက်စရာဘေးက လွတ်မြောက်ခဲ့ပါသတဲ့။ လူ့ဘဝနေလို့ ဘာလုပ်မှာလဲ။ ကျွန်တော် ကိုရင်ဝတ်တော့မယ်"

သံကိစ္စသူငယ်လေးရဲ့ သံဝေဂစိတ်ထားဟာ အရွယ်နဲ့ မလိုက်အောင်ပဲ အားကောင်းနေပါတယ်။ အရွယ် ဘယ်လောက်ပဲ ကြီးကြီး ကြောက်စရာဘေးတွေ ဘယ်လောက်ပဲ ရှိရှိ ပါရမီဓာတ်ခံ အားနည်းသူတွေကတော့ တုန်လှုပ်မှာ မဟုတ်ပါဘူး။

ဆွေမျိုးတွေက "သားလေး ကောင်းပြီ" လို့ ပြောကာ အရှင်သာရိပုတ္တရာထံ ခေါ်သွားပြီး "အရှင်ဘုရား၊ ဒီကလေးကို ကိုရင်ဝတ်ပေးပါဘုရား"လို့ လျှောက်ကာ အပ်နှင်းလိုက်ကြပါတယ်။ အရှင်သာရိပုတ္တရာက 'ဆံပင်၊ မွေးညင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ' ဆိုတဲ့ ခန္ဓာကိုယ်အစိတ်အပိုင်း (၅) မျိုးကို နှလုံးသွင်းရတဲ့ (တစပဉ္စက) ကမ္မဋ္ဌာန်းကို ပေးကာ ကိုရင်ဝတ်ပေးပါတယ်။ ကိုရင်လောင်း သံကိစ္စဟာ ဦးခေါင်းရိတ်ပေးအပြီးမှာပဲ ပဋိသမ္ဘိဒါ (၄) ပါးနဲ့တကွ ရဟန္တာ ဖြစ်သွားပါတယ်။

(ဓမ္မပဒ၊ ၌၊ ပ၊ ၄၂၆)

## လင်္ကာ

၁။ ကြောက်ဖွယ်ဘေးမှ, သံကိစ္စ, လွတ်ရပါပေပြီ။

၂။ ဘေး တွေ့ခဲ့ပေ, သူ့ခြေနေ, သံဝေ ရလေသည်။

၃။ သံဝေရကာ, သာသနာ, သူဟာ ဝင်ခဲ့သည်။

၄။ ခေါင်းရိတ်အပြီးမှာ, ရဟန္တာ, သူဟာ ဖြစ်သွားသည်။

http://www.dhammadownload.com

# ကိုရင်လေးနဲ့ သူခိုးငါးရာ

"ဒကာတို့၊ သင်တို့ မီးမွှေးတာ၊ စူးဝါးချွန်တာ၊ သစ်ရွက်ခင်းတာတွေ ကို ဒီကိုရင်လေး မြင်ရင် ကြောက်ပါလိမ့်မယ်။ ဒီကိုရင်လေးကို တစ်နေရာမှာ ထားပြီး အဲဒီကိစ္စတွေကို လုပ်ကြပါ"

တောကျောင်းနေ ရဟန်း (၃၀) ထဲက အကြီးဆုံးရဟန်းက တောပုန်း သူခိုးငါးရာတို့ကို မှာကြားနေပါတယ်။ ယဇ်နတ်ပူဇော်လိုလို့ ရဟန်းတစ်ပါးကို သူခိုးတွေက တောင်းလို့ (၇) နှစ်သားအရွယ် ကိုရင်လေးကို ပေးလိုက်ကြပါတယ်။ ရဟန်း (၃၀) လုံးက သူတို့ပဲ လိုက်သွားဖို့ ကြိုးစားကြပေမယ့် ကိုရင်လေးက အတင်း တောင်းဆိုလို့ ကိုရင်လေးကို ထည့်ပေးလိုက်ကြရပါတယ်။ ပြီးတော့ အထက်ပါအတိုင်း မှာလိုက်ပါတယ်။

သူခိုးခေါင်းဆောင်က လုပ်စရာကိစ္စတွေ လုပ်ပြီးတဲ့အခါ သန်လျက်ကို ထုတ်ကာ ကိုရင်လေးထံ သွားပါတယ်။ ကိုရင်လေးက စျာန်ဝင်စားပြီး ထိုင်နေပါတယ်။ သူခိုးခေါင်းဆောင်က သန်လျက်နဲ့ အားယူပြီး ကိုရင်လေးရဲ့ပခုံးကို ခုတ်လိုက်ပါတယ်။ သန်လျက်က ညွတ်ပြီး အသွားအသွားချင်း ထိခိုက်သွားပါတယ်။ သူခိုးခေါင်းဆောင်က "ကောင်းကောင်း မခုတ်မိဘူး" လို့ ထင်ကာ တစ်ဖန် သန်လျက်ကို ဖြောင့်အောင်

http://www.dhammadownload.com



လုပ်ပြီး ခုတ်ပါတယ်။ သန်လျက်က ထန်းရွက်လို ရစ်ခွေပြီး သန်လျက်ရိုးအရင်းအထိ ခွေသွားပါတယ်။ ကိုရင်လေးကို အဲဒီအချိန်မှာ မြင်းမိုရ်တောင်နဲ့ ဖိသတ်တောင်မှ သေအောင် မသတ်နိုင်ပါ။ သန်လျက်နဲ့ဆိုရင် ပြောစရာတောင် မရှိပါ။ အဲဒီအံ့ဩဖွယ် အခြေအနေကို မြင်ရလို့ သူခိုးခေါင်းဆောင်မှာ "ငါ့ရဲ့သန်လျက်ဟာ အရင်က ကျောက်တိုင်နဲ့ ရှားငုတ်တွေကို အညွန့်အညှောက်ပမာ ဖြတ်တယ်။ အခု ပထမတစ်ကြိမ် ကွေးသွားတယ်။ ဒုတိယအကြိမ် ထန်းရွက်လို လိပ်ခွေသွားတယ်။ ဒီသန်လျက်ကတောင် စိတ်စေတနာ မရှိဘဲ ဒီကိုရင်လေးရဲ့ ဂုဏ်ကို သိတယ်။ ငါဟာ စိတ်စေတနာ ရှိပေမယ့် မသိဘူး" လို့ တွေးနေပါတယ်။

သူခိုးခေါင်းဆောင်က သန်လျက်ကို မြေမှာ ချကာ ကိုရင်လေးရဲ့ ခြေရင်းမှာ ဝပ်စင်းပြီး "အရှင်ဘုရား၊ တပည့်တော်တို့ဟာ ဥစ္စာကို အလိုရှိလို့ တောထဲ ဝင်ခဲ့ကြပါတယ်။ တပည့်တော်တို့ကို အဝေးက မြင်ရင်ပဲ တစ်ထောင်လောက် လူတွေကတောင် ကြောက်လန့်ကြပါတယ်။ စကား ၂ ခွန်း၊ ၃ ခွန်း မပြောရဲကြပါ၊ အရှင်ဘုရားကတော့ ကြောက်လန့်တာလေးတောင် မရှိပါ။ ဖိုဝက ရွှေပမာ၊ ကောင်းကောင်း ပွင့်နေတဲ့ မဟာလှေကားပန်းပမာ အရှင်ဘုရားရဲ့မျက်နှာဟာ အလွန်တင့်တယ်ပါပေတယ်။ ဘာကြောင့်ပါလဲ ဘုရား" လို့ မေးပါတယ်။

ကိုရင်လေးက စျာန်မှ ထကာ တရားဟောလိုလို့ ဒီလို ပြောပြပါတယ်။

"အို ဒကာ၊ ရဟန္တာတွေရဲ့ ခန္ဓာကိုယ်ဆိုတာ ဦးခေါင်းပေါ် ရွက်ထားတဲ့ ဝန်လိုပဲ ဖြစ်ပါတယ်။ ရဟန္တာတွေဟာ အဲဒီခန္ဓာကိုယ် ကွဲကွဲပျက်ပျက် နှစ်သက်သဘောကျကြတာချည်းပဲ။ မကြောက်ကြဘူး။"

http://www.dhammadownload.com



ကိုရင်လေးကို ကြည်ညိုလို့ ခိုးသားငါးရာလုံး ရဟန်းဝတ်ကြကာ ဘုရားရှင်ထံ ရောက်တော့ ဘုရားရှင်ရဲ့တရားကို နာရလို့ ရဟန္တာ ဖြစ်သွားကြပါတယ်။ အဲဒီ ကိုရင်လေးကတော့ ကိုရင်သံကိစ္စလေးပဲ ဖြစ်ပါတယ်။ ကိုရင်သံကိစ္စရဲ့ သတ္တိစိတ်ထားကတော့ ရှားမှ ရှားပါပဲ။

(ဓမ္မပဒ၊ ဠ၊ ပ၊ ၄၃၀)

## လင်္ကာ

၁။ သူခိုးတွေပင်, သူတော်စင်, အသွင် ပြောင်းသွားသည်။

၂။ ရှင်သံကိစ္စ, တန်ခိုးက, အောချရပါသည်။

၃။ ကြောက်ဖွယ် တွေ့လည်း, မကြောက်ဘဲ, အလွန်ပဲ ရဲရင့်သည်။

http://www.dhammadownload.com

# အရှင်သာရိပုတ္တရာရဲ့နှိမ့်ချစိတ်ထား

"မြတ်စွာဘုရား၊ ရုပ်ကိုယ်မှာ ရှုမှတ်မှုသတိ မထင်တဲ့သူဆိုရင် သီတင်းသုံးဖော် ရဟန်းတစ်ပါးပါးကို ထိပါးတိုက်ခိုက်ပြီး မတောင်းပန်ဘဲ ထွက်သွားတယ်ဆိုတာ ဖြစ်နိုင်ပါတယ် ဘုရား။"

၁။ မြတ်စွာဘုရား၊ ဥပမာနဲ့ လျှောက်ထားရင် မြေကြီးပေါ်မှာ စင်ကြယ်တာတွေရော၊ မစင်ကြယ်တာတွေပါ ပစ်ချကြပါတယ်။ ကျင်ကြီး၊ ကျင်ငယ်၊ နှပ်၊ တံတွေး၊ သွေး၊ ပြည်ပုပ်တွေကိုလည်း ပစ်ချကြပါတယ်။ ဒါပေမဲ့ မြေကြီးက ညည်းညူခြင်း၊ စက်ဆုပ်ခြင်း မရှိဘဲ လက်ခံနေပါတယ်။ တပည့်တော်ဟာ အဲဒီမြေကြီးလိုပါပဲ။ ဘယ်သူက ဘယ်လိုပဲ ပြုမူပြောဆိုနေပေမယ့် မြေကြီးလိုပဲ သည်းခံနေပါတယ် ဘုရား။

၂။ မြတ်စွာဘုရား၊ ဥပမာနဲ့ လျှောက်ရရင် ရေထဲမှာ စင်ကြယ်တာ၊ မစင်ကြယ်တာတွေကိုလည်း ဆေးကြောကြပါတယ်။ ကျင်ကြီး၊ ကျင်ငယ် စတာတွေကိုလည်း ဆေးကြောကြပါတယ်။ ဒါပေမဲ့ ရေကတော့ ညည်းညူခြင်း၊ ရွံရှာစက်ဆုပ်ခြင်း မရှိပါ။ တပည့်တော်ဟာ အဲဒီရေလိုပဲ သဘောထားပြီး သည်းခံနေပါတယ် ဘုရား။

http://www.dhammadownload.com



၃။ မြတ်စွာဘုရား၊ ဥပမာနဲ့ လျှောက်ရရင် မီးဟာ စင်ကြယ်တာ၊ မစင်ကြယ်တာတွေကိုလည်း လောင်ပါတယ်။ ကျင်ကြီး၊ ကျင်ငယ်စတာတွေကိုလည်း လောင်ပါတယ်။ မီးမှာ စက်ဆုတ်တာ မရှိပါ။ တပည့်တော်ဟာ အဲဒီမီးလိုပဲ သဘောထားကာ သည်းခံနေပါတယ် ဘုရား။

၃။ မြတ်စွာဘုရား၊ ဥပမာနဲ့ လျှောက်ရရင် မီးဟာ စင်ကြယ်တာ၊ မစင်ကြယ်တာတွေကိုလည်း လောင်ပါတယ်။ ကျင်ကြီး၊ ကျင်ငယ်စတာတွေကိုလည်း လောင်ပါတယ်။ မီးမှာ စက်ဆုပ်တာ မရှိပါ။ တပည့်တော်ဟာ အဲဒီမီးလိုပဲ သဘောထားကာ သည်းခံနေပါတယ် ဘုရား။

၄။ မြတ်စွာဘုရား၊ ဥပမာနဲ့ လျှောက်ရရင် လေဟာ စင်ကြယ်တာ၊ မစင်ကြယ်တာတွေကိုလည်း တိုက်ပါတယ်။ ကျင်ကြီးစတာတွေကိုလည်း တိုက်ပါတယ်။ လေမှာ စက်ဆုပ်တာ မရှိပါ။ တပည့်တော်ဟာ အဲဒီလေလိုပဲ သဘောထားပြီး သည်းခံနေပါတယ် ဘုရား။

၅။ မြတ်စွာဘုရား၊ ဥပမာနဲ့ လျှောက်ရရင် ခြေသုတ်အဝတ်မှာ စင်ကြယ်တာ၊ မစင်ကြယ်တာတွေကိုလည်း သုတ်ကြပါတယ်။ ကျင်ကြီးစတာတွေကိုလည်း သုတ်ကြပါတယ်။ ခြေသုတ်အဝတ်မှာ စက်ဆုပ်တာ မရှိပါ။ တပည့်တော်ဟာ အဲဒီခြေသုတ်အဝတ်လိုပဲ သဘောထားကာ သည်းခံနေပါတယ် ဘုရား။

၆။ မြတ်စွာဘုရား၊ ဥပမာနဲ့ လျှောက်ရရင် ခွက်လက်စွဲကာ ဟောင်းနွမ်းစုတ်ပြတ်တဲ့ အဝတ်ကို ဝတ်ပြီး ရွာနိဂုံးကို ဝင်တဲ့အခါ မိမိကိုယ်ကို နှိမ့်ချထားတဲ့စိတ်နဲ့ ဝင်တဲ့ သူတောင်းစားသူငယ်လိုပဲ တပည့်တော်မှာ နှိမ့်ချတဲ့စိတ် ရှိပါတယ် ဘုရား။

http://www.dhammadownload.com



၇။ မြတ်စွာဘုရား၊ ဥပမာနဲ့ လျှောက်ရရင် ဦးချိုကျိုးတဲ့ နွားဟာ ဘယ်သူ့ကိုမှ ရန်မမူဘဲ ယဉ်ကျေးသိမ်မွေ့စွာ နေသလိုပဲ တပည့်တော်မှာ အဲဒီလိုစိတ်သဘောထား ရှိပါတယ် ဘုရား။

၈။ မြတ်စွာဘုရား၊ ဥပမာနဲ့ လျှောက်ရရင် ရေချိုးပြီးနောက် နံ့သာများ လိမ်းပြီး စင်ကြယ်နေတဲ့ အပျို၊ လူပျိုဟာ လည်ပင်းမှာ မြွေသေပုပ်၊ ခွေးသေပုပ် ဆွဲထားမယ်ဆိုရင် အဲဒီအကောင်ပုပ်ကို စက်ဆုပ်သလိုပဲ တပည့်တော်ဟာ တပည့်တော်ရဲ့ ရုပ်ကိုယ်ကို စက်ဆုပ်နေပါတယ် ဘုရား။

၉။ မြတ်စွာဘုရား၊ ဥပမာနဲ့ လျှောက်ရရင် အပေါက်အကွဲတွေက ယိုကျနေတဲ့ အဆီအိုးကို ရွက်နေတဲ့သူဟာ အဲဒီအဆီအိုးကို စက်ဆုပ်နေသလိုပဲ တပည့်တော်လည်း တပည့်တော်ရုပ်ကိုယ်ကို စက်ဆုပ်နေပါတယ် ဘုရား။

အရှင်သာရိပုတ္တရာရဲ့ သင်္ကန်းအစွန်းနဲ့ ထိခိုက်ခံရတဲ့ ရဟန်းက နားရွက်ကို ကွဲအောင် ရိုက်ခဲ့သလို ရိုက်နှက်ခဲ့ပြီး သည်းခံရန် မတောင်းပန်ဘဲ ခရီးထွက်သွားတယ်လို့ စွပ်စွဲပြောဆိုလို့ ဘုရားရှင်အား အရှင်သာရိပုတ္တရာက အထက်ပါဥပမာ (၉) မျိုးနဲ့ ဘုရားရှင်အား ဖြေရှင်းလျှောက်ထားပါတယ်။ အဲဒီလို ဖြေရှင်းလျှောက်ထားနေတဲ့အချိန်မှာ စွပ်စွဲပြစ်တင်တဲ့ ရဟန်းဟာ ဘုရားရှင်ရဲ့ခြေမှာ လဲကျကာ သူ့အပြစ်ကို ထင်ရှားပြပြီး သည်းခံဖို့ လျှောက်ထားပါတယ်။ ဘုရားရှင်က အရှင်သာရိပုတ္တရာကို ခေါ်ပြီး "သာရိပုတ္တရာ၊ အဲဒီရဟန်းရဲ့ ဦးခေါင်း ၇ စိတ် ၇ ဖြာ မကွဲခင် အဲဒီရဟန်းအား သည်းခံလိုက်လော့" လို့ မိန့်တော်မူပါတယ်။ အရှင်သာရိပုတ္တရာက ဆောင့်ကြောင့်ထိုင်လက်အုပ်ချီကာ "မြတ်စွာဘုရား၊ အဲဒီအရှင်အား တပည့်တော် သည်းခံပါတယ်။ တပည့်တော်မှာ

http://www.dhammadownload.com



အပြစ်ရှိခဲ့ရင် အဲဒီအရှင်ကလည်း တပည့်တော်အား သည်းခံတော်မူပါ” လို့ လျှောက်ထားပါတယ်။

ပညာရှင်အပေါင်းတွေထဲမှာ အမြင့်ဆုံးပညာရှင်ဖြစ်တဲ့ အရှင်သာရိပုတ္တရာရဲ့ နှိမ်ချတဲ့စိတ်ထားကတော့ မြင့်မားလှပါပေတယ်။ မြင့်မြတ်လှပါပေတယ်။ မြတ်နိုးဖွယ် ကောင်းလှပါပေတယ်။ လေးစားဖွယ် ကောင်းလှပါပေတယ်။ အတုယူဖွယ် ကောင်းလှပါပေတယ်။ ပညာမာန်တက်နေသူတွေအတွက် သတိပြုဖွယ် ကောင်းလှပါပေတယ်။

## လင်္ကာ

၁။ ပညာမြင့်ဆုံး, မာန်ဆိတ်သုဉ်း, ကောင်းဆုံး သည်းခံသည်။
၂။ သူ့လိုစိတ်ထား, အသင်ကား, များများ ရှိအောင် ထားရမည်။

http://www.dhammadownload.com

## အရှင်သာရိပုတ္တရာရဲ့ဆရာ့အပေါ် ရိုသေစိတ်ထား

"အရှင်သာရိပုတ္တရာဟာ အရှင်အဿဇိရဲ့ တရားနဲ့ သောတာပန် ဖြစ်ပြီးတဲ့ အချိန်ကစပြီး အရှင်အဿဇိ ရှိရာအရပ်ကို ရည်မှန်းပြီး လက်အုပ်ချီလျက် အရှင်အဿဇိရှိရာအရပ်ကို ဦးခေါင်းထားကာ အိပ်လေ့ရှိပါတယ်။ မသိတဲ့ ရဟန်းတွေက"အရှင်သာရိပုတ္တရာဟာ ဒီနေ့ထိ အယူမှားနေသေးတယ်။ အရပ်မျက်နှာတွေကို ရှိခိုးနေသေးတယ်"လို့ ဘုရားရှင်အား လျှောက်ထားကြပါတယ်။ ဘုရားရှင်က "သာရိပုတ္တရာဟာ အရပ်မျက်နှာတွေကို ရှိခိုးနေတာ မဟုတ်။ သူ့ဆရာ အဿဇိကို ရှိခိုးတာပဲ" လို့ မိန့်တော်မူပြီး "မိမိကို တရားသိအောင် ပြပေးတဲ့ ပုဂ္ဂိုလ်ကို မီးပူဇော်တဲ့ ပုဏ္ဏားက မီးကို ရှိခိုးသလို ရှိခိုးရတယ်"လို့ မိန့်တော်မူပါတယ်။

ကျေးဇူးရှင်ဆရာကို လေးစား ရိုသေတဲ့နေရာမှာ စံနမူနာတင်ထိုက်တဲ့ ထိပ်တန်းပညာရှင် အရှင်သာရိပုတ္တရာရဲ့ထုံးကို နှလုံးမူကာ တပည့်ဖြစ်သူတို့ အတုယူကျင့်သုံးသင့်လှပါတယ်။

### လင်္ကာ

၁။ အရှင်သာရိပုတ္တရာ, အိပ်သောအခါ, ဆရာရှိရာ လက်အုပ်ချီ။
၂။ ဆရာရှိရာ, ခေါင်းထားကာ, သူဟာ အိပ်ပါသည်။
၃။ ဆရာ့ပေါ်အား, လွန်လေးစား, စိတ်ထား မြင့်လှသည်။
၄။ အရှင်သာရိပုတ္တရာညီဖွား, အသင်ကား,
စိတ်ထား သူလို ရှိသင့်သည်။

http://www.dhammadownload.com

# အရှင်သာရိပုတ္တရာရဲ့ ကြောင့်ကြစိုက်ထား

ဘုရားရှင်ရဲ့တပည့်အပေါင်းမှာ အရှင်သာရိပုတ္တရာဟာ ဘုရားရှင်ရဲ့လက်ယာဘက်မှာ ထိုင်ရလို့ လက်ယာတော်ရံ ဖြစ်ပါတယ်။ ဘုရားရှင်ရဲ့သားကြီးအရာမှာ တည်ပါတယ်။ သံဃာအပေါင်းကလည်း အရှင်သာရိပုတ္တရာကို နောင်တော်ကြီးအရာထားကာ လေးစားကြည်ညိုဆည်းကပ်ကြပါတယ်။ ဘုရားရှင်ကလည်း ရဟန်းတွေအား မိန့်ကြားရာမှာ "သင်တို့ရဲ့ နောင်တော်ကြီး သာရိပုတ္တရာထံ သွားကြ" စသည်ဖြင့် မိန့်ကြားလေ့ရှိပါတယ်။ သံဃာအားလုံးရဲ့ နောင်တော်ကြီးအရာမှာ တည်တဲ့ အရှင်သာရိပုတ္တရာရဲ့ သူနေထိုင်ရာ ကျောင်းတိုက်တာအတွက် ကြောင့်ကြစိုက်ပုံမှာ အတုယူဖွယ် လေးစားဖွယ် ကောင်းလှပါပေတယ်။

အရှင်သာရိပုတ္တရာဟာ ရဟန်းသံဃာတွေ မြို့တွင်း၊ ရွာတွင်းကို ဆွမ်းခံကြွကြတဲ့အခါ ကျောင်းတိုက်တစ်တိုက်လုံးကို လှည့်လည်ကြည့်ရှုတော်မူပါတယ်။ တံမြက်မလှည်းရသေးတဲ့ နေရာကို တွေ့ရင် တံမြက်လှည်းတော်မူပါတယ်။ သောက်ရေအိုး၊ သုံးရေအိုးတွေမှာ ရေကုန်နေတာကို တွေ့ရင် ရေဖြည့်တော်မူပါတယ်။ ခုတင်၊ ကုလားထိုင်စတဲ့ အသုံးအဆောင်ပစ္စည်းတွေကို နေရာတကျ မဟုတ်ဘဲ ထားတာ တွေ့ရရင် သိမ်းဆည်းထားတော်မူပါတယ်။ အဲဒီနောက်မှ ဆွမ်းခံဝင်တော်မူပါတယ်။

http://www.dhammadownload.com



သံဃာတွေ ဆွမ်းခံဝင်ချိန်မှာ သာသနာပဝါဒရှိသူတွေ ကျောင်းတိုက်တွင်းကို ဝင်လာခဲ့ရင် အမြင်မတော်တဲ့ အရာတွေ တွေ့ပြီး အပြစ်တင် ပြောစရာ မဖြစ်စေလိုလို့လည်း အရှင်သာရိပုတ္တရာဟာ ကျောင်းတိုက်တစ်တိုက်လုံး လှည့်လည်ကြည့်ရှုကာ သန့်ရှင်းပြီးမှ ဆွမ်းခံဝင်တော်မူတာ ဖြစ်ပါတယ်။ (ဓမ္မပဒ၊ ၄၊ ပ၊ ၃၆၇)

## လင်္ကာ

၁။ အရှင်သာရိပုတ္တရာ, ကျောင်းလှည့်ကာ, လိုတာ လိုက်လုပ်သည်။

၂။ သောက်ရေအိုးတွင်, ရေကင်းစင်, အရှင် ဖြည့်ပေးသည်။

၃။ မသန့်ရှင်းတာ, တွေ့ခဲ့ပါ, သူဟာ သန့်ရှင်းသည်။

၄။ ပစ္စည်းထားကြ, ချိုးမကျ, သူက ပြင်ထားသည်။

၅။ ကြောင့်ကြစိုက်တတ်, သူ့စိတ်ဓာတ်, မြင့်မြတ်လှပါသည်။

၆။ အရှင်သာရိပုတ္တရာညီပွား, အသင်ကား,
စိတ်ထား သူ့လို ရှိသင့်သည်။

၇။ သောက်ရေအိုးတွင်, ရေကင်းစင်, အသင် ဖြည့်သင့်သည်။

၈။ မသန့်ရှင်းတာ, တွေ့ခဲ့ပါ, သင်ဟာ ရှင်းသင့်သည်။

၉။ ပစ္စည်းထားကြ, ချိုးမကျ, သင်က ပြင်သင့်သည်။

၁၀။ ကြောင့်ကြစိုက်တတ်, သင့်စိတ်ဓာတ်, မြင့်မြတ်လှပါသည်။

http://www.dhammadownload.com

## အရှင်သာရိပုတ္တရာရဲ့ ကျေးဇူးသိစိတ်ထား

သာဝတ္ထိမြို့မှာ 'ရာဓ' အမည်ရှိ ဆင်းရဲသား ပုဏ္ဏားတစ်ယောက် ရှိပါတယ်။ သူဟာ 'ရဟန်းတွေထံမှာ အသက်မွေးမယ်' လို့ ကြံရွယ်ကာ ကျောင်းကို သွားပြီး မြက်ပင်တွေကို ရှင်း၊ ကျောင်းဝိုင်းအတွင်း တံမြက်လှည်း၊ မျက်နှာသစ်ရေ စသည်ကို ပေးလှူကာ ကျောင်းတိုက်အတွင်းမှာပဲ နေပါတယ်။ ရဟန်းတွေကလည်း သူ့ကို ချီးမြှောက်ထောက်ပံ့ကြပါတယ်။ ရဟန်းအဖြစ် ခံယူခွင့်ကိုတော့ မပေးလိုကြပါ။ ရဟန်းဝတ်ချင်ပါလျက် ဝတ်ခွင့်မရတဲ့ အဲဒီရာဓပုဏ္ဏားဟာ ကြုံလှီပိန်ချုံးနေပါတယ်။

တစ်နေ့သောအခါ ဘုရားရှင်ဟာ နံနက်မိုးသောက်ချိန်မှာ လောကကြီးကို ဉာဏ်မျက်စိနဲ့ ကြည့်ရှုတော်မူရာ အဲဒီ ရာဓပုဏ္ဏားကို မြင်လို့ 'ဘယ်လို ဖြစ်လာလေမလဲ'လို့ စူးစမ်းဆင်ခြင်တော်မူလိုက်တဲ့အခါ ရဟန္တာဖြစ်မှာကို မြင်တဲ့အတွက် ညနေချမ်းအချိန်မှာ ကျောင်းဒေသစာရီ လှည့်လည်တော်မူသလို ပြုလုပ်ကာ ပုဏ္ဏားအနီးကို သွားပြီး "ပုဏ္ဏား၊ သင်ဟာ ရဟန်းတွေထံက တစ်စုံတစ်ရာ ချီးမြှောက်မှုကို ရရဲ့လား"လို့ မေးတော်မူရာ"အစားအသောက်အာဟာရလောက်သာ ရပါတယ်။ ရဟန်းပြုခွင့်ကိုတော့ မရပါ ဘုရား" လို့ လျှောက်ပါတယ်။

http://www.dhammadownload.com



ဘုရားရှင်က အဲဒီကိစ္စကို အကြောင်းပြုပြီး ရဟန်းအပေါင်းကို စုဝေးစေကာ အဲဒီကိစ္စအကြောင်းကို မေးပြီး “ရဟန်းတို့၊ ဒီပုဏ္ဏားရဲ့ ကျေးဇူးတရားကို အမှတ်ရသူတစ်ဦးတလေ ရှိရဲ့လား” လို့ မေးတော်မူလို့ အရှင်သာရိပုတ္တရာက “မြတ်စွာဘုရား၊ တပည့်တော် ရာဓပုဏ္ဏားရဲ့ ကျေးဇူးကို အမှတ်ရပါတယ် ဘုရား။ တပည့်တော်၊ ရာဇဂြိုဟ်မြို့ထဲ ဆွမ်းခံသွားတုန်းက တပည့်တော်အား ဒီရာဓပုဏ္ဏားက ဆွမ်းတစ်ဇွန်း လောင်းလှူဖူးပါတယ် ဘုရား။ အဲဒီကျေးဇူးကို တပည့်တော် အမှတ်ရပါတယ် ဘုရား” လို့ လျှောက်ပါတယ်။

“သာရိပုတ္တရာ၊ ဒီလိုဆိုရင် သင့်ရဲ့ကျေးဇူးရှင်ကို ဒုက္ခမှ လွတ်အောင် လုပ်မပေးသင့်ဘူးလား” လို့ မိန့်တော်မူလို့ “မြတ်စွာဘုရား၊ တပည့်တော် ရဟန်းဝတ်ပေးလိုက်ပါမယ်” လို့ လျှောက်ထားကာ ရဟန်းဝတ်ပေးလိုက်ပါတယ်။ အရှင်ရာဓဟာ အရှင်သာရိပုတ္တရာရဲ့ အဆုံးအမကို တစ်သဝေမတိမ်း လိုက်နာလို့ မကြာခင်မှာဘဲ ရဟန္တာ ဖြစ်သွားပါတယ်။

ဆွမ်းတစ်ဇွန်းဟာ ဘာမှ ပြောပလောက်တဲ့အရာ မဟုတ်ပါ။ ဒါပေမဲ့ ကျေးဇူးသိတတ်သူ အရှင်သာရိပုတ္တရာအနေနဲ့ ကြီးကျယ်နေပါတယ်။ တစ်သက်တာ မမေ့နိုင်စရာအဖြစ် ရှုမြင်နေပါတယ်။ အသေးအမွှား ကျေးဇူးလေးကိုတောင် တလေးတစား အရေးထားတော်မူတဲ့ အရှင်သာရိပုတ္တရာရဲ့စိတ်ထားဟာ လေးစားစရာ ကောင်းလှပါပေတယ်။ အတုယူဖွယ်ရာ ကောင်းလှပါပေတယ်။

## လင်္ကာ

၁။ ဆွမ်းတစ်ဇွန်းသာ, သူလှူရာ, သူဟာ ကျေးဇူးသိပါသည်။
၂။ ကျေးဇူးသေးမွှား, မမေ့ကြား, သူကား တော်လှသည်။
၃။ အရှင်သာရိပုတ္တရာညီဖွား, အသင်ကား,
စိတ်ထား သူ့လို ရှိသင့်သည်။

http://www.dhammadownload.com

## အရှင်သာရိပုတ္တရာရဲ့ သီလမြတ်နိုးစိတ်ထား

ယခုကာလ ဘုရားပွဲ စသည် ကျင်းပတဲ့အခါ ထိုထိုနေရာတွေမှာ အလှူမဏ္ဍပ်ဆောက်ပြီး နေ့ရက်များစွာ စတုဒိသာကျွေးသလို ရှေး လက်ထက်ကာလလည်း လူအများ စုပေါင်းကာ ဧည့်သည်တွေအတွက် စတုဒိသာကျွေးလေ့ရှိပါတယ်။ အဲဒီအရပ်မှာ တချို့ရဟန်းတော်တွေ က နေ့စဉ် နေ့စဉ် သွားပြီး စားသောက်ကြတဲ့အတွက် လူတွေက ကဲ့ရဲ့ လို့ "ဒီနေ့က စပြီး တစ်ရက်တည်းသာ စားရမယ်" လို့ ဘုရားရှင် ဥပဒေ ထုတ်ပါတယ်။ အရှင်သာရိပုတ္တရာဟာ ဒေသစာရီလှည့်လည်ရင်း အဲဒီ စတုဒိသာရုံမှာ မကျန်းမမာ ဖြစ်နေပါတယ်။ အဲဒီအချိန်မှာ တစ်ရက်စာ ဘုဉ်းပေးထားပြီးပြီမို့ နောက်ရက်မှာ လူအများက ကပ်လှူကြပေမယ့် 'ဘုရားရှင် တားမြစ်ထားတယ်' လို့ မိန့်ပြီး ရှောင်လွဲကာ ဆွမ်းမဘုဉ်းပေး ဘဲ ဆွမ်းအပြတ်ခံခဲ့ပါတယ်။ အဲဒီကနောက် ဘုရားရှင် သိတော်မူလို့ မကျန်းမာရင် နေ့စဉ် စားနိုင်ကြောင်း ထပ်လောင်း ခွင့်ပြုတော်မူခဲ့ပါ တယ်။

http://www.dhammadownload.com



အခါတစ်ပါးမှာ အရှင်သာရိပုတ္တရာဟာ အရှင်မောဂ္ဂလာန်နဲ့ အတူ တောအုပ်တစ်အုပ်မှာ သီတင်းသုံးနေပါတယ်။ တစ်နေ့မှာ အရှင်သာရိပုတ္တရာမှာ လေနာရောဂါ ဖြစ်လာလို့ ပြင်းထန်တဲ့ ဒုက္ခဝေဒနာကို ခံစားရရှာပါတယ်။ အရှင်မောဂ္ဂလာန်ဟာ ညနေချမ်းအခါ အရှင်သာရိပုတ္တရာရှိရာကို ဆည်းကပ်ရာ လဲလျောင်းနေတဲ့ အရှင်သာရိပုတ္တရာကို မြင်ရလို့ ဖြစ်ပုံအခြင်းအရာကို မေးကာ "အရှင်ဘုရား၊ အရှင်ဘုရား ရှေးက ဘယ်ဆေးနဲ့ သက်သာရာ ချမ်းသာရာ ရခဲ့ပါသလဲ" လို့ မေးပါတယ်။

အရှင်သာရိပုတ္တရာက "ငါ့ရှင် မောဂ္ဂလာန်၊ တပည့်တော် လူ့ဘဝတုန်းက မယ်တော်ကြီးက ထောပတ်၊ ပျားရည်၊ သကြား စတာတွေနဲ့ ရောစပ်ပြီး ချက်ထားတဲ့ နို့ဃနာထမင်းကို ကျွေးခဲ့ပါတယ်။ အဲဒီ အာဟာရနဲ့ တပည့်တော် ရောဂါပျောက်ကင်းကာ ချမ်းသာရာ ရခဲ့ပါတယ်" လို့ မိန့်ကြားလို့ အရှင်မောဂ္ဂလာန်ကလည်း "အရှင်ဘုရား ရှိပါစေ။ အရှင်ဘုရားမှာဖြစ်စေ၊ တပည့်တော်မှာဖြစ်စေ ဘုန်းကံရှိခဲ့ရင် နက်ဖြန်ခါ ရပါလိမ့်မယ်" လို့ လျှောက်ထားပါတယ်။

အရှင်မြတ်နှစ်ပါး စကားပြောသံကို စင်္ကြံလမ်းအဆုံးရှိ သစ်ပင်မှာ အုပ်စိုးနေတဲ့ နတ်က ကြားလို့ "နက်ဖြန်ခါ အရှင်သာရိပုတ္တရာအတွက် နို့ဃနာဆွမ်းကို ဖြစ်ပေါ်စေမယ်" လို့ တွေးကာ ချက်ချင်း အရှင်သာရိပုတ္တရာရဲ့ဆွမ်းခံအိမ်ကို သွားပြီး သားအကြီးရဲ့ကိုယ်မှာ ပူးဝင်ကာ နှိပ်စက်နေပါတယ်။ အဲဒီသားကြီးကို ဆေးကုပေးဖို့ရာ စုဝေးရောက်ရှိလာကြတဲ့ ဆွေမျိုးအပေါင်းကို "အရှင်သာရိပုတ္တရာအတွက် နက်ဖြန်ခါ ထောပတ်၊ ပျားရည်၊ သကြား စတာတွေနဲ့ ရောစပ်ပြီး ချက်ထားတဲ့ နို့ဃနာဆွမ်းကို လှူဒါန်းဖို့ စီမံရင် လွှတ်ပေးမယ်" လို့ နတ်က ပြောပါတယ်။ "အသင်နတ်၊ အသင် မပြောလည်း အကျွန်ုပ်တို့က အရှင်သာရိပုတ္တရာ

http://www.dhammadownload.com



အား အမြဲတမ်း ဆွမ်းကပ်လှူနေကြတာပဲ” လို့ ပြောကာ နက်ဖြန်အတွက် ဆွေမျိုးတို့ နို့ဃနာဆွမ်းကို ပြင်ဆင်နေကြပါတယ်။

အရှင်မောဂ္ဂလာန်ဟာ နံနက်စောစော အရှင်သာရိပုတ္တရာထံ ကြွလာပြီး “အရှင်ဘုရား၊ တပည့်တော် ဆွမ်းခံလှည့်လည်ပြီး ပြန်မလာသေးသမျှ ဒီနေရာမှာပဲ သီတင်းသုံးနေတော်မူပါ” လို့ လျှောက်ထားကာ ရွာသို့ ဆွမ်းခံဝင်ပါတယ်။ အဲဒီလူတွေက ကြိုဆိုကာ အရှင် မောဂ္ဂလာန်ရဲ့ သပိတ်ကို ယူပြီး နို့ဃနာဆွမ်းအပြည့် လောင်းထည့်လှူဒါန်းလိုက်ကြပါတယ်။ အရှင်မောဂ္ဂလာန်က ပြန်ကြွမယ့်ဟန် ပြပါတယ်။ ဒကာ၊ ဒကာမတွေက “အရှင်ဘုရား ဒီမှာပဲ ဘုဉ်းပေးတော်မူပါ။ နောက်ထပ်လည်း လှူလိုက်ပါဦးမယ် ဘုရား” လို့ လျှောက်ထားကာ အရှင်မောဂ္ဂလာန် ဘုဉ်းပေးပြီးတဲ့အခါ ထပ်လှူလိုက်ကြပါတယ်။

အရှင်မောဂ္ဂလာန်က အရှင်သာရိပုတ္တရာထံ သွားကာ “အရှင်ဘုရား၊ ဒီနို့ဃနာဆွမ်းကို ဘုဉ်းပေးတော်မူပါ” လို့ လျှောက်ထားပြီး ဆက်ကပ်လိုက်ပါတယ်။ အရှင်သာရိပုတ္တရာကလည်း အဲဒီနို့ဃနာဆွမ်းကို တွေ့ရတဲ့အခါ “ဒီနို့ဃနာဆွမ်းဟာ အလွန်အကဲ မြတ်နိုးဖွယ်ကောင်းတယ်။ ဘယ်လို ရလာတာပါလိမ့်မလဲ” လို့ စဉ်းစားပါတယ်။ အဲဒီအခါ အဲဒီနို့ဃနာဆွမ်း ဖြစ်ပေါ်လာရတဲ့ အကြောင်းရင်းကို သိမြင်လာလို့ “ငါ့ရှင်မောဂ္ဂလာန်၊ ဒီဆွမ်းကို သုံးဆောင်ခြင်းငှာ မထိုက်” လို့ မိန့်တော်မူပါတယ်။

အရှင်မောဂ္ဂလာန်ကလည်း “ငါလိုပုဂ္ဂိုလ်က ဆောင်ယူလာတဲ့ ဆွမ်းကို မဘုဉ်းပေးရကောင်းလား” လို့ အတွေးလေးမှ မဖြစ်ဘဲ အရှင်သာရိပုတ္တရာရဲ့ တစ်ခွန်းတည်းသော စကားနဲ့ပဲ သပိတ်အနားအရစ်ကို

http://www.dhammadownload.com



ကိုင်ကာ သင့်တင့်တဲ့ နေရာမှာ မှောက်သွန်လိုက်ပါတယ်။ နို့ဃနာဆွမ်း မြေပေါ် ရောက်တာနဲ့ တစ်ပြိုင်နက် အရှင်သာရိပုတ္တရာရဲ့ လေနာရောဂါ ပျောက်ကင်းခဲ့ပါတယ်။ အဲဒီအချိန်က စပြီး (၄၅) နှစ် ကြာသည်အထိ ဖြစ်ပေါ် မလာတော့ပါ။

အရှင်သာရိပုတ္တရာဟာ အရှင်မောဂ္ဂလာန်အား "ငါ့ရှင်မောဂ္ဂလာန်၊ နှုတ်နဲ့ အသိပေးမြွက်ဆိုတာကို အမှီပြုပြီး ဖြစ်ပေါ် လာတဲ့ နို့ဃနာဆွမ်း ကို ငါ့ဗိုက်ထဲမှာ အူတွေ ထွက်ကျပြီး မြေကြီးပေါ် လှည့်လည်နေကြပေ မယ့် ဘုဉ်းပေးခြင်းငှာ မထိုက်ပါ" လို့ မိန့်တော်မူပြီး ဒီလိုလည်း ဥဒါန်း ကျူးရင့်ခဲ့ပါတယ်။

နှုတ်နဲ့ အသိပေးမြွက်ဆိုတာကို အမှီပြုပြီး ဖြစ်ပေါ် လာတဲ့ ချိုမြိန် တဲ့ နို့ဃနာဆွမ်းကို ငါဟာ စားခဲ့ရင် ငါ့ရဲ့အသက်မွေးခြင်းဟာ ကဲ့ရဲ့စရာ ဖြစ်ပါတယ်။"

"ငါ့ရဲ့အူသိမ်တွေ အပြင် ထွက်ကျရင် ကျပါစေ။ အသက်ပင် သေသွားစေဦးတော့ ငါ့ရဲ့စင်ကြယ်တဲ့ အသက်မွေးကျောင်းဖြစ်တဲ့ သီလကို မဖျက်ဆီးနိုင်ပါ။"

"ငါ့ဟာ ငါ့ရဲ့စိတ်ကို ကျေနပ်နှစ်သက်ပါတယ်။ မသင့်လျော်တဲ့ ရှာမှီးခြင်းကို ရှောင်ရှားပါတယ်။ ဘုရားရှင်တွေ စက်ဆုပ်တဲ့ မသင့်လျော် တဲ့ ရှာမှီးမှုကို ပြုလိမ့်မယ် မဟုတ်ပါ"

ဥကို အသက်ပေးပြီး ကာကွယ်စောင့်ရှောက်တဲ့ ရစ်မနဲ့ အမြီးကို အသက်ပေးပြီး ကာကွယ်စောင့်ရှောက်တဲ့ စာမရီသားကောင်းပမာ သီလ ကို အသက်ထက်ပင် လေးစားမြတ်နိုး တန်ဖိုးထားတဲ့ အရှင်သာရိပုတ္တရာ ရဲ့ စိတ်ထားဟာ ထူးခြားလှပါပေတယ်၊ ရှားပါးလှပါပေတယ်၊ ကြည်ညို ဖွယ်ရာ ကောင်းလှပါပေတယ်၊ အတုယူဖွယ်ကောင်းလှပါပေတယ်။

http://www.dhammadownload.com



## လင်္ကာ

၁။ ဆွမ်းဝတ်ခံကာ, သူ့သီလာ, သူဟာ စောင့်ပါသည်။

၂။ သက်ပင် သေစေ, ဥပဒေ, သူလေ မချိုးပြီ။

၃။ အတွင်းအူတွေ, ပြင်ထွက်စေ, သူလေ မစားပြီ။

၄။ သီလလေးစား, သူ့စိတ်ထား, မြင့်မားလှပါသည်။

၅။ အရှင်သာရိပုတ္တရာ ညီဖွား, အသင်ကား,
စိတ်ထား သူ့လို ရှိသင့်သည်။

http://www.dhammadownload.com

# သာမာဝတီရဲ့ မေတ္တာစိတ်ထား

"ရှင်မတို့၊ ကျွန်မတို့မှာ အခြားခိုစရာ မရှိတော့ပါ။ ဥတေနမင်း အပေါ်မှာရော၊ မာဂဏ္ဍီမိဖုရားအပေါ်မှာရော မိမိအပေါ်မှာပါ အညီ အမျှ ဖြစ်တဲ့ မေတ္တာစိတ်ကို ထားကြပါ။ ဘယ်သူ့အပေါ်မှာမှ အမျက် မထွက်ကြပါနဲ့"

သာမာဝတီမိဖုရားက သူ့ရဲ့အခြံအရံ မိန်းမငါးရာအား ဆုံးမတဲ့ စကား ဖြစ်ပါတယ်။ ယုတ်မာတဲ့ မာဂဏ္ဍီမိဖုရားရဲ့ ကောက်ကျစ်တဲ့ လုပ်ရပ်ကြောင့် ဥတေနမင်းဟာ တန်းစီနေတဲ့ သာမာဝတီ အမှူးရှိတဲ့ မိန်းမတွေကို မြားနဲ့ ပစ်သတ်ဖို့ ချိန်ထားပါတယ်။ သာမာဝတီရင်ကို မြားနဲ့ ချိန်ထားပါတယ်။ မြားက အဆိပ်လူးထားတဲ့ မြား ဖြစ်ပါတယ်။ လေးက ပိုလ်ခြေတစ်ထောင်တင်မှ ရနိုင်တဲ့ လေး ဖြစ်ပါတယ်။ ဥတေန မင်းဟာ "စောင်းပေါက်ထဲမှာ မြွေထည့်ပြီး သူ့ကို သေကြောင်းကြံတာ ဟာ သာမာဝတီပဲ" လို့ ယုံကြည်သွားတဲ့အတွက် သာမာဝတီအမှူးရှိတဲ့ မိန်းမတွေကို သတ်တော့မှာ ဖြစ်ပါတယ်။ ဥတေနမင်းရဲ့ ဒေါသမီး တဟုန်းဟုန်း တောက်လောင်နေပါတယ်။ မာဂဏ္ဍီအယုတ်မကတော့ သူမရဲ့ စီမံကိန်း အောင်မြင်တော့မှာမို့ ကျိတ်ပြီး အကျေနပ်ကြီး ကျေနပ် နေပါလိမ့်မယ်။

http://www.dhammadownload.com



ဥတေနမင်းရဲ့ရင်မှာ ဒေါသမီးတောက်လောင်နေပေမယ့် သာမာဝတီရဲ့ရင်မှာတော့ မေတ္တာရေအလျဉ်တွေ တသွင်သွင် စီးဆင်းနေကြပါတယ်။ မီးနဲ့ရေ အားချင်းယှဉ်ပြိုင်ကြရာမှာ ရေများ ရေနိုင်မို့ ရေများတဲ့အတွက် ဥတေနမင်း ပစ်လွှတ်လိုက်တဲ့ မြားဟာ သာမာဝတီ ရင်ဆီကို မသွားဘဲ နောက်ပြန်လှည့်ပြီး လာလမ်းကို ပြန်လာသလိုဖြစ်ကာ ဥတေနမင်းရဲ့နှလုံးသားဆီ ဝင်သွားသလို တည်နေပါတယ်။ ဥတေနမင်းက "ငါ ပစ်လွှတ်လိုက်တဲ့ မြားဟာ ကျောက်ကိုလည်း ထိုးဖောက်သွားတယ်။ ကောင်းကင်မှာ ဟန့်တားနိုင်တဲ့ နေရာ မရှိ။ ဒါပေမဲ့ ဒီမြားဟာ နောက်ပြန်လာပြီး ငါ့နှလုံးသားဆီ ရှေ့ရှုနေတယ်။ အသက်မရှိတဲ့ ဒီမြားကတောင် သာမာဝတီရဲ့ဂုဏ်ကို သိတယ်။ ငါဟာ လူဖြစ်ပြီး မသိဘူး" လို့ တွေးကာ လေးကို ပစ်ချပြီး လက်အုပ်ချီကာ သာမာဝတီရဲ့ ခြေရင်းမှာ ဆောင့်ကြောင့်ထိုင်ကာ တောင်းပန်ပါတော့တယ်။

သာမာဝတီရဲ့မေတ္တာတွေက ဥတေနနဲ့ မာဂဏ္ဍီတို့ရဲ့ ဒေါသမီးကို အောင်ပွဲခံလိုက်ပါတယ်။ မေတ္တာဟာ သာမာဝတီတို့ရဲ့ တကယ့်လက်တွေ့ခိုကိုးရာ ဖြစ်ခဲ့ပါတယ်။ "အက္ကောဓေန ဇိနေ ကောဓံ၊ အမျက်ထွက်သူကို မေတ္တာနဲ့ အောင်နိုင်ရာ၏" လို့ ဟောထားတဲ့ ဘုရားစကားတော်ကို လက်တွေ့လိုက်နာလို့ ကိုယ်တွေ့အောင်မြင်မှု ရသွားတာဟာ အားကျစရာ၊ အားရစရာ၊ အတုယူစရာ ဖြစ်ပါပေတယ်။

(ဓမ္မပဒ၊ ဌ၊ ပ၊ ၁၃၉)

## လင်္ကာ

၁။ ရန်သူပေါ်ပင်, မေတ္တာဝင်, သူ့တွင် စိတ်ထားမြင့်မြတ်သည်။

၂။ ဒေါသသမားအား, မေတ္တာထား, သူကား အောင်နိုင်ပြီ။

၃။ မေတ္တာရှင်အား, လက်နက်ကား, ရှောင်ရှားသွားရသည်။

၄။ မေတ္တာကြီးမား, သူ့စိတ်ထား, ထူးခြားလှပါသည်။

http://www.dhammadownload.com

# အရှင်သာရိပုတ္တရာရဲ့ ကူညီတဲ့ စိတ်ထား

ဘုရားရှင်ဟာ ဝေသာလီပြည်က ထွက်တော်မူပြီး သာဝတ္ထိပြည် ဘက်ကို ခရီးဒေသစာရီ ကြွချီတော်မူခဲ့ပါတယ်။ လမ်းခရီးအကြားမှာ ဆဗ္ဗဂ္ဂီရဟန်းတွေရဲ့ တပည့်တွေဟာ ဘုရားအမှူးရှိတဲ့ သံဃာတော်ရဲ့ အရင် သွားနှင့်ကြပြီး "ဒီကျောင်းအိပ်ရာနေရာတွေဟာ ငါတို့ရဲ့ ဥပဇ္ဈာယ် ဆရာတွေအတွက် နေထိုင်ရန် ဖြစ်လိမ့်မယ်။ ဒီကျောင်းအိပ်ရာ နေရာ တွေက ငါတို့ရဲ့ နိဿယည်းဆရာတွေအတွက် နေထိုင်ရန် ဖြစ်လိမ့် မယ်" လို့ ပြောဆိုကာ ကျောင်းကောင်း အိပ်ရာနေရာကောင်းတွေကို ယူထားနှင့်ကြပါတယ်။ (စူဠဝါ၊ ပါဠိ၊ ၃၀၉)

တပည့်သံဃာတွေနဲ့အတူ ဘုရားရှင် ခရီးကြွတဲ့အခါတွေမှာ အရှင် သာရိပုတ္တရာဟာ "ငါဟာ လက်ယာရံ အဂ္ဂသာဝကကြီး ဖြစ်တယ်"လို့ ကိုယ်လွတ်ရုန်းကာ တစ်ကိုယ်ကောင်းစိတ်ထားနဲ့ ဘုရားရှင်ရဲ့အနီးမှာ လိုက်ပါနိုင်ခွင့် ရှိပေမယ့် အဲဒီလို ပြုလုပ်လေ့မရှိဘဲ နောက်က လိုက်ပါ ကြတဲ့ မကျန်းမာတဲ့ ရဟန်း၊ သက်ကြီးရွယ်အို ရဟန်းတွေ ချမ်းချမ်း သာသာ လိုက်ပါနိုင်ရေးအတွက် ကိုယ်တိုင်ပဲ စီမံစောင့်ရှောက် ချီး မြှောက် ကူညီပြီး လိုက်ပါလေ့ ရှိပါတယ်။ ဒီခရီးမှာလည်း အဲဒီလို လုပ် ဂျာ နောက်ဆုံးက လိုက်ပါလာခဲ့ပါတယ်။ ဒါကြောင့် ဆဗ္ဗဂ္ဂီရဟန်းတွေ

http://www.dhammadownload.com



ရဲ့ တပည့်ရဟန်းတွေ ကျောင်းအိပ်ရာ နေရာတွေကို သိမ်းယူထားပြီး နောက်မှ တည်းခိုရာဌာနကို ရောက်ရှိပါတယ်။ အရှင်သာရိပုတ္တရာ အိပ်ရာနေရာကို မရရှိတော့လို့ တစ်ညလုံးပဲ သစ်ပင်ရင်းမှာ နေထိုင်ရပါတယ်။

**(စူဠဝါ၊ ၃၀၉၊ ၄၊ ၆၃)**

မကျန်းမာတဲ့ သံဃာတွေထံ သွားကာ အရှင်သာရိပုတ္တရာဟာ "ငါ့ရှင်တို့၊ ငါ့ရှင်တို့အတွက် ဘာကို ဆောင်ယူပေးရပ့ါမလဲ။ ငါ့ရှင်တို့က ဘာကို အလိုရှိပါသလဲ" လို့ မေးပါတယ်။ ဝါမရသေးတဲ့ ရဟန်းငယ်တွေထံ သွားပြီး "ငါ့ရှင်တို့၊ သာသနာမှာ ပျော်ကြပါ။ မပျင်းရိကြပါနဲ့။ ဘုရားသာသနာဟာ အကျင့်အနှစ်သာရ ရှိပါတယ်" လို့ ဆုံးမပါတယ်။

**(မဇ္ဈိမပဏ္ဏာ၊ ၄၊ ၉၅)**

မကျန်းမာတဲ့ ရဟန်း၊ သက်ကြီးရွယ်အိုရဟန်းတွေကို စောင့်ရှောက်ချီးမြှောက်ကူညီကာ ဘုရားအမှူးရှိတဲ့ သံဃာများရဲ့နောက်ဆုံးက လိုက်ပါခဲ့တဲ့ လက်ယာရံအဂ္ဂသာဝကကြီး အရှင်သာရိပုတ္တရာရဲ့ ကြီးမားလှတဲ့ မေတ္တာ၊ ကရုဏာနဲ့ အိပ်ရာနေရာ မရတော့လို့ တစ်ညလုံးပဲ သစ်ပင်ရင်းမှာ နေထိုင်ရတဲ့ အရှင်သာရိပုတ္တရာရဲ့ ကြီးမားလှတဲ့ ခန္တီတရားကို မှန်းဆ အာရုံပြုရတဲ့အခါ လွန်စွာပဲ ကြည်ညိုသဒ္ဓါ ပွားရပါတယ်။ လွန်စွာပဲ လေးစားရပါတယ်။ မေတ္တာ၊ ကရုဏာ၊ ခန္တီတွေ မွမ်းထုံထားတဲ့ အရှင်သာရိပုတ္တရာကြီးရဲ့ လုပ်ရပ်တွေဟာ ကြားသိရသူအပေါင်းရဲ့ ရင်ကို အေးမြစေပါတယ်။ "ဘဝအခြေအနေ မြင့်လာလေလေ အများအကျိုးကို ဆောင်နိုင်လေလေ ဖြစ်အောင် ကြိုးစားကြ"လို့လည်း တိုက်တွန်းပြောပြနေသယောင် ထင်မှတ်ရပါတယ်။ မြင့်မားတဲ့ စိတ်ထားရှိသူတွေရဲ့ လုပ်ရပ်တွေကို အတုယူကာ လိုက်နာကျင့်သုံးပြီး မြင့်မားတဲ့စိတ်ထား ရှိသူတွေဖြစ်အောင် ကြိုးစားသင့်ကြပါတယ်။

http://www.dhammadownload.com



# လင်္ကာ

၁။ မကျန်းမာငြား, ရဟန်းများ, ထံပါး သူ သွားသည်။

၂။ ဘာဆောင်ပေးရပ့်ါမလဲ, ဘာလိုလဲ, အမြဲ သူ မေးသည်။

၃။ သက်ရွယ်အိုငြား, ရဟန်းများ, သူကား စောင့်ရှောက်သည်။

၄။ ဝါမရငြား, ရဟန်းများ, ထံပါး သူ သွားသည်။

၅။ သာသနာမှာ, ပျော်ကြပါ, ပြောကာ ဆုံးမသည်။

၆။ နေရာမရရှာ, သစ်ပင်မှာ, တစ်ညတာ အိပ်ရသည်။

၇။ ခန္တီ - မေတ္တာ, ကရုဏာ, သူ့မှာ ကြီးမားသည်။

http://www.dhammadownload.com

## ရှင်တိဿရဲ့တောပျော်စိတ်ထား

တောင်ထိပ်ပေါ် ရပ်တည်နေတဲ့ ဘုရားရှင်နဲ့ (၇) နှစ်သားအရွယ် တောကျောင်းနေ ရဟန္တာ ရှင်တိဿတို့ရဲ့ မြင်ကွင်းမှာ သမုဒ္ဒရာကြီးဟာ ထင်ရှားနေပါတယ်။

"တိဿ၊ တောင်ထိပ်ပေါ် ရပ်တည်ပြီး ဟိုဟိုဒီဒီ ကြည့်တဲ့အခါ ဘာကို မြင်သလဲ"

"သမုဒ္ဒရာကြီးကို မြင်ပါတယ် ဘုရား"

"သမုဒ္ဒရာကြီးကို မြင်ရတော့ ဘာကို တွေးမိသလဲ"

"ဒုက္ခရောက်တဲ့အခါ ငိုရတဲ့ တပည့်တော်ရဲ့ မျက်ရည်တွေဟာ သမုဒ္ဒရာကြီး ၄ စင်းထဲက ရေတွေထက် ပိုပြီး များတယ်ဆိုတဲ့ အတွေး ကို တွေးမိပါတယ် ဘုရား"

"သာဓု၊ သာဓု တိဿ၊ သင်တွေးတဲ့အတိုင်း မှန်တယ်။ သတ္တဝါ တစ်ယောက် တစ်ယောက် ဒုက္ခရောက်လို့ ကျတဲ့ မျက်ရည်တွေဟာ သမုဒ္ဒရာကြီးလေးစင်းက ရေတွေထက် ပိုပြီး များတယ်။"

"တိဿ၊ သင် ဘယ်မှာ နေလဲ။"

"တပည့်တော် ဒီတောင်ဝှန်းမှာ နေပါတယ် ဘုရား။"

"အဲဒီတောင်ဝှန်းမှာ နေတဲ့အခါ ဘာကို တွေးမိသလဲ။"

http://www.dhammadownload.com



"တပည့်တော် သေလို့ ဒီနေရာမှာ တပည့်တော် အလောင်းကို မြှုပ်နှံသင်္ဂြိုဟ်ခဲ့တာဟာ အပိုင်းအခြား မရှိဘူးဆိုတဲ့ အတွေးကို တွေးမိပါတယ် ဘုရား။"

"သာဓု၊ သာဓု တိဿ၊ သင်တွေးတဲ့အတိုင်း မှန်တယ်။ ဒီသတ္တဝါတွေရဲ့ မြေကြီးပေါ်မှာ လဲလျောင်းပြီး မသေဖူးတဲ့ နေရာဆိုတာ မရှိဘူး"

"တိဿ၊ ဒီတောအုပ်ထဲမှာ ကျားသစ်စတဲ့ သားရဲတိရစ္ဆာန်တွေရဲ့ အော်သံကြောင့် ကြောက်သလား၊ မကြောက်ဘူးလား"

"မကြောက်ပါဘူး ဘုရား။ မကြောက်တဲ့အပြင် အဲဒီသားရဲတိရစ္ဆာန်တွေရဲ့အသံကို ကြားရလို့ တောမှာ ပျော်ရွှင်မှုဆိုတာ ဖြစ်ပါတယ် ဘုရား" လို့ လျှောက်ကာ ရှင်တိဿက ဂါထာ ၆၀ နဲ့ တောချီးမွမ်းခန်း ဖွင့်လိုက်ပါသေးတယ်။ (ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၃၄၁/၂/၃)

## လင်္ကာ

၁။ (၇) နှစ်ရွယ်တွင်, ဖြစ်လျက်ပင်, တောတွင် သူ ပျော်သည်။

၂။ သမုဒ္ဒရာရေ, တောင်စွန်းပေ, ကြည့်နေ သူ တွေးသည်။

၃။ သူ့အတွေးက, သံဝေဂ, ပြည့်ဝနေပါသည်။

## အလှူခံနှစ်ပါးရဲ့စိတ်ထား

အရှင်သာရိပုတ္တရာဟာ အလှူရှင်တွေ အကျိုးကြီးအောင် ဒီလို ပြုလေ့ရှိပါတယ်။

အရှင်သာရိပုတ္တရာဟာ ဆွမ်းခံကြွရင် အိမ်တံခါးဝမှာ ရပ်တော်မူပြီး ဆွမ်းကို ယူဆောင်လာတဲ့တိုင်အောင် အချိန်ကို ပိုင်းကာ နိရောဓသမာပတ်ကို ဝင်စားတော်မူပါတယ်။ ဆွမ်းလှူမယ့်သူ အနီးကို ရောက်လာတဲ့အခါမှ နိရောဓသမာပတ်က ထကာ အလှူခံတော်မူလေ့ ရှိပါတယ်။

အရှင်သုဘူတိဟာ ဆွမ်းခံသွားတဲ့အခါ အိမ်တိုင်း အိမ်တိုင်းမှာ မေတ္တာဈာန်ကို ဝင်စားပြီး သမာပတ်မှ ထကာ ဆွမ်းကို ခံယူပါတယ်။ ဆွမ်းအလှူရှင်တွေမှာ အကျိုးများပါစေဆိုတဲ့ ရည်ရွယ်ချက်နဲ့ပါပဲ။

**(အင်္ဂုတ္တရ၊ ၄၊ ပ၊ ၁၇၃)**

သာသနာ့ဝန်ထမ်း ရှင်ရဟန်းတွေဟာ အလှူရှင်တွေ အကျိုးများစေဖို့ရာ အရှင်သုဘူတိ ထုံးကို နှလုံးမူပြီး အလှူရှင်အား မေတ္တာပွားပို့သင့်ကြပါတယ်။ မေတ္တာပွားပို့ရင် မေတ္တာရှင်မှာ ရှေးဦးစွာ စိတ်ချမ်းသာအေးမြပါတယ်။ အဲဒီ မေတ္တာအအေးဓာတ်က မေတ္တာဓာတ် ထိခိုက်ရာ ပုဂ္ဂိုလ်တွေမှာလည်း အကျိုးများစေပါတယ်။

စိတ်၊ စေတသိက်၊ စိတ္တဇရုပ် (စိတ်ကြောင့် ဖြစ်တဲ့ရုပ်) တွေ **ချုပ်ရာ**ကို ရောက်ပြီးနေတဲ့ နိရောဓသမာပတ်ကို အနာဂါမ်နဲ့ ရဟန္တာတွေပဲ

http://www.dhammadownload.com



ဝင်စားနိုင်ကြပါတယ်။ အရှင်သာရိပုတ္တရာလို နိရောဓသမာပတ်ကို မဝင်စားနိုင်ရင် အရှင်သုဘူတိလို မေတ္တာစျာန်ကို မဝင်စားနိုင်ရင်တောင် သာမန် မေတ္တာလောက်ကိုတော့ ရှင်တိုင်း၊ ရဟန်းတိုင်း၊ အလှူခံ ပုဂ္ဂိုလ်တိုင်း ပွားနိုင်ကြပါတယ်။ မေတ္တာပွားများခြင်းဖြင့် မိမိ သူတစ်ပါးအကျိုး များအောင် ကြိုးစားသင့်ကြပါတယ်။

## လင်္ကာ

၁။ အလှူခံဟာ, လှူသူမှာ, မေတ္တာပွားသင့်သည်။
၂။ မေတ္တာပွားလျှင်, အလှူရှင်, မှန်ပင် ကျိုးများသည်။
၃။ သုဘူတိထုံး, တုယူသုံး, အရှုံး မရှိပြီ။

http://www.dhammadownload.com

# ဘုရားရှင်ရဲ့ညီမျှတဲ့ချိန်ခွင်လျှာ

အရှင်ဒေဝဒတ် (၉) လတိုင်တိုင် မကျန်းမမာ ဖြစ်ပါတယ်။ နောက်ပိုင်း အချိန်မှာ ဘုရားရှင်ကို ဖူးမြော်လိုစိတ် အရှင်ဒေဝဒတ်မှာ ဖြစ်နေပါတယ်။ ဒါကြောင့် သူ့တပည့်တွေကို "ငါဟာ ဘုရားရှင်ကို ဖူးမြော်လိုပါတယ်။ ငါ့ကို ဖူးမြော်ခွင့်ရအောင် လုပ်ပေးကြပါ" လို့ ပြောပါတယ်။ တပည့်တွေက "သင်ဟာ စွမ်းနိုင်တဲ့အချိန်တုန်းက ဘုရားရှင်နဲ့ ရန်သူဖြစ်ပြီး လှည့်လည်ခဲ့တယ်။ တပည့်တော်တို့ဟာ သင့်ကို ဘုရားရှင်ထံ ပို့မပေးကြပါ" လို့ ပြောကြပါတယ်။ အဲဒီလိုပြောကြတော့ အရှင် ဒေဝဒတ်က သူ့တပည့်တွေကို ဒီလို ပြန်ပြောပါတယ်။

"ငါ့ကို မဖျက်ဆီးကြပါနဲ့။ ငါက ဘုရားရှင်အပေါ် ရန်ငြိုးဖွဲ့ခဲ့ပါတယ်။ ဘုရားရှင်ကတော့ ငါ့အပေါ် ဆံဖျားမျှလောက်တောင် ရန်ငြိုးမရှိပါ"

"ဘုရားရှင်ဟာ သူ့ကို သေအောင် သတ်ခဲ့တဲ့ ငါ့အပေါ်မှာရော၊ သူ့ကို သတ်ဖို့ ကြိုးစားခဲ့တဲ့ အင်္ဂုလိမာလအပေါ်မှာရော၊ သတ်ဖို့ ပြေးလာခဲ့တဲ့ နာဠာဂိရိဆင်အပေါ်မှာရော၊ သားတော်ရာဟုလာအပေါ်မှာရော တန်းတူညီမျှတဲ့ စိတ်ထား ရှိပါတယ်။ ငါ့ကို ဘုရားရှင်ကို ဖူးမြော်ရအောင် လုပ်ပေးကြပါ"

http://www.dhammadownload.com



အရှင်ဒေဝဒတ်ဟာ အဲဒီလို အခါခါ ပြောပြီး သူ့တပည့်တွေကို တောင်းဆိုရှာပါတယ်။

သတ်တဲ့သူတွေနဲ့ သားအပေါ် မှာ မေတ္တာ၊ ကရုဏာ ညီမျှအောင် ထားနိုင်တဲ့ ဘုရားရှင်ရဲ့စိတ်ထားဟာ ထူးခြားလှပါပေတယ်။ ရှားပါးလှပါပေတယ်။ မေတ္တာချိန်ခွင်၊ ကရုဏာချိန်ခွင်လျှာ ညီမျှနေတဲ့ ဘုရားရှင်ရဲ့ စိတ်ထားကို ဘက်လိုက်နေကြသူ၊ ကျောသားရင်သား ခွဲခြားကြသူတွေ သတိရသင့်ကြပါတယ်။ ကြည်ညိုစရာ ဘုရားရှင့်စိတ်ထားကို အာရုံပြု ကြည်ညိုကာ မိမိတို့ရဲ့ မေတ္တာချိန်ခွင်၊ ကရုဏာချိန်ခွင်လျှာကို ညီမျှနိုင်သမျှ ညီမျှအောင် ကြိုးစားသင့်ကြပါတယ်။ ဘုရားရှင်ရဲ့ ညီမျှတဲ့ မေတ္တာချိန်ခွင်လျှာ၊ ကရုဏာချိန်ခွင်လျှာက အရှင်ဒေဝဒတ်လို ရန်ငြိုးကြီးလှတဲ့ ပုဂ္ဂိုလ်ရဲ့ မောဟအမှောင်ထုကြီးကို ဖြိုခွင်းပြီး အသိဉာဏ်အလင်းရောင်ကို ပေးနိုင်တဲ့ စွမ်းအား ရှိပါပေတယ်။

အရှင်ဒေဝဒတ်ဟာ တောင်းဆိုချက် (၅) ခုကို ဘုရားရှင်ထံ တောင်းဆိုတဲ့ အချိန်က စပြီး ဘုရားရှင်ကို ဖူးမြော်ခွင့် မရတော့ပါ။ ဒါဟာ ထုံးစံမပျက်ပဲ ဖြစ်ပါတယ်။ အရှင်ဒေဝဒတ်ဟာ အလာကောင်းပေမယ့် အခါနှောင်းခဲ့ပါပြီ။ အရှင်ဒေဝဒတ်ကို ညောင်စောင်းနဲ့ သယ်ဆောင်လာကြတဲ့ တပည့်တွေက ဇေတဝန်ကျောင်းအနီးရှိ ရေကန်ကမ်းဘေးမှာ ညောင်စောင်းကို ချကာ ရေကန်ထဲမှာ ရေချိုးဖို့ ဆင်းကြပါတယ်။ အရှင်ဒေဝဒတ်ကလည်း ညောင်စောင်းက ထကာ ခြေနှစ်ဖက်ကို မြေကြီးပေါ် ချကာ ထိုင်လိုက်ပါတယ်။

ခြေထောက်တွေက မြေကြီးထဲ ဝင်သွားကြပါတယ်။ ပြီးတော့ ခြေဖမျက်တိုင်အောင်၊ ပြီးတော့ ပုဆစ်ဒူးဝန်းတိုင်အောင်၊ ပြီးတော့ ခါးတိုင်အောင်၊ ပြီးတော့ သားမြတ်တိုင်အောင်၊ ပြီးတော့ လည်ပင်းတိုင်

http://www.dhammadownload.com



အောင် ဝင်ပြီး မေးရိုး မြေကြီးထဲ ဝင်ပြီးတဲ့အခါ ဘုရားရှင်ကို ဂါထာ တစ်ပုဒ်နဲ့ ရှိခိုးကန်တော့ခဲ့ပါတယ်။

အဲဒီဂါထာရဲ့အဓိပ္ပာယ်က အောက်ပါအတိုင်း ဖြစ်ပါတယ်။

ငါ့ရဲ့နောင်တော်ဘုရားဟာ လောကမှာ အမြတ်ဆုံးပုဂ္ဂိုလ် ဖြစ်ပါ တယ်။ နတ်အပေါင်းတို့ရဲ့ ဦးခေါင်းညွှတ်လျှိုး ရှိခိုးရာ နတ်မင်းကြီး လည်း ဖြစ်ပါတယ်။ ဆုံးမထိုက်သူတွေကို ယဉ်ကျေးအောင် ဆုံးမပေး နိုင်တဲ့ ပုဂ္ဂိုလ်လည်း ဖြစ်ပါတယ်။ အလုံးစုံကို သိတဲ့ ပုဂ္ဂိုလ်လည်း ဖြစ်ပါ တယ်။ ဘုန်းနဲ့ပြည့်စုံတဲ့ ပုဂ္ဂိုလ်လည်း ဖြစ်ပါတယ်။ ငါ့မှာ ကျန်ရှိနေ သေးတဲ့ ငါ့ရဲ့အရိုးတွေ၊ အသက်တွေနဲ့ ငါ့နောင်တော် ဘုရားရှင်ကို ဦးတင်ကျန ဖူးချင်လှပေမယ့် မရတော့လို့ ကိုးကွယ်ရာဟူ၍သာ သိ မှတ်ကာ အပြစ်ရှိသမျှ သတိရပြီး အခါခါ ကန်တော့ခဲ့ပါတယ်။

ဒီအခြေအနေကို မြင်လို့ ဘုရားရှင်က အရှင်ဒေဝဒတ်ကို ရဟန်း ပြုပေးခဲ့တာ ဖြစ်ပါတယ်။ နောင်အခါ ဘဝက ထွက်မြောက်ဖို့ အကြောင်း ကို လုပ်နိုင်လိမ့်မယ်လို့ ရည်မျှော်ကာ ရဟန်းပြုပေးခဲ့တာ ဖြစ်ပါတယ်။ မှန်ပါတယ်။ အရှင်ဒေဝဒတ်ဟာ နောင်ကမ္ဘာတစ်သိန်း ကြာတဲ့အခါ အဋ္ဌိဿရအမည်ရှိတဲ့ ပစ္စေကဗုဒ္ဓါ ဖြစ်ပါလိမ့်မယ်။

(ဓမ္မပဒ၊ ၌၊ ပ၊ ၉၄)

ဘုရားရှင်ရဲ့မေတ္တာအင်အား၊ ကရုဏာအင်အား၊ ပညာအင်အား ကတော့ ကြီးမားလှပါပေတယ်။ "နောင်တဆိုတာ နောင်မှ ရတတ် တယ်" ဆိုတဲ့ သဘာဝအတိုင်းပါပဲ။ အရှင်ဒေဝဒတ်မှာလည်း နောင်မှ နောင်တရရှာပါတယ်။ မိုက်ချင်တိုင်း မိုက်၊ ဆိုးချင်တိုင်း ဆိုးပြီး ဘဝ နေဝင်ချိန်တိုင်အောင် နောင်တမရမိကြသူတွေနဲ့ နှိုင်းစာရင် အရှင် ဒေဝဒတ်ရဲ့ နောင်တရတာဟာ တော်ပါသေးတယ်။ နောင်တပူပန်မှု

http://www.dhammadownload.com



ဖြစ်စေတဲ့ အမှုတွေကို စောစောထဲက မပြုမိအောင် ရှောင်ရှားတာက တော့ ပိုပြီး ကောင်းပါတယ်။ မီးဆိုတာ လောင်မှ ငြိမ်းသတ်ရတာထက် မလောင်ခင်က မလောင်အောင် ကြိုတင်ပြင်ဆင် ဆောင်ရွက်တာက ပိုပြီး ကောင်းပါတယ်။

## လင်္ကာ

၁။ ရန်သူနဲ့သား, မခွဲခြား, ဘုရား မေတ္တာထားပါသည်။

၂။ ရန်သူနဲ့သား, မခွဲခြား, ဘုရား ကရုဏာထားပါသည်။

၃။ မေတ္တာ, ကရုဏာ, ချိန်ခွင်လျှာ, နေရာတကာ ညီလှသည်။

၄။ ဘုရားမေတ္တာ, ကရုဏာ, လွန်စွာ ကြည်ညိုရပါသည်။

http://www.dhammadownload.com

# မလ္လိကာရဲ့စိတ်ထား

"အပြစ်မရှိတဲ့ သင်တို့ရဲ့ခင်ပွန်းတွေဟာ မိမိတို့ရှေးကံရဲ့အကျိုးကို ရရှိသွားကြတယ်။ သင်တို့ ဝမ်းမနည်းကြနဲ့။ မငိုကြွေးကြနဲ့။ ကောသလ မင်းအပေါ်မှာ ဒေါသမထားကြနဲ့။"

ဒီဩဝါဒစကားကို ပြောကြားနေသူရဲ့ ခင်ပွန်းနဲ့ သား (၃၂) ယောက်ဟာ ဦးခေါင်းတွေကို အဖြတ်ခံထားရပါတယ်။ သူ့ရဲ့ ချွေးမ (၃၂) ယောက်အား အထက်ပါဩဝါဒစကားကို ပြောကြားနေတာ ဖြစ်ပါတယ်။ ကောသလရဲ့ စီမံချက်အရ သူ့သားတွေနဲ့ သူ့ခင်ပွန်းဟာ သေကြရတာ ဖြစ်ပါတယ်။ ကောသလမင်းဟာ သူ့ရာဇပလ္လင်ကို လုလိမ့်မယ်လို့ အထင်မှားပြီး တစ်ဖက်လှည့်နဲ့ သုတ်သင်ခိုင်းတာ ဖြစ်ပါတယ်။ အသတ်ခံရသူတွေက ကောသလမင်းရဲ့စစ်သူကြီး ဗန္ဓုလနဲ့သားတွေပဲ ဖြစ်ပါတယ်။ ဗန္ဓုလရဲ့ဇနီး မလ္လိကာဟာ သာမန်အမျိုးသမီးသာ ဖြစ်ခဲ့ရင် ချုံးပွဲချပြီး ငိုကြွေးမိပါလိမ့်မယ်။

အဲဒီနေ့က မလ္လိကာက ရဟန်းငါးရာနဲ့အတူ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်တို့ကို ဆွမ်းကပ်ဖို့ ပင့်ထားပါတယ်။ အဲဒီနေ့ နံနက်မှာပဲ "ခင်ပွန်းဗန္ဓုလနဲ့ သား (၃၂) ယောက်လုံးဟာ ဦးခေါင်းကို အဖြတ်ခံရတယ်" လို့ ရေးပို့တဲ့ စာကို ယူဆောင်ကာ မလ္လိကာအား လာပေးကြပါ

http://www.dhammadownload.com



တယ်။ မလ္လိကာဟာ အဲဒီအခြေအနေကို သိပြီး ဘယ်သူ့အား ဘာကိုမှ မပြောဘဲ ရင်ခွင်ထဲမှာ စာကို ထားကာ ရဟန်းအပေါင်းကိုပဲ ဆွမ်းပြုစု လုပ်ကျွေးနေပါတယ်။ အဲဒီအခါ မလ္လိကာနဲ့ အလုပ်အကျွေး မိန်းမတွေ က ရဟန်းတွေအား ဆွမ်းလှူဒါန်းပြီး ထောပတ်အိုးကို သယ်ဆောင် လာကြတုန်း မထေရ်တွေရဲ့ရှေ့မှာ ထောပတ်အိုး ကွဲသွားပါတယ်။

အရှင်သာရိပုတ္တရာက "ကွဲတတ်တဲ့ သဘောရှိတဲ့ဟာ ကွဲတာပဲ။ တွေးမပူနဲ့" လို့ ပြောပါတယ်။ မလ္လိကာက ရင်ခွင်ထဲက စာကို ထုတ် ဆောင်ပြီး "သား (၃၂) ယောက်နဲ့ ခင်ပွန်းရဲ့ ဦးခေါင်းတွေကို ဖြတ်ခံရ ကြောင်း ရေးပို့တဲ့ ဒီစာကို တပည့်တော်ထံ လာပေးကြပါတယ်။ တပည့် တော်ဟာ အဲဒီသတင်း ကြားရလို့လည်း စိတ်မပူပါ။ ထောပတ်အိုး ကွဲတာလောက်နဲ့ ဘာပူစရာ ရှိမှာလဲ ဘုရား" လို့ လျှောက်ထားပါတယ်။ အရှင်သာရိပုတ္တရာက တရားဟောပြီး ကျောင်းကို ပြန်ကြွသွားပါတယ်။

(ဓမ္မပဒ၊ ၌၊ ပ၊ ၂၂၄)

မလ္လိကာဟာ စိတ်ထားမတတ်ရင် ကောသလမင်းအပေါ် ရန်ငြိုး ထားပြီး ဒေါသတွေ ပွားနေနိုင်ပါတယ်။ သူ့ခင်ပွန်းနဲ့ သားတွေအပေါ် အချစ်ကြီးသလောက် ကောသလမင်းအပေါ် အမျက်မီးကလည်း ကြီး နိုင်ပါတယ်။ "ဘယ်သူ မပြု မိမိမှု" လို့ နှလုံးသွင်းနိုင်မှုက မလ္လိကာရဲ့ ဒေါသမီး၊ သောကမီး၊ ပရိဒေဝမီးတွေကို ငြိမ်းသတ်ထားပါတယ်။ မလ္လိကာဟာ ဘယ်သူမပြု မိမိမှု လို့ နှလုံးသွင်းနိုင်တာကလည်း သူ့ နှလုံးသားမှာ တရားအအေးဓာတ် မကိန်းဝပ်ရင် မဖြစ်ပေါ်လာနိုင်ရာပါ။ တရားအအေးဓာတ် အားကောင်းနေလို့သာ သူ့နှလုံးသားကို ဒေါသမီး၊ သောကမီး၊ ပရိဒေဝမီးတွေ မလောင်မြိုက်နိုင်တာ ဖြစ်ရာပါတယ်။ ဒေါသမီး၊ သောကမီး၊ ပရိဒေဝမီး လောင်စရာ အခြေအနေတွေကို

http://www.dhammadownload.com



တွေ့ကြုံရင်ဆိုင်ရတဲ့အခါ မလ္လိကာကို အားကျသင့်ပါတယ်။ အတုယူသင့်ပါတယ်။

## လင်္ကာ

၁။ သားတွေလဲ သေ, လင်လဲ သေ, သူ့ခြေနေမှာ ဆိုးလှသည်။

၂။ ဘယ်သူ မပြု, မိမိမှု, တွေးရှုနိုင်ပါသည်။

၃။ ရန်မတုံ့ဘဲသာ, ငြိမ်းအေးစွာ, သူဟာ နေနိုင်သည်။

၄။ ဒေါသထွက်စရာ ခြေနေ, တွေ့လျက်ပေ,
သူလေ ဒေါသမထွက်ပြီ။

၅။ သောက ဖြစ်စရာ ခြေနေ, တွေ့လျက်ပေ,
သူလေ သောက မဖြစ်ပြီ။

၆။ ငိုစရာ ခြေနေ, တွေ့လျက်ပေ, သူလေ မငိုပြီ။

၇။ မလ္လိကာကား, သူ့စိတ်ထား, မြင့်မားရင့်ကျက်သည်။

http://www.dhammadownload.com

## အံ့ဩဖွယ်ရာ သူ့စိတ်ထား

တစ်နေရာမှာ လူအများက "ငါတို့ရဲ့ အရှင်သာရိပုတ္တရာ ခန္တီအားနဲ့ ပြည့်စုံတာဟာ အံ့ဩစရာပါပဲ။ အခြားသူတွေ ဆဲဆဲ၊ ရိုက်ရိုက် ဒေါသလေးတောင် မရှိဘူး" လို့ အရှင်သာရိပုတ္တရာရဲ့ဂုဏ်တွေကို ပြောဆိုနေကြပါတယ်။ အဲဒီအခါ အယူမှားရှိသူ ပုဏ္ဏားတစ်ယောက်က "ဘယ်သူ အမျက်မထွက်တာလဲ" လို့ မေးပါတယ်။

"ငါတို့ရဲ့ အရှင်သာရိပုတ္တရာပဲ။"

"သူ့ကို အမျက်ထွက်အောင် လုပ်နိုင်သူ မရှိဘူးလား"

"ပုဏ္ဏား၊ မရှိဘူး"

"ဒီလိုဆိုရင် ငါ သူ့ကို အမျက်ထွက်အောင် လုပ်ပြမယ်"

"စွမ်းနိုင်ရင် လုပ်ပြလေ"

"ရှိပါစေ၊ လုပ်ပြမယ်"

ပုဏ္ဏားက အဲဒီလို ပြောကာ ဆွမ်းခံဝင်လာတဲ့ အရှင်သာရိပုတ္တရာကို မြင်လို့ မထေရ်ရဲ့နောက်က သွားပြီး ကျောကုန်းအလယ်မှာ လက်နဲ့ ပြင်းပြင်းထန်ထန် ရိုက်လိုက်ပါတယ်။ မထေရ်က "အဲဒါ ဘာလဲ" လို့ မကြည့်ရှုဘဲသာ သွားပါတယ်။ ပုဏ္ဏားရဲ့တစ်ကိုယ်လုံးမှာ ပူလောင်နေပါတယ်။ ပုဏ္ဏားက "မထေရ်ဟာ သည်းခံမှုဂုဏ်နဲ့ ပြည့်စုံပါပေတယ်"

http://www.dhammadownload.com



လို့ နားလည်ပြီး မထေရ်ရဲ့ခြေရင်းမှာ ဝပ်စင်းကာ "တပည့်တော်အား သည်းခံပါဘုရား" လို့ ပြောလို့ "ဒါက ဘာလဲ" လို့ မထေရ်က မေးပါတယ်။ "တပည့်တော်ဟာ စူးစမ်းလိုလို့ အရှင်ဘုရားကို ရိုက်ခဲ့ပါတယ် ဘုရား" လို့ လျှောက်ပါတယ်။ "ရှိပါစေ၊ သင့်အား ငါ သည်းခံပါတယ်" လို့ မထေရ်က ပြောတဲ့အခါ "အရှင်ဘုရား၊ တပည့်တော်အား သည်းခံရင် တပည့်တော်ရဲ့အိမ်မှာပဲ ထိုင်ကာ ဆွမ်းကို ခံယူတော်မူပါ" လို့ လျှောက်ကာ မထေရ်ရဲ့သပိတ်ကို ယူလိုက်ပါတယ်။ မထေရ်ကလည်း သပိတ်ကို ပေးပါတယ်။ ပုဏ္ဏားက မထေရ်ကို အိမ်ပင့်ပြီး ဆွမ်းပြုစုလုပ်ကျွေးပါတယ်။

လူတွေက စိတ်ဆိုးပြီး "ဒီလူဟာ ငါတို့ရဲ့အပြစ်မရှိတဲ့ မထေရ်ကို ရိုက်ပုတ်တယ်။ ဒဏ်တပ်ရုံနဲ့လည်း အပြစ်ကင်းလွတ်ခွင့် ဒီလူ့မှာ မရှိဘူး။ ဒီနေရာမှာပဲ သူ့ကို သတ်ကြမယ်" လို့ ပြောကာ ခဲ၊ တုတ် စတာတွေကို ယူလာကြပြီး ပုဏ္ဏားရဲ့အိမ်တံခါးဝမှာ ရပ်နေကြပါတယ်။ မထေရ်က နေရာက ထပြီး သွားတဲ့အခါ ပုဏ္ဏားရဲ့လက်မှာ သပိတ်ကို ပေးလိုက်ပါတယ်။ လူတွေက ပုဏ္ဏားကို မထေရ်နဲ့အတူ သွားနေတာကို မြင်လို့ "အရှင်ဘုရား၊ အရှင်ဘုရားတို့ရဲ့သပိတ်ကို ယူပြီး ပုဏ္ဏားကို ပြန်လွှတ်လိုက်ပါ ဘုရား" လို့ လျှောက်ကြပါတယ်။

"ဥပါသကာတို့၊ အဲဒါက ဘာလဲ"

"ပုဏ္ဏားက အရှင်ဘုရားကို ရိုက်နှက်ထားပါတယ်။ တပည့်တော်တို့ လုပ်ထိုက်တာ လုပ်ကြပါမယ်"

"ဒီပုဏ္ဏားက သင်တို့ကို ရိုက်နှက်တာလား။ ငါ့ကို ရိုက်နှက်တာလား"

"အရှင်ဘုရားကိုပါ ဘုရား"

http://www.dhammadownload.com



“ဒီပုဏ္ဏားက ငါ့ကို ရိုက်ပြီး တောင်းပန်ပြီးပြီ။ သင်တို့ သွားကြ”

မထေရ်က လူတွေကို ပြန်လွှတ်ပြီး ပုဏ္ဏားကို ပြန်သွားစေကာ ကျောင်းကိုပဲ ကြွသွားပါတယ်။ ရဟန်းတွေက ဒီလို ကဲ့ရဲ့ကြပါတယ်။

“သာရိပုတ္တရာထေရ်ကို ပုဏ္ဏားက ရိုက်တယ်ဆိုတာ ဘာလဲ။ ပုဏ္ဏားအိမ်မှာပဲ ထိုင်ကာ ဆွမ်းကို ခံယူပြီး လာပါတယ်။ မထေရ်ကို ရိုက်ပြီးချိန်ကစပြီး အခု သူဟာ ဘယ်သူ့ကို ရှက်တော့မှာလဲ။ ကျန်တဲ့သူတွေကို ရိုက်ပုတ်လှည့်လည်လိမ့်မယ်။” (ဓမ္မပဒ၊ ၄၊ ဒု၊ ၃၉၉)

သည်းခံနိုင်အား ကောင်းလှတဲ့ အရှင်သာရိပုတ္တရာရဲ့ စိတ်ထားဟာ ဒီအဖြစ်အပျက်မှာ သိသာပေါ်လွင်လှပါတယ်။ ဒေါသရှိသူတွေဟာ သည်းမခံနိုင်ကြပါဘူး။ အရှင်သာရိပုတ္တရာမှာ ဒေါသကို အကြွင်းအကျန်မရှိ ပယ်ထားတာမို့ သည်းခံနိုင်အား ကောင်းနေတာ ဖြစ်ပါတယ်။ ဒေါသဟာ လူကို အင်မတန် ဒုက္ခပေးပါတယ်။ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဖြစ်အောင် လုပ်ပါတယ်။ ကိုယ့်မှာရော၊ သူတစ်ပါးမှာပါ မကောင်းကျိုးတွေကို တိုးပွားစေပါတယ်။ ခန္တီကတော့ ကိုယ့်မှာရော သူတစ်ပါးမှာပါ ကောင်းကျိုးတွေကို တိုးပွားစေပါတယ်။ ဒါကြောင့် မိမိ သူတစ်ပါး နှစ်ဦးသား ကောင်းကျိုးကို လိုလားသူတိုင်း အရှင်သာရိပုတ္တရာလို ခန္တီတရားကို လက်ကိုင်ထားသင့်ပါတယ်။

## လင်္ကာ

၁။ အရှင်သာရိပုတ္တရာကား, ခန္တီအား, ကြီးမားလွန်းပါသည်။

၂။ သူ့ ရိုက်သူကိုပင်, ပြစ်မတင်, ကျွမ်းဝင်လိုက်သေးသည်။

၃။ သူ့လိုစိတ်ထား, ခြားသူကား, ထားဖို့ ခက်လိမ့်မည်။

http://www.dhammadownload.com

## ရွှေမှုန်နဲ့ နွားချေး ရွေးတတ်တဲ့ စိတ်ထား

"စိတ်တည်ကြည်မှု မရှိသူကို လူမိုက်တွေက ချီးမွမ်းကြတယ်။ အဲဒီ ချီးမွမ်းမှုဟာ အခြေအမြစ်မရှိတဲ့ ချီးမွမ်းမှုပဲ။ အချည်းနှီး ချီးမွမ်းမှုပဲ။ အကြောင်းကတော့ ချီးမွမ်းခံရတဲ့ ပုဂ္ဂိုလ်မှာ စိတ်တည်ကြည်မှု ရှိမနေလို့ပါပဲ"

"စိတ်တည်ကြည်မှု ကောင်းစွာ ရှိသူကို လူမိုက်တွေက ကဲ့ရဲ့ကြတယ်။ အဲဒီကဲ့ရဲ့မှုဟာ အခြေအမြစ်မရှိတဲ့ ကဲ့ရဲ့မှုပဲ။ အချည်းနှီး ကဲ့ရဲ့မှုပဲ။ အကြောင်းကတော့ ကဲ့ရဲ့ခံရတဲ့ ပုဂ္ဂိုလ်မှာ စိတ်တည်ကြည်မှု ကောင်းကောင်း ရှိနေလို့ပါပဲ"

"မသိဘဲ မစူးစမ်းဘဲ ပြောဆိုတဲ့ ပညာမဲ့သူတွေရဲ့ ကဲ့ရဲ့မှု၊ ချီးမွမ်းမှုတွေဟာ ပမာဏ မဟုတ်ကြပါ"

အရှင်သိရိမာရဲ့ အထက်မှာ ဖော်ပြခဲ့တဲ့ အတွေးအခေါ်၊ အမြော်အမြင်၊ စိတ်နေသဘောထားဟာ အင်မတန်ပဲ မှတ်သားစရာ ကောင်းလှပါတယ်။ အရှင်သိရိမာရဲ့ ညီရဟန်းက အရှင်သိရိဝဍ္ဍ ဖြစ်ပါတယ်။ ညီရဟန်းက လာဘ်လာဘ ပေါများပါတယ်။ ရဟန်း၊ ရှင်၊ လူတွေရဲ့ အလေးအမြတ် အပြုခံရပါတယ်။ စျာန်၊ မဂ်၊ ဖိုလ်တရားထူးကိုတော့ မရသေးပါဘူး။ နောင်တော်ရဟန်းဖြစ်တဲ့ အရှင်သိရိမာမှာတော့ လာဘ်လာဘ နည်းပါတယ်။ လူအများရဲ့ချီးမွမ်းမှုကို မခံရပါ။ သမထ၊

http://www.dhammadownload.com



ဝိပဿနာအားထုတ်လို့ မကြာခင်ပဲ ရဟန္တာ ဖြစ်သွားပါတယ်။ အဘိညာဉ် (၆) ပါးကို ရပါတယ်။

အရှင်သိရိမာကို ရဟန္တာလို့ မသိကြလို့ ပုထုဇဉ်ကိုရင်၊ ရဟန်းတွေက လာဘ်လာဘနည်းပြီး လောကက အလေးမပြုကြလို့ ကဲ့ရဲ့ကြပါတယ်။ အရှင်သိရိဝဍ္ဎကိုတော့ လာဘ်လာဘ ပေါများပြီး လောကက အလေးပြုကြလို့ ချီးမွမ်းကြပါတယ်။

အရှင်သိရိမာက ဒီလို မှတ်ချက်ချပါတယ်။

"ကဲ့ရဲ့ထိုက်သူကို ချီးမွမ်းတာ ချီးမွမ်းထိုက်သူကို ကဲ့ရဲ့တာဟာ ပုထုဇဉ်အဖြစ်ရဲ့ အပြစ်ပဲ။"

အရှင်သိရိဝဍ္ဎလည်း နောင်တော့စကားကို ကြားနာရလို့ သံဝေဂ ဖြစ်ပြီး ဝိပဿနာအားထုတ်လိုက်ရာ မကြာခင်ဘဲ သူ့အကျိုးကို ပြည့်စုံစေပါတယ်။ ကဲ့ရဲ့တဲ့ ပုဂ္ဂိုလ်တွေလည်း အရှင်သိရိမာကို တောင်းပန်ကြပါတယ်။ **(ထေရဂါထာ၊ ၄၊ ၃၅၉)**

ပညာမဲ့သူတွေရဲ့ ကဲ့ရဲ့မှု၊ ချီးမွမ်းမှုကို အလေးမပြုတဲ့၊ ဂရုမစိုက်တဲ့ အရှင်သိရိမာရဲ့ စိတ်ထားဟာ မှတ်သား အတုယူစရာ ကောင်းပါပေတယ်။ ပညာမဲ့သူတွေဟာ "အပေါ်ယံ ရွှေမှုန်ကြဲ အတွင်းက နွားချေးခဲ" အတန်းစားတွေကို ဖူးဖူးမှုတ်နေတတ်ကြပါတယ်။ ရွှေမှုန်နဲ့နွားချေးကို ခွဲခြားပြီး မတွေးတတ်ကြပါဘူး။ ပညာရှိတွေက ရွှေမှုန်နဲ့ နွားချေးကို ခွဲခြားပြီး မြင်တတ်၊ တွေးတတ်၊ သုံးသပ်တတ်ကြပါတယ်။

## လင်္ကာ

၁။ ပညာမဲ့သူ, ကဲ့ရဲ့မှု, အလေးယူဖို့ မလိုပြီ။
၂။ ပညာမဲ့သူ, ချီးမွမ်းမှု, အလေးယူဖို့ မလိုပြီ။

http://www.dhammadownload.com

## အချစ်ရှုံးသူရဲ့စိတ်ထား

မြင့်သူတွေထဲမှာ နိမ့်သူ ဖြစ်ပါ။ နိမ့်သူတွေထဲမှာ မြင့်သူ ဖြစ်ပါ။ မနေသူတွေထဲမှာ နေပါ။ ပျော်သူတွေထဲမှာ မပျော်ပါနဲ့။

ဒီစကားဟာ ပဟေဠိ ဆန်နေပါတယ်။ အရှင်ပိယဥ္စဟထေရ် မိန့်ကြားတဲ့ စကားလေး ဖြစ်ပါတယ်။ လောကမှာ ဘဝင်မြင့်ကြသူတွေ၊ မာနကြီးကြသူတွေ၊ ကိုယ့်ကိုယ်ကို မြှောက်ပင့်သူတွေ ရှိကြပါတယ်။ အဲဒီလို လူတွေထဲမှာ ဘဝင်မမြင့်သူ၊ မာနမကြီးသူ၊ ကိုယ့်ကိုယ်ကို နှိမ့်ချသူ ဖြစ်ဖို့ရာ ရည်ရွယ်ပြီး "မြင့်သူတွေထဲမှာ နိမ့်သူ ဖြစ်ပါ" လို့ အရှင်ပိယဥ္စဟထေရ်က မိန့်ပါတယ်။

အရှင်ပိယဥ္စဟထေရ်ဟာ လိစ္ဆဝီမင်းမျိုးမှာ ဖြစ်ခဲ့ပါတယ်။ အရွယ်ရောက်ပြီး စစ်တိုက်ရာမှာ ဝါသနာ သန်ခဲ့ပါတယ်။ ဘယ်စစ်ပွဲမှာမှ မရှုံးခဲ့ပါဘူး။ ရန်သူတွေရဲ့ချစ်ခင်မှုကို လက်လွှတ်ဆုံးရှုံးရသူ ဖြစ်လို့ ပိယဥ္စဟလို့ အမည်တွင်ပါတယ်။ ပိယဥ္စဟဟာ ဘုရားရှင် ဝေသာလီကို ကြွတဲ့အခါ သဒ္ဓါဖြစ်ပြီး ရဟန်းဝတ်ခဲ့ပါတယ်။ တောမှာ နေကာ ဝိပဿနာအားထုတ်လို့ ရဟန္တာ ဖြစ်ခဲ့ပါတယ်။

ရဟန္တာဖြစ်တဲ့ အရှင်ပိယဥ္စဟဟာ မြင့်သူတွေထဲမှာ နှိမ့်ချတဲ့စိတ်ထား ပိုင်ရှင် ဖြစ်ပါတယ်။ အနှစ်ပြည့်တဲ့ စပါးနှံပမာ ဖြစ်ပါတယ်။ အနှစ်

http://www.dhammadownload.com



မရှိသူတွေက ထောင်တတ်ကြသလောက် အနှစ်ရှိသူတွေက ကိုင်းညွတ်ကြပါတယ်။ အနှစ်ရှိလေ နိမ့်လေပါပဲ။

စိတ်ထားမကောင်းလို့ ပျင်းလို့ ဂုဏ်အားဖြင့် နိမ့်ကျသူတွေထဲမှာ စိတ်ထားမြင့်မြတ်မှု၊ ကြိုးစားမှုတွေနဲ့ ဂုဏ်အားဖြင့် မြင့်သူဖြစ်အောင် ကြိုးစားကြဖို့ ရည်ရွယ်ကာ "နိမ့်သူတွေထဲမှာ မြင့်သူ ဖြစ်ပါ" လို့ အရှင်ပိယဥ္စဟက မိန့်ခဲ့ပါတယ်။

အရှင်ပိယဥ္စဟဟာ နိမ့်သူတွေထဲမှာ မြင့်တဲ့စိတ်ထားပိုင်ရှင် ဖြစ်ပါတယ်။ ဘယ်သူတွေ ဘယ်လောက်ပဲ နိမ့်နေနေ ကိုယ်ကတော့ မြင့်သူဖြစ်အောင် ကြိုးစားရပါမယ်။ အရှင်ပိယဥ္စဟက သူ့ဘဝကို ဝိပဿနာနဲ့ မြှင့်တင်ခဲ့ပါတယ်။ အရှင်ပိယဥ္စဟလို မြင့်သူ ဖြစ်ချင်ရင် အရှင်ပိယဥ္စဟလို ဝိပဿနာအားထုတ်ရမှာ ဖြစ်ပါတယ်။

အကျင့်မြတ်နဲ့ နေနည်း၊ အရိယာတို့ရဲ့ နေနည်းတွေနဲ့ မနေသူတွေထဲမှာ အကျင့်မြတ်နဲ့ နေသူ၊ အရိယာတို့နေနည်းနဲ့ နေသူ ဖြစ်အောင် ကြိုးစားကြဖို့ ရည်ရွယ်ကာ "မနေသူတွေထဲမှာ နေပါ" လို့ အရှင်ပိယဥ္စဟက မိန့်ခဲ့ပါတယ်။ မနေသူတွေထဲမှာ နေသူဖြစ်နေတဲ့ အရှင်ပိယဥ္စဟရဲ့ စိတ်ထားဟာ အားကျစရာ ကောင်းလှပါပေတယ်။ အရှင်ပိယဥ္စဟလို မနေသူတွေထဲမှာ နေသူဖြစ်နိုင်အောင် ကြိုးစားသင့်ကြပါတယ်။

ကာမဂုဏ်အပျော်၊ ကိလေသာအပျော်တွေနဲ့ ပျော်နေသူတွေထဲမှာ သူတို့လို မပျော်မိအောင် ကြိုးစားဖို့ ရည်ရွယ်ကာ "ပျော်သူတွေထဲမှာ မပျော်ပါနဲ့" လို့ အရှင်ပိယဥ္စဟက မိန့်ခဲ့ပါတယ်။ အရှင်ပိယဥ္စဟဟာ ပျော်သူတွေထဲမှာ မပျော်တဲ့စိတ်ထားပိုင်ရှင် ဖြစ်ပါတယ်။ လောကသားတွေဟာ ပျော်သူတွေထဲမှာ ပျော်သူတွေပဲ ဖြစ်နေကြပါတယ်။

http://www.dhammadownload.com



ပျော်သူတွေထဲမှာ ပျော်သူတွေရဲ့ အပျော်တွေဟာ အပူပျော်တွေ ဖြစ်နေပါတယ်။ အအေးပျော်တွေ မဟုတ်ပါ။ အေးချမ်းတဲ့ အပျော်တွေ မဟုတ်ပါ။ သားနဲ့ပျော်၊ သမီးနဲ့ပျော်၊ ဇနီးနဲ့ပျော်၊ ခင်ပွန်းနဲ့ပျော်၊ မြေးနဲ့ ပျော်၊ ချစ်သူနဲ့ပျော်၊ ပစ္စည်းနဲ့ပျော်တာတွေဟာ အပူပျော်တွေ ဖြစ်ပါ တယ်။ ဝိပဿနာနဲ့ပျော်၊ ဈာန်နဲ့ပျော်၊ မဂ်ဖိုလ်နဲ့ ပျော်သူတွေဟာ အအေးပျော်သူတွေ ဖြစ်ပါတယ်။

ကာမမီး၊ ကိလေသာမီးတွေနဲ့ ပျော်သူတွေရဲ့ဘဝဟာ ပူလောင်ပါ တယ်။ သမထရေ၊ ဝိပဿနာရေ၊ ဈာန်ရေ၊ မဂ်ဖိုလ်ရေတွေနဲ့ ပျော်သူ တွေရဲ့ဘဝဟာ အေးချမ်းပါတယ်။ အေးချမ်းတဲ့ ဘဝပိုင်ရှင် ဖြစ်လိုသူ တွေဟာ ပျော်သူတွေထဲမှာ မပျော်သူဖြစ်ဖို့ ကြိုးစားကြပါတယ်။

(ထေရဂါထာ၊ ၄၊ ပ၊ ၂၁၃)

## လင်္ကာ

၁။ မြင့်သူထဲတွင်, နိမ့်သူပင်, အသင် ဖြစ်သင့်သည်။
၂။ နိမ့်သူထဲတွင်, မြင့်သူပင်, အသင် ဖြစ်သင့်သည်။
၃။ မနေသူတွင်, နေသူပင်, အသင် ဖြစ်သင့်သည်။
၄။ ပျော်သူထဲတွင်, မပျော်သူပင်, အသင် ဖြစ်သင့်သည်။

http://www.dhammadownload.com

# စစ်ပွဲတစ်ပွဲ

သာဝတ္ထိမြို့က သုန္ဒရသမုဒ္ဒဆိုတဲ့ အမျိုးသားလေးဟာ ကုဋေ (၄၀) ကြွယ်ဝတဲ့ အမျိုးကြီးမှာ ဖြစ်ပါတယ်။ သူက တစ်နေ့မှာ နေ့လယ် ပိုင်း လူအများ ပန်းနံ့သာစသည်ကို ယူပြီး တရားနာဖို့ ဇေတဝန်ကျောင်း ကို သွားကြတာကို မြင်လို့ "ဒီလူတွေက ဘယ်ကို သွားကြမလို့လဲ"လို့ မေးပါတယ်။ တရားနာဖို့ ဘုရားရှင်ထံ သွားကြတယ်ဆိုတာကို သိရလို့ ငါလည်း သွားမယ်လို့ ပြောကာ အဲဒီလူတွေနဲ့အတူ သွားပြီး ပရိသတ်အစွန် မှာ ထိုင်နေပါတယ်။ ဘုရားရှင်က သူရဲ့အဇ္ဈာသယကို ကြည့်ပြီး အစဉ် အတိုင်းဖြစ်တဲ့ တရားစကားကို ဟောပါတယ်။ လူဝတ်ကြောင်ဘဝနဲ့ အကျင့်မြတ်ကို ပွတ်သစ်စ ခရုသင်းလို ဖြူဝင်းနေအောင်ကျင့်ဖို့ မလွယ် ဘူးလို့ နားလည်လို့ ရဟန်းဝတ်လိုစိတ် ပြင်းပြနေပါတယ်။ တရားနာ ပရိသတ် ပြန်သွားတဲ့အခါ ဘုရားရှင်ကို ရဟန်းဝတ်ခွင့် တောင်းပါတယ်။ ဘုရားရှင်တွေက မိဘတွေက ခွင့်မပြုတဲ့ သားကို ရှင်၊ ရဟန်းပြု မပေး ကြဘူးလို့ မိန့်တာကို ကြားရလို့ အိမ်ကို သွားကာ ရဋ္ဌပါလအမျိုးသား စတဲ့ ပုဂ္ဂိုလ်တွေလိုပဲ ကြီးမားတဲ့ ကြိုးစားမှုနဲ့ အမိအဖတွေထံက ခွင့်ပြု ချက်ရအောင် လုပ်ပါတယ်။ ဘုရားရှင်ထံ ရဟန်းပြုပြီး "ငါ ဒီမှာ နေလို့ ဘာအကျိုးရှိမှာလဲ" လို့ တွေးကာ သာဝတ္ထိမြို့က ထွက်ပြီး ရာဇဂြိုဟ်မြို့ ကို သွားကာ ဆွမ်းခံဝင်ပါတယ်။

တစ်နေ့မှာ သာဝတ္ထိမြို့က သူ့မိဘတွေက ပွဲလမ်းသဘင်မှာ ကျက်သရေရှိမှု၊ တင့်တယ်မှု အကြီးအကျယ်နဲ့ သူ့သူငယ်ချင်းကလေး

http://www.dhammadownload.com



တွေ ကစားနေကြတာကို မြင်ရလို့ "ငါတို့သားလေးမှာ ဒါကို ရဖို့ ခဲယဉ်းတယ်" လို့ ပြောပြီး ငိုကြွေးကြပါတယ်။ အဲဒီခဏမှာ ပြည့်တန်ဆာမ တစ်ယောက်က အဲဒီအိမ်ကို သွားလို့ သူ့အမေ ငိုပြီး ထိုင်နေတာကို မြင်ရတဲ့အခါ "မိခင် ဘာကြောင့် ငိုနေပါသလဲ" လို့ မေးပါတယ်။

"သားကို သတိရလို့"

"မိခင် အဲဒီသားက ဘယ်မှာလဲ"

"ရဟန်းဝတ်သွားပြီ"

"လူထွက်အောင် လုပ်ရင် သင့်မလား"

"သင့်တယ်။ ဒါပေမဲ့ သူက လူမထွက်ချင်ဘူး။ သာဝတ္ထိက ထွက်ခွာပြီး ရာဇဂြိုဟ်ကို သွားပြီ"

"သူ့ကို လူထွက်အောင် လုပ်ပေးနိုင်ရင် ကျွန်မကို ဘာလုပ်မလဲ"

"သင့်အား ဒီအမျိုးရဲ့ ဥစ္စာပိုင်ရှင်မ (သားရဲ့ဇနီး) ပြုလုပ်မယ်"

"ဒီလိုဆိုရင် ကျွန်မအား လမ်းစားရိက္ခာ ပေးပါ"လို့ ပြောကာ ရိက္ခာကို ယူပြီး အခြံအရံအကြီးအကျယ်နဲ့ ရာဇဂြိုဟ်မြို့ကို သွားပါတယ်။ သူ့ရဲ့ ဆွမ်းခံလမ်းကို မှတ်သားကာ အဲဒီလမ်းမှာ နေဖို့ အိမ်တစ်အိမ် ယူပြီး နံနက်စောစောပဲ စားဖွယ်အကောင်းတွေကို စီမံပါတယ်။ သုန္ဒရသမုဒ္ဒထေရ် ဆွမ်းခံဝင်လာတဲ့အခါ ဆွမ်းလောင်းလှူပြီး နှစ်ရက်၊ သုံးရက်လောက် ကြာတဲ့အခါ "ဒီအိမ်မှာပဲ ထိုင်ကာ ဆွမ်းကိစ္စကို ပြုပါ"လို့ လျှောက်ပြီး သပိတ်ကို ယူလိုက်ပါတယ်။ မထေရ်က သပိတ်ကို ပေးပါတယ်။

အဲဒီအခါ မထေရ်ကို စားဖွယ်အကောင်းတွေနဲ့ ပြုစုလုပ်ကျွေးပြီး "အရှင်ဘုရား၊ ဒီအိမ်မှာပဲ ဆွမ်းခံကြွဖို့ ချမ်းသာပါတယ်" လို့ လျှောက်ကာ ရက်အနည်းငယ် ဆင်ဝင်မှာ ထိုင်စေကာ ဆွမ်းကပ်ပါတယ်။

http://www.dhammadownload.com



ကလေးတွေကို မုန့်ပေးပြီး "လာကြ၊ မထေရ်လာတဲ့အခါ ငါက တားမြစ်ပေမယ့် ဒီနေရာမှာ လာပြီး ဖုန်ထအောင် လုပ်ကြ" လို့ ပြောပါတယ်။ နောက်တစ်နေ့မှာ ကလေးတွေက သူမ ခိုင်းတဲ့အတိုင်း လုပ်ကြပါတယ်။ သူမက နောက်နေ့မှာ အဲဒါကို အကြောင်းပြကာ အိမ်အတွင်းမှာ ပင့်ပြီး ရက်အနည်းငယ် ဆွမ်းကပ်ပါတယ်။ ကလေးတွေကို မုန့်ပေးပြီး မထေရ်လာတဲ့အခါ ဆူညံခိုင်းပြန်ပါတယ်။ ကလေးတွေက ဆူညံကြပါတယ်။ အဲဒါကို အကြောင်းပြပြီး ပြာသာဒ်အပေါ်ထပ်မှာပဲ ဆွမ်းကပ်ပါတော့တယ်။ ပြာသာဒ်တံခါးတွေကို ပိတ်လိုက်ပါတယ်။ အိမ်စဉ်အတိုင်း ဆွမ်းခံခဲ့တဲ့ ဓုတင်အမြင့်စားကို ကျင့်နေတဲ့မထေရ် ဖြစ်ပေမယ့် ရသတဏှာက နှောင်ဖွဲ့လို့ (၇) ထပ်ရှိတဲ့ ပြာသာဒ်ပေါ်မှာ ရောက်နေပါပြီ။

မထေရ်ကို မိန်းမမာယာ (၄၀) နဲ့ မြူဆွယ်ဖြားယောင်းပါတော့တယ်။ မဖွယ်မရာ အမူအရာမျိုးစုံတွေကို လုပ်ပြပါတယ်။ မဖွယ်မရာ ကိုယ်အင်္ဂါတွေကိုလည်း ပြပါတယ်။ မထေရ်ကို လူထွက်ဖို့ ပြောပါတယ်။ နှစ်ဦးသား ငယ်ရွယ်တုန်း ပျော်ပါးပြီး အသက်ကြီးခါမှ ရဟန်းဝတ်ကြဖို့ ပြောပါတယ်။

မထေရ်မှာ "သြော် ငါဟာ ဝန်လေးတဲ့အမှုကို မစူးစမ်း မဆင်ခြင်ဘဲ ပြုမိပေပြီ" လို့ အကြီးအကျယ် သံဝေဂရသွားပါတယ်။ အဲဒီခဏမှာ ဘုရားရှင်က (၄၅) ယူဇနာဝေးကွာတဲ့ ဇေတဝန်ကျောင်းမှာ ထိုင်နေရင်းပဲ အဲဒီအခြေအနေကို မြင်လို့ ပြုံးတော်မူပါတယ်။ အရှင်အာနန္ဒာက ပြုံးခြင်းရဲ့အကြောင်းကို မေးလို့ "အာနန္ဒာ ရာဇဂြိုဟ်မြို့မှာ (၇) ထပ်ရှိတဲ့ ပြာသာဒ်ပေါ်မှာ သုန္ဒရသမုဒ္ဒရဟန်းနဲ့ ပြည့်တန်ဆာမတို့ စစ်ပွဲ ဖြစ်နေတယ်" "ဘယ်သူ နိုင်ပြီး ဘယ်သူ ရှုံးပါမလဲ ဘုရား" လို့ လျှောက်

http://www.dhammadownload.com



တော့ "အာနန္ဒာ၊ သုန္ဒရသမုဒ္ဒရဟန်း အောင်မယ်၊ ပြည့်တန်ဆာမ ရှုံးမယ်"လို့ မိန့်ပါတယ်။

သုန္ဒရသမုဒ္ဒရဟန်းရဲ့ အောင်နိုင်မှုကို ပြလိုလို့ အဲဒီနေရာမှာပဲ ထိုင်ရင်း အရောင်လွှတ်ကာ "ရဟန်း၊ သင်ဟာ ဝတ္ထုကာမ၊ ကိလေသာကာမတွေကို မငဲ့ကွက်ဘဲ ပယ်စွန့်လော"လို့ မိန့်ပြီး ဂါထာတစ်ပုဒ် ဟောပါတယ်။ အဲဒီတရားရဲ့အဆုံးမှာ ရဟန္တာဖြစ်ပြီး တန်ခိုးနဲ့ ကောင်းကင်ကို ပျံတက်ကာ အိမ်အထွတ်ကို ဖောက်ထွင်းပြီး ဘုရားရှင်ရဲ့ ကိုယ်တော်ကို ချီးမွမ်းရင်းပဲ လာကာ ဘုရားရှင်ကို ရှိခိုးပါတယ်။

(ဓမ္မပဒ၊ ၄၊ ၃၊ ၄၂၈)

ဒီစစ်ပွဲမှာ နိုင်အောင် တိုက်နိုင်တဲ့ သုန္ဒရသမုဒ္ဒမထေရ်ရဲ့ စိတ်ဓာတ်ဟာ လေးစားမြတ်နိုးစရာ ကောင်းလှပါတယ်။ ဘုရားသားတော် ရဟန်းတော်တွေဟာ ဒီလိုစစ်ပွဲမှာ သူလို နိုင်အောင် တိုက်နိုင်ဖို့ အရေးကြီးလှပါတယ်။ မထေရ်ဟာ နည်းဗျူဟာမျိုးစုံ၊ လက်နက်မျိုးစုံနဲ့ တိုက်ခိုက်ခံရပေမယ့် ကျရှုံးမသွားတာဟာ အားရစရာ၊ အားကျစရာကောင်းလှပါတယ်။ ဒီလိုစစ်ပွဲမျိုးမှာ အတော်အတန် သာသနာစိတ်ဓာတ်ရှိရုံနဲ့ ခံနိုင်ရည်ရှိဖို့ရာ မလွယ်ကူလှပါ။ ရဟန်းတွေရဲ့ သီလလက်နက်၊ သမာဓိလက်နက်၊ ပညာလက်နက်တွေက အစွမ်းမထက်ခဲ့ရင် အသက်သေဖို့ရာပဲ ရှိပါတယ်။ ဒီစစ်ပွဲမှာ မထေရ်ဟာ အရဟတ္တဖိုလ်အောင်လံကို စိုက်ထူနိုင်ခဲ့ပါတယ်။ အံ့ဖွယ်ကောင်းပါပေစွ။ အတုယူဖွယ် ကောင်းပါပေစွ။

## လင်္ကာ

၁။ ပြည့်တန်ဆာမ, အနိုင်မရ, ရှုံးရပါလေပြီ။
၂။ သုန္ဒရသမုဒ္ဒ, မထေရ်က, အနိုင်ရလေပြီ။
၃။ ဒီလိုစစ်ပွဲ, အောင်နိုင်ခဲ, အောင်ပွဲဆင်လိုက်ပြီ။

http://www.dhammadownload.com

# အရှင်ပေါဋ္ဌိလရဲ့စိတ်ထား

ဝိပဿီ၊ သိခီ၊ ဝေဿဘူ၊ ကကုသန်၊ ကောဏာဂမန၊ ကဿပ၊ ဂေါတမ ဆိုတဲ့ ဘုရား (၇) ဆူတွေရဲ့ သာသနာမှာ ပိဋကသုံးပုံဆောင်ပြီး ရဟန်းငါးရာကို တရားပို့ချတဲ့ ပေါဋ္ဌိလမထေရ်ကြီးဟာ အပ်ချုပ်နေတဲ့ (၇) နှစ်အရွယ် ကိုရင်လေးအနီးမှာ လက်အုပ်ချီပြီး "သူတော်ကောင်းလေး တပည့်တော်ရဲ့မှီခိုရာ ဖြစ်တော်မူပါ" လို့ လျှောက်ထားပါတယ်။

"အို ဆရာ၊ ဘယ့်နှယ် ပြောလိုက်ပါလိမ့်။ အရှင်ဘုရားတို့က သက်တော်လည်း ကြီးကြပါတယ်။ ဗဟုသုတလည်း များပါတယ်။ အရှင်ဘုရားတို့ထံမှာ တပည့်တော် သိစရာ ရှိပါမယ်"

"သူတော်ကောင်းလေး၊ ဒီလို မလုပ်ပါနဲ့။ တပည့်တော်ရဲ့ မှီခိုရာ ဖြစ်သာ ဖြစ်ပါ"

"အရှင်ဘုရား၊ အရှင်ဘုရားက တပည့်တော်ရဲ့ ဩဝါဒကို ခံယူ ပိုက်နာနိုင်ရင် တပည့်တော်ဟာ အရှင်ဘုရားရဲ့ မှီခိုရာ ဖြစ်ပါမယ်"

"သူတော်ကောင်းလေး၊ အရှင်ဘုရားရဲ့ ဩဝါဒကို တပည့်တော် ခံယူလိုက်နာပါမယ်။ မီးထဲကို ဝင်လို့ ပြောရင် တပည့်တော် မီးထဲကို ဝင်ပါမယ်"

"အရှင်ဘုရား၊ ဒီဝတ်ရန်းထားတဲ့ သင်္ကန်းတွေနဲ့ပဲ ဒီရေကန်ထဲကို ဆင်းပါ"

http://www.dhammadownload.com



သြဝါဒကို ခံယူ မယူ စူးစမ်းလိုလို့ ကိုရင်လေးက အနီးမှာ ရှိတဲ့ ရေကန်ထဲ ဆင်းခိုင်းပါတယ်။ အရှင်ပေါဋ္ဌိလမထေရ်က တန်ဖိုးကြီးတဲ့ သင်္ကန်းတွေကို ဝတ်ရန်းလာခဲ့ကြောင်းကို ကိုရင်လေးက သိပါတယ်။ ကိုရင်လေးရဲ့ စကားတစ်ခွန်းတည်းနဲ့ပဲ အရှင်ပေါဋ္ဌိလဟာ ဆင်းပါတယ်။ သင်္ကန်းအစွန်းတွေ ရေစိုသွားမှ "အရှင်ဘုရား ပြန်ကြွခဲ့ပါ" လို့ ကိုရင်လေးရဲ့ တစ်ခွန်းပြောရုံနဲ့ပဲ ပြန်လာကာ ရပ်တည်နေတဲ့ အရှင် ပေါဋ္ဌိလကို ကိုရင်လေးက ဒီလိုပြောပါတယ်။

"အရှင်ဘုရား၊ တောင်ပို့တစ်ခုမှာ အပေါက် (၆) ပေါက် ရှိပါတယ်။ အပေါက်တစ်ပေါက်က ဖွတ် ဝင်သွားပါတယ်။ အဲဒီဖွတ်ကို ဖမ်းလိုတဲ့သူဟာ အပေါက် (၅) ပေါက်ကို ပိတ်ပြီး (၆) ပေါက်မြောက်ကို ပေါက်ခွဲကာ ဝင်သွားတဲ့ အပေါက်နဲ့ပဲ ဖမ်းယူရပါတယ်။ အဲဒီလိုပါပဲ အရှင်ဘုရားလည်း မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်လို့ခေါ်တဲ့ တံခါး (၆) ပေါက်မှာ ဝင်လာတဲ့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ သဘောအာရုံတွေထဲမှာ ကျန်တံခါး (၅) ပေါက်ကို ပိတ်ထားပြီး စိတ်တံခါးပေါက်မှာ အလုပ်လုပ်ပါ"

အကြားအမြင်သုတများတဲ့ မထေရ်တစ်ပါးမို့ ဒီလောက်နဲ့ပဲ ဆီမီးထွန်းပြလိုက်သလိုဖြစ်သွားပါတယ်။ "သူတော်ကောင်းလေး၊ ဒီလောက်ပဲ ရှိပါစေ" လို့ ပြောပြီး ကိုယ်မှာ ဉာဏ်စိုက်ကာ ရဟန်းတရား အားထုတ်ပါတယ်။

ဘုရားရှင်က ယူဇနာ (၁၂၀) ထက် ဝေးတဲ့ နေရာမှာ ထိုင်နေရင်းပဲ အရှင်ပေါဋ္ဌိလကို ကြည့်ကာ ရောင်ခြည်တော်လွှတ်ပြီး -

"ကမ္မဋ္ဌာန်းအားထုတ်ရင် ဉာဏ် ဖြစ်တယ်။ အားမထုတ်ရင် ဉာဏ် ပျက်တယ်။ ဉာဏ်တိုးပွားအောင် ကိုယ့်ကိုယ်ကို ဆောင်ရွက်ရာ၏"

http://www.dhammadownload.com



လို့ ဟောတော်မူပါတယ်။ ဒီဒေသနာရဲ့အဆုံးမှာ အရှင်ပေါဋ္ဌိလဟာ ရဟန္တာ ဖြစ်သွားပါတယ်။

ဒုက္ခက လွတ်ကြောင်းအကျင့်ကို မကျင့်လို့ "အလကား ပေါဋ္ဌိလ လာလော့၊ အလကား ပေါဋ္ဌိလ ရှိခိုးလော့၊ အလကားပေါဋ္ဌိလ ထိုင်လော့၊ အလကား ပေါဋ္ဌိလ သွားလော့" လို့ ဘုရားရှင်က သူ့ထံ ဆည်းကပ်လာတဲ့အခါ ပြောပါတယ်။ ပြန်သွားတော့လည်း "အလကား ပေါဋ္ဌိလ သွားပြီ" လို့ ပြောပါတယ်။ "ငါဟာ အဋ္ဌကထာနဲ့တကွ ပိဋကသုံးပုံကို ဆောင်ထားတယ်။ ရဟန်းငါးရာတို့ရဲ့ ဂိုဏ်းကြီး (၁၈) ဂိုဏ်းမှာ စာချပေးတယ်။ ဒါပေမဲ့ ငါ့ကို ဘုရားရှင်က အမြဲ "အလကား ပေါဋ္ဌိလ"လို့ ပြောတယ်။ စင်စစ်တော့ ငါ့မှာ ဈာန် မဂ် ဖိုလ်တရားထူး မရှိလို့ အဲဒီလို ခေါ်တာ ဖြစ်တယ်" လို့ အရှင်ပေါဋ္ဌိလက တွေးပါတယ်။

ယူဇနာ(၁၂၀)ဝေးတဲ့ တောကျောင်းတစ်ကျောင်းမှာ ရှိတဲ့ ရဟန္တာ ရဟန်း (၃၀)ထဲက ရဟန်းအကြီးဆုံးထံ သွားပြီး "တပည့်တော်ရဲ့ မှီခိုရာ ဖြစ်တော်မူပါ" လို့ လျှောက်လို့ အဆင့်ဆင့် လွှဲလိုက်ကြရာ နောက်ဆုံးမှာ (၇) နှစ်အရွယ် ကိုရင်လေးထံ ရောက်သွားပါတယ်။ အရှင် ပေါဋ္ဌိလရဲ့ မာနကို ကျအောင် ချပေးနေကြတာပါပဲ။

အရှင်ပေါဋ္ဌိလဟာ တကယ့်ကျမ်းတတ်အကျော် ဆရာတော်ကြီး ဖြစ်ပေမယ့် ကိုရင်လေးထံ လက်အုပ်ချီကာ နည်းခံလိုက်နာတာဟာ ဒင်မတန်ပဲ ကြည်ညိုစရာကောင်းလှပါတယ်။ အရှင်ပေါဋ္ဌိလရဲ့မာနကို ခဝါချနိုင်မှု၊ တရားကို လိုလားမြတ်နိုးမှုတွေဟာ အင်မတန်မှ အားရကျေနပ်စရာ ကောင်းလှပါတယ်။ (ဓမ္မပဒ၊ ဋ္ဌ၊ ဒု၊ ၂၆၂)

ပညာအနည်းငယ်တတ်ပြီး မာန်တက်နေသူပဲ ဖြစ်ဖြစ်၊ ပညာအများကြီးတတ်လို့ မာန်တက်နေသူပဲဖြစ်ဖြစ် အရှင်ပေါဋ္ဌိလရဲ့မာန နှိမ့်ချနိုင်မှုကို အတုယူသင့်ကြပါတယ်။

http://www.dhammadownload.com



ကိုယ့်မှာ ရှိနေတဲ့ အခြေအနေကလေးကို အကြောင်းပြုကာ မာန်တက်နေရင် အဲဒီအခြေအနေကတစ်ဆင့် တက်ဖို့ လမ်းပိတ်သွားတယ်။ အရှင်ပေါဋ္ဌိလကတော့ မာနကို ခဝါချနိုင်လို့ နိဗ္ဗာန်လမ်း ပွင့်သွားပါတယ်။ ပရိယတ်ပညာရှင်သာမက ပဋိပတ်ပညာရှင်ပါ ဖြစ်သွားပါတယ်။ ပရိယတ်ပညာရှင်ဟာ ပရိယတ်ပညာရှင်ဘဝမှာသာ လမ်းဆုံးမနေသင့်ပါ။ ပဋိပတ်ပညာရှင်ဘဝကို ရောက်အောင် ခရီးဆက်ကြရပါဦးမယ်။ ပရိယတ်၊ ပဋိပတ် ပညာနှစ်ရပ်လုံး ပြည့်စုံမှ စွယ်စုံပညာရှင်ဖြစ်ပါတယ်။ အရှင်ပေါဋ္ဌိလလို စွယ်စုံပညာရှင်ဖြစ်အောင် ရဟန်းရှင်၊ လူ မည်သူမဆို ကြိုးစားသင့်ကြပါတယ်။

## လင်္ကာ

၁။ တေပိဋက, ပေါဋ္ဌိလ, စာက လွန်တတ်သည်။
၂။ သို့သော် သူ့အား, မြတ်ဘုရား, အလကား ပေါဋ္ဌိလဟု ဆိုသည်။
၃။ သံဝေဂဖြစ်, တောထွက်လစ်, (၇) နှစ်ရွယ်ထံ ရောက်သည်။
၄။ မာန်ကို ဖယ်ရှား, ကိုရင်လေးအား, သူကား လက်အုပ်ချီ။
၅။ ငါ့မှီခိုရာ, အသင်ဟာ, ဖြစ်ပါဟု လျှောက်သည်။
၆။ ကန်ထဲ ဆင်းရေး, ကိုရင်လေး, မိန့်ပေးလိုက်ပါသည်။
၇။ ချက်ချင်းပင်လျှင်, မထေရ်ရှင်, ရေတွင် ဆင်းသွားသည်။
၈။ ပေါဋ္ဌိလစိတ်ထား, မာန်ပယ်ရှား, လေးစားရပါသည်။
၉။ စာလွန်တတ်ကျက်, မာန်မတက်, တိုးတက်ခဲ့ပါသည်။
၁၀။ ဝိပဿနာ ပွားကာ, ရဟန္တာ, သူဟာ ဖြစ်သွားသည်။
၁၁။ စာတတ်အောင် သင်, မာန်မဝင်, အသင် ကြီးပွားမည်။

http://www.dhammadownload.com

## ဘုရားလောင်းရဲ့ အပြစ်ကင်းတဲ့ စိတ်ထား

ဥတ္တရလုလင်ဟာ ဘုရားရှင်ရဲ့ကိုယ်နဲ့ နှုတ်မှာ မနှစ်သက်စရာ တစ်စုံတစ်ရာ အပြစ်များ တွေ့ရလေမလားလို့ မျှော်လင့်ကာ ဘုရားရှင် နောက်က (၇) လကြာအောင် တကောက်ကောက် လိုက်ပေမယ့် အပြစ် တစ်စုံတစ်ရာမျှ မတွေ့ရပါ။ လူသားဖြစ်တဲ့ ဒီဥတ္တရလုလင်က ဘုရား ဖြစ်ပြီးတဲ့ ဘုရားရှင်ရဲ့ ကိုယ်နှုတ်မှာ မနှစ်သက်စရာ အပြစ်ကို ဘယ်မှာ တွေ့နိုင်ပါ့မလဲ။

မာရ်နတ်လည်း ဘုရားလောင်း တောထွက်လာချိန်ကစပြီး (၆) နှစ် ကြာအောင် အပြစ်ရှာပေမယ့် ဘုရားလောင်းမှာ မနှစ်သက်စရာ အပြစ် တစ်စုံတစ်ရာ မတွေ့ရပါ။ အောက်ထစ်ဆုံးအားဖြင့် စိတ်အကြံ ကိုမျှ မတွေ့ရပါ။

မာရ်နတ်က "အကယ်၍ ဘုရားလောင်းမှာ အကုသိုလ်စိတ်ကိုမျှ တွေ့ခဲ့ရင် အဲဒီနေရာမှာပဲ ဘုရားလောင်းကို ဦးထိပ်မှာ ပုတ်ခတ်ပြီး ဖဲသွားမယ်" လို့ ကြံစည်နေပါသတဲ့။ မာရ်နတ်ဟာ (၆) နှစ်ပတ်လုံး အပြစ်မတွေ့လို့ ဘုရားဖြစ်ပြီးနောက် တစ်နှစ်ကြာအောင် နောက်က လိုက်ကာ အပြစ်ရှာပေမယ့် မတွေ့ပါ။

(မူလပဏ္ဏာသ၊ ၄၊ ၂၇၉)

http://www.dhammadownload.com



ဘုရားရှင်ရဲ့ အပြစ်ကင်းပုံဟာ အလွန်ပဲ ကြည်ညိုစရာ ကောင်းလှပါတယ်။ ကိလေသာတွေကို ဝါသနာနဲ့တကွ ပယ်ခွာလိုက်လို့ ဘုရားရှင်မှာ အပြစ်တွေ ကင်းနေတာဟာ မထူးဆန်းလှပေမယ့် ဘုရားမဖြစ်ခင် ဘုရားအလောင်းဘဝမှာ (၆)နှစ်ကြာအောင် ဆီအပေါက်ရှာသလို အပြစ်ရှာနေတဲ့ မာရ်နတ် လက်မြှောက်ရလောက်အောင် အပြစ်ကင်းတာဟာ ထူးခြားလှပါတယ်။ ဘုရားလောင်းရဲ့ အပြစ်ကင်းအောင် ထားနိုင်တဲ့စိတ်ထားကို အကုသိုလ်အပြစ်ကင်းအောင် မနေသေးနိုင်သူတွေ အားကျအတုယူကာ အပြစ်ကင်းအောင် ကြိုးစားသင့်ကြပါတယ်။

## လင်္ကာ

၁။ ဘုရားလောင်းမှာ, အပြစ်ရှာ, (၆) နှစ်ကြာလည်း မတွေ့ပြီ။
၂။ ဘုရားဖြစ်ပြီးနောက်, တကောက်ကောက်,
(၁) နှစ်ရောက်အောင် လိုက်ရှာသည်။
၃။ သို့ပါသော်ငြား, မာရ်နတ်ကား, ပြစ်များ မတွေ့ပြီ။
၄။ အပြစ်ကင်းငြား, မြတ်ဘုရား, လေးစားကြည်ညိုရပါသည်။

http://www.dhammadownload.com

# ဘုရားရှင်ရဲ့အကြင်နာစိတ်ထား

နွားပျောက်လို့ နွားရှာတဲ့ လူဟာ နွားကို တွေ့လို့ နွားအုပ်စုထဲ ထည့်ပြီးတဲ့အခါ "အခြားဘာမျှ မရှိစေဦးတော့၊ ဘုရားရှင်ကို ရှိခိုးရုံမျှကို လည်း ပြုမယ်"လို့ တွေးကာ ဆာလောင်လှပေမယ့် အိမ်ကို ပြန်ဖို့ စိတ် မကူးဘဲ ဘုရားရှင်ထံ သွားပါတယ်။ ဘုရားရှင်ကို ရှိခိုးပြီး သင့်တော်ရာ အရပ်မှာ ရပ်နေပါတယ်။ ဘုရားရှင်က အဲဒီလူ ရပ်နေတဲ့အခါ ဒါနမှာ ကြောင့်ကြစိုက်သူကို "ရဟန်းအပေါင်းမှာ ထမင်းအကြွင်းအကျန် ရှိ သေးသလား" လို့ မေးပါတယ်။ "ရှိပါတယ်" လို့ လျှောက်လို့ အကျွေး ခိုင်းပါတယ်။ ယာဂု ခဲဖွယ် စားဖွယ်တွေနဲ့ အဲဒီလူကို ဒါနကြောင့်ကြ ပြုသူက ရိုရိုသေသေ ကျွေးပါတယ်။ ထမင်းစားပြီးတဲ့အခါ ပါးစပ် ဆေး ပါတယ်။ ပိဋကကတ် သုံးပုံမှာ ဒီနေရာမှတစ်ပါး အခြားဘယ်နေရာမှာမှ လာသူသွားသူကို ထမင်းကျွေးခိုင်းတာ ဘုရားရှင်မှာ မရှိပါ။ ပူလောင်မှု ငြိမ်းချမ်းသွားတဲ့ အဲဒီလူမှာ စိတ် တည်ငြိမ်သွားပါတယ်။ အဲဒီအခါ အစဉ်အတိုင်းဖြစ်တဲ့ တရားစကားကို ဟောတော်မူပြီး သစ္စာလေးပါးကို ဟောပါတယ်။ ဒေသနာရဲ့အဆုံးမှာ အဲဒီလူဟာ သောတာပန် ဖြစ်သွား ပါတယ်။ (ဓမ္မပဒ၊ ၄၊ ဒု၊ ၁၇၀)

http://www.dhammadownload.com



ပုဂ္ဂိုလ်တစ်ဦး တရားထူးရသွားအောင် ဆောင်ရွက်ရာမှာ ဘုရားရှင်ရဲ့ ကြင်နာတဲ့စိတ်ထား၊ အမြော်အမြင်ပါတဲ့ စိတ်ထားတွေဟာ သတိပြုကာ အတုယူစရာတွေ ဖြစ်လာပါတယ်။

## လင်္ကာ

၁။ ထမင်းဆာပြား, နွားရှာသမား, ဘုရား ကျွေးခိုင်းသည်။
၂။ ဆာလောင်ကင်းမှ, တရားပြ, တရား ရသွားသည်။

http://www.dhammadownload.com

# ဘုရားလောင်းရဲ့သံမဏိစိတ်ထား

ဘုရားလောင်းဟာ ဗောဓိပင်စည်ကို ကျောပေးပြီး အရှေ့အရပ်ကို မျက်နှာမူကာ ခိုင်မြဲတဲ့ စိတ်ထားနဲ့ "အရေ၊ အကြော၊ အရိုးမျှ ကျန်ချင် ကျန်ပါစေ၊ အသား အသွေးတွေ ခြောက်ခန်းချင် ခြောက်ခန်းပါစေ၊ ဘုရား မဖြစ်သေးသမျှ ဒီတင်ပလ္လင်ခွေကို မဖျက်အံ့" လို့ ဆုံးဖြတ်ကာ မိုးကြိုးတစ်ရာ ပစ်ပေမယ့်လည်း မပျက်တဲ့ မရှုံးနိမ့်တဲ့ ပလ္လင်ကို ခွေကာ ထိုင်နေပါတယ်။ **(ဇာတက၊ ၄၊ ပ၊ ၈၃)**

ဘုရားလောင်းရဲ့ အင်မတန် ခိုင်မာလှတဲ့ ဒီစိတ်ထားဟာ အလွန်ပဲ လေးစားစရာ ကောင်းလှပါတယ်။ ကိုယ်လိုချင်တဲ့ ပန်းတိုင်ကို မရောက်ခင် အားလျှော့ချင်ကြသူတွေ၊ အားလျှော့ကြသူတွေ၊ စိတ်ဓာတ်ကျကြသူတွေ၊ စိတ်ပျက်လက်လျှော့ကြသူတွေအဖို့ ဘုရားလောင်းရဲ့ ဒီစိတ်ထားဟာ အင်မတန် အားကျစရာ၊ အတုယူစရာ ကောင်းလှပါတယ်။ လမ်းဆုံးမရောက် လက်မမြှောက်၊ ဒူးမထောက်၊ အညံ့မခံတဲ့ ဘုရားလောင်းရဲ့ စိတ်ထား။ လှေခွက်ချည်း ကျန်ပါစေ အလံ မလှဲဘူးဆိုတဲ့ ဘုရားလောင်းရဲ့ စိတ်ထားဟာ အားရစရာ၊ ကြည်ညိုစရာ ကောင်းလှပါတယ်။

http://www.dhammadownload.com



## လင်္ကာ

၁။ ရိုး - ရေ - ကြောတွေ့, ကျန်ပါစေ, ငါလေ မလျော့ပြီ။

၂။ အသား - သွေးတွေ့, ခြောက်ခန်းစေ, ငါလေ မလျော့ပြီ။

၃။ ဘုရား မဖြစ်သေးသမျှ, ထိုင်ရာမှ, ငါက မထပြီ။

၄။ ဇွဲနဲ့သတ္တိ, အပြည့်ရှိ, သူ၏ စိတ် ဖြစ်သည်။

၅။ သူ့လိုစိတ်ထား, အသင်ကား, များများ မွေးသင့်သည်။

http://www.dhammadownload.com

# ခေါင်းဆောင်ကောင်းရဲ့စိတ်ထား

"တစ်စုံတစ်ယောက်က ဘုရားရှင်ရဲ့နှလုံးသားကို မြင်ရမှ သစ္စာလေးပါးကို သိနိုင်မယ်ဆိုရင် အဲဒီသူအားလည်း သူ့နှလုံးသားကို ဘုရားရှင်ဟာ လှံ့လနဲ့ ပြပါတယ်။ ဘုရားရှင်ဟာ သစ္စာလေးပါး သိကြောင်း လှံ့လမှာ သိတော်မူတယ်။ ဒေသနာမှာ ကျွမ်းကျင်တော်မူတယ်"

**(မိလိန္ဒပဥှာပါဠိ၊ ၁၇၀)**

မိလိန္ဒမင်းအား အရှင်နာဂသေန မိန့်ကြားထားတဲ့ အထက်ပါ စကားလေးကို ဖတ်ရှုရတဲ့အခါ ဘုရားရှင်ရဲ့ မေတ္တာ၊ ကရုဏာကြီးမား လှတဲ့ စိတ်ထားကို ကြည်ညိုရပါတယ်။

မိခင်ဟာ ငိုနေတဲ့ သားငယ်လေးကို သူ လိုချင်တာ ပေး၊ သူ လုပ်ချင်တာ လုပ်ပေးပြီး နားလည်စေသလို ဘုရားရှင်ဟာ ကိလေသာ ငိုခြင်းနဲ့ ငိုနေတဲ့ အာဋ္ဌဝကဘီလူးကို နားလည်စေဖို့ရာ သူပြောသမျှ လိုက်လုပ်ပေးပါတယ်။ သူ့နန်းတော်က ထွက်ဆို ထွက်ပေးပါတယ်။ ဝင်ဆို ဝင်ပေးပါတယ်။

အထိန်းတော်ဟာ နို့မစို့တဲ့ကလေးကို တစ်စုံတစ်ခု ပေးကာ ဖြားယောင်းပြီး နို့တိုက်သလို ဘုရားရှင်ဟာ အာဋ္ဌဝကဘီလူးကို လောကုတ္တရာ တရားနို့ရည်ကို သောက်စေဖို့ရာ သူအလိုရှိတဲ့ စကားကို လိုက်လုပ်ပေး ကာ ဖြားယောင်းလုပ်ဆောင်ပါတယ်။

http://www.dhammadownload.com



ဘူးထဲမှာ စတုမဓုထည့်လိုတဲ့ ယောက်ျားဟာ ဘူးရဲ့အတွင်းပိုင်းကို ရှင်းရသလို ဘုရားရှင်ဟာ အာဠဝကဘီလူးရဲ့စိတ်မှာ လောကုတ္တရာတရား စတုမဓုကို ပြည့်စေလိုတဲ့အတွက် အာဠဝကရဲ့ ကိုယ်တွင်းက ဒေါသအညစ်အကြေးကို သုတ်သင်ရှင်းလင်းဖို့ရာ (၃) ကြိမ်တိုင်တိုင် အာဠဝက နန်းတော်မှ ထွက်လိုက် ဝင်လိုက် လုပ်ပေးပါတယ်။

(သုတ္တနိပါတ၊ ဋ၊ ၂၂၁)

အထက်ပါ အာဠဝက အကြောင်းအရာကို ဖတ်ရတော့လည်း ဘုရားရှင်ရဲ့အကြင်နာဟာ အလွန်ပဲ ကြီးမားလှတာကို သိရှိကြည်ညိုရပြန်ပါတယ်။

"စူဠပန္ထက၊ သင့်ရဲ့ ရဟန်းအဖြစ်ဟာ ငါဘုရားရဲ့ဥစ္စာပဲ၊ သင့်ရဲ့နောင်တော် မဟာပန္ထကမထေရ်က နှင်ထုတ်တဲ့အခါ ဘာကြောင့် ငါ့ထံမလာတာလဲ။ လာလော့။ သင့်မှာ လူဝတ်ကြောင်အဖြစ်နဲ့ ဘာအကျိုးရှိမှာလဲ။ ငါ့ထံမှာ ဖြစ်လော" လို့ ပြောကာ ဘုရားရှင်က စက်လက္ခဏာတွေနဲ့ မှတ်သားထားတဲ့ လက်ဖဝါးတော်နဲ့ လူထွက်ချင်နေတဲ့ အရှင်စူဠပန္ထကရဲ့ ဦးခေါင်းကို သုံးသပ်တော်မူပါတယ်။

(ဓမ္မပဒ၊ ဋ၊ ပ၊ ၁၅၆)

ဉာဏ်လေးလို့ နောင်တော်ရဲ့ နှင်ထုတ်ခြင်း ခံရတဲ့အတွက် အားငယ်နေရှာတဲ့ အရှင်စူဠပန္ထကရဲ့ ဦးခေါင်းကို လက်ဖဝါးတော်နဲ့ သုံးသပ်နေတဲ့ ဘုရားရှင်ရဲ့အသွင်အပြင်ကို အာရုံပြုလိုက်ရင် ဘုရားရှင်ရဲ့ အကြင်နာအားကြီးမှုဟာ အလွန်ပဲ သိသာလှပါတယ်။ သိစရာမှန်သမျှကို အကုန်သိတဲ့ဉာဏ်(သဗ္ဗညုတဉာဏ်) နဲ့ မဟာကရုဏာ ပေါင်းစပ်ထားတဲ့ ဘုရားရှင်ရဲ့စိတ်ထားဟာ အတုမရှိမြင့်မြတ်သလို အတုမရှိ အတုယူစရာလည်း ဖြစ်ပါတယ်။

http://www.dhammadownload.com



ခေါင်းဆောင်လုပ်သူတွေမှာ အသိပညာ ရှိရသလို အကြင်နာလည်း ရှိရပါတယ်။ အကြင်အနာကင်းတဲ့ အသိပညာရှင် ခေါင်းဆောင်ရဲ့ လုပ်ရပ်တွေဟာ အောင်မြင်သင့်သလောက် မအောင်မြင်ပါ။ အသိပညာကင်းမဲ့တဲ့ အကြင်နာရှင်ခေါင်းဆောင်ရဲ့ လုပ်ရပ်ဟာလည်း အောင်မြင်သင့်သလောက် မအောင်မြင်ပါ။ အသိပညာနဲ့ အကြင်နာနှစ်မျိုးစုံရှိတဲ့ခေါင်းဆောင်ရဲ့လုပ်ရပ်ဟာ အောင်မြင်ပါတယ်။ ဘုရားရှင်ရဲ့ လုပ်ရပ်တွေ အောင်မြင်နေခဲ့တာဟာ အဲဒီတရားနှစ်ပါးကြောင့်ပါပဲ။ ခေါင်းဆောင်ဟာ ကိုယ်လုပ်တဲ့ လုပ်ငန်း အောင်မြင်ချင်ရင် အသိပညာ ရှိရပါမယ်။ အကြင်နာလည်း ရှိရပါမယ်။ ဘုရားရှင်ရဲ့ စိတ်ထားကို အာရုံပြု ကြည်ညိုကာ အသိပညာ၊ အကြင်နာတွေ ကိုယ့်သန္တာန်မှာ တည်ရှိ တိုးပွားလာအောင် ရဟန်း၊ ရှင်၊ လူတိုင်း ကြိုးစားသင့်ကြပါတယ်။

## လင်္ကာ

၁။ ဘုရားရှင်မှာ, အကြင်နာ, လွန်စွာ ကြီးမားသည်။
၂။ ဘုရားရှင်မှာ, ဉာဏ်ပညာ, လွန်စွာ ကြီးမားသည်။
၃။ သူ့လုပ်ရပ်ဟာ, ထို့ကြောင့်သာ, လွန်စွာ အောင်မြင်သည်။
၄။ အောင်မြင်လိုငြား, အသင်ကား, စိတ်ထား သူ့လို ရှိသင့်သည်။

http://www.dhammadownload.com

# အရှင်ပုဏ္ဏရဲ့စိတ်ထား

"ပုဏ္ဏ၊ သုနာပရန္တဇနပုဒ်က လူတွေက ကြမ်းတမ်းကြတယ်၊ ကြမ်းကြုတ်ကြတယ်။ အဲဒီလူတွေက သင့်ကို ဆဲကြရင် သင့်မှာ ဘယ်လို ဖြစ်မလဲ"

"မြတ်စွာဘုရား၊ အဲဒီလူတွေက ဆဲကြရင် 'ငါ့ကို လက်နဲ့ မရိုက်ကြသေးတဲ့ သုနာပရန္တဇနပုဒ်သားတွေဟာ တော်ကြပါပေတယ်' လို့ နှလုံးသွင်းပါမယ်။

လက်နဲ့ ရိုက်ကြရင် ခဲနဲ့ မပေါက်သေးလို့ တော်ကြပါပေတယ်လို့ နှလုံးသွင်းပါမယ်။

ခဲနဲ့ ပေါက်ကြရင် တုတ်နဲ့ မရိုက်ကြသေးလို့ တော်ကြပါပေတယ်လို့ နှလုံးသွင်းပါမယ်။

တုတ်နဲ့ ရိုက်ကြရင် ဓားနဲ့ မခုတ်ကြသေးလို့ တော်ကြပါပေတယ်လို့ နှလုံးသွင်းပါမယ်။

ဓားနဲ့ ခုတ်ကြရင် ဓားထက်ထက်နဲ့ သေအောင် မသတ်ကြသေးလို့ တော်ကြပါပေတယ်လို့ နှလုံးသွင်းပါမယ်။

ဓားထက်ထက်နဲ့ သေအောင် ခုတ်ကြရင် ကိုယ်နဲ့အသက်ကို စက်ဆုပ်လို့ သေချင်သူတွေ လက်နက်ရှာနေကြရပေမယ့် ငါ့မှာ သူတို့လို လက်နက်မရှာရဘဲ ရရှိပေတယ်လို့ နှလုံးသွင်းပါမယ်။"

http://www.dhammadownload.com



"သာဓု သာဓု ပုဏ္ဏ၊ သင် ဒီလိုသည်းခံမှုနဲ့ ပြည့်စုံရင် သုနာပရန္တဇနပုဒ်မှာ နေနိုင်ပါလိမ့်မယ်။" (ဥပရိပဏ် ပါဠိ၊ ၃၀၂/၃)

အရှင်ပုဏ္ဏဟာ ဒီအချိန်မှာ ရဟန္တာ မဟုတ်သေးပါ။ ပုထုဇဉ်ပဲ ရှိပါသေးတယ်။ ဒါပေမဲ့ သည်းခံဖို့ရန်အတွက် နှလုံးသွင်းကတော့ ကောင်းလှပါပေတယ်။ အဆင့်မြင့်လှပါပေတယ်။ မခံချိ မခံသာ သည်းခံစရာ အခြေအနေတွေနဲ့ ရင်ဆိုင်တွေ့ကြုံလာခဲ့ရင် အရှင်ပုဏ္ဏရဲ့ စိတ်ထားကို သတိရသင့်ပါတယ်။ အရှင်ပုဏ္ဏရဲ့ စိတ်ထားဟာ သည်းခံဖို့ အခက်အခဲတွေ့နေသူတွေကို သည်းခံနိုင်ဖို့ရာ တွန်းအားပေးပါလိမ့်မယ်။ အရှင်ပုဏ္ဏဟာ သည်းမခံနိုင်အောင် ပြုလုပ်သူတွေကို အပြစ်မတင်ပါ။ အပြစ်မမြင်ပါ။ အကောင်းတောင် ရှုမြင်လိုက်ပါသေးတယ်။ အကောင်းကို ရှာကြံ မြင်တတ်သူအဖို့ သည်းမခံချင်စရာဖြစ်အောင် လုပ်သူမှာတောင် အကောင်းကို မြင်နေပါသေးတယ်။

သည်းခံနိုင်မှု ရှိရင် ဘယ်နေရာမှာမဆို ဘယ်ပုဂ္ဂိုလ်နဲ့မဆို အဆင်ပြေနေတာပါပဲ။ သည်းခံမှု မရှိရင်တော့ နေရာတကာမှာ လူတိုင်းနဲ့ အဆင်ပြေမှု မရှိပါ။

သည်းခံသူကို အသိပညာမရှိသူတို့က 'လူညံ့'လို့ ထင်တတ်ကြပါတယ်။ သည်းခံနိုင်သူဟာ တကယ့်သူရဲကောင်းပါပဲ။ သည်းခံနိုင်သူဟာ ရှုံးနိမ့်သူ မဟုတ်ပါဘူး။ အောင်နိုင်သူပဲ ဖြစ်ပါတယ်။ မိမိ သူတစ်ပါးရဲ့ အကျိုးကို ဆောင်နိုင်တဲ့ ပုဂ္ဂိုလ်ပါပဲ။

သည်းခံမှုကို ဘုရားရှင်က အမြတ်ဆုံးအကျင့်လို့ မိန့်တော်မူထားပါတယ်။

သည်းခံမှု ဆိတ်သုဉ်းပြီး ဒေါသအမှောင် လွှမ်းနေလို့ ဘဝခရီးလမ်းကို ဆက်လက် မလျှောက်လှမ်းနိုင် ဖြစ်နေသူတို့အား အရှင်ပုဏ္ဏရဲ့

http://www.dhammadownload.com



စိတ်ထားက အလင်းရောင်တန်းလေးနဲ့ လမ်းပြပေးနေပါတယ်။ အရှင်ပုဏ္ဏလို ခန္တိစိတ်ထား အလင်းရောင်လေးကို ကိုယ်တိုင် ပိုင်ဆိုင်နေပြီဆိုရင်တော့ ဘဝခရီးလမ်းကို ဆက်လက် လျှောက်လှမ်းဖို့ ပိုမိုလွယ်ကူလာပါလိမ့်မယ်။

အရှင်ပုဏ္ဏလို သည်းခံနိုင်ရင် အဆင်မပြေတဲ့ နေရာရယ်လို့ မရှိပါ။ အဆင်မပြေတဲ့ ပုဂ္ဂိုလ်ရယ်လို့လည်း မရှိပါ။

## လင်္ကာ

၁။ အရှင်ပုဏ္ဏ, စိတ်ထားက, အားကျစရာ ကောင်းပါသည်။
၂။ အဆိုးထဲတွင်, အကောင်းပင်, ရှုမြင်လိုက်သေးသည်။
၃။ သူ့သည်းခံအား, မြတ်ဘုရား, အားရတော်မူသည်။
၄။ အရှင်ပုဏ္ဏညီဖွား, အသင်ကား, စိတ်ထား သူ့လို မွေးသင့်သည်။

http://www.dhammadownload.com

# သုံးကိုယ် တစ်စိတ်

"အနုရုဒ္ဓါ၊ သင်တို့ဟာ ညီညီညွတ်ညွတ် ဝမ်းမြောက်ဝမ်းသာ ဆန့်ကျင်ဘက်စကား မပြောကြဘဲ နို့နဲ့ရေလို ရောကာ အချင်းချင်း မေတ္တာပါတဲ့ မျက်လုံးတွေနဲ့ ကြည့်ပြီး နေကြပါသလား။"

အရှင်အနုရုဒ္ဓါ၊ အရှင်နန္ဒိယ၊ အရှင်ကိမိလတို့သုံးပါး ဂေါသိင်္ဂ အင်ကြင်းတောမှာ သီတင်းသုံးကြခိုက် ဘုရားရှင် ကြွလာပြီး အထက်ပါအတိုင်း မေးခဲ့ပါတယ်။

သုံးပါးလုံးက ဒီလို ဖြေကြပါတယ်။

"ဒီလို သီတင်းသုံးဖော်တွေနဲ့အတူ နေရလို့ လူ့ဘဝကို အရတော်တယ်လို့ အောက်မေ့ပါတယ်။ တပည့်တော်တို့ဟာ အချင်းချင်းအပေါ် မျက်မှောက်မှာရော မျက်ကွယ်မှာပါ မေတ္တာမနောကံ၊ မေတ္တာဝစီကံ၊ မေတ္တာကာယကံတွေကို ထားကြပါတယ်။ ငါ့အလိုအတိုင်း မလုပ်ဘဲ သီတင်းသုံးဖော်တွေရဲ့ အလိုအတိုင်း လုပ်မယ်လို့ တွေးကာ ကိုယ့်အလိုကို ဘေးဖယ်ထားပြီး သီတင်းသုံးဖော်တွေရဲ့အလိုကို လိုက်ပါတယ်။ တပည့်တော်တို့ဟာ ကိုယ်အားဖြင့် သုံးကိုယ် ဖြစ်နေပေမယ့် စိတ်ကတော့ တစ်စိတ်တည်းပါပဲ ဘုရား။

တပည့်တော်တို့ အဲဒီနည်းနဲ့ ညီညီညွတ်ညွတ် ဝမ်းမြောက်ဝမ်းသာ ဆန့်ကျင်ဘက်စကား မပြောကြဘဲ နို့နဲ့ရေလို ရောကာ အချင်းချင်း မေတ္တာပါတဲ့ မျက်လုံးတွေနဲ့ ကြည့်ပြီး နေကြပါတယ်ဘုရား"

http://www.dhammadownload.com



ဒီအရှင်မြတ်သုံးပါးရဲ့ စိတ်ထားတွေဟာ အလွန်ပဲ ကြည်ညိုစရာ၊ အတုယူစရာကောင်းလှပါပေတယ်။ လူသားအားလုံး ဒီအရှင်မြတ် သုံးပါးလို စိတ်ထားနိုင်ကြရင် လူ့လောကကြီးတစ်ခုလုံး ညီညီညွတ် ညွတ်ရှိနေကြပါမယ်။ ဝမ်းမြောက်ဝမ်းသာ ရှိနေကြပါမယ်။ ဆန့်ကျင် ဘက် စကားမပြောဘဲ ရှိကြပါမယ်။ နို့နဲ့ ရေလို ရောနေကြပါမယ်။ မေတ္တာပါတဲ့ မျက်လုံးတွေနဲ့ ကြည့်ပြီး နေကြပါလိမ့်မယ်။

(မူလပဏ်၊ ပါဠိ၊ ၅၆၆)

အရှင်မြတ်သုံးပါး တစ်ပါးအပေါ် တစ်ပါး မေတ္တာထားကြပုံတွေ ကို အဋ္ဌကထာအဖွင့်က ဒီလို ဖွင့်ဆိုပြထားပါတယ်။

အတူနေတွေထဲမှာ တစ်ပါးက ပစ္စည်းတစ်ခုခုကို ကျောင်းဆောင် အပြင်ဘက်မှာ ထားခဲ့ရင် အဲဒီပစ္စည်းကို မြင်တဲ့အခါ ဒီပစ္စည်းကို ဘယ် သူ သုံးစွဲတာလဲလို့ အထင်သေးတာ မရှိဘဲ ကိုယ် နေရာတကျ မထားမိ တဲ့ ပစ္စည်းလို ယူကာ သိမ်းဆည်းရင်ဖြစ်စေ၊ သန့်ရှင်းရမယ့် နေရာကို သန့်ရှင်းရင်ဖြစ်စေ မျက်မှောက် မေတ္တာကာယကံ ဖြစ်ပါတယ်။

တစ်ပါးက ခရီးသွားရာ သူ နေရာတကျ မထားခဲ့တဲ့ ကျောင်း အသုံးအဆောင်ပစ္စည်းကို ကိုယ်နေရာတကျ မထားမိတဲ့ ပစ္စည်းလို ယူကာ သိမ်းဆည်းထားရင် ဖြစ်စေ၊ သန့်ရှင်းရမယ့် နေရာကို သန့်ရှင်း ရင် ဖြစ်စေ၊ မျက်ကွယ်မေတ္တာ ကာယကံ ဖြစ်ပါတယ်။

အတူနေပုဂ္ဂိုလ်တွေအား ချိုသာတဲ့ စကား၊ ဝမ်းမြောက်ဖွယ် စကား၊ နှုတ်ဆက် စကား၊ တစ်သက်အမှတ်ရဖွယ် စကား၊ တရား စကား၊ သာယာနာပျော်ဖွယ် စကား၊ ဆွေးနွေး စကား၊ အမေး စကား၊ အဖြေ စကားစတဲ့ စကားတွေကို ပြောကြားရင် မျက်မှောက်မေတ္တာ ဝစီကံ ဖြစ်ပါတယ်။

http://www.dhammadownload.com



သီတင်းသုံးဖော်တွေ ခရီးသွားတဲ့အခါ ငါရဲ့ခင်မင်တဲ့ နန္ဒိယထေရ်၊ ကိမိလထေရ်ဟာ ဒီလိုသီလနဲ့ ပြည့်စုံတယ်။ ဒီလိုအကျင့်ကောင်းတယ် စသည်နဲ့ ဂုဏ်စကားကို ပြောရင် မျက်ကွယ်ဝစီကံ ဖြစ်ပါတယ်။

ငါ့ရဲ့ခင်မင်ရတဲ့ နန္ဒိယထေရ်၊ ကိမိလထေရ် ဘေးရန်ကင်းပါစေ၊ စိတ်ဆင်းရဲကင်းပါစေ၊ ကိုယ်ဆင်းရဲ ကင်းပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေလို့ မေတ္တာပွားပို့ရင် မျက်မှောက်မျက်ကွယ် မေတ္တာမနောကံ ဖြစ်ပါတယ်။

သုံးကိုယ် တစ်စိတ်ဖြစ်အောင် ကိုယ့်အလိုကို ဘေးဖယ်ထားပြီး သူတစ်ပါးအလိုအတိုင်း ဆောင်ရွက်ပုံကို အဋ္ဌကထာက ဒီလို ဖွင့်ပြထားပါတယ်။

တစ်ပါးရဲ့သပိတ်မှာ အညစ်အကြေး ဖြစ်ပေါ်နေတယ်။ နောက်တစ်ပါးရဲ့သင်္ကန်းက ညစ်ပေနေတယ်။ နောက်တစ်ပါးရဲ့ ကျောင်းမှာ သန့်ရှင်းဖို့ လိုနေတယ်။ အဲဒီသုံးပါးထဲက သပိတ်မှာ အညစ်အကြေး ရှိနေတဲ့ ရဟန်းက တပည့်တော်ရဲ့သပိတ်မှာ အညစ်အကြေး ရှိနေလို့ ဖုတ်သင့်နေပါတယ်လို့ ပြောရင် အခြားနှစ်ပါးက သူတို့ရဲ့သင်္ကန်းကိစ္စ၊ ကျောင်းကိစ္စကို မပြောဘဲ တောထဲ ဝင်ကာ သစ်သားတွေကို သယ်ယူကြပြီး ဖုတ်တောက်ပြီး သပိတ်မှာ လုပ်စရာတွေကို လုပ်ပြီးနောက်မှ သင်္ကန်းလျှော်ကြ၊ ကျောင်းသန့်ရှင်းရေး လုပ်ကြပါတယ်။

အခြားနှစ်ပါးက သူတို့ရဲ့သင်္ကန်းလျှော်ဖို့ ကိစ္စ၊ ကျောင်းသန့်ရှင်းဖို့ ကိစ္စတွေကို အရင် ပြောခဲ့ရင်လည်း အရင်ပြောတဲ့ သူရဲ့ကိစ္စကို ဆောင်ရွက်ပြီးမှ ကိုယ့်ကိစ္စကို နောင်မှ ဆောင်ရွက်ပါတယ်။

http://www.dhammadownload.com



## လင်္ကာ

၁။ ချင်းချင်းပေါ်မှာ, မျက်မှောက်ပါ, မေတ္တာထားရှိသည်။
၂။ ချင်းချင်းပေါ်မှာ, မျက်ကွယ်ပါ, မေတ္တာထားရှိသည်။
၃။ မေတ္တာပါသော, ပြု-အပြော, စိတ်ရော ထားရှိသည်။
၄။ ကိုယ့်စိတ်ဆန္ဒ, ဘေးဖယ်ချ, သူ့ဆန္ဒအတိုင်း လုပ်သည်။
၅။ ခန္ဓာကိုယ်သာ, ကွဲပြားပါ, စိတ်မှာ တစ်စိတ်တည်း ဖြစ်သည်။
၆။ ညီညွတ်ဝမ်းသာ, ဆန့်ကျင်ကာ, ပြောတာ ကင်းပသည်။
၇။ နို့နဲ့ရေပမာ, ရောနှောပါ, ကြည့်ရာ မေတ္တာပါရှိသည်။
၈။ သူတော်ကောင်းတွေ, ဤသို့ပေ, နေတော်မူကြသည်။
၉။ သူတော်ကောင်းတွေမှာ, တုယူကာ, သင်ဟာ နေသင့်သည်။

http://www.dhammadownload.com

# မျောက်ရဲ့စိတ်ထား

ရှေးအခါက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း အုပ်ချုပ်နေစဉ် ကာသိကရွာငယ်မှာ လယ်သမားပုဏ္ဏားတစ်ယောက် လယ်ထွန်ပြီး နွားတွေကို လွှတ်ကာ ပေါက်တူးပေါက်ဖို့ ကြိုးစားနေပါတယ်။ နွားတွေက ချုံတစ်ချုံက သစ်ရွက်တွေကို စားရင်း တောအုပ်ထဲကို ဝင်ကာ ပြေးသွားကြပါတယ်။ သူက အချိန်ကို မှတ်ပြီး ပေါက်တူးကို ထားကာ နွားတွေကို ကြည့်တော့ မမြင်လို့ စိတ်ဆင်းရဲပြီး နွားရှာထွက်ရာ တောအုပ်အတွင်းကို ဝင်ကာ လှည့်လည်ရင်း ဟိမဝန္တာကို ရောက်သွားပါတယ်။ သူမျက်စိလည်ပြီး (၇) ရက် အစာမစားရလို့ တည်ပင်တစ်ပင်ကို မြင်လို့ တက်ပြီး အသီးတွေကို စားတဲ့အခါ တည်ပင်က လိမ့်ကျကာ အတောင် (၆၀) ရှိတဲ့ ချောက်ထဲကို ကျသွားပါတယ်။

အဲဒီချောက်ထဲမှာ (၁၀) ရက် ကြာသွားပါတယ်။ အဲဒီအခါ ဘုရားလောင်းက မျောက်မျိုးမှာ ဖြစ်ပြီး သစ်သီးကြီးငယ်တွေကို စားတဲ့အခါ အဲဒီပုဏ္ဏားကို မြင်လို့ ကယ်တင်ပြီး ကျောက်တုံးပေါ် ထိုင်စေကာ "ပုဏ္ဏား၊ ငါ ပင်ပန်းတယ်၊ ခဏ အိပ်မယ်၊ ငါ့ကို စောင့်ပါ" လို့ ပြောပါတယ်။ အဲဒီပုဏ္ဏားက မျောက်ရဲ့ဦးခေါင်းကို ကျောက်တုံးနဲ့ ထုခွဲပါတယ်။ မျောက်က သစ်ပင်ပေါ် တက်သွားပြီး သစ်ကိုင်းမှာ ထိုင်ကာ "ပုဏ္ဏား၊ မြေလမ်းနဲ့ သွားလော၊ ငါ သစ်ကိုင်းအဖျားနဲ့ သင့်သွားလမ်းကို ပြပေးရင်း သွားမယ်" လို့ ပြောပြီး တောထဲက ထုတ်ဆောင်ကာ လမ်း

http://www.dhammadownload.com



ပေါ် အရောက်ပို့ပြီး တောင်ခြေကိုပဲ ဝင်သွားပါတော့တယ်။ ပုဏ္ဏားဟာ ဘုရားလောင်းကို ပြစ်မှားလို့ နူသွားပါတယ်။ ဒီဘဝမှာပဲ လူပြိတ္တာ ဖြစ်သွားပါတယ်။ နောက် မြေမျိုပြီး အဝီစိငရဲကို ရောက်သွားပါတယ်။

**(ဇာတက၊ ဋ္ဌ၊ ပဥ္စမ၊ ၆၉)**

ချောက်ကမ်းပါးပေါ် ပြန်ရောက်အောင် ကယ်တင်တဲ့ ကျေးဇူးကို တောင် မသိနိုင်ဘဲ ခေါင်းရိုက်ခွဲတဲ့ ပုဏ္ဏားမိုက်ကို လမ်းပြပေးသေးတဲ့ ဘုရားလောင်းမျောက်ရဲ့ စိတ်ထားဟာ တွေးကြည့်လေလေ လေးစားစရာကောင်းလေလေ ဖြစ်ပါတယ်။ မျောက်ရဲ့ကူညီလိုစိတ်ဟာ အခက်အခဲတွေကို တွေ့ရပေမယ့် တွန့်မသွားပါဘူး။ ပုဏ္ဏားကို ချောက်ပေါ် ရောက်အောင် သယ်ပိုးပို့ဖို့ရာ မလွယ်ကူပါ။ မလွယ်ကူပေမယ့် လုပ်ပေးခဲ့ပါတယ်။ ဦးခေါင်းရိုက်ခွဲခံရပြီး လမ်းညွှန်ပြဖို့ရာ အလွန့်အလွန် မလွယ်ကူပါ။ ပြင်းထန်တဲ့ ဒေါသသာ ဖြစ်ပေါ်လာစရာ ရှိပေမယ့် ဖြစ်ပေါ်မလာဘဲ ကူညီလိုစိတ်က မျောက်ရဲ့ရင်တွင်းမှာ အလွန်အမင်း ဖြစ်နေပါတယ်။ မျောက်ရဲ့ အဲဒီလိုစိတ်ထားကို ဘယ်လိုလူသားတွေ ထားနိုင်ကြပါ့မလဲ။ ဘုရားလောင်း မျောက်ရဲ့စိတ်ထားဟာ မြင့်မြတ်လွန်းလှပါတယ်။

မြင့်မြတ်တဲ့စိတ်ထား ရှိသူတွေဟာ ဘုရားလောင်းမျောက်လိုပဲ အများအကျိုးအတွက် ကိုယ့်ကိုယ်ကို အနစ်နာခံတတ်ကြပါတယ်။ သူတစ်ပါးချမ်းသာရေးအတွက် ကိုယ့်ချမ်းသာကို စွန့်လွှတ်တတ်ကြပါတယ်။ သူတို့အလိုရှိတာက သူတစ်ပါးချမ်းသာရေးပဲ ဖြစ်ပါတယ်။ ကိုယ်ဆင်းရဲမှာကို စဉ်းစားလေ့ မရှိကြပါ။ လူသားတွေမှာ ဘုရားလောင်းမျောက်လို ရဲရင့်တဲ့ ကူညီလိုစိတ်တွေ မွေးမြူနိုင်ကြရင် ဘယ်လောက်ကောင်းလိုက်လေမလဲ။

http://www.dhammadownload.com



# လင်္ကာ

၁။ ဒုက္ခရောက်သူ, ဖေးမကူ, မျှောက်မူ စိတ်ထား ကောင်းလှသည်။
၂။ ကိုယ့်ဒုက္ခထက်, သူ့ဒုက္ခတွက်, ရတက်မအေး ဖြစ်ရှာသည်။
၃။ ပုဏ္ဏားမိုက်ကား, ပြောင်းပြန်အား, စိတ်ထား ညံ့လှသည်။
၄။ ဘုရားလောင်းမြတ်, မျှောက်စိတ်ဓာတ်, မြင့်မြတ်လွန်းလှသည်။
၅။ သူ့လိုစိတ်ထား, အသင်ကား, များများ ထားသင့်သည်။

http://www.dhammadownload.com

# ယောသကရဲ့စိတ်ထား

ကောသမ္ဗီဘုရင် ဥတေနက ယောသကသူဌေးသားကို သူ့ထံလာရန် ခေါ်လိုက်ပါတယ်။ ယောသကရဲ့ မွေးစားဖခင်သူဌေး သေပြီးစအချိန် ဖြစ်ပါတယ်။ ဥတေနက လာဖို့ ခေါ်လိုက်တဲ့ နေ့က မိုးရွာထားပါတယ်။ မင်းရင်ပြင်မှာ ဟိုနေရာ ဒီနေရာ ရေတွေ တည်ရှိနေပါတယ်။ ယောသကက ဥတေနမင်းကို ဖူးမြော်ဖို့ သွားပါတယ်။ ဥတေနမင်းက လေသာပြတင်းပေါက်ကို ဖွင့်ပြီး ယောသက လာနေတာကို ကြည့်နေတဲ့အခါ မင်းရင်ပြင်က ရေတွေကို ခုန်ကျော်ပြီး လာနေတာကို မြင်သွားပါတယ်။

ရှိခိုးပြီး ရပ်နေတဲ့ ယောသကကို "အမောင်၊ သင်ဟာ ယောသကလား" လို့ မေးတဲ့အခါ "ဟုတ်ပါတယ် အရှင်မင်း" လို့ ပြောလို့ "ငါရဲ့ ဖခင် သေတယ်လို့ တွေးပြီး ဝမ်းမနည်းနဲ့။ သင့်ဖခင်ရဲ့ သူဌေးရာထူးကို သင့်ကိုပဲ ပေးမယ်" လို့ နှစ်သိမ့်စကားပြောကာ "အမောင်ယောသက သွားလော့" လို့ ပြောပြီး ပြန်လွှတ်လိုက်ပါတယ်။

ဥတေနမင်းက ပြန်သွားတဲ့ ယောသကကို ကြည့်ရင်းပဲ ရပ်နေပါတယ်။ ယောသကက လာတုန်းက ခုန်ကျော်ခဲ့တဲ့ ရေထဲမှာ ပြန်သွားတော့ ဆင်းပြီး ဖြည်းဖြည်း သွားပါတယ်။ အဲဒီအခါ ယောသကကို ဥတေနမင်းက အဲဒီနေရာကပဲ ပြန်လာဖို့ အခေါ်ခိုင်းလိုက်ကာ

http://www.dhammadownload.com



"အမောင်ယောသက သင်ဟာ ငါ့ထံ လာတုန်းက ရေကို ခုန်ကျော်ပြီး လာခဲ့တယ်။ ပြန်သွားတဲ့အခါ ရေထဲ ဆင်းပြီး ဖြည်းဖြည်း သွားတယ်။ အဲဒါ ဘာကြောင့်လဲ" လို့ မေးပါတယ်။

"အရှင်မင်း၊ မှန်ပါတယ်။ အရှင်မင်းထံ လာတဲ့အချိန်တုန်းက ကျွန်တော်မျိုးဟာ လူငယ်ပဲ ရှိပါသေးတယ်။ အဲဒီအချိန်ဟာ ကစားပျော်ပါးတတ်တဲ့ အချိန်ပဲ။ အခုတော့ အရှင်မင်းက သူဌေးရာထူးကို ပေးမယ်လို့ ဝန်ခံစကား ပြောကြားထားပြီ။ ဒါကြောင့် ရှေးကလို မသွားတော့ဘဲ အခုအခါ တည်တည်ငြိမ်ငြိမ်ရှိပြီး လှည့်လည်သွားလာသင့်ပါတယ်" လို့ ယောသကက ပြောပါတယ်။ အဲဒီစကားကို ကြားရလို့ ဥတေနမင်းက "ဒီယောက်ျားဟာ တည်ကြည်မှု ရှိပါပေတယ်။ အခုပဲ သူ့အား သူဌေးရာထူးကို ပေးတော့မယ်" လို့ ဆုံးဖြတ်ကာ ဖခင်သူဌေး ပိုင်ဆိုင်ခဲ့တဲ့ စည်းစိမ်တွေကို ပေးကာ သူဌေးရာထူးကို ပေးလိုက်ပါတယ်။

(ဓမ္မပဒ၊ ဌ၊ ပ၊ ၁၁၉)

သူဌေးရာထူး ပေးတော့မယ်လို့ ပြောရုံမျှနဲ့ ပြောင်းလဲသွားတဲ့ ယောသကရဲ့အမူအရာဟာ အလွန်ပဲ ကျေနပ်စရာကောင်းပါပေတယ်။ ဘဝမြင့်လာတာနဲ့အမျှ အသိအမြင်ကလည်း မြင့်လာတဲ့ ယောသကရဲ့စိတ်ထားဟာ လေးစားစရာ ကောင်းလှပါပေတယ်။ ဘဝမြင့်လာတာနဲ့အမျှ အပြုအမူပါ မြင့်လာတဲ့ ယောသကရဲ့အခြေအနေဟာ အတုယူစရာ ကောင်းလှပါပေတယ်။ ဘဝမြင့်လာတာနဲ့အမျှ အသိအမြင်၊ စိတ်နေ စိတ်ထား၊ အပြုအမူ၊ အပြောအဆိုတွေဟာ မြင့်မြတ်လာအောင် ကြိုးစားသင့်ကြပါတယ်။ ဘဝအခြေအနေက မြင့်လာပေမယ့် အသိအမြင်၊ စိတ်နေစိတ်ထား၊ အပြုအမူ၊ အပြောအဆိုတွေက နိမ့်ကျနေရင် မြင့်နေတဲ့ အခြေအနေတွေဟာ မကြာခင် နိမ့်ကျသွားပေလိမ့်မယ်။

http://www.dhammadownload.com



လူ့အခြေအနေက ဘုံဖျားထိပ်တန်းမှာ ရောက်နေပေမယ့် စိတ်နေ စိတ်ထားက ချုံကြားမှာ ရောက်နေရင် ချုံကြားအဆင့်မှာ လျှောကျသွားပါလိမ့်မယ်။

## လင်္ကာ

၁။ ယောသကဟာ, အပြန်မှာ, ရေမှာ ဆင်းသွားသည်။
၂။ အလာမှာကား, ရေကွက်များ, ခုန်လွှားလာခဲ့သည်။
၃။ အလာခရီးမှာ, လူငယ်သာ, ပြန်မှာ လူကြီး ဖြစ်သွားပြီ။
၄။ သူ့ရဲ့ဘဝ, ယောသက, တွေးဆ ပြုမူသည်။
၅။ ကိုယ့်ဘဝနှင့်, နှိုင်းကာချင့်, ပြုကျင့်ရပါသည်။

http://www.dhammadownload.com

## ဥတ္တရာရဲ့စိတ်ထား

"ငါ့ရဲ့ သူငယ်ချင်းမက ငါ့အား ကျေးဇူးပြုထားတယ်။ စကြဝဠာက အလွန် ကျဉ်းမြောင်းပါသေးတယ်။ ဗြဟ္မာ့ဘုံက အလွန်နိမ့်ကျပါသေးတယ်။ ငါ့သူငယ်ချင်းမရဲ့ ဂုဏ်ကသာ ကြီးမားပါပေတယ်။ မှန်တယ်၊ ငါဟာ သူမကို အမှီပြုပြီး ဒါနပြုခွင့်၊ တရားနာခွင့်ကို ရခဲ့တယ်။ ငါဟာ သူမအပေါ် အမျက်ထွက်ခဲ့ရင် သူမ ခပ်ယူလာတဲ့ ထောပတ်ဟာ ငါ့ကို ပူလောင်ပါစေ၊ ငါ့မှာ အမျက် မရှိခဲ့ရင် ငါ့ကို မလောင်ပါစေနဲ့"လို့ တွေးကာ သူမကို မေတ္တာနဲ့ ဖြန့်နေပါတယ်။ ဥတ္တရာရဲ့ ဦးထိပ်ပေါ်မှာ သွန်လောင်းလိုက်တဲ့ ပူလောင်နေတဲ့ ထောပတ်ဟာ ရေအေးလို ဖြစ်သွားပါတယ်။

သီရိမာဆိုတဲ့ ပြည့်တန်ဆာမက ဥတ္တရာရဲ့ ဦးထိပ်ပေါ် လောင်းလိုက်တာ ဖြစ်ပါတယ်။ သီရိမာကို တစ်နေ့အတွက် တစ်ထောင်ကျပ်ပေးပြီး (၁၅) ရက် ဥတ္တရာရဲ့ ဘာသာခြားယောကျ်ားအတွက် ငှားထားတာ ဖြစ်ပါတယ်။ ဒါပေမဲ့ သီရိမာဟာ အငှားဖြစ်တဲ့ သူမရဲ့ဘဝကို မေ့သွားပြီး အိမ်ပိုင်ရှင်လို့ ထင်သွားပါတယ်။ တကယ့်အိမ်ပိုင်ရှင်ဖြစ်တဲ့ ဥတ္တရာအပေါ် မနာလိုစိတ်ဖြစ်ပြီး ရန်ငြိုးဖွဲ့ကာ ဒုက္ခရောက်အောင် လုပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အိမ်ပေါ်က ဆင်းလာခဲ့ပါတယ်။ မီးဖို

http://www.dhammadownload.com



ချောင်ထဲ ဝင်သွားပြီး မုန့်ကြော်တဲ့နေရာက အလွန်ပူလောင်နေတဲ့ ထောပတ်ကို ဇွန်းနဲ့ ခပ်ယူကာ ဥတ္တရာအပေါ် လောင်းလိုက်ပါတယ်။

ဘာသာခြားခင်ပွန်းရဲ့ အိမ်ကို ရောက်ကတည်းက ရဟန်းတွေကို ဖူးမြော်ခြင်းစတဲ့ ကောင်းမှုတွေထဲက ကောင်းမှုတစ်ခုကိုတောင် လုပ်ဆောင်ခွင့် ဥတ္တရာမှာ မရပါ။ ဒါနပြု တရားနာလိုတဲ့အတွက် သီရိမာကို အခကြေးငွေပေးကာ ငှားထားတာ ဖြစ်ပါတယ်။ ဥတ္တရာဟာ သောတာပန်ဖြစ်လို့ ဘုရားအမှူးရှိတဲ့ သံဃာတွေကို ဒါနပြုခွင့်ရတဲ့အပြင် တရားလည်း နာခွင့်ရနေတာကို အပျော်ကြီး ပျော်နေပါတယ်။

(ဓမ္မပဒ၊ ၄၊ ဒု၊ ၂၀၁)

ဥတ္တရာရဲ့ ကျေးဇူးသိစိတ်ထားနဲ့ မေတ္တာစိတ်ထားဟာ ထူးခြားလှပါပေတယ်။ ဘုရားရှင်က ဥတ္တရာရဲ့စိတ်ထားကို သိသွားတဲ့အခါ 'သာဓု၊ သာဓု'လို့ မိန့်တော်မူပါတယ်။ ဒေါသထွက်လာသူကို ဒေါသမထွက်ခြင်းနဲ့ အနိုင်ယူရတယ်လို့လည်း မိန့်တော်မူပါတယ်။ ဒေါသထွက်သူကို ဥတ္တရာလို ဒေါသမထွက်တဲ့နည်းနဲ့ အနိုင်ယူနိုင်အောင် ကြိုးစားသင့်ကြပါတယ်။ အနိုင်ယူနိုင်ရင် ကောင်းကျိုးအထွေထွေ ရရှိလာတာကို ကိုယ်တွေ့သိလာပါလိမ့်မယ်။

## လင်္ကာ

၁။ ဒေါသသမားအား, မေတ္တာထား, သူကား အောင်နိုင်သည်။
၂။ မေတ္တာရှင်တွက်, ထောပတ်ပွက်, အေးစက်သွားလေသည်။
၃။ ဥတ္တရာကား, ကျေးဇူးများ, သိအား ကောင်းလှသည်။
၄။ သူ့လိုစိတ်ထား, အသင်ကား, များများ ရှိအောင် လုပ်သင့်သည်။

http://www.dhammadownload.com

## ဆင်ပြောင်လို စိတ်ထား

မာဂဏ္ဍီမိဖုရားက ကောသမ္ဗီမြို့သူမြို့သားတွေကို လက်ဆောင်ပေးပြီး "ကောသမ္ဗီမြို့ထဲ ဝင်လာတဲ့ ရဟန်းဂေါတမကို ကျွန်အမှုလုပ်ယောကျာ်းတွေနဲ့အတူ ဆဲရေး၊ ခြိမ်းခြောက်ခိုင်းကာ ပြေးစေကြ" လို့ခိုင်းပါတယ်။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးအပေါ် မကြည်ညိုကြတဲ့ ဗုဒ္ဓသာသနာဝင် မဟုတ်သူတွေက ကောသမ္ဗီမြို့တွင်း ဝင်လာတဲ့ဘုရားရှင်နောက်က လိုက်ကာ "သင်ဟာ သူခိုးပဲ၊ လူမိုက်ပဲ၊ လူနုံပဲ၊ ကုလားအုတ်ပဲ၊ နွားပဲ၊ မြည်းပဲ၊ ငရဲကျမယ့်သူပဲ၊ တိရစ္ဆာန်ပဲ၊ သင့်မှာဘဝကောင်း မရှိ၊ ဘဝဆိုးပဲ ရှိတယ်" လို့ ဆဲနည်း (၁၀) မျိုးနဲ့ ဘုရားရှင်ကို ဆဲရေး ခြိမ်းခြောက်ကြပါတယ်။

"မြတ်စွာဘုရား၊ ဒီကောသမ္ဗီ မြို့သူမြို့သားတွေက တပည့်တော်တို့ကို ဆဲရေး ခြိမ်းခြောက်နေကြပါတယ်။ အခြားမြို့ကို သွားကြပါစို့"

"အာနန္ဒာ၊ ဘယ်ကို သွားမှာလဲ။"

"အခြားမြို့ကိုပါ ဘုရား။"

"အာနန္ဒာ၊ အဲဒီမြို့က လူတွေက ဆဲရေး ခြိမ်းခြောက်ကြရင်ကော ဘယ်ကို ထပ်သွားမလဲ။"

"အဲဒီမြို့ကနေ နောက်ထပ်တစ်မြို့ကိုပါ ဘုရား။"

"အာနန္ဒာ၊ အဲဒီမြို့က လူတွေက ဆဲရေး ခြိမ်းခြောက်ကြရင်ကော ဘယ်ကို ထပ်သွားမလဲ။"

"အဲဒီမြို့ကနေ နောက်ထပ်တစ်မြို့ကိုပါ ဘုရား။"

http://www.dhammadownload.com



"အာနန္ဒာ၊ ဒီလို လုပ်ဖို့ မသင့်ဘူး။ အဓိကရုဏ်းဖြစ်တဲ့ နေရာမှာပဲ အဲဒီအဓိကရုဏ်း ငြိမ်သက်သွားတဲ့အခါမှ အခြားနေရာကို သွားသင့်တယ်"

"အာနန္ဒာ၊ ဘယ်သူတွေက ဆဲကြတာလဲ။"

"ကျွန်အလုပ်သမားတွေကစပြီး အားလုံးပဲ ဆဲကြပါတယ် ဘုရား"

"အာနန္ဒာ၊ ငါဘုရား စစ်မြေပြင်ကို သက်ဆင်းတဲ့ ဆင်ပြောင်နဲ့ တူတယ်။ စစ်မြေကို သက်ဆင်းတဲ့ ဆင်ပြောင်မှာ အရပ်လေးမျက်နှာက လာတဲ့ မြားတွေကို သည်းခံဖို့ တာဝန်ရှိတယ်။ အဲဒီလိုပါပဲ နှုတ်စောင့်စည်းမှု မရှိကြတဲ့ လောကီလူသားတွေရဲ့ ပြောစကားတွေကို သည်းခံဖို့ရာဟာ ငါဘုရားရဲ့ တာဝန်ပဲ။" (ဓမ္မပဒ၊ ၄၊ ဒု၊ ၃၀၈)

သည်းမခံနိုင်စရာ အခြေအနေတွေနဲ့ တွေ့ကြုံ ရင်ဆိုင်နေရတဲ့ အခါ ဘုရားရှင်ရဲ့ ဒီသည်းခံစိတ်ထားကို အာရုံပြု ကြည်ညိုကြည့်ရင် စိတ်သက်သာရာ ရပါတယ်။ ကြည်ညိုသဒ္ဓါ ပွားရပါတယ်။ သည်းခံလိုစိတ် သည်းခံနိုင်စိတ်တွေ ကိန်းဝပ်လာပါတယ်။

လွှမ်းမိုးတင်စီးပြီး ပြောလာတဲ့ စကားတွေကို သည်းခံသူဟာ လူတွေထဲမှာ ယဉ်ကျေးသူ၊ မြင့်မြတ်သူပဲလို့ မိန့်ထားတဲ့ ဘုရားရှင်ရဲ့ စကားဟာလည်း အလွန်ပဲ အားရကျေနပ်စရာ၊ လိုက်နာဖွယ်ရာ ကောင်းလှပါတယ်။

ဒီဆဲနည်း (၁၀) မျိုးနဲ့ ဘုရားရှင်ကို ဆဲကြပေမယ့် ဘုရားရှင်ကတော့ ဆီးစေ့နဲ့ အပေါက်ခံရတဲ့ မြင်းမိုရ်တောင်ပမာလိုလည်း ဖြစ်နေပါတယ်။ နည်းနည်းလေးမှ တုန်လှုပ်သွားတာ မရှိပါဘူး။ သောတာပန်မျှသာ ဖြစ်သေးတဲ့ အရှင်အာနန္ဒာမှာတော့ တုန်လှုပ်နေရှာပါသေးတယ်။ ကောသမ္ဗီမြို့က ထွက်ပြေးချင်စိတ် **ပေါက်နေပါသေးတယ်။**

http://www.dhammadownload.com



ဘုရားရှင်လို ပုဂ္ဂိုလ်ကြီးတောင်မှ ရင့်သီးလှတဲ့ ဒီဆဲနည်းတွေနဲ့ အဆဲခံရသေးလေတော့ သာမန်လူသားတွေမှာ အဆဲရေးခံရတာ၊ ခြိမ်းခြောက်ခံရတာ၊ အပြစ်တင်ခံရတာဟာ မဆန်းတော့ပါ။ လောကကြီးထဲမှာ နေသမျှ အနည်းနဲ့အများ တွေ့နေရမှာပါပဲ။ ပြောတဲ့သူတွေက အဲဒီလို ပြောကြတာဟာ မဆန်းပေမယ့် အပြောခံရသူဘက်ကတော့ ဆန်းအောင် ကြိုးစားသင့်ပါတယ်။ အဲဒီလို အပြောခံရရင် ဒေါသဖြစ်တာဟာ ရိုးနေပါတယ်။ ဒေါသမထွက်ဘဲ သည်းခံနိုင်တာကတော့ ဆန်းပါတယ်။

ဘုရားရှင်မှာ ဒီလိုသည်းခံနိုင်တာဟာ သည်းခံစိတ်ထားကို မွေးမြူခဲ့လို့ပဲ ဖြစ်ပါတယ်။ မွေးမယူရင် မရနိုင်ပါဘူး။ သူ့အလိုလို ရင့်ကျက်လာတာတော့ မဟုတ်ပါ။ ရင့်ကျက်အောင် လေ့ကျင့်လို့ ရင့်ကျက်လာတာပဲ ဖြစ်ပါတယ်။ လေ့ကျင့်လေလေ ရင့်ကျက်လေလေပါပဲ။ ဒေါသဟာ ပစ္စုပ္ပန်မှာရော သံသရာမှာပါ ဆိုးကျိုးတွေကို ဖြစ်စေပါတယ်။ ခန္တီကတော့ ပစ္စုပ္ပန်မှာရော သံသရာမှာပါ ကောင်းကျိုးတွေကို ဖြစ်စေပါတယ်။ ဒေါသနေရာမှာ ခန္တီကို အစားထိုးနိုင်ကြရင် ကိုယ့်အကျိုး၊ သူ့အကျိုးတွေ တိုးပွားလာကြမှာ သေချာပါတယ်။

ဘုရားရှင်ရဲ့ အတုမရှိတဲ့ ခန္တီစိတ်ထားကို အတုယူကာ ဘုရားရှင်ကပည့်တွေဟာ လိုက်နာကျင့်သုံးသင့်ကြပါကယ်။

## လင်္ကာ

၁။ စစ်မြေပြင်မှာ, ဆင်ပြောင်ဟာ, ကျလာ မြားတိုင်း သည်းခံသည်။

၂။ ကျူးလွန်ရမ်းကား, ဆဲစကား, ဘုရား သည်းခံသည်။

၃။ လူအများဟာ, ကိုယ်နှုတ်မှာ, စောင့်တာ ကင်းမဲ့သည်။

၄။ ရမ်းကားစကား, သည်းခံငြား, သူကား လူတွင် ယဉ်မြတ်သည်။

http://www.dhammadownload.com

## သိဒ္ဓတ္ထရဲ့စိတ်ထား

"အကြားအမြင် မရှိတဲ့ ပုထုဇဉ်ဟာ ကိုယ်ကိုယ်တိုင် အို နာ သေ သဘောရှိပြီး အို နာ သေသဘောကို မလွန်နိုင်ပါဘဲလျက် အို နာ သေတဲ့ အခြားလူကို မြင်တဲ့အခါ စက်ဆုပ်ရွံရှာတယ်။ ငါကိုယ်တိုင်လည်း (ငါဘုရားလောင်း သိဒ္ဓတ္ထကိုယ်တိုင်လည်း) အို နာ သေ သဘောကို မလွန်ဆန်နိုင်။ အဲဒီလို မလွန်ဆန်နိုင်ဘဲလျက် အို နာ သေတဲ့ အခြားလူကို မြင်တဲ့အခါ စက်ဆုပ်ရွံရှာတာဟာ မသင့်တော်ပါ။"

**(အင်္ဂုတ္တရ၊ တိကပါဠိ၊ ၁၄၄)**

ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားဟာ ချမ်းသာပါတယ်။ အလွန်ပဲ ချမ်းသာပါတယ်။ သိဒ္ဓတ္ထအတွက် ဖခင်သုဒ္ဓေါဒနက နန်းတွင်းထဲမှာ ရေကန်တွေ တူးပေးထားစေပါတယ်။ တစ်ကန်မှာ ကြာညို၊ အခြားတစ်ကန်မှာ ကြာဖြူ၊ အခြားတစ်ကန်မှာ ကြာနီကို စိုက်ထားစေပါတယ်။ သိဒ္ဓတ္ထဟာ ကာသိတိုင်းဖြစ် နူးညံ့တဲ့ စန္ဒကူးနံ့သာကို အသုံးပြုပါတယ်။ ကာသိတိုင်းဖြစ် နူးညံ့တဲ့ အဝတ်အထည်တွေကိုပဲ ဝတ်ရုံပါတယ်။ သုံးစွဲပါတယ်။ သိဒ္ဓတ္ထကို အအေး၊ အပူ၊ မြက်၊ မြူမှုန်၊ ဆီးနှင်းတွေ မထိခိုက်ရလေအောင် နေ့ရောညပါ ထီးဖြူကို ဆောင်းပေးထားပါတယ်။

http://www.dhammadownload.com



ဆောင်းခါ နေဖို့ရာ (၉) ထပ်ရှိတဲ့ ပြာသာဒ်၊ နွေခါ နေဖို့ရာ (၅) ထပ်ရှိတဲ့ ပြာသာဒ်၊ မိုးခါ နေဖို့ရာ (၇) ထပ်ရှိတဲ့ ပြာသာဒ်ကို သိဒ္ဓတ္ထ အတွက် ဆောက်ပေးထားပါတယ်။ မိုးအခါ နေတဲ့ ပြာသာဒ်မှာ မိုး(၄) လပတ်လုံး မိန်းမတွေရဲ့ ပြုစုလုပ်ကျွေးမှုကို ခံယူကာ ပြာသာဒ်အောက် ကို မဆင်းပါ။ သုဒ္ဓေါဒနရဲ့ နန်းတွင်းက ကျွန်အလုပ်သမားတွေအား အသားပါတဲ့ သလေးထမင်းကို ကျွေးမွေးပါတယ်။ သိဒ္ဓတ္ထဟာ ဘုန်း တန်ခိုးနဲ့ ပြည့်စုံသူ၊ ချမ်းသာသူ ဖြစ်ပေမယ့် ကြွားဝါမှု၊ ပလွှားမှု မရှိပါ။ မေ့မေ့လျော့လျော့ မရှိဘဲ မမေ့မလျော့သာ နေခဲ့ပါတယ်။

သိဒ္ဓတ္ထရဲ့အထက်မှာ ဖော်ပြခဲ့တဲ့ စိတ်ထားဟာ လေးစားစရာ ကောင်းပါတယ်။ အိုသူ၊ နာသူ၊ သေသူတွေကို မြင်တွေ့ရတဲ့အခါ စက် ဆုပ်ရွံရှာမယ့်အစား ငါလည်း သူ့လို အိုရ နာရ သေရမှာပါလားလို့ သံဝေဂစိတ်ထား ပွားမိအောင် ကြိုးစားသင့်ပါတယ်။ “သူ့မှာသာ အို တာပါ၊ သူ့မှာသာ နာတာပါ၊ သူ့မှာသာ သေတာပါ၊ ငါ့မှာတော့ မအို ပါဘူး၊ မနာပါဘူး၊ မသေပါဘူး” လို့ သံဝေဂကင်းတဲ့ စိတ်ထားကို မမွေး လိုက်ပါနဲ့။ အိုဖို့ အရေး၊ နာဖို့ အရေး၊ သေဖို့ အရေးအတွက် ဗေဒင်မေး နေစရာ မလိုပါ။ အိုရ၊ နာရ၊ သေရမှာကတော့ ရာနှုန်းပြည့် ကျိန်းသေပါ တယ်။ မြေကြီးကို လက်နဲ့ ပုတ်ခတ်တာကမှ လွဲချင်လွဲနိုင်ပါမယ်။ အို နာ သေရဖို့ကတော့ မလွဲမသွေပါပဲ။ အို၍ အို၍သာ လာနေပါတယ်။ ပျို၍ ပျို၍ မလာပါ။ နာဖို့ သေဖို့ဘက်ဆီကို တစ်သွားတည်း သွားနေပါ တယ်။ မရပ်မနား သွားနေပါတယ်။

ကြာလေ ကြာလေ သေဖို့ နီးနီးလာနေပေမယ့် ဝေးဝေးနေသေး တယ်လို့ ထင်တဲ့ အထင်တွေကို ဖယ်ရှားပစ်ကြပါမယ်။ အို၍ အို၍သာ လာနေပေမယ့် ပျိုဆဲ ပျိုဆဲပါပဲလို့ လွဲမှားစွာ ထင်နေတဲ့ အထင်တွေကို

http://www.dhammadownload.com



လည်း ဖယ်ရှားပစ်ကြရပါမယ်။ ဟိုက နာ၊ ဒီက နာနဲ့ တစ်နာပြီး တစ်နာ ခံစားခဲ့ရ, ခံစားနေရပေမယ့် ငါဟာ ကျန်းမာနေပါတယ်လို့ အထင် ရောက်နေမှုတွေကိုလည်း ဖယ်ရှားကြရပါမယ်။

သိဒ္ဓတ္ထဟာ အိုသူ၊ နာသူ၊ သေသူတွေကို စက်ဆုပ်ရွံရှာစရာ လူ တွေအဖြစ် မရှုမြင်ပါ။ သံဝေဂယူစရာ လူတွေအဖြစ် ရှုမြင်ခဲ့ပါတယ်။ “ငါ့လည်း သူတို့လိုပဲ၊ အိုရ၊ နာရ၊ သေရမှာပါကလား” လို့ သံဝေဂ အတွေးကိုလည်း တွေးခဲ့ပါတယ်။ သူအို၊ သူနာ၊ သူသေတွေက သံဝေဂ အတွေး စိတ်ထားတွေကို ပေးပေမယ့် အများလူတွေကတော့ မယူနိုင် ဖြစ်နေကြပါသေးတယ်။

သိဒ္ဓတ္ထဟာ အရာရာမှာ လိုလေသေးမရှိပြည့်စုံကြွယ်ဝသူ ဖြစ်ပေ မယ့် ပြည့်စုံကြွယ်ဝမှု ရေအလျင်ကြောမှာ မျောပါမသွားတာဟာလည်း အတုယူစရာ ကောင်းပါတယ်။ ငယ်ရွယ်နေသေးသူတွေက အိုတာဟာ ငါတို့နဲ့ မဆိုင်ပါဘူး။ ကျန်းမာနေသေးသူတွေက နာတာဟာ ငါတို့ အတွက် မဟုတ်ပါဘူး။ အသက်ရှင်နေသေးသူတွေက သေတာဟာ ငါ တို့နဲ့ အဝေးကြီးပါလို့ ထင်ကာ မာန်ဝင်ပြီး အမေ့ကြီး မေ့ကာနေကြပါ တယ်။ ဒါနလည်း မပြု၊ သီလလည်း မစောင့်၊ ဘာဝနာလည်း မပွားဘဲ အချည်းနှီး အသက်ရှင်နေကြပါတယ်။

သူအို၊ သူနာ၊ သူသေတွေကို မြင်ရလေတိုင်း သိဒ္ဓတ္ထလို သံဝေဂ စိတ်ထား မွေးမြူသင့်ကြပါတယ်။ “ငါလည်း အိုရ၊ နာရ၊ သေရမှာ သေချာတယ်။ မအို၊ မနာ၊ မသေခင် ကောင်းမှုတွေကို များများကြီး ပြုထားတော့မှ တော်မယ်” လို့ တွေးကာ ကုသိုလ်ကောင်းမှုတွေကို များများကြီး ပြုထားကြရပါမယ်။

http://www.dhammadownload.com



# လင်္ကာ

၁။ မအိုသူဟာ, လောကမှာ, ဘယ်မှာမှ မရှိ။

၂။ မနာသူဟာ, လောကမှာ, ဘယ်မှာမှ မရှိ။

၃။ မသေသူဟာ, လောကမှာ, ဘယ်မှာမှ မရှိ။

၄။ နေရာတကာ, သတ္တဝါ, အို-နာ - သေကြ၏။

၅။ အို-နာ-သေသော, ထိုသဘော, တွေးတော ဆင်ခြင်ကြည့်။

၆။ သိဒ္ဓတ္ထကား, ထိုတရား, စဉ်းစားဆင်ခြင်၏။

http://www.dhammadownload.com

# စက္ကနရဲ့စိတ်ထား

သီဟိုဠ်ကျွန်းမှာ စက္ကနအမည်ရှိတဲ့ ဥပါသကာ ရှိခဲ့ပါတယ်။ သူငယ်ရွယ်စဉ်အချိန်ကတည်းကပဲ သူ့မိခင်မှာ ရောဂါ ရှိခဲ့ပါတယ်။ ဆေးဆရာက "စိုဖတ်တဲ့ ယုန်သားကို ရဖို့ သင့်တယ်"လို့ ပြောပါတယ်။ အဲဒီကနောက် စက္ကနရဲ့အစ်ကိုက "ညီငယ် သွားပါ၊ လယ်ထဲမှာ လှည့်လည်ရှာဖွေခဲ့ပါ" လို့ ပြောကာ စက္ကနကို လွှတ်လိုက်ပါတယ်။ စက္ကနက လယ်ထဲကို သွားပါတယ်။ အဲဒီအခါမှာလည်း ယုန်တစ်ကောင်က ကောက်ပင်ပျိုကို စားဖို့ လာနေပါတယ်။ စက္ကနက အဲဒီယုန်ကို မြင်လျှင်မြင်ချင်း အပြေးလိုက်တဲ့အခါ ယုန်က နွယ်နဲ့ ငြိနေလို့ 'ကိရိ ကိရိ' လို့ အော်မြည်ပါတယ်။ စက္ကနက အဲဒီအသံကြောင့် ယုန်ကို ဖမ်းယူပြီး "အမေ့အတွက် ဆေးလုပ်မယ်" လို့ တွေးပါတယ်။

"အမေ အသက်ရှင်ဖို့အတွက် ငါဟာ သူတစ်ပါးအသက်ကို သက်မယ်ဆိုရင် မသင့်တော်ဘူး" လို့ အတွေးထပ်ပေါ်ပါတယ်။ အဲဒီအခါ "အသင်ယုန်၊ သင်ဟာ သွားပါလော့၊ တောထဲမှာ အခြားယုန်တွေနဲ့ အတူ မြက်ရေကို စားပါလော့" လို့ ပြောကာ ယုန်ကို လွှတ်လိုက်ပါတယ်။ "ညီငယ်၊ ယုန် ရခဲ့ရဲ့လား"လို့ အစ်ကိုက မေးလို့ ဖြစ်ခဲ့တဲ့ အခြေအနေကို စက္ကနက ပြောပြလိုက်ပါတယ်။ စက္ကနကို သူ့အစ်ကိုက ကြိမ်းမောင်း ပြောဆိုပါတယ်။ စက္ကနက အမေ့ထံ သွားပြီး "ငါဟာ မွေးဖွားပြီး

http://www.dhammadownload.com



ချိန်က စပြီး သေစေလိုတဲ့ စိတ်ထားနဲ့ သူတစ်ပါးအသက်ကို သတ်ခဲ့တာကို မသိပါ” လို့ သစ္စာစကားဆိုကာ ရပ်တည်နေပါတယ်။ အဲဒီခဏမှာပဲ သူ့မိခင်ရဲ့ရောဂါ ပျောက်သွားပါတယ်။ **(အဋ္ဌသာလိနီ၊ ၁၄၆)**

အမေအသက်ရှည်ရေးအတွက် သူတစ်ပါးအသက်ကို မသတ်တဲ့ စက္ကနရဲ့စိတ်ထားဟာ မွန်မြတ်လှပါတယ်။ လေးစား မြတ်နိုးဖွယ်ကောင်းလှပါတယ်။ အတုယူဖွယ်ကောင်းလှပါတယ်။စက္ကနရဲ့အကြင်နာစိတ်ထားနဲ့ သစ္စာစကားဟာ အစွမ်းထက်လှပါတယ်။ စက္ကနဟာ သူ့ရဲ့ ထူးခြား မွန်မြတ်လှတဲ့ စိတ်ထားကို သစ္စာဆိုခဲ့ပါတယ်။ သစ္စာဆိုနိုင်လောက်အောင် အပြုကောင်း၊ အပြောကောင်း၊ စိတ်ထားကောင်း ရှိအောင် စက္ကနလို ကြိုးစားသင့်ကြပါတယ်။

## လင်္ကာ

၁။ အမေ့အတွက်, ယုန်အသက်, သတ်ချက် ကင်းခဲ့သည်။
၂။ မသတ်ဖူးတာ, စက္ကနာ, သစ္စာဆိုလိုက်သည်။
၃။ အမေ့ရောဂါ, ထိုသစ္စာ, ဖယ်ကာ ပေးလိုက်ပြီ။
၄။ ယုန်သားဆေးထက်, သစ္စာထက်, အသက်ဆက်ရှည်ပြီ။

http://www.dhammadownload.com

## သောဏာအမေ့ စိတ်ထား

"အို ကျွန်မ၊ သင်ဟာ ငါ့ထံကို အကြိမ်ပေါင်းများစွာ လာတယ်။ သူခိုးတွေ လိုချင်တာ ယူကြပါစေ၊ ငါဟာ ငါ့သားရဲ့တရားကို နာယူနေတယ်။ ငါ့အား အန္တရာယ်မပြုပါနဲ့လို့ ပြောပေမယ့်လည်း ငါ့စကားကို နားမထောင်ဘဲ အထပ်ထပ် လာမြဲလာနေတယ်။ အခုတစ်ခါ လာရင် သိမယ်၊ အိမ်ကိုသာ သွား" လို့ ပြောပြီး စေလွှတ်လိုက်ပါတယ်။

သူခိုးခေါင်းဆောင်က သောဏာမထေရ်ရဲ့ မယ်တော့်စကားကို ကြားရလို့ "ဒီမိန်းမရဲ့ဥစ္စာကို ခိုးယူနေတဲ့ ငါတို့ရဲ့ဦးခေါင်းဟာ မိုးကြိုးကျပြီး ကွဲရာ၏" လို့ တွေးကာ သူခိုးတွေထံ သွားပြီး "ဥပါသိကာမရဲ့ ဥစ္စာကို မြန်မြန် နဂိုအတိုင်း ပြန်ထားကြ" လို့ ပြောပါတယ်။ သူခိုးတွေဟာ အသပြာတွေနဲ့ အသပြာတိုက်ခန်းကို ပြည့်စေကြပါတယ်။ ငွေ ရွှေတွေနဲ့ ငွေ ရွှေ တိုက်ခန်းတွေကို တစ်ဖန် ပြည့်စေကြပါတယ်။

တရားကျင့်သူကို တရားက စောင့်ရှောက်တာဟာ ထုံးစံမွေတာပဲ ဖြစ်ပါတယ်။

http://www.dhammadownload.com



သောဏာမထေရ်ရဲ့ မယ်တော်ဟာ သူ့သား သောဏာမထေရ်ရဲ့ ဟောတရားကို နာကြားလိုလို့ အိမ်စောင့်ကျွန်မတစ်ယောက်ကိုသာ ချန်ထားကာ ကျန်အခြွေအရံ လူအားလုံးကို ခေါ်ပြီး ကုရရဃရ မြို့တွင်းမှာ တရားနာဖို့ ဆောက်လုပ်ထားတဲ့ မဏ္ဍပ်မှာ တန်ဆာဆင်ထားတဲ့ တရားပလ္လင်ပေါ် တက်ပြီး တရားဟောနေတဲ့ သားမထေရ်ရဲ့ တရားကို နာဖို့ သွားပါတယ်။

အဲဒီအခါ သူခိုး ကိုးရာဟာ သောဏာမထေရ်မယ်တော်ရဲ့အိမ်မှာ အခွင့်ချောင်းပြီး လှည့်လည်နေကြပါတယ်။ သူမရဲ့အိမ်ဟာ တံတိုင်း (၇)ထပ် ကာရံထားပါတယ်။ တံခါးမုခ်ပေါက် (၇) ပေါက် ရှိပါတယ်။ တံခါးမုခ်ပေါက်တွေမှာ ကြမ်းတမ်းတဲ့ ခွေးတွေကို ချည်နှောင်ထားကြပါတယ်။ သူခိုးတွေက ဥမင်လိုဏ်ခေါင်း ဖောက်ပြီး အိမ်တွင်းကို ဝင်ကြပါတယ်။ အိမ်ပိုင်ရှင်မ သူ့အိမ်ကို ပြန်လာရင် သန်လျက်နဲ့ ခုတ်သတ်ဖို့ သူခိုးခေါင်းဆောင်ကို သူမအထံကို လွှတ်ထားကြပါတယ်။

သူခိုးတွေကလည်း အိမ်အတွင်းမှာ ဆီမီးထွန်းပြီး အသပြာ တိုက်ခန်းကို ဖွင့်ကြပါတယ်။ ပြီးတော့ ငွေတိုက်ခန်း၊ ရွှေတိုက်ခန်းတွေကို ဖွင့်ကြပါတယ်။ ဖွင့်တိုင်း ဖွင့်တိုင်း ကျွန်မက အိမ်ပိုင်ရှင်မထံ သွားပြီး သတင်း ပို့ပါတယ်။ သတင်းပို့တိုင်း "သူခိုးတွေ ယူချင်ရာ ယူကြပါစေ၊ ငါ တရားနာတာကို အန္တရာယ် လာမလုပ်ပါနဲ့" လို့ချည်း ပြောလွှတ်ပါတယ်။ (ဓမ္မပဒ၊ ၄၊ ဒု၊ ၃၇၁)

အသပြာ၊ ရွှေ၊ ငွေတွေထက် တရားကို တန်ဖိုးထားတဲ့ စိတ်ထားဟာ အလွန်ပဲ လေးစားစရာ ကောင်းလှပါတယ်။ တရားကို တန်ဖိုးထားတဲ့ စိတ်ထားဟာ အင်မတန်မှ အားကိုးချင်စရာ ကောင်းပါတယ်။ သောဏာမထေရ်ရဲ့ မိခင်စိတ်ထားဟာ တရားထက် အသပြာ၊ ရွှေ ငွေကို

http://www.dhammadownload.com



ပို့ပြီး တန်ဖိုးထားသူတွေရဲ့ စိတ်ထားနဲ့ အဖြူအမည်းလို ကွဲပြားခြားနားနေပါတယ်။ တရားဟာ သူ့ကို ပိုင်ဆိုင်သူကို စောင့်ရှောက်ပါတယ်။ ချမ်းသာကို ပေးပါတယ်။ တရားကို ပိုင်ဆိုင်နိုင်လေလေ ချမ်းသာလေလေ ဖြစ်ပါတယ်။ တရားကို ပိုင်ဆိုင်သူ ဖြစ်ဖို့ရာ သောဏမထေရ်ရဲ့ မိခင်ပမာ တရားကို လိုလိုလားလား ထက်ထက်သန်သန် နာယူသင့်ကြပါတယ်။

## လင်္ကာ

၁။ သောဏမယ်တော်ကား, မြတ်တရား, လိုလားအားကြီးသည်။
၂။ တရားလိုလား, သူ့စိတ်ထား, သူခိုးကပင် အံ့သွားသည်။
၃။ တရားကျင့်လျှင်, တရားကပင်, မှန်ပင် စောင့်ရှောက်သည်။

http://www.dhammadownload.com

## တစ္ဆေမရဲ့စိတ်ထား

"လောကမှာ ကိုယ့်လင်ကို ချစ်ပါတယ်။ ကိုယ့်သားသမီးကို ချစ်ပါတယ်။ အဲဒီသားသမီး လင်တို့ထက် နိဗ္ဗာန်တရား ရှာမှီးရတာကို ငါဟာ ပိုပြီး ချစ်ပါတယ်။"

"အကြောင်းကတော့ သား သမီး၊ ခင်ပွန်းတွေထက် အို နာ သေစတဲ့ သံသရာဆင်းရဲတွေမှ မလွတ်မြောက်စေဘဲ သူတော်ကောင်းတရား နာကြားရတာကသာ သံသရာဆင်းရဲမှ လွတ်မြောက်စေနိုင်လို့ပါပဲ။" **(သဂါထာဝဂ္ဂသံယုတ်ပါဠိ၊ ၇၊ ပုနဗ္ဗသုသုတ်၊ ၂၁၂)**

စားစရာလည်း မရှိ၊ ဝတ်စရာလည်း မပြည့်စုံ၊ နေစရာအိမ်လည်း မရှိဘဲ အလွန်ဆင်းရဲရှာတဲ့ တစ္ဆေမတစ်ယောက်ဟာ ဥတ္တရာဆိုတဲ့ သမီးငယ်လေးကို ရင်ခွင်မှာ ပွေ့ချီပြီး ပုနဗ္ဗသုဆိုတဲ့ သားငယ်ကို လက်ဆွဲကာ ဇေတဝန်ကျောင်း နောက်ဖေးတံတိုင်းအနီးမှာ ကျင်ကြီး၊ ကျင်ငယ်၊ တံတွေး၊ နှပ်ကို စားသောက်ဖို့ ရှာရင်း ဇေတဝန်ကျောင်းတံခါးပေါက်ဝ ရောက်လာပါသတဲ့။

ဘုရားရှင်ရဲ့ တရားအသံဟာ တစ်ဆက်တည်း တည်နေတဲ့ ပရိသတ်ရဲ့ အပြင်ဘက်ကို ထွက်ရိုးထုံးစံ မရှိတာမို့ တရားဟောနေတဲ့ ဘုရားရှင်ရဲ့ အသံကို တစ္ဆေမဟာ မကြားရပါ။ တံခါးဝကနေပြီး ကြည့်လိုက်တော့ တရားနာနေတဲ့ ပရိသတ်တွေ ငြိမ်ပြီး နာနေတာကိုတော့ တွေ့ရပါ

http://www.dhammadownload.com



တယ်။တစ်စုံတစ်ခု ပစ္စည်းဝေငှနေတယ်လို့ ထင်ပါတယ်။ ပစ္စည်းဝေငှရာက ဖိတ်လျှံကျတဲ့ ထောပတ်၊ ဆီ၊ ပျားရည်၊ တင်လဲတို့ စားစရာ တစ်ခုခုတော့ ရလိမ့်မယ်လို့ မျှော်လင့်ပြီး ကျောင်းဝင်းထဲ ဝင်သွားပါတယ်။

ပရိသတ်အစွန်းနား ရောက်လို့ ဆက်စပ်မိတဲ့အခါကျတော့ ဘုရားရှင်ဟောတဲ့ တရားသံကို ကြားရတယ်။ ဘုရားရှင့်အသံတော်ကလည်း အလွန်ကောင်းတဲ့ အသံ ဖြစ်လို့ အရေ၊ အသား၊ အကြော၊ အရိုးတွေကို ဖောက်ထွင်းပြီး ခြင်ဆီကို ဆိုက်ကာ တည်ပါသတဲ့။ တရားသံလည်း ဖြစ်နေလို့ ငြိမ်ပြီး ရပ်တန့်ကာ ရိုရိုသေသေနဲ့ တရားနာနေပါတယ်။ အဲဒီအခါ သူ့ကလေးတွေက "အမေ၊ ကျွန်တော် ကျွန်မတို့ ဗိုက်ဆာလှပြီ၊ စားစရာ ရှာပေးပါဦး။ အမေက ဘာဖြစ်လို့ သစ်ငုတ်ကြီးလို ရပ်တည်နေရတာလဲ" စသည်နဲ့ ဆူပူကြပါသတဲ့။

အဲဒီအခါ မိခင်တစ္ဆေမကြီးက ဒီလိုတောင်းပန်ရှာပါသတဲ့။

"ချစ်သမီး ဥတ္တရာနဲ့ ချစ်သား ပုနဗ္ဗသုရေ၊ အမေ ဘုရားတရားကို နာယူနေတုန်း သားတို့ သမီးတို့ တိတ်တိတ်နေကြပါကွယ်။ ဘုရားရှင်က ဆင်းရဲနှောင်ကြိုးအားလုံးကို ပြေစေနိုင်တဲ့ နိဗ္ဗာန်တရားကို ဟောနေပါတယ်။ အဲဒီ နိဗ္ဗာန်တရားကို အမေက အလွန်ပဲ လိုလားနှစ်သက်နေပါတယ်။"

ဆင်းရဲငြိမ်းတဲ့ နိဗ္ဗာန်ဟာ ဆင်းရဲနဲ့ ရင်ဆိုင်နေရတဲ့ တစ္ဆေမအတွက် အဖိုးတန်ကြောင်း ပိုပြီး ထင်ရှားပါတယ်။ အဲဒီတရားကို နာနေရင်း ရှုမှတ်နှလုံးသွင်းပြီး အမေတစ္ဆေမဟာ သားပုနဗ္ဗသုနဲ့အတူ သောတာပန် ဖြစ်သွားပါတယ်။ သောတာပန်ဖြစ်တာနဲ့ တစ်ပြိုင်နက် တစ္ဆေဘဝက အခြေအနေတွေ အကုန်ပြောင်းလဲပြီး နတ်ကောင်း နတ်မြတ်အခြေအနေမျိုးနဲ့ ပြည့်စုံသွားပါတယ်။ ရုပ်အဆင်းတွေလည်း လှပ

http://www.dhammadownload.com



တင့်တယ်ပြီး အဝတ်အဆင်တန်ဆာတွေလည်း ပြည့်စုံသွားပါတယ်။ နတ်ဩဇာအစားကောင်းတွေကိုလည်း ရသွားကြပါတယ်။ သမီးငယ် ဥတ္တရာလည်း အမေရဲ့ကံကြောင့် နတ်ကောင်းအနေ အသုံးအဆောင် မျိုးကို ရသွားပါတယ်။

သား သမီး၊ ခင်ပွန်းထက် တရားကို ပိုချစ်တဲ့ တစ္ဆေမရဲ့စိတ်ထားဟာ ဘယ်လောက် ထူးခြားသလဲ၊ တရားကို ချစ်လို့ ဘဝအဆင့်မြင့်ခဲ့ရတာလည်း မှတ်သားစရာပါပဲ။ တရားကို ချစ်နိုင်လေလေ ဘဝအဆင့် မြင့်လာလေလေပါပဲ။ တစ္ဆေမလို တရားအချစ် အားကောင်းအောင် ကြိုးစားသင့်ကြပါတယ်။

## လင်္ကာ

၁။ လင်-သမီး-သား, ချစ်သော်ငြား, တရား ပိုချစ်သည်။

၂။ တရားချစ်မှ, ဝဋ္ဋဒုက္ခ, လွတ်ရပါလေသည်။

၃။ ထို့ကြောင့် တရား, အမေကား, ချစ်အား ပိုလေသည်။

http://www.dhammadownload.com

# ဘုရားရှင်တွေရဲ့စိတ်ထား

"ရဟန်းတို့၊ ငါဘုရား သိခဲ့တဲ့ လောကုတ္တရာတရား ၉ ပါးကိုပဲ အရိုအသေပြု၊ အလေးပြု၊ အမှီပြုပြီး နေရရင် ကောင်းလေစွ" လို့ ငါ ဘုရားမှာ စိတ်အကြံ ဖြစ်ခဲ့တယ်။

ဘုရားရှင်ဟာ ဘုရားဖြစ်ပြီး ဉရုဝေလတောက နေရဉ္စရာမြစ် ကမ်းဘေးရှိ ဆိတ်ကျောင်းသား ညောင်ပင်အောက်မှာ သီတင်းသုံး တော်မူတုန်း "ရိုသေစရာ၊ အလေးပြုစရာ မရှိသူဟာ ဆင်းဆင်းရဲရဲ နေရတယ်။ ဘယ်သမဏ၊ ဗြာဟ္မဏကို အရိုအသေပြု၊ အလေးပြု၊ အမှီ ပြုပြီး နေရပါ့မလဲ" လို့ အကြံ ဖြစ်ခဲ့ပါတယ်။

မပြည့်စုံသေးတဲ့ သီလ၊ သမာဓိ၊ ပညာ၊ အရဟတ္တဖိုလ်ကို ပြည့်စုံ လာစေဖို့ရာ အခြားသမဏ၊ ဗြာဟ္မဏကို အရိုအသေပြု၊ အလေးပြု၊ အမှီပြုပြီး နေရပါတယ်။ ဘုရားရှင်မှာတော့ သူ့ထက် သီလ၊ သမာဓိ၊ ပညာ၊ အရဟတ္တဖိုလ်အားဖြင့် သာလွန်သူကို လူ့လောက၊ နတ်လောက၊ ဗြဟ္မာလောကနဲ့တကွ လောကကြီးတစ်ခုလုံးမှာ မတွေ့ရပါ။ ဒါကြောင့် ဘုရားရှင်မှာ အထက်မှာ ဖော်ပြခဲ့တဲ့အကြံ ဖြစ်ပေါ်လာခဲ့ပါတယ်။

သဟမ္ပတိဗြဟ္မာက လက်ကန်တော့တင်ကာ လက်ယာပုဆစ် ဒူး ဝန်းကို ထောက်ပြီး ဘုရားရှင်ရှိရာကို လက်အုပ်ချီလျက် "ရှေးက ဘုရား

http://www.dhammadownload.com



ရှင်တွေလည်း လောကုတ္တရာတရား(၉)ပါးကိုပဲ အရိုအသေပြု၊ အလေးပြု၊ အမှီပြုပြီးနေခဲ့ကြပါတယ်။နောင်ဘုရားရှင်တွေလည်း လောကုတ္တရာတရား (၉) ပါးကိုပဲ အရိုအသေပြု၊ အလေးပြု၊ အမှီပြုပြီး နေကြပါလိမ့်မယ်။ ယခု ဘုရားရှင်လည်း လောကုတ္တရာတရား (၉) ပါးကိုပဲ အရိုအသေပြု၊ အလေးပြု၊ အမှီပြုပြီး နေတော်မူပါ" လို့ လျှောက်ထားပါတယ်။ဘုရားရှင်ကလည်း လောကုတ္တရာတရား(၉)ပါးကိုပဲ အရိုအသေပြု၊ အလေးပြု၊ အမှီပြုပြီး နေတော်မူပါတယ်။

**(အင်္ဂုတ္တရ၊ စတုက္ကပါဠိ၊ ၃၂၈)**

တရားကို အရိုအသေပြု၊ အလေးပြု၊ အမှီပြုတဲ့ ဘုရားရှင်ရဲ့ တပည့်ဖြစ်သူတွေဟာ ဘုရားရှင်ရဲ့ တပည့်တွေပီပီ ကိုယ့်အကျိုးစီးပွားကိုယ့်တိုးတက်ရေး ကြီးပွားရေးကို လိုလားရင် သူတော်ကောင်းတရားကို အရိုအသေပြုကြရပါမယ်။ အလေးပြုကြရပါမယ်။ အမှီပြုကြရပါမယ်။ သူတော်ကောင်းတရားဟာ လိုက်နာကျင့်သုံးသူရဲ့ ဘဝကို ချမ်းသာအေးမြလာစေပါတယ်။ သူတော်ကောင်းတရားကို ဘေးဖယ်ချထားပြီး စိတ်ငြိမ်းချမ်းအေးမြမှု မဖြစ်နိုင်ပါ။ သူတော်ကောင်းတရား ဆိတ်သုဉ်းသူမှာ ချမ်းသာ ဆိတ်သုဉ်းနေပါတယ်။ ချမ်းသာ မဆိတ်သုဉ်းချင်ရင် သူတော်ကောင်းတရား မဆိတ်သုဉ်းဖို့ လိုပါတယ်။

## လင်္ကာ

၁။ တရားရိုသေ, ထိုသူတွေ, မှန်ပေ ချမ်းသာသည်။
၂။ ချမ်းသာ လိုငြား, မြတ်တရား, လေးစား ရပါသည်။
၃။ မြတ်ဘုရားပင်, တရားတွင်, အစဉ် ရိုသေသည်။

http://www.dhammadownload.com

## ဘုရားလောင်း၏ မတွန့်တဲ့ စိတ်ထား

"ရဟန်းတို့၊ ငါဘုရားဟာ ခန္ဓာကိုယ်မှာ အရေ၊ အကြော၊ အရိုးသာ ကြွင်းကျန်ချင် ကြွင်းကျန်ပါစေ၊ အသား အသွေးတွေ ခန်းခြောက်ချင် ခန်းခြောက်ပါစေ။ ယောကျ်ားတို့ရဲ့အစွမ်း၊ ယောကျ်ားတို့ရဲ့ ဝီရိယ၊ ယောကျ်ားတို့ရဲ့ အားထုတ်မှုနဲ့ ရောက်ထိုက်တဲ့အရာကို မရောက်သေးသမျှ ဝီရိယကို မရပ်တံ့အံ့" လို့ ဆုံးဖြတ်ချက်နဲ့ တွန့်ဆုတ်ခြင်းမရှိဘဲ အားထုတ်တယ်" **(အင်္ဂုတ္တရ၊ ဒုကပါဠိ၊ ၅၂)**

ဒုက္ကရစရိယာ (၆) နှစ် ကျင့်ခဲ့စဉ်က ဘုရားလောင်းရဲ့ ဝီရိယဟာ အရိုးကြေကြေ၊အရေခန်းခန်း၊ မလျှော့တမ်း ဝီရိယဖြစ်ပါတယ်။ လမ်းဆုံးမရောက် လက်မမြှောက်၊ ဒူးမထောက်၊ အညံ့မခံတဲ့ ဘုရားလောင်းရဲ့ ဝီရိယကြောင့် ဘုရားအဖြစ်ကို ရောက်ခဲ့ပါတယ်။ "ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ- ဝီရိယရှိသူမှာ မပြီးနိုင်တဲ့အလုပ်ရယ်လို့ မရှိ" ဆိုတဲ့စကားကို လက်တွေ့ကျင့်သုံးပြခဲ့ပါတယ်။

ဝီရိယအား မကောင်းသူတွေဟာ လမ်းဆုံးမရောက်ခင် လက်မြှောက်တတ်ကြပါတယ်၊ ဒူးထောက်တတ်ကြပါတယ်၊ အညံ့ခံတတ်ကြပါတယ်။ ဝီရိယနည်းသူဟာ အခက်အခဲသေးသေးလေးကို အကြီးကြီးထင်နေတတ်ပါတယ်။ ဤွဲ သတ္တိ၊ ဝီရိယဟာ ကြီးမားတဲ့ အခက်အခဲကို

http://www.dhammadownload.com



သေးငယ်သွားစေတတ်ပါတယ်။ သေးငယ်တဲ့ အခက်အခဲကို ပပျောက်သွားစေတတ်ပါတယ်။

စီးပွားရေးပဲ လုပ်လုပ်၊ ပညာရေးပဲ လုပ်လုပ်၊ ကုသိုလ်ရေးပဲ လုပ်လုပ်၊ ကျန်းမာရေးပဲ လုပ်လုပ် ဝီရိယရှိရှိ ဇွဲကောင်းကောင်းနဲ့ လုပ်ရင် အောင်မြင်တာပါပဲ။ ပျင်းရိရိ ပျော့ညံ့ညံ့သူ ခေါင်ထိပ်နေရာကို ဘယ်တော့မှ မရောက်နိုင်ပါ။ ခေါင်ထိပ်ရောက်နေသူတွေထဲမှာ ပျော့ညံ့ညံ့ ပျင်းရိရိသမား တစ်ယောက်မှ မပါပါ။

ဘုရားအလောင်းတော် သိဒ္ဓတ္ထမှာ ပျင်းရိ၊ ပျော့ညံ့တဲ့ စိတ်ထားရှိရင် ဘုရား ဖြစ်မလာနိုင်ပါ။ သာမန်ဝီရိယရှိရုံနဲ့လည်း ဖြစ်မလာနိုင်ပါ။ ပန်းတိုင် မရောက်မချင်း မလျှော့တဲ့ ဝီရိယ ရှိလို့သာ ဘုရား ဖြစ်လာရတာပါ။ ဘုရားအဖြစ်ဟာ လောကမှာ အကြီးကျယ်ဆုံး အကျိုး ဖြစ်ပါတယ်။ အကြီးကျယ်ဆုံးအကျိုးကို အကြီးကျယ်ဆုံး အကြောင်း ရှိမှသာ ရနိုင်ပါတယ်။ ဒါကြောင့် ဘုရားလောင်း သိဒ္ဓတ္ထမှာ အကြီးကျယ်ဆုံး ဝီရိယ ရှိရပါတယ်။ အကျိုး ကြီးကျယ်ချင်ရင် ကြီးကျယ်ချင်သလောက် အကြောင်း ကြီးကျယ်ရပါမယ်။

## လင်္ကာ

၁။ လမ်းဆုံး မရောက်ငြား, လောင်းဘုရား, ရပ်နား မရှိပြီ။
၂။ ပန်းတိုင် မရောက်မချင်း, တွန့်ဆုတ်ခြင်း, အလျင်း မရှိပြီ။
၃။ ဘုရားလောင်းကား, ကြိုးစားအား, ကြီးမားဆုံး ဖြစ်သည်။
၄။ သူ့ကြိုးစားမှု, အာရုံပြု, အတုယူသင့်သည်။

http://www.dhammadownload.com

# တိရစ္ဆာန်သုံးကောင်ရဲ့စိတ်ထား

"ငါတို့သုံးဦးထဲက အသက်အကြီးဆုံးသူကို သိရရင် ကောင်းလေစွ။ အသက်အကြီးဆုံးသူကို ငါတို့ ရိုသေရ၊ အလေးပြုရ၊ မြတ်နိုးရ၊ ပူဇော်ရရင် ကောင်းလေစွ။ အသက်အကြီးဆုံးသူရဲ့ ဩဝါဒမှာ တည်ရရင် ကောင်းလေစွ။"

သူတို့သုံးဦးရဲ့စိတ်ထားကား ကောင်းပါပေတယ်။ သူတို့သုံးဦးဟာ ဟိမဝန္တာက ညောင်ပင်ကြီးတစ်ပင်မှာ နေကြပါတယ်။ သူတို့သုံးဦးဟာ အတူတူ နေကြပေမယ့် တစ်ဦးအပေါ် ရိုသေလေးစားမှု၊ အားကိုးအားထားမှု၊ တူညီတဲ့ အသက်မွေးမှု မရှိပါ။ အဲဒီအခါ သူတို့သုံးဦးဟာ အထက်မှာ ဖော်ပြခဲ့တဲ့ အတွေးစိတ်ထား ပေါ်လာပါတယ်။ သူတို့သုံးဦးဟာ တိရစ္ဆာန်တွေ ဖြစ်ပါတယ်။ ခါ၊ မျောက်၊ ဆင်တို့ပဲ ဖြစ်ပါတယ်။ တိရစ္ဆာန်တွေပင် ဖြစ်ကြပေမယ့် သူတို့စိတ်ထားဟာ မြင့်မြတ်ပါတယ်။ တိရစ္ဆာန်တွေမို့ ဘဝအားဖြင့် နိမ့်ကျကြပေမယ့် စိတ်ထားကတော့ မြင့်မားကြပါပေတယ်။ အထက်တန်းကျပါပေတယ်။

ခါနဲ့မျောက်က ဆင်ကို "မိတ်ဆွေ၊ သင်ဟာ ရှေးက ဘယ်အဖြစ်အပျက်ကိုမှတ်မိပါသလဲ"လို့ မေးတော့ "ငါ ငယ်ရွယ်စဉ်က ဒီညောင်ပင်ကို ပေါင်ကြားမှာ ထားကာ ကျော်လွှားခဲ့တယ်။ အညွန့်အဖျားက ငါ့ရင်

http://www.dhammadownload.com



ကို ထိတယ်။ မိတ်ဆွေတို့၊ ငါဟာ ရှေးက အဲဒီအခြေအနေကို မှတ်မိတယ်” လို့ ဆင်က ပြောပါတယ်။

ခါနဲ့ဆင်က မျောက်ကို “မိတ်ဆွေ၊ သင်ဟာ ရှေးက ဘယ်အဖြစ်အပျက်ကို မှတ်မိပါသလဲ” လို့ မေးတော့ “ငါ ငယ်ရွယ်စဉ်က ဒီညောင်ပင်ရဲ့ အညွန့်အဖျားကို မြေမှာ ထိုင်ရင်း စားခဲ့တယ်။ မိတ်ဆွေတို့ ငါဟာ ရှေးက အဲဒီအခြေအနေကို မှတ်မိတယ်” လို့ မျောက်က ပြောပါတယ်။

မျောက်နဲ့ဆင်က ခါကို ရှေးကအတိုင်း မေးကြတဲ့အခါ “မိတ်ဆွေတို့၊ နေရာတစ်နေရာက ညောင်ပင်ကြီးတစ်ပင်က အသီးကို စားခဲ့ပြီး ဒီနေရာမှာ ကျင်ကြီး စွန့်ခဲ့တယ်။ အဲဒီညောင်စေ့က ဒီညောင်ပင် ဖြစ်လာတယ်။ မိတ်ဆွေတို့ ငါဟာ သင်တို့ထက် အသက်ကြီးတယ်” လို့ ခါက ပြောပါတယ်။

အဲဒီအခါ မျောက်နဲ့ဆင်က ခါကို “မိတ်ဆွေ၊ အသင်ဟာ ငါတို့ထက် အသက်ကြီးပါတယ်။ သင့်ကို ငါတို့က ရိုသေကြရမယ်၊ အလေးပြုကြပါမယ်၊ မြတ်နိုးကြပါမယ်၊ ပူဇော်ကြပါမယ်။ သင့်ရဲ့ ဩဝါဒကို ငါတို့ လိုက်နာကြပါမယ်”လို့ ပြောကြပါတယ်။ အဲဒီအခါ ခါက မျောက်နဲ့ ဆင်ကို ငါးပါးသီလ စောင့်ထိန်းစေပါတယ်။ ကိုယ်ကိုယ်တိုင်လည်း စောင့်ထိန်းပါတယ်။ သူတို့အချင်းချင်း ရိုသေလေးစားမှု၊ အားကိုး အားထားမှု၊ တူညီတဲ့ အသက်မွေးမှု ရှိပြီး သေတဲ့အခါ နတ်ပြည်ကို ရောက်သွားကြပါတယ်။ **(စူဠဝဂ္ဂပါဠိ၊ ၃၁၀)**

ဒီသတ္တဝါသုံးကောင်ဟာ တိရစ္ဆာန်တွေ ဖြစ်နေကြပေမယ့် ရိုသေလေးစားထိုက်သူတွေကို မရိုသေ၊ မလေးစားကြသူ လူသားတွေထက် စိတ်ထား သာလွန်ကြပါတယ်။ အရိုသေခံ၊ အလေးစားခံရတဲ့ ခါကလည်း ရိုသေလေးစားထိုက်တဲ့ အသက်ကြီးခြင်း၊ သီလပြည့်စုံခြင်း၊

http://www.dhammadownload.com



အသိဉာဏ် ရှိခြင်းဆိုတဲ့ ဂုဏ်တွေနဲ့ ပြည့်စုံနေပါတယ်။ အသက်ကြီးတဲ့ ခါရဲ့ အဆုံးအမကို လိုက်နာ ကျင့်သုံးကြတာဟာလည်း မျောက်နဲ့ဆင် တို့ရဲ့ အတုယူစရာ ကောင်းကွက် ဖြစ်ပါတယ်။

ငယ်သူက ကြီးသူကို အားကိုးရပါတယ်။ ကြီးသူက ငယ်သူကို အားထားရပါတယ်။ ကြီးသူကို ရိုသေရပါတယ်၊ ရွယ်တူကို လေးစားရ ပါတယ်။ ငယ်သူကို သနားရပါတယ်။ အဖွဲ့အစည်းနဲ့ နေကြတဲ့အခါ ဒီလို နေတတ်ကြရင် အလွန်ပဲ စိတ်ချမ်းမြေ့ဖွယ် ကောင်းပါတယ်။ ကြီးသူကို မရိုသေ၊ ရွယ်တူကို မလေးစား၊ ငယ်သူကို မသနားတဲ့ လူ့ အဖွဲ့အစည်းဟာ သာယာမှု ကင်းမဲ့နေတဲ့ အဖွဲ့အစည်း ဖြစ်ပါတယ်။

အဖွဲ့အစည်းတိုင်းမှာ အဆင့်ကြီးသူကို ရိုသေ၊ အဆင့်တန်းတူကို လေးစား၊ အဆင့်အတန်းနိမ့်သူကို သနားကြဖို့ လိုပါတယ်။ ဒါမှသာ သာယာချမ်းမြေ့ဖွယ်၊ စိတ်ကြည်နူးဖွယ် အဖွဲ့အစည်း ဖြစ်ပါမယ်။

## လင်္ကာ

၁။ အချင်းချင်းအား, ရိုသေငြား, လေးစားရပါသည်။
၂။ အချင်းချင်းအား, အားကိုးငြား, အားထားရပါသည်။
၃။ အသက်မွေးရာ, တူညီစွာ, မွေးတာ ရှိရသည်။
၄။ မျောက်နဲ့ဆင်ဟာ, ခါပေါ်မှာ, လွန်စွာ ရိုသေသည်။
၅။ ခါ့ အဆုံးမ, မျောက်ဆင်က, အားရ လိုက်နာသည်။
၆။ ငါးပါးသီလ, လုံခြုံကြ, သေက နတ်ပြည် ရောက်ကြသည်။

http://www.dhammadownload.com

# သုမေဓာရသေ့ရဲ့စိတ်ထား

"စကြဝဠာတစ်တိုက်လုံး ရေတွေနဲ့ ပြည့်နေရာ လက်ရုံးအားကိုးနဲ့ ကူးခပ်ပြီး တစ်ဖက်ကမ်းကို ရောက်အောင် သွားနိုင်သူဟာ ဘုရားအဖြစ်ကို ရောက်တယ်" လို့ ဆိုခဲ့ရင် ကူးခပ်ဖို့ ခက်တယ်လို့ မထင်။

"စကြဝဠာတစ်တိုက်လုံး ဝါးချုံတွေနဲ့ ဖုံးလွှမ်းနေရာ နင်းချေ ဖျက်ဆီးပြီး ခြေလျင်သွားကာ တစ်ဖက်ကမ်းကို ရောက်အောင် သွားနိုင်သူဟာ ဘုရားအဖြစ်သို့ ရောက်တယ်" လို့ ဆိုခဲ့ရင် ဖြတ်သွားဖို့ ခက်တယ်လို့ မထင်။

"စကြဝဠာတစ်တိုက်လုံး လှံတွေကို စိုက်ထားရာ လှံဖျားတွေနဲ့ ပွတ်သိပ်နေတဲ့ လမ်းခရီးကို ခြေထောက်နဲ့ နင်းပြီး တစ်ဖက်ကမ်းကို ရောက်အောင် သွားနိုင်သူဟာ ဘုရားအဖြစ်ကို ရောက်တယ်" လို့ ဆိုခဲ့ရင် နင်းသွားဖို့ ခက်တယ်လို့ မထင်။

"စကြဝဠာတစ်တိုက်လုံး ရဲရဲတောက် မီးကျီးခဲတွေနဲ့ ပြည့်နေရာ ခြေထောက်နဲ့ နင်းချေပြီး တစ်ဖက်ကမ်းကို ရောက်အောင် သွားနိုင်တာဟာ ဘုရားအဖြစ်ကို ရောက်နိုင်တယ်" လို့ ဆိုခဲ့ရင် နင်းသွားဖို့ ခက်တယ်လို့ မထင်။

http://www.dhammadownload.com



"အဲဒါတွေကို ကျော်ဖြတ်ပြီး တစ်ဖက်ကမ်း ရောက်အောင် သွားမယ်" လို့ ကြီးမားတဲ့ ဆန္ဒ၊ လုံ့လ ဝီရိယ၊ ရှာမှီးမှုနဲ့ ဘုရားလောင်းတော် သုမေဓာရှင်ရသေ့မှာ ရှိခဲ့ပါတယ်။" (ဇာတ်၊ ၄၊ ပ၊ ၁၈)

"ငါလိုစွမ်းအားရှိတဲ့သူက တစ်ယောက်တည်း သံသရာရေယဉ်ကြောက လွတ်အောင် ကူးခပ်ရုံနဲ့ ဘာလုပ်မှာလဲ။ ဘုရားဖြစ်အောင် လုပ်ပြီး သတ္တဝါတွေကို သံသရာရေယဉ်က လွတ်အောင် ကယ်တင်မယ်။" (ဇာတ်၊ ၄၊ ပ၊ ၁၇)

ဘုရားအလောင်းတော် သုမေဓာ ရှင်ရသေ့ရဲ့ စိတ်ထားဟာ အလွန်ပဲ အားရကျေနပ်စရာ ကောင်းပါပေတယ်။ သတ္တဝါတွေကို သနားတဲ့ ဘုရားလောင်း သုမေဓာရဲ့စိတ်ထားကြောင့် သူ့မှာ ရရှိလာနိုင်မယ့် ဆင်းရဲတွေကို ဂရုမထားနိုင်ပါ။ သနားတဲ့ စိတ်ထားဟာ သူတစ်ပါးရဲ့ ဒုက္ခကို ဖယ်ရှားလိုပါတယ်။ သူတစ်ပါး ဆင်းရဲနေတာကို တွေ့ရင် စိတ်နှလုံး တုန်လှုပ်ပါတယ်။

သတ္တဝါတွေကို ကယ်နိုင်ဖို့ရန်အတွက် သုမေဓာမှာ အသိဉာဏ်ထူးတစ်ခုကို လိုချင်နေပါတယ်။ အဲဒီအသိဉာဏ်ကတော့ သိစရာ မှန်သမျှ တရားတွေကို အကုန်သိတဲ့ ဉာဏ်ပဲ ဖြစ်ပါတယ်။ အဲဒီအသိဉာဏ်ရအောင် လုပ်ဖို့ရန်အတွက် ဘယ်လိုအခက်အခဲကို မဆို ဘယ်လောက်ခက်ခဲတဲ့ အခက်အခဲကိုမဆို ရင်ဆိုင်ရန် သုမေဓာမှာ အသင့်ရှိနေပါတယ်။ ရင်ဆိုင်ဖို့ သုမေဓာမှာ သတ္တိအပြည့် ရှိနေပါတယ်။ ဘယ်အခက်အခဲကမှ သူ့ရဲ့ဆန္ဒ၊ သူ့ရဲ့ ဝီရိယကို မဟန့်တားနိုင်ပါ။ ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်ဆိုတဲ့ စိတ်ထားမျိုးပါပဲ။ သုမေဓာရဲ့ ပညာလိုလားတဲ့ စိတ်ထားနဲ့ ကြင်နာသနားတဲ့ စိတ်ထားဟာ အလွန်ပဲ ရှားပါးတဲ့ စိတ်ထား ဖြစ်ပါတယ်။

http://www.dhammadownload.com



သူတစ်ပါးရဲ့ ဒုက္ခကို ကယ်တင်ပေးချင်ရင် ကယ်တင်တတ်မှ ကယ်တင်လို့ ရပါတယ်။ ကယ်တင်တတ်ပေမယ့် မကယ်တင်ချင်ရင်လည်း ကယ်တင်လို့ မရပါ။ သူတစ်ပါးရဲ့ ဒုက္ခကို ကယ်တင်လိုသူတွေဟာ သုမေဓာလို ဆန္ဒပြင်းပြဖို့၊ သတ္တိရှိဖို့ လိုပါတယ်။ သုမေဓာရဲ့ ဆန္ဒနဲ့ သတ္တိကတော့ လက်ဖျားခါလောက်ပါပေတယ်။

သုမေဓာလို ကယ်တင်လိုတဲ့ ကိစ္စမှာပဲဖြစ်ဖြစ်၊ အခြားကိစ္စတွေမှာပဲဖြစ်ဖြစ် ဘယ်ကိစ္စတွေမှာမဆို ပန်းတိုင်ရောက်လိုရင် ဆန္ဒ၊ ဝီရိယရှိဖို့ လိုပါတယ်။ ဆန္ဒရှိပြီး ကြိုးစားရင် ဘယ်ပန်းတိုင်ကိုမဆို ရောက်တာချည်းပါပဲ။ သုမေဓာဟာ သူ့ရဲ့ ပြင်းပြလှတဲ့ ဆန္ဒနဲ့ ဝီရိယကြောင့် သူလိုချင်တဲ့ ပန်းတိုင်ကို ရောက်ခဲ့ပါတယ်။ သုမေဓာလို ဆန္ဒ၊ ဝီရိယ ပြင်းပြလို့ကတော့ ကိုယ်ရောက်ချင်တဲ့ ပန်းတိုင်ကို မရောက်မှာ မပူရပါ။ ရောက်မှာ သေချာပါတယ်။ ပန်းတိုင်ကို ရောက်အောင် ပို့ပေးနိုင်တဲ့ အရာတွေက ဆန္ဒနဲ့ ဝီရိယပါပဲ။

## လင်္ကာ

၁။ စကြဝဠာတစ်ခုလုံး, ရေတွေ ဖုံး, လက်ရုံးအားကိုး ကူးခတ်မည်။
၂။ စကြဝဠာတစ်ခုလုံး, ဝါးချွ ဖုံး, အားလုံး နင်းချေဖျက်သွားမည်။
၃။ စကြဝဠာတစ်ခုလုံး, လှံတွေ ဖုံး,
အားငုံး နင်းကာ ဖြတ်သွားမည်။
၄။ စကြဝဠာတစ်ခုလုံး, မီးခဲ ဖုံး, အားလုံး နင်းကာ ဖြတ်သွားမည်။
၅။ သုမေဓာဆန္ဒ, ဝီရိယ, လွန်မှ ပြင်းပြသည်။
၆။ ဘုရားဖြစ်ရန်, လွန်စိတ်သန်, သူ့ဆန္ဒ ကြီးသည်။
၇။ ဆန္ဒ ဝီရိယ, ပြင်းပြက, မုချပန်းတိုင် ရောက်ပါသည်။

http://www.dhammadownload.com

# မဃဒေဝရဲ့စိတ်ထား

"အမောင် ဆတ္တာသည်၊ ငါ့ဦးခေါင်းမှာ ဆံပင်ဖြူ တွေ့ရင် ငါ့ကို ပြောပါ"

မဃဒေဝမင်းကြီးက ဆတ္တာသည်ကို ပြောထားပါတယ်။ မဃဒေဝမင်းကြီးဟာ တရားရှိတဲ့မင်း ဖြစ်ပါတယ်။ နှစ်ပေါင်း (၈) သောင်း (၄) ထောင်ကြာ ကလေးဘဝနဲ့ မြူးထူး ပျော်ပါးကစားခဲ့ပါတယ်။ အိမ်ရှေ့မင်းဘဝနဲ့ နှစ်ပေါင်း (၈)သောင်း (၄)ထောင်၊ မင်းဘဝနဲ့ နှစ်ပေါင်း (၈) သောင်း (၄) ထောင် ကြာခဲ့ပါပြီ။ တစ်နေ့မှာ ဆတ္တာသည်ကို အထက်ပါအတိုင်း ပြောလိုက်ပါတယ်။

ဆတ္တာသည်ကလည်း အချိန်ကြာမြင့်စွာ ကြာလာတဲ့အခါ တစ်နေ့မှာ မဃဒေဝမင်းရဲ့ မျက်စဉ်းညိုရှိတဲ့ ဆံပင်တွေကြားမှာ ဆံဖြူ တစ်ပင်ကိုပဲ မြင်လို့ "အရှင်မင်း သင့်မှာ ဖြူရော်တဲ့ ဆံပင်တစ်ပင်ကို တွေ့ရပါတယ်" လို့ ပြောပါတယ်။ "အမောင် ဆတ္တာသည်၊ ဒီလိုဆိုရင် အဲဒီ ဆံပင်ဖြူကို နုတ်ပြီး မင်းရဲ့လက်ပေါ်မှာ တင်လိုက်စမ်းပါ" လို့ ပြောပါတယ်။ ဆတ္တာသည်က ရွှေမွေးညှပ်နဲ့ နုတ်ပြီး မင်းရဲ့လက်ပေါ်မှာ တင်လိုက်ပါတယ်။ အဲဒီအခါ မဃဒေဝမင်းရဲ့ သက်တမ်းက နှစ်ပေါင်း (၈) သောင်း (၄) ထောင် ကျန်နေပါသေးတယ်။

http://www.dhammadownload.com



ဒါပေမဲ့ မဃဒေဝမင်းကြီးဟာ ဆံပင်ဖြူကို မြင်လျှင်မြင်ချင်းပဲ သေမင်းလာပြီး သူ့အနီးအနားမှာ ရပ်နေသလို၊ သူ့ကိုယ်ကို မီးအလျှံ တပြောင်ပြောင် လောင်နေတဲ့ သစ်ရွက်တဲကို ဝင်သွားသလို သံဝေဂရ ပြီး "လူမိုက် မဃဒေဝ၊ ဆံပင်ဖြူတဲ့အထိပဲ ဒီကိလေသာတွေကို မစွန့်နိုင် သေးဖူးလား"လို့ တွေးပါတယ်။ အဲဒီလို ဆံပင်ဖြူလာတာကို တွေးရင်း ကိုယ်တွင်းမှာ ပူလောင်လာပါတယ်။ ကိုယ်ခန္ဓာက ချွေးတွေ ထွက်လာ ပါတယ်။ အဝတ်တွေကို ညှစ်ပြီး ချွတ်ပစ်ရမယ့် အနေအထားကို ရောက်လာပါတယ်။

"အဲဒီနေ့ပဲ ထွက်ပြီး ငါဟာ ရသေ့ရဟန်းဝတ်သင့်တယ်"လို့ တွေး ကာ ဆတ္တာသည်အား အခွန်တစ်သိန်းထွက်တဲ့ ရွာကို ပေးပြီး သားကြီး ကို ခေါ်စေကာ "ချစ်သား၊ ငါ့ရဲ့ဦးခေါင်းမှာ ဆံပင်ဖြူ ပေါက်နေပြီ။ ငါ အိုပြီ။ ငါဟာ လူ့ကာမဂုဏ်တွေကို ခံစားပြီးပြီ။ အခု နတ်ကာမဂုဏ်တွေ ကို ရှာမှီးတော့မယ်။ ငါ့ရဲ့ တောထွက်ဖို့ အချိန်ပဲ။ သင်ဟာ ဒီနိုင်ငံကို သိမ်းပိုက်ရစ်ပါ။ ငါကတော့ ရသေ့ရဟန်းဝတ်ပြီး မဃဒေဝ သရက် ဥယျာဉ်မှာ နေကာ တရားအားထုတ်တော့မယ်" လို့ ပြောပြီး နှစ်ပေါင်း (၈) သောင်း (၄) ထောင် ဗြဟ္မစိုရ်တရား (၄) ပါးကို ပွားကာ ဗြဟ္မာပြည် ကို ရောက်သွားပါတယ်။

(ဇာတက၊ ၁၊ ပ၊ ၁၅၅)

ဦးခေါင်းတစ်ခေါင်းလုံး ဆံပင်တွေ ဖြူနေပေမယ့် တရား အား မထုတ်နိုင်သေးသူတွေအဖို့ မဃဒေဝမင်းရဲ့ သံဝေဂစိတ်ထားကို သတိ ထားသင့်ကြပါတယ်။ ဆံပင်ဖြူလာလို့ ဖြူမှန်း ဘေးလူတွေ မသိရ အောင် ဆံပင်ဖြူကို နုတ်ပစ်နေကြသူတွေနဲ့ ဆံပင်နက်ဆေးဆိုးထား ကြသူတွေလည်း သတိထားသင့်ကြပါတယ်။ ဆံပင်ဖြူလာပေမယ့်

http://www.dhammadownload.com



ကိုယ့်ကိုယ်ကို အိုလာနေပြီလို့ သတိ၊ သံဝေဂမရနိုင်ဘဲ ငယ်ပါသေးတယ်လို့ ကိုယ့်ကိုယ်ကို ထင်နေကြသောသူတွေရဲ့ စိတ်ထားဟာ မဃဒေဝမင်းရဲ့စိတ်ထားနဲ့ တခြားစီ ဖြစ်နေပါတယ်။

မဃဒေဝမင်းဟာ ဇရာရဲ့သင်္ကေတဖြစ်တဲ့ ဆံပင်ဖြူကို တွေ့ပြီး သံဝေဂရကာ တောထွက် တရားကျင့်နေနိုင်ပေမယ့် လောကလူသားများစွာတွေကတော့ ဇရာကို ဖုံးကွယ်ကာ လောကကြီးကိုရော မိမိကိုယ်ကိုပါ လှည့်စားနေကြပါတယ်။ အိုပြနေပါလျက်အိုနေပါတယ်လို့ လက်မခံနိုင်တဲ့ လူသားတွေရဲ့ စိတ်ထားဟာ အံ့ဩစရာလည်း ကောင်းလှပါတယ်။ ရုပ်ခန္ဓာက ရင့်ကျက်လာပေမယ့် စိတ်ဓာတ်က မရင့်ကျက်လာသေးရင် ရယ်စရာ၊ ဟားစရာ လူသားတစ်ဦး ဖြစ်နေပါလိမ့်မယ်။ ပညာရှိသူတော်ကောင်းတွေအမြင်မှာ သနားစရာပုဂ္ဂိုလ်တစ်ဦးလည်း ဖြစ်နေပါလိမ့်မယ်။

ကျောချလို့ ခေးပြမှန်း မသိနိုင်ကြတဲ့သူတွေလို ဖြစ်နေရင် အလွန်း၊ နိုလွန်း၊ ဖျင်းလွန်း၊ ညံ့လွန်းရာ ရောက်ပါတယ်။ မဃဒေဝမင်းကတော့ ကျောချတာနဲ့ ခေးပြမှန်း သိတဲ့လူလို ဇရာကို ချက်ချင်းပဲ သိကာ ပြဟ္မစိုရ်တရားပွားပြီး မြင့်မြတ်တဲ့ ပြဟ္မာဘဝကို ပိုင်ဆိုင်အောင် လုပ်သွားပါတယ်။ အားကျဖွယ် ကောင်းပါပေစွ။

## လင်္ကာ

၁။ ဆံတစ်ပင်ဖြူ, သံဝေယူ, သူမူ တောထွက်သည်။
၂။ မဃဒေဝ, သံဝေဂ, အားကျဖွယ်ကောင်းသည်။
၃။ အိုလာလေလျှင်, သေဖို့ ပြင်, အသင် သတိရှိသင့်သည်။

http://www.dhammadownload.com

# ကုန်သည်ရဲ့စိတ်ထား

"အမေ၊ ဒီခွက်က တစ်သိန်း တန်ပါတယ်။ ကျွန်တော့်လက်ထဲမှာ တန်ဖိုး တစ်သိန်းတန်တဲ့ပစ္စည်း မပါပါဘူး ခင်ဗျာ"

"အမောင်၊ ပထမလာတဲ့ ကုန်သည်က 'ဒီခွက်ဟာ ပဲ၀က်တောင် မတန်ဘူး'လို့ ပြောပြီး မြေကြီးပေါ် ပစ်ချသွားပါတယ်။ ဒီခွက်ဟာ မင်းရဲ့ ဘုန်းကံကြောင့် ရွှေခွက်ဖြစ်လာတာ ဖြစ်လိမ့်မယ်။ ငါတို့က ဒီခွက်ကို မင်းကို ပေးကြပါတယ်။ တစ်ခုခုပဲ ပေးပြီး ဒီခွက်ကို ယူသွားပါ"

ဘုရားလောင်းဖြစ်တဲ့ ကစ္ဆပုဋ္ဌ အမည်ရှိတဲ့ ရွှေကုန်သည်က အဲဒီအချိန်မှာ သူ့လက်ထဲ ရှိတဲ့ အသပြာ (၅) ရာနဲ့ (၅) ရာတန်ပစ္စည်းအားလုံးကို ပေးပြီး "ကျွန်တော့်အား ဒီချိန်ခွင်၊ ဒီအိတ်နဲ့ ဒီအသပြာ (၈) ကျပ်ကို ပေးပါ"လို့ တောင်းယူပြီး ဖဲသွားပါတယ်။ ဘုရားလောင်းက မြန်မြန်ပဲ မြစ်ကမ်းကိုသွားပြီး လှေသူကြီးကို (၈)ကျပ်ပေးကာ လှေစီးသွားပါတယ်။

အဲဒီကနောက် ကောက်ကျစ်တဲ့ ဒေဝဒတ်အလောင်း သေရိဝ ရွှေကုန်သည်ကလည်း အဲဒီအိမ်ကို နောက်တစ်ကြိမ် ပြန်လာကာ "အဲဒီ ခွက်ကို ယူခဲ့ကြ၊ သင်တို့အား ပစ္စည်းတစ်ခုခုပဲ ပေးမယ်"လို့ ပြောပါ

http://www.dhammadownload.com



တယ်။ မြေးအဘွားနှစ်ယောက်ထဲက အဘွားက သေရိဝ ရွှဲကုန်သည်ကို ရေရွတ်ပြောဆိုပြီး "သင်က ငါတို့ရဲ့ တစ်သိန်းတန် ရွှေခွက်ကို တစ်ပဲဝက်တောင် မတန်ဘူးလို့ ပြောတယ်။ သင့်ရဲ့ဆရာဖြစ်ပုံ ရတဲ့ တရားရှိတဲ့ ကုန်သည်တစ်ယောက်ကတော့ ငါတို့ကို တစ်ထောင်ပေးပြီး ယူသွားတယ်" လို့ ပြောပါတယ်။

(ဇာတက၊ ၄၊ ပ၊ ၁၂၇)

ဘုရားလောင်း ရွှဲကုန်သည်က စိတ်ကောင်းရှိပါတယ်။ ဖြောင့်မှန်ပါတယ်။ ဒေဝဒတ်လောင်း ရွှဲကုန်သည်က စိတ်ကောင်းမရှိပါ။ ကောက်ကျစ်ပါတယ်။ ကောက်ကျစ်တဲ့ ဒေဝဒတ်အလောင်းဟာ တစ်သိန်းတန် ရွှေခွက် လက်လွှတ် ဆုံးရှုံးသွားပါတယ်။ လက်လွှတ် ဆုံးရှုံးသွားလို့ အကြီးအကျယ် သောကဖြစ်ပြီး ရင်ပူကာ ပါးစပ်က သွေးအန်၊ ရင်ကွဲသေသွားပါတယ်။ ဖြောင့်မှန်တဲ့ ဘုရားလောင်း ရွှဲကုန်သည်ကတော့ တစ်သိန်းတန် ရွှေခွက်ကို ရင်ဝယ်ပိုက် ပြန်သွားပါတယ်။

"ကောက်သော် မစားလောက်၊ ဖြောင့်သော် စားမကုန်" ဆိုတဲ့ မြန်မာစကားပုံဟာ ဒီဇာတ်လမ်းနဲ့ အင်မတန် ဆီလျော်ပါတယ်။ ဈေးရောင်းတဲ့ အလုပ်မှာပဲဖြစ်ဖြစ်၊ အခြားအလုပ်မှာပဲဖြစ်ဖြစ် ရိုးသားဖြောင့်မတ်သူဟာ ရေရှည်မှာ ကျော်တက်သွားပါတယ်။ မရိုးသားမဖြောင့်မှန်သူဟာ နောက်ကျကျန်ရစ်ပါတယ်။ ရိုးသားဖြောင့်မှန်မှုကို မည်သူမဆို နှစ်ခြိုက်ကြပါတယ်။ မရိုးသားမှု၊ မဖြောင့်မှန်မှု၊ ကောက်ကျစ်မှုကို လူတိုင်း မုန်းကြပါတယ်။

မရိုးသားသူ၊ မဖြောင့်မှန်သူ၊ ကောက်ကျစ်သူဟာ သူ့ရဲ့ မရိုးသားမှု၊ မဖြောင့်မှန်မှု၊ ကောက်ကျစ်မှုကို လူတွေ မသိသေးခင် ကောင်းစားချင် ကောင်းစားနေပါလိမ့်ဦးမယ်။ သိသွားလို့ အယုံအကြည် ကင်းမဲ့သွား

http://www.dhammadownload.com



ရင် လူတွေက သူ့ကို လက်မခံတော့။ မဆက်ဆံတော့၊ လူရာမသွင်းတော့ပါ။ အပယ်ခံလူသား ဖြစ်သွားပါတော့တယ်။

ရိုးသားဖြောင့်မှန်သူကို လူတွေက ကြာလေ ယုံကြည်လေ၊ အားကိုးလေ ဖြစ်လာကြပါတယ်။ ဒါကြောင့် ရေရှည် ကြီးပွား ချမ်းသာဖို့ရာအတွက် ရိုးသားဖြောင့်မတ်မှုဟာ အဓိကသော့ချက် ဖြစ်ပါတယ်။ ရေရှည်ကြီးပွား ချမ်းသာလိုသူတွေဟာ ဘုရားလောင်း ရွှဲကုန်သည်လို ရိုးသားဖြောင့်မတ်တဲ့ စိတ်ကောင်း စိတ်မြတ် ရှိကြရပါမယ်။ မရှိသေးရင် ရှိအောင် မွေးမြူကြရပါမယ်။ ဒေဝဒတ်အလောင်း ရွှဲကုန်သည်လို မရိုးသား မဖြောင့်မှန်တဲ့ စိတ်ယုတ် စိတ်ပုတ်တွေကို ဖယ်ရှားကြရပါမယ်။

ရိုးသားဖြောင့်မတ်မှုဟာ အခွင့်အရေးကောင်းတွေရဲ့ တံခါးပေါက် ဖြစ်ပါတယ်။

## လင်္ကာ

၁။ ဘုရားလောင်းကား, သူ့စိတ်ထား, ရိုးသားဖြောင့်မှန်သည်။
၂။ ရိုးသားသူအား, မြေးအဘွား, လေးစားကြည်ညိုသည်။
၃။ ရိုးသားသူထံ, ခွင့်ကောင်းမှန်, ဧကန် ဆိုက်ရောက်သည်။
၄။ ကောက်ကျစ်သူကား, ခွင့်ကောင်းများ, လွတ်သွားရပါသည်။
၅။ လောင်းဒေဝဒတ်, ရွှေခွက်လွတ်, ပါးစပ် သွေးအန်သည်။

http://www.dhammadownload.com

# အကိတ္တိရဲ့စိတ်ထား

"သား၊ သမီး၊ ဇနီးနဲ့ မြတ်နိုးဖွယ်ပစ္စည်းတွေကို ရကြတဲ့ သူတွေဟာ မတင်းတိမ်ကြပါ။ ရပြီးရင်း ရချင်ရင်း ဖြစ်နေကြပါတယ်။ အဲဒီလို အတောမသတ်နိုင်တဲ့ လောဘ ငါ့မှာ မဖြစ်ပါစေနဲ့။"

**(ဇာတက၊ ၄၊ စတုက္က၊ အကိတ္တိဇာတ်၊ ၂၄၀)**

သိကြားမင်းက ဘုရားလောင်းအကိတ္တိရသေ့ကို လိုတဲ့ဆု တောင်းပါလို့ ပြောလို့ အထက်ပါဆုကို ပထမဆုံးဆုအဖြစ် ဘုရားလောင်း အကိတ္တိရသေ့က တောင်းလိုက်ပါတယ်။ လောဘကို သတ်လိုတဲ့ အကိတ္တိရသေ့ရဲ့ စိတ်ထားကို သဘောကျမိပါတယ်။ သတ္တဝါတွေဟာ လောဘကို မသတ်နိုင်အောင် ဖြစ်နေကြပါတယ်။ လောဘကသာ သတ္တဝါတွေကို သတ်နေပါတယ်။ သတ္တဝါတွေမှာ အတောမသတ်နိုင်တဲ့ လောဘတွေ ဖြစ်နေကြပါတယ်။ ဒါလေးကို ရပြီးတော့ ဟိုဟာလေးကို လိုချင်လာပြန်ပါတယ်။ ဟိုလာလေးကို ရလာတော့လည်း အခြားဟာလေးကို လိုချင်လာပြန်ပါဘယ်။ အခြားဟာလေးကို ရလာပြန်တော့လည်း နောက်ထပ် အခြားဟာလေးကို လိုချင်လာပြန်ပါတယ်။ အသက်ကြီးပြီး သေသာ သေသွားတယ်၊ လောဘက အသက်ကြီးလေ ပိုကြီးလာလေပဲ။

"ရလေ လိုလေ အိုတဏှာ" ဆိုတာလို ဖြစ်နေကြပါတယ်။ နွားချိုဟာ ကြီးလေ ရှည်လေ ဖြစ်သလို၊ သံပရာသီးဟာ ကြီးလေ ချဉ်လေ ဖြစ်သလို သတ္တဝါတွေမှာ အသက်ကြီးလာလေလေ လောဘကြီးလာ

http://www.dhammadownload.com



လေလေ ဖြစ်နေကြပါတယ်။ မီးပုံကြီးမှာ လောင်စာထည့်လေလေ ပိုပြီး မီးတောက်လေလေ ဖြစ်သလိုပါပဲ။ လောဘကို မသတ်နိုင်ရင် မသတ် နိုင်သလောက် ဒုက္ခတွေ ရောက်ကြရပါတယ်။ လောဘကို ဒုက္ခရဲ့ တရားခံလို့ ဘုရားရှင် ဟောထားပါတယ်။ လောဘက ဒုက္ခကို ဖြစ်စေပါ တယ်။ ဒုက္ခရဲ့အကြောင်းဟာ လောဘပါပဲတဲ့။

ဘုရားအလောင်းတော်ဟာ လောဘကို နည်းမျိုးစုံနဲ့ သတ်နေခဲ့ပါ တယ်။ ဒါနပါရမီနဲ့လည်း သတ်တယ်၊ သီလပါရမီနဲ့လည်း သတ်တယ်၊ နေက္ခမ္မပါရမီ၊ ပညာပါရမီ စတဲ့ပါရမီတွေနဲ့လည်း သတ်တယ်။ လောဘ ကို ဘုရားအလောင်းက နိုင်တဲ့အခါတွေ ရှိသလို လောဘက ဘုရား အလောင်းကို နိုင်တဲ့အခါတွေလည်း ရှိခဲ့ပါတယ်။ ဘုရားဖြစ်တဲ့အခါ ရောက်မှာပဲ လောဘကို အကြွင်းမဲ့ အောင်နိုင်ခဲ့ပါတယ်။

ဒုက္ခပေးနေတဲ့ လောဘကို မသတ်နိုင်သေးသမျှ လောဘက ဒုက္ခပေးနေဦးမှာပါပဲ။ သန်းကြွယ်သူဌေးကြီးတွေ ဖြစ်နေပေမယ့် စိတ် ဆင်းရဲနေကြရသူတွေ၊ သမ္မတကြီး၊ ဝန်ကြီးချုပ်ကြီး၊ ဆရာဝန်ကြီး၊ ပါမောက္ခကြီး၊ အင်ဂျင်နီယာကြီး၊ သိပ္ပံပညာရှင်ကြီး စတဲ့ ကြီးကျယ်တဲ့ ပုဂ္ဂိုလ်ကြီးတွေ ဖြစ်နေကြပေမယ့် စိတ်ဆင်းရဲနေကြသူတွေမှာ လောဘ က ပြိုဟ်မွှေနေကြလို့ပဲ များပါတယ်။

သန်းကြွယ်သူဌေးကြီးမှာ လောဘကို လျှော့ကြည့်ရင် လျှော့ကြည့် နိုင်သလောက် စိတ်ချမ်းသာမှု ရလာတာကို တွေ့လာပါလိမ့်မယ်။ ကျန် တဲ့ ကြီးကျယ်တဲ့ ပုဂ္ဂိုလ်ကြီးတွေမှာလည်း ဒီအတိုင်းပါပဲ။ ကြီးကျယ်တဲ့ ပုဂ္ဂိုလ်တွေမှာသာမက မကြီးကျယ်တဲ့ ပုဂ္ဂိုလ်တွေလည်း ဒီအတိုင်းပါပဲ။ ဘုရားအလောင်းအကိတ္တိရသေ့က လောဘရဲ့ဆိုးကျိုးအမျိုးမျိုးကို သိ ထားသလို အလောဘရဲ့ ကောင်းကျိုးအမျိုးမျိုးကိုလည်း သိထားပါ လိမ့်မယ်။ ဒါကြောင့် သူဟာ လောဘကို ကြောက်နေတာ ဖြစ်ပါတယ်။

http://www.dhammadownload.com



လောဘကြောင့် စိတ်မှာ အမှောင်ကျနေတဲ့အခါ လောဘရဲ့ ဆိုးကျိုးတွေကို မြင်နိုင်စွမ်းအား ကင်းမဲ့နေပါတယ်။ အမှောင်ရှိရာမှာ အလင်းမရှိပါဘူး။ အသိဉာဏ်အလင်း ကင်းနေပါတယ်။ အမှောင်ထဲမှာ လမ်းသွားရင်း ဒုက္ခရောက်တတ်ပါတယ်။ လောဘကြောင့် အမှောင်ကျနေတဲ့စိတ်နဲ့ ပြောဆို ပြုလုပ်၊ ဆုံးဖြတ်ရင် အမှားတွေပဲ ဖြစ်ပြီး ဒုက္ခတွေ ဝိုင်းအုံလာပါတယ်။ အကိတ္တိရသေ့ဟာ ဒုက္ခကို ကြောက်လို့ လောဘကို ကြောက်ပါတယ်။

ဒုက္ခကို တကယ် ကြောက်သူတိုင်း လောဘကို တကယ်ကြောက်ကြရပါမယ်။ လောဘကို မကြောက်သူဟာ ဒုက္ခကို မကြောက်ရာ ရောက်ပါတယ်။ အတောမသတ်နိုင်တဲ့ လောဘတွေကို အတောသတ်နိုင်ကြမှ စိတ်ချမ်းသာကြရပါလိမ့်မယ်။

ဘုရားအလောင်းတော် အကိတ္တိရသေ့က သိကြားမင်းထံ သား၊ သမီး၊ ဇနီး၊ ပစ္စည်းတွေကို ရပြီးရင်း ရချင်ရင်းဖြစ်တဲ့ လောဘ သူ့သန္တာန်မှာ မဖြစ်ပေါ်စေလိုကြောင်း ဆုတောင်းခဲ့ပါတယ်။ အကိတ္တိရသေ့က ဆက်ပြီး ဆုတောင်းပါသေးတယ်။ သိကြားမင်းက ပေးလို့ ဖြစ်ပါတယ်။ အကိတ္တိရသေ့ရဲ့ စိတ်ထားတွေကို အပြည့်အစုံ သိရအောင် ကျန်သေးတဲ့ ဆုတောင်းတွေကိုလည်း ဖော်ပြလိုက်ပါတယ်။

"လယ်ယာ၊ ရွှေ၊ ငွေ၊ နွား၊ မြင်း၊ ကျွန်အလုပ်သမားတွေ ဖြစ်ပေါ်လာတဲ့ ဒေါသစိတ်ကြောင့် ကုန်ဆုံးပျက်စီးကြပါတယ်၊ အဲဒီ ဒေါသ ငါ့သန္တာန်မှာ မဖြစ်ပါစေနဲ့။"

"လူမိုက်ကို မမြင်လိုပါ၊ လူမိုက်အကြောင်းကို မကြားလိုပါ၊ လူမိုက်နဲ့ မပေါင်းသင်းလိုပါ၊ လူမိုက်နဲ့ စကားမပြောလိုပါ၊ လူမိုက်စကားကို မနှစ်သက်ပါ၊ လူမိုက်ဟာ အကျိုးမဲ့အလုပ်ကို တွေးပါတယ်။ မလုပ်သင့်တာကို လုပ်ပါတယ်။ ငါးပါးသီလ ချိုးဖောက်တာကိုပဲ ကောင်းတယ်လို့

http://www.dhammadownload.com



ယူဆပါတယ်။ အကျိုးသင့်၊ အကြောင်းသင့် ပြောတဲ့အခါ စိတ်ဆိုးပါတယ်။ လူ့စည်းကမ်းကို နားမလည်ပါ။ အဆုံးအမကို မခံယူပါ။ အဲဒီလူမိုက်ကို မမြင်ရတာဘဲ ကောင်းပါတယ်။"

"ပညာရှိကို မြင်လိုပါတယ်၊ ပညာရှိအကြောင်းကို ကြားလိုပါတယ်၊ ပညာရှိနဲ့ ပေါင်းသင်းလိုပါတယ်၊ ပညာရှိနဲ့ စကားပြောလိုပါတယ်၊ ပညာရှိစကားကို နှစ်သက်ပါတယ်။ ပညာရှိဟာ အကျိုးရှိတဲ့ အလုပ်ကို တွေးပါတယ်။ မလုပ်သင့်တာကို မလုပ်ပါ။ ငါးပါးသီလ လုံခြုံတာကိုပဲ ကောင်းတယ်လို့ ယူဆပါတယ်။ အကျိုးသင့် အကြောင်းသင့် ပြောတဲ့အခါ စိတ်မဆိုးပါ။ လူ့စည်းကမ်းကို နားလည်ပါတယ်။ အဆုံးအမကို ခံယူပါတယ်။ အဲဒီပညာရှိနဲ့ ပေါင်းသင်းရတာ ကောင်းပါတယ်။"

"အရုဏ်တက်ချိန်မှာ နတ်အစားအစာတွေ ပေါ်ပေါက်လာကုန်ရာပါ၏။ သီလရှိတဲ့ အလှူခံပုဂ္ဂိုလ်တွေလည်း ရောက်လာကုန်ရာ၏။ ပေးလို့မကုန် ဖြစ်ရပါလို၏။ အလှူပေးပြီးနောက် နောင်တပူပန်မှု မရှိပါရလို၊ ပေးလှူနေတုန်း စိတ်ကြည်လင်နေရပါလို၏။"

"သင် သိကြားမင်း၊ ငါ့ထံ နောက်ထပ် မလာတာကို အလိုရှိပါတယ်။" **(ဇာတက၊ ၄၊ စတုတ္ထ၊ အကိတ္တိဇာတ်၊ ၂၄၁)**

အကိတ္တိရသေ့ရဲ့ လောဘ ဒေါသအပေါ် ကြောက်ရွံ့တဲ့စိတ်ထားနဲ့ လူမိုက်၊ ပညာရှိတွေအပေါ် ထားရှိတဲ့စိတ်ထားဟာ သတိထားသင့်၊ အတုယူသင့်တဲ့ စိတ်ထား ဖြစ်ပါတယ်။ အလှူဒါနနဲ့ ပတ်သက်တဲ့ စိတ်ထား၊ သိကြားမင်း မလာတာကို လိုလားတဲ့ စိတ်ထားတွေဟာလည်း အတုယူသင့်ကြပါတယ်။ အတောမသတ်နိုင်တဲ့လောဘကို ပယ်သတ်ရမှာ ဖြစ်သလို စီးပွားဆုတ်ယုတ်စေနိုင်တဲ့ ဒေါသကိုလည်း ပယ်သတ်ရမှာ ဖြစ်ပါတယ်။ ဘဝတိုးတက်ရေးအတွက် အဟန့်အတားဖြစ်တဲ့ လောဘ၊ ဒေါသကို ဖယ်ရှားနိုင်အောင် ကြိုးစားကြရပါမယ်။

http://www.dhammadownload.com



ပညာရှိကို တန်ဖိုးထားတဲ့ လေးစားတဲ့ အကိတ္တိရဲ့ စိတ်ထားဟာ တန်ဖိုးရှိတဲ့ စိတ်ထား ဖြစ်ပါတယ်။ လေးစားရမယ့် စိတ်ထား ဖြစ်ပါတယ်။ ပညာရှိကို မြတ်နိုးတဲ့ အကိတ္တိရဲ့ စိတ်ထားဟာ မြတ်နိုးစရာကောင်းပါတယ်။ ပညာရှိနဲ့ လူမိုက်ရဲ့ ခြားနားချက်ကို သုံးသပ်ဝေဖန်ပြထားတဲ့ အကိတ္တိရဲ့သုံးသပ်ချက်၊ ဝေဖန်ချက်ဟာ မှတ်သားစရာကောင်းလှပါတယ်။

ပညာရှိကို မြင်လိုတဲ့ စိတ်ထား၊ ပညာရှိအကြောင်း ကြားလိုတဲ့ စိတ်ထား၊ ပညာရှိနဲ့ ပေါင်းသင်းလိုတဲ့ စိတ်ထား၊ ပညာရှိနဲ့ စကားပြောလိုတဲ့ စိတ်ထား၊ ပညာရှိစကားကို နှစ်သက်တဲ့ စိတ်ထားတွေဟာ အင်မတန် ကောင်းမွန်တဲ့ စိတ်ထားတွေ ဖြစ်ပါတယ်။ အဲဒီစိတ်ထားတွေရှိသူဟာ ပညာရှိဖြစ်လာမယ့် ပုဂ္ဂိုလ် ဖြစ်ပါတယ်။

အကိတ္တိရသေ့ရဲ့ စိတ်ကောင်းစိတ်မြတ်တွေကို အတုယူပြီး ကျင့်သုံးနိုင်အောင် ကြိုးစားသင့်ပါတယ်။ စိတ်ကောင်းစိတ်မြတ်တွေဟာ လူတစ်ယောက်ရဲ့ဘဝကို မြင့်မားလာအောင် မြှင့်တင်ပေးနိုင်ကြပါတယ်။

## လင်္ကာ

၁။ အတောမသတ်သော, လောဘဇော,
အတောသတ်အောင် လုပ်သင့်သည်။
၂။ အတောမသတ်သော, ဒေါသဇော,
အတောသတ်အောင် လုပ်သင့်သည်။
၃။ ပညာရှိအား, တန်ဖိုးထား, သူကား တော်လှသည်။
၄။ ပညာရှိသူ, မရှိသူ, မတူနေထား သူ သိသည်။
၅။ အကိတ္တိဆုတောင်း, အလွန်ကောင်း,
နှစ်ထောင်းအားရ ရှိမိသည်။

http://www.dhammadownload.com

# သုမုခရဲ့ စိတ်ထား

"အို တေရဋ္ဌဟင်္သာမင်း၊ အကျွန်ုပ်ဟာ ကိုယ် စိတ်ဆင်းရဲ ရောက်နေရပေမယ့် သင့်ကို မစွန့်ပါ။ ငါဟာ သင်နဲ့ သေလည်း အတူတူ၊ ရှင်လည်း အတူတူ ဖြစ်ပါမယ်။ ငါဟာ သင်ရှင်ရင် ရှင်မယ်၊ သင်သေရင် သေမယ်"

သုမုခဟင်္သာက ဘုရားအလောင်းတော် တေရဋ္ဌဟင်္သာမင်းကို ပြောပါတယ်။ သုမုခဟင်္သာက အရှင်အာနန္ဒာအလောင်း ဖြစ်ပါတယ်။ တေရဋ္ဌဟင်္သာမင်းက ကျော့ကွင်းမှာ မိနေပါတယ်။ တေရဋ္ဌက ကျော့ကွင်းကို ဖြတ်ဖို့ ကြိုးစားကြည့်ပါတယ်။ ပထမအကြိမ်မှာ အရေ ပြတ်သွားပါတယ်။ ဒုတိယအကြိမ်မှာ အသား ပြတ်သွားပါတယ်။ တတိယအကြိမ်မှာ အကြော ပြတ်သွားပါတယ်။ စတုတ္ထအကြိမ်မှာ ခြေထောက်တွေ ပြတ်သွားရင် ခြေလက်အင်္ဂါ မစုံလို့ မင်းနဲ့ မသင့်လျော်ဘူးလို့ တွေးကာ မကြိုးစားတော့ပါ။ အကြီးအကျယ် နာရှာပါတယ်။

"ငါ အော်လိုက်ရင် ငါ့ဆွေတော် မျိုးတော် ဟင်္သာအပေါင်း ကြောက်လန့်ကာ အစာမစားဘဲ ဆာဆာလောင်လောင်နဲ့ပဲ ပျံသွားကြလို့ အားနည်းပြီး သမုဒ္ဒရာထဲ ကျလိမ့်မယ်" လို့ တေရဋ္ဌဟင်္သာမင်းက တွေးမိလို့ ဝေဒနာကို သည်းခံကာ အစာစားသလို လုပ်ရင်း နေပါတယ်။ ဟင်္သာတွေ အစာဝအောင် စားပြီး ပျော်မြူးနေကြတဲ့အခါ ရောက်မှ

http://www.dhammadownload.com



အသံကျယ်ကျယ်နဲ့ အော်လိုက်ပါတယ်။ ဟင်္သာတွေ သေရမှာ ကြောက်ကြလို့ အုပ်စုလိုက် စိတ္တကူဋတောင်ဆီကို ပျံသွားကြပါတယ်။

သုမုခဟင်္သာကပါ ပျံသွားပြီး ဟင်္သာတွေထဲမှာ ဘုရားလောင်း ဓတရဋ္ဌဟင်္သာမင်းကို ရှာတဲ့အခါ မတွေ့လို့ "ဘုရားလောင်းမှာ ဒီဘေးဖြစ်နေတာ သေချာပြီ" လို့ တွေးပြီး ပြန်လာကာ ကျော့ကွင်းမှာ မိနေပြီး သွေးတွေ ပေကျံနေကာ အကြီးအကျယ် ဒုက္ခရောက်ပြီး ညွှန်အပြင်မှာ လျောင်းနေရှာတဲ့ ဘုရားအလောင်းတော် ဓတရဋ္ဌဟင်္သာမင်းကို တွေ့ရလို့ "အို ဟင်္သာမင်း၊ မကြောက်ပါနဲ့။ အကျွန်ုပ်ဟာ အသက်ကို စွန့်လွှတ်ပြီး ဟင်္သာမင်းရဲ့ အသက်ကို ကယ်ပါမယ်" လို့ ပြောကာ သက်ဆင်းပြီး ဘုရားအလောင်းတော်ကို အားပေးစကား ပြောရင်း ညွှန်အပြင်မှာ ထိုင်နေပါတယ်။ "ဟင်္သာ ၉ သောင်းက ငါ့ကို စွန့်ပြီး သွားကြပါလျက် ဒီ သုမုခ တစ်ကောင်ပဲ ပြန်လာတယ်။ မုဆိုးသား လာတဲ့အခါ ငါ့ကို စွန့်ပြီး ပျံသွားလေမလား၊ ပျံမသွားဘူးလား" လို့ စူးစမ်းလိုလို့ အောက်ပါစကား တွေကို ပြောပါတယ်။

"ကျော့ကွင်းမှာ မိနေတဲ့ ငါ့ကို စွန့်ပြီး ကျန်တဲ့ ဟင်္သာတွေက ငဲ့ကွက်မှု မရှိဘဲ ပျံသွားကြပေမယ့် သုမုခက သင်တစ်ယောက်တည်း ငါ့ထံ ဘာလို့ ပြန်လာရတာလဲ။ ပျံပြေးသာ ပြေးသွားပါ။ ကျော့ကွင်းမှာ မိနေသူမှာ အပေါင်းအဖော်အဖြစ်ဆိုတာ မရှိပါ။ ဒုက္ခကလွတ်အောင် ပျံသွားဖို့ ကြိုးစားပါ။"

အဲဒီစကားကို ကြားရလို့ သုမုခဟင်္သာက 'ဒီဟင်္သာမင်းဟာ ငါ့ကို မိတ်စစ်မိတ်ကောင်းကို မသိ၊ မိတ်တု မိတ်ညံ့လို့ ထင်နေတယ်။ သူ့ အပေါ် ငါ့ရဲ့အချစ်ကို ပြလိုက်မယ်' လို့ တွေးကာ "ဒုက္ခရောက်နေပေမယ့် သေအတူ ရှင်အတူပါပဲ" ဆိုတဲ့ စကားကို ပြောဆိုခဲ့ပါတယ်။

(ဇာတက၊ ၄၊ ပဥ္စမ၊ ၃၈၂)

http://www.dhammadownload.com



ဒုက္ခရောက်တဲ့အခါ ရောက်မှ မိတ်ဆွေ အတုအစစ်ကို ခွဲခြားသိနိုင်ပါတယ်။ ဒုက္ခက မိတ်ဆွေ အတုအစစ်ကို မှတ်ကျောက်တင်ပေးပါတယ်။ သာပေါင်း ညာစား လူတန်းစားတွေဟာ ဒုက္ခရောက်နေတဲ့ လူကို စွန့်ခွာသွားကြပါတယ်။ အေးအတူ ပူအမျှ ဆိုးတူ ကောင်းဖက် လူတွေဟာ သုမုခဟင်္သာလိုပဲ ဒုက္ခရောက်နေသူကို စွန့်ခွာမသွားဘဲ ဖေးမကူညီကယ်တင်ကြပါတယ်။

အရှင်အာနန္ဒာအလောင်းတော် သုမုခဟင်္သာရဲ့ ဘုရားအလောင်းတော် ဓတရဋ္ဌဟင်္သာမင်းအပေါ် ထားရှိတဲ့ မေတ္တာစိတ်ထားကို ဒုက္ခက ပျက်ပြားသွားအောင် မလုပ်နိုင်ပါ။ သုမုခရဲ့ စိတ်ထားဟာ အင်မတန်လေးစားစရာ၊ အတုယူစရာ ကောင်းလှပါတယ်။ တိရစ္ဆာန်ဖြစ်ပေမယ့် သာမန်လူတွေရဲ့ စိတ်ထားထက် များစွာ မြင့်မြတ် အထက်တန်းကျနေပါတယ်။

## လင်္ကာ

၁။ ဓတရဋ္ဌ, ကြီးကျယ်စွ, ဒုက္ခရောက်နေသည်။
၂။ ထို့ကြောင့် သုမုခ, ပူအမျှ, ကူမအားပေးသည်။
၃။ ဒုက္ခရောက်လစ်, မိတ်တုစစ်, စိစစ်နိုင်ပါသည်။
၄။ ဒုက္ခရောက်ခါ, မိတ်တုဟာ, စွန့်ခွာသွားပါသည်။
၅။ ဒုက္ခရောက်ခါ, မိတ်စစ်ဟာ, စွန့်ခွာမသွားပြီ။

http://www.dhammadownload.com

## ကျေးမင်းရဲ့စိတ်ထား

"ငါဟာ သင့်ရဲ့သလေးစပါးကို ဆောင်ယူသွားပြီး ကြွေးဟောင်းကို ဆပ်ပါတယ်။ ကြွေးသစ်ကို ပေးပါတယ်။ လက်ပံပင်တောမှာ ဘဝသံသရာမှာ ပါမယ့် ရွှေအိုးတစ်အိုးကိုလည်း မြှုပ်နှံပါတယ်။"

ဘုရားလောင်း ကျေးမင်းဟာ သလေးစပါးခင်းထဲမှာ ကျော့ကွင်းမိပါတယ်။ လယ်စောင့်သမားက ဘုရားလောင်း ကျေးမင်းရဲ့ အော်သံနဲ့ ကျန်တဲ့ ကျေးငှက်တွေ ကောင်းကင်မှာ ပျံသွားသံကို ကြားရလို့ 'ဘယ်လိုလဲ' လို့ သိလိုလို့ လယ်စောင့်တဲက ဆင်းပြီး ကျော့ကွင်းရှိရာကို သွားကာ ကျေးမင်းကိုမြင်လို့ ကျေးမင်း ကျော့ကွင်းမှာမိနေတာကို သိရတဲ့အတွက် ဝမ်းသာသွားပါတယ်။ ကျေးမင်းကို ကျော့ကွင်းက လွတ်ပေးလိုက်ပါတယ်။ ခြေထောက်နှစ်ချောင်းကို တစ်ပေါင်းတည်း ချည်ပြီး မြဲမြဲစွာ ကိုင်ယူကာ သာလိဒ္ဒိယရွာကို သွားပြီး ကျေးမင်းကို ကောသိယ အနွယ်ရှိ လယ်ပိုင်ရှင်ပုဏ္ဏားအား ပေးပါတယ်။ ပုဏ္ဏားက ချစ်ခင်မှုများစွာနဲ့ ဘုရားလောင်းကျေးမင်းကို လက်နှစ်ဖက်နဲ့ မြဲမြဲကိုင်ပြီး ရင်ခွင်မှာ ထိုင်စေကာ -

"ကျေးမင်း၊ သင့်ရဲ့ဝမ်းဗိုက်က အခြားကျေးငှက်တွေရဲ့ ဝမ်းဗိုက်လိုပဲ မဟုတ်လား။ သင့်ရဲ့ ဝမ်းဗိုက်က ပိုကြီးသလား။ သလေးစပါးကို အလိုရှိသလောက် နှုတ်သီးနဲ့ ချီပြီး သွားတဲ့ သင်ဟာ စပါးကျီကို ပြည့်

http://www.dhammadownload.com



အောင် လုပ်တာလား။ သင်နဲ့ ငါဟာ ရန်ငြိုးရှိလို့လား၊ သလေးစပါးကို ဘယ်နေရာမှာ သိမ်းထားသလဲ။ ငါ့ကို ပြောပြစမ်းပါ” လို့ ပြောပါတယ်။

အဲဒီအခါ ကျေးမင်းက သူ့မှာ သင်ပုဏ္ဏားရဲ့ ရန်ငြိုး မရှိကြောင်းနဲ့ စပါးကျီ မရှိကြောင်းကို ပြောပြီး အထက်မှာ ဖော်ပြခဲ့တဲ့ စကားကို ပြောပါတယ်။ ပုဏ္ဏားက ကျေးမင်းကို အဲဒီစကားရဲ့ အဓိပ္ပာယ်ကို မေးလို့ ကျေးမင်းက ဒီလို ရှင်းပြပါတယ်။

“ပုဏ္ဏား၊ ငါ့မှာ အတောင်မပေါက်သေးတဲ့ သားငယ်၊ သမီးငယ် လေးတွေ ရှိပါတယ်။ ငါ ကျွေးမွေးပြုစုစောင့်ရှောက်ထားတဲ့ သူတို့က ငါ့ကို ပြန်ပြီး ကျွေးမွေး ပြုစု စောင့်ရှောက်ကြပါလိမ့်မယ်။ ဒါကြောင့် ငါဟာ သူတို့အား ကြွေးသစ်ကို ပေးပါတယ်။”

“ငါ့မှာ မိအိုဖအိုတွေလည်း ရှိပါတယ်။ သူတို့အတွက် နှုတ်သီးနဲ့ ချီသွားပြီး သူတို့အား ကျေးဇူးကြွေးဟောင်းကို ဆပ်ပေးပါတယ်။”

“အဲဒီ လက်ပံပင်မှာ တောင်ပံကျိုးတဲ့ အခြားငှက်တွေ၊ အလွန် အားနည်းနေတဲ့ ငှက်တွေ ရှိပါသေးတယ်။ သူတို့အား ကုသိုလ်ပြုလိုလို့ ချီပေးသွားပါတယ်။ အဲဒီအလှူကို ပညာရှိတွေက ရွှေအိုးလို့ ဆိုကြပါ တယ်။”

ပုဏ္ဏားက ဘုရားလောင်းကျေးမင်းရဲ့ တရားစကားကို ကြားရတဲ့ အခါ ကြည်ညိုစိတ် ဖြစ်ပါတယ်။ ဒါကြောင့် ဒီလို ပြောပါတယ်။

“အသင်ကျေးမင်းဟာ ကောင်းမြတ်လှပါပေတယ်။ အလွန်ပဲ တရားရှိပါပေတယ်။ အချို့လူတွေမှာ ဒီလို တရားမရှိပါ။ သလေးစပါး ကို ကျေးငှက်တွေနဲ့တကွ အလိုရှိသလို စားပါ။ နောင်လည်း ထပ်တွေ့ လိုပါတယ်။ သင်ကျေးမင်းကို မြင်ရတာ ချစ်ခင်စရာ ဖြစ်ပါတယ်။”

**(ဇာတက၊ ၄၊ စတုတ္ထ၊ သာလိကေဒါရဇာတ်၊ ၂၇၉)**

http://www.dhammadownload.com



ဘုရားလောင်းကျေးမင်းရဲ့ စိတ်ထားဟာ ကြည်ညိုလေးစားစရာ ကောင်းပါပေတယ်။ လူသာမန်တွေ ဒီလိုစိတ်ထား မထားရှိနိုင်ကြပါ။ မိဘကျေးဇူး မသိသူတွေ၊ သားသမီးကို မစောင့်ရှောက်သူတွေ၊ ဒုက္ခရောက်နေတဲ့ ပတ်ဝန်းကျင်ကို ကယ်တင်လိုစိတ် မရှိသူတွေအဖို့ ကျေးမင်းရဲ့ စိတ်ထားဟာ အလွန်ပဲ အတုယူစရာ ကောင်းလှပါတယ်။ ကျေးမင်းဟာ တိရစ္ဆာန်ဖြစ်လို့ ဘဝအနေနဲ့ နိမ့်ကျပေမယ့် စိတ်ထားကတော့ အလွန်ပဲ မြင့်မားလှပါပေတယ်။

ကျေးဇူးသိစိတ်ထား၊ တာဝန်သိစိတ်ထား၊ ကယ်တင်လိုတဲ့ စိတ်ထားတွေဟာ လူသားလောကကြီးထဲမှာ များပြားလာရင် လူသားတွေရဲ့ဘဝဟာ ပျော်ရွှင်ကြည်နူးစရာဘဝဖြစ်လာပါလိမ့်မယ်။ အဲဒီစိတ်ထားတွေ လူလောကကြီးမှာ ဆိတ်သုဉ်းမသွားဖို့ ခေါင်းပါးမသွားဖို့ လိုအပ်လှပါတယ်။

## လင်္ကာ

၁။ ကြွေးဟောင်းကို ဆပ်, ကြွေးသစ် အပ်,
တစ်ရပ် ရွှေအိုး မြှုပ်နှံသည်။
၂။ အလောင်းဘုရား, ကျေးမင်းကား, သုံးပါး ပြုလုပ်သည်။
၃။ မိဘ-သမီး-သား, ဝန်းကျင်အား, သူကား စောင့်ရှောက်သည်။
၄။ ကျေးမင်းစိတ်ထား, သိမြင့်မား, လေးစားဖွယ် ကောင်းသည်။

http://www.dhammadownload.com

# မိဖုရားခေါင်ကြီးရဲ့စိတ်ထား

"ကျွန်မဟာ သုရုစိမင်းရဲ့ မိဖုရားခေါင်ကြီး ဖြစ်ပါတယ်။ မိန်းမအပေါင်း တစ်သောင်းခြောက်ထောင်ရဲ့အရင် ကျွန်မကို သိမ်းပိုက်ထားပါတယ်။ ကျွန်မကို ယူပြီးတဲ့အချိန်ကစပြီး နှစ်ပေါင်းတစ်သောင်းကြာအောင် ကျွန်မဟာ တစ်ဦးတည်းသော မယားအဖြစ်နဲ့ ဒီနန်းတော်မှာနေခဲ့ပါတယ်။ မျက်မှောက်မှာရော မျက်ကွယ်မှာပါ တစ်ခဏမျှတောင် သုရုစိမင်းကို ကိုယ်၊ နှုတ်၊ စိတ်နဲ့ ကျော်လွန်ပြီး တွေးတောမှုကို မသိအမှတ်မရပါ။"

"ကျွန်မရဲ့ခင်ပွန်း၊ ယောက္ခမအထီး၊ အမတွေက ကျွန်မကို ဆုံးမကြပါတယ်။ ကျွန်မ အသက်ရှင်နေသမျှ ကျွန်မအား သူတို့က ဩဝါဒပေးကြပါတယ်။ ကျွန်မက မညှဉ်းဆဲမှုလို့ ခေါ်တဲ့ ပျော်ရွှင်မှုနဲ့ ပျော်ပါတယ်။ ကုသလကမ္မပထ တရား ၁၀ ပါးကို တကယ်ပဲ ဖြည့်ကျင့်ပါတယ်။ သူတို့ကို နေ့ရော ညပါ မပျင်းမရိ ရိုရိုသေသေနဲ့ ပြုစုလုပ်ကျွေးခဲ့ပါတယ်"

"မယားပြိုင်ဖြစ်တဲ့ တစ်သောင်းခြောက်ထောင်သော မောင်းမတွေအပေါ်မှာ တစ်ခါတလေမှ ကျွန်မမှာ မနာလိုတာ၊ အမျက်ထွက်တာ မရှိပါ။ သူတို့ရဲ့ အကျိုးစီးပွားကို လိုလားပါတယ်၊ နှစ်သက်ပါတယ်၊

http://www.dhammadownload.com



ရင်နှစ်သည်းချာ သမီးရင်းတွေပမာ သူတို့ကို ကြည့်ပြီး ကျေနပ်ပါတယ်။ သူတို့အားလုံးကို ချစ်ပါတယ်။ တစ်ယောက်ကိုမှ မမုန်းပါ။ သူတို့ကို ကိုယ့်ကို သနားသလိုပဲ အမြဲ သနားပါတယ်။"

"ကျွန်မဟာ ကျွန်၊ အလုပ်သမား၊ အစေခံ၊ အခြားမှီခိုသူအားလုံးကို သူတို့လုပ်နိုင်တဲ့ အလုပ်တွေ လုပ်စေပါတယ်။ ခိုင်းတဲ့အခါ အမြဲ ရွှင်ပျပြီး ခိုင်းပါတယ်။ စိတ်ဆိုးပြီး ဘယ်နေရာမှာမှ ဘယ်သူ့ကိုမှ မခိုင်းဖူးပါ"

"ကျွန်မဟာ ရဟန်း၊ ပုဏ္ဏားနဲ့ အခြားတောင်းရမ်း အလှူခံသူတွေကို စားဖွယ်၊ သောက်ဖွယ်နဲ့ ကျေနပ်စေပါတယ်။ အမြဲ လက်ကို ဆေးကြောထားပါတယ်။"

"ကျွန်မက ၁၄ ရက်၊ ၁၅ ရက်၊ ၈ ရက် ဥပုသ်ရက်တွေနဲ့ ဥပုသ်ရက်တွေရဲ့ အကြိုနေ့၊ အထွက်နေ့တွေမှာ ၈ ပါးသီလ ဥပုသ်စောင့်ပါတယ်။ သီလကို အမြဲ လုံခြုံအောင် စောင့်ထိန်းပါတယ်။"

"အို သိကြားမင်း၊ ကျွန်မရဲ့ မှန်ကန်တဲ့ သစ္စာစကားတွေကြောင့် ကျွန်မမှာ သား ရလာပါစေ၊ ကျွန်မရဲ့စကား မှားခဲ့ရင် ကျွန်မရဲ့ဦးထိပ် ၇ စိတ် ၇ မြွာ ကွဲပါစေ။"

သုမေဓာဆိုတဲ့ မိဖုရားခေါင်ကြီးက သားရလိုလို့ သားဆုတောင်းတဲ့အခါ သိကြားမင်းက "သင့်ရဲ့ အကျင့်သီလက ဘာလဲ၊ ပြောပြပါ။ ငါ သဘောကျရင် သင့်ကို သားဆု ပေးမယ်" လို့ ပြောလို့ မိဖုရားခေါင်ကြီးက အထက်ပါစကားတွေကို ပြောပါတယ်။ သုမေဓာမိဖုရားခေါင်ကြီးဟာ ဝိသာခါအလောင်းအလျာ ဖြစ်ပါတယ်။ သိကြားမင်းက ဘုရားအလောင်း ဖြစ်ပါတယ်။

(ဇာတက၊ ၄၊ စတုတ္ထ၊ ၃၂၀)

http://www.dhammadownload.com



သုမေဓာ မိဖုရားခေါင်ကြီးရဲ့ တည်ကြည်မှု သမာဓိတရား၊ သစ္စာတရား၊ မေတ္တာတရား၊ ကရုဏာတရား၊ ဒါနတရား၊ ဝီရိယတရား၊ သီလတရားစတဲ့ တရားတွေနဲ့ မွှန်းထုံထားတဲ့ မွန်မြတ်လှတဲ့ စိတ်ထားဟာ မိန်းမတွေအဖို့ အထူးပဲ အတုယူစရာ ကောင်းလှပါတယ်။ အိမ်ရှင်မတွေဟာ သုမေဓာမိဖုရားခေါင်ကြီးလို မွန်မြတ်လှတဲ့ စိတ်ထားတွေကို မွေးမြူသင့်ကြပါတယ်။ မိန်းမသားတွေသာမက ယောကျ်ားသားတွေပါ အတုယူ လိုက်နာကျင့်သုံးစရာတွေလည်း ပါပါတယ်။

သုမေဓာမိဖုရားခေါင်ကြီးရဲ့ မွန်မြတ်လှတဲ့ စိတ်ထားတွေကြောင့် သူ့ပတ်ဝန်းကျင်ဟာ သာယာအေးမြနေပါတယ်။ သာယာအေးမြတဲ့ ပတ်ဝန်းကျင်လောကကို တည်ဆောက်လိုရင် သုမေဓာမိဖုရားခေါင်ကြီးရဲ့စိတ်ထားတွေကို မွေးမြူကြရမှာ ဖြစ်ပါတယ်။

## လင်္ကာ

၁။ ဝိသာခါလောင်းလျာ, သုမေဓာ, စိတ်ဟာ လွန်ကောင်းသည်။
၂။ သူ့လို စိတ်ထား, အလွန်ရှား, အားရစရာ ကောင်းသည်။
၃။ သူ့ရဲ့စိတ်မှာ, ကရုဏာ, မေတ္တာ ပါရှိသည်။
၄။ သူ့ရဲ့စိတ်မှာ, တည်ကြည်တာ, သစ္စာ ပါရှိသည်။
၅။ သူ့ရဲ့စိတ်က, လှူဒါန, သီလ ပြည့်စုံသည်။
၆။ သူ့လိုစိတ်ဟာ, ဝန်းကျင်မှာ, သာယာအေးစေသည်။

http://www.dhammadownload.com

## ကျန်ရစ်သူတို့ရဲ့ စိတ်ထား

"မြွေဟာ အရေခွံဟောင်းကို စွန့်ပြီး သူ့ခန္ဓာကိုယ်သစ်ကို သွားသလို ကျွန်တော့်သားဟာ သူ့ကိုယ်သူ စွန့်ပြီး တမလွန်ဘဝကို သွားရာမှာ သူ့ကိုယ့်ကို မီးရှို့ခံရတာကိုရော၊ ဆွေမျိုးတွေ ငိုကြွေးနေတာကိုရော မသိပါ။ ဒါကြောင့် အကျွန်ုပ်ဟာ မငိုပါ။ သူက သူ့ကံနဲ့သူ သွားတာပဲ"

လယ်တောရဲ့အနီးမှာ တောင်ပို့ထဲက မြွေကိုက်လို့ သေသွားသူရဲ့ ဖခင်ကို သိကြားမင်းက လာပြီး မေးလို့ ဖခင်က အထက်ပါစကားကို ပြောပါတယ်။ မိခင်ကိုလည်း မေးလို့ မိခင်က ဒီလို ပြောပါတယ်။

"ကျွန်မက သူ့ကို လာပါလို့လည်း မခေါ်၊ သွားပါလို့လည်း မနှင်ဘဲ သားက သွားပါတယ်။ သူ့သဘောအတိုင်း သူသွားရာမှာ ကျွန်မ ဝမ်းနည်းစရာ မလိုပါ။"

သေသွားသူရဲ့ ညီမလေးကို မေးလို့ ညီမလေးက ဒီလို ပြောပါတယ်။

"ကျွန်မ ငိုရင် ပိန်သွားပါလိမ့်မယ်။ ငိုနေလို့ အကျိုးမရှိပါဘူး။ ဆွေမျိုး၊ မိတ်ဆွေတွေလည်း ပိုပြီး စိတ်မကောင်းစရာ ဖြစ်ပါလိမ့်မယ်။ ဒါကြောင့် မငိုပါ။"

သေသွားသူရဲ့ ဇနီးကို မေးလို့ ဇနီးက ဒီလို ပြောပါတယ်။

http://www.dhammadownload.com



"ကောင်းကင်က လကို မြင်လို့ လိုချင်တဲ့အတွက် လကို ယူပေးပါ။ ယူပေးပါ လို့ ငိုပြီး တောင်းဆိုတဲ့ ကလေးလို ကျွန်မက ငိုနေရင် ပြန်မလာနိုင်သူကို ငိုယိုတမ်းတရာ ကျပါတယ်။ ဒါကြောင့် မငိုပါ။"

သေသွားသူရဲ့ ကျွန်မကိုလည်း မေးလို့ ကျွန်မက ဒီလို ပြောပါတယ်။

'၇ စိတ် ၇ မြွာ ကွဲသွားတဲ့ အိုးကို ပကတိအတိုင်း ပြန်ဆက်စပ်လို့ မရနိုင်တော့သလို သေသွားသူကို ပြန်ရှင်လာအောင် ဘယ်လိုနည်းနဲ့မှ လုပ်လို့ မရနိုင်တော့ပါ။ ဒါကြောင့် မငိုပါ။"

ဒီဇာတ်လမ်းမှာ မိခင်က ခေမာ၊ သားက ရာဟုလာ၊ သမီးက ဥပ္ပလဝဏ်ာ၊ ကျွန်မက ခုဇ္ဇုတ္တရာ၊ ပုဏ္ဏားဖခင်က ဘုရားလောင်း ဖြစ်ပါတယ်။

ဘုရားလောင်းဖခင်က ဒီလိုဩဝါဒ ပေးပါတယ်။

"သင်တို့ ရသမျှပစ္စည်းနဲ့ပဲ ဒါနပေးကြပါ၊ သီလ စောင့်ကြပါ၊ ဥပုသ်စောင့်ကြပါ၊ မရဏဿတိ ပွားကြပါ၊ သေရမှာကို သတိထားကြပါ။ မှန်တယ်၊ ဒီသတ္တဝါတွေရဲ့ သေရတာက မြဲတယ်၊ ရှင်ရတာက မမြဲ။ သင်္ခါရတရားအားလုံး မမြဲ။ ဖြစ်ပြီး ပျက်ကြတာချည်းပဲ။ နေ့ရော ညပါ မမေ့မလျော့ နေကြပါ။"

**(ဇာတက၊ ၄၊ တတိယ၊ ဉရဂဇာတ်၊ ၁၅၁)**

သူတို့အားလုံး မမေ့မလျော့ဘဲ မရဏဿတိကို ပွားကြပါတယ်။ **သား** သေသွားပေမယ့် ကျန်ရစ်သူတွေမှာ ဘာသောကမှ မရောက်တာ**ဟာ** မရဏဿတိရဲ့ စွမ်းအားကြောင့်ပါပဲ။ သေရမှာကို နေ့တိုင်း တွေးနေတော့ သေတာဟာ သူတို့အတွက် အဆန်း မဟုတ်တော့ပါ။ ထမင်း**စား** ရေသောက်ကိစ္စလို ရိုးရာ ဖြစ်နေပါတယ်။ အသေကို နေ့တိုင်း

http://www.dhammadownload.com



ကြိုတွေးနေလို့ သေတဲ့အတွက် မတုန်လှုပ်တော့ပါ။ သူတို့စိတ်ထဲမှာ နေ့တိုင်း အသေကို တွေ့နေရပါတယ်။ သေရမှာကို ကြိုတင်ပြီး သေမယ်လို့ တွေးထားတာဟာ သောကဖြေဆေးတစ်ခု ဖြစ်ပါတယ်။

သတ္တဝါတိုင်း မလွဲမသွေ သေရမှာ ဖြစ်ပါတယ်။ မလွဲမသွေ တွေ့ရမယ့် သေခြင်းကို ကြိုတင်တွေးမထားရင် သေဘေးနဲ့ ရင်ဆိုင်ရတဲ့ အခါ သောကမီးတွေရဲ့ လောင်မြိုက်မှုကို ခံကြရပါတယ်။ ခရီးသွားမယ့် သူဟာ ကိုယ့်ခရီးစဉ်ကို ကြိုတင်ပြီး တွေးရပါတယ်၊ စီစဉ်ရပါတယ်။ သံသရာခရီးသွားသူဟာလည်း ရှေးဘဝခရီးစဉ်ကို ကြိုတင်ပြီး တွေးရပါတယ်၊ စီစဉ်ရပါတယ်။

ဘဝသံသရာရထားကြီးက တစ်ဘူတာပြီး တစ်ဘူတာ ဆိုက်ရောက်ပြီး ခရီးနှင်နေမှာ ဖြစ်ပါတယ်။ ခရီးလမ်းဆုံး မရောက်သေးသမျှ ရထားကြီးကတော့ သွားနေမှာပဲ။ ဘဝသံသရာခရီးအတွက် ကြိုတင်တွေးကာ ပြင်ဆင်ထားပါမှ သောကကင်းဝေးပြီး အေးချမ်းတဲ့ သံသရာခရီး ဖြစ်ရပါလိမ့်မယ်။

## လင်္ကာ

၁။ သေရမည့်ရေး, နေ့တိုင်း တွေး, ငိုကြွေးကင်းရသည်။
၂။ ရှင်တာ မမြဲ, သေတာ မြဲ, အမြဲ နှလုံးသွင်းရမည်။
၃။ ဒီမိသားစု, သေ◌ညည်ဟု, အရှု မြဲကြသည်။
၄။ ထို့ကြောင့် ထိုခါ, သူတို့မှာ, သောကာ ကင်းဝေးသည်။
၅။ သောကကင်းလို, သေခြင်းကို, တင်ကြိုတွေးရသည်။

http://www.dhammadownload.com

# ခန္တိဝါဒီရသေ့ရဲ့စိတ်ထား

"ငါ့ရဲ့လက်နှစ်ဖက်၊ ခြေနှစ်ဖက်၊ နား၊ နှာခေါင်းကို ဖြတ်တဲ့ ကလာဗုမင်းဟာ အသက်ရှည်ပါစေ။ မှန်တယ်၊ ငါ့လို သည်းခံအားနဲ့ ပြည့်စုံတဲ့ ပညာရှိတွေဟာ 'ဒီသူဟာ ငါ့ကို ဆဲရေးတယ်၊ ရေရွတ်တယ်၊ ပုတ်ခတ်တယ်၊ ဖြတ်တယ်၊ ခွဲတယ်' လို့ အမျက်ထွက်ရိုး မရှိပါ။"

**(ဇာတက၊ ၄၊ တတိယ၊ ခန္တိဝါဒီဇာတ်၊ ၃၉)**

ကလာဗုမင်းက ဘုရားအလောင်းတော် ခန္တိဝါဒီရသေ့ကို ဖမ်းယူ ဆွဲငင်စေပြီး မြေမှာ လဲကျစေကာ ဆူးပါတဲ့ ကြိမ်နဲ့ ခန္ဓာကိုယ်ရဲ့ ရှေ့ပိုင်း၊ နောက်ပိုင်း၊ ဘေးနံပါးနှစ်ဖက်တွေမှာ အချက်ပေါင်း ၂ ထောင် အရိုက် ခိုင်းပါတယ်။ ခိုးသူသတ်သမားက ကလာဗုမင်း ခိုင်းတဲ့အတိုင်း ရိုက်ပါ တယ်။ ခန္တိဝါဒီရသေ့ရဲ့ အရေပါး၊ အရေထူတွေ ပြတ်ကုန်ပါတယ်။ အသားတွေ ပြတ်ကုန်ပါတယ်။ သွေးတွေ ယိုစီးကျလာပါတယ်။ လက် နှစ်ဖက်၊ ခြေနှစ်ဖက်တို့ကိုလည်း ဖြတ်တောက်ခိုင်းပါတယ်။ လက် ခြေ အဖျားတွေက အိုးအပေါက်တွေက ချိုင်ရည် ယိုစီးထွက်သလို သွေး တွေ ယိုစီးနေပါတယ်။ နား၊ နှာခေါင်းတွေကိုလည်း ဖြတ်ခိုင်းပါတယ်။ တစ်ကိုယ်လုံးမှာ သွေးတွေ ပေနေပါတယ်။ ကလာဗုမင်းက ဘုရား လောင်း ရသေ့ရဲ့ ရင်ဘတ်ကို ခြေထောက်နဲ့ ကန်ပြီး ထွက်သွားပါတယ်။

http://www.dhammadownload.com



ကလာဗုမင်း ထွက်သွားတဲ့အခါ အရှင်သာရိပုတ္တရာအလောင်း ဖြစ်တဲ့ စစ်သူကြီးက ဘုရားအလောင်းရသေ့ရဲ့ ခန္ဓာကိုယ်က သွေးတွေကို သုတ်ပြီး လက်ပြတ်၊ ခြေပြတ်၊ နားပြတ်၊ နှာခေါင်းပြတ်တွေကို အဝတ်အစွန်းမှာ ထားကာ ဘုရားအလောင်းကို ညင်သာစွာ ထိုင်ပေးပြီး ရှိခိုးကာ သင့်တင့်တဲ့ အရပ်မှာ ထိုင်ပြီး "အရှင်ရသေ့၊ အကယ်၍ စိတ်ဆိုးရင် အရှင်ရသေ့ကို ပြစ်မှားတဲ့ ကလာဗုမင်းကိုပဲ အမျက်ထွက်တော်မူပါ။ အခြားသူတွေကို အမျက်ထွက်တော်မမူပါနဲ့" လို့ လျှောက်ပါတယ်။

အဲဒီစကားကို ကြားရလို့ ဘုရားလောင်းရသေ့က စစ်သူကြီးအား အထက်ပါ စကားကို ပြောကြားလိုက်ပါတယ်။ ကလာဗုမင်း ဥယျာဉ်က ထွက်တဲ့အခါ ဥယျာဉ်တံခါးမှာပဲ မြေမျိုပြီး အဝီစိငရဲကို ရောက်သွားပါတယ်။ ဘုရားလောင်းလည်း အဲဒီနေ့မှာပဲ သေရှာပါတယ်။ ကလာဗုမင်းက ဒေဝဒတ်အလောင်း ဖြစ်ပါတယ်။

ကလာဗုမင်းက ရက်စက်သလောက် ဘုရားအလောင်းရသေ့က သည်းခံနိုင်အား ကြီးမားလှပါပေတယ်။ ဘုရားလောင်းလို ပါရမီရင့်ကျက်တဲ့ ပုဂ္ဂိုလ် မဟုတ်ရင် ဒီလောက် ပြင်းထန်လွန်းလှတဲ့ ညှဉ်းဆဲမှုဒဏ်ကို ခံနိုင်ဖွယ် မရှိပါ။ အများစုပုဂ္ဂိုလ်တွေမှာ ခြင်ကိုက်တာ၊ ပုရွက်ဆိတ်ကိုက်တာလေးကိုတောင် သည်းမခံနိုင် ဖြစ်ကြပါတယ်။ သည်းမခံနိုင်ဘဲ သတ်ဖြတ်တာ၊ ညှဉ်းပန်းနှိပ်စက်တာကို ပြုလုပ်တတ်ကြပါသေးတယ်။ ဘုရားလောင်းရသေ့ရဲ့ သည်းခံနိုင်အားကို စဉ်းစားကြည့်ရင် ကြက်သီးမွေးညင်းထစရာ ကောင်းလှလောက်အောင် ဘုရားလောင်း ရသေ့ရဲ့ သည်းခံမှုအားက ကြီးမားနေတာကို တွေ့ရပါတယ်။

http://www.dhammadownload.com



သည်းမခံနိုင်စရာ အတွေ့အကြုံတွေကို မည်သူမဆို တွေ့ကြုံဖူးကြပါလိမ့်မယ်။ အဲဒီအခါ သည်းမခံနိုင်အောင်ဖြစ်နေရင် ဘုရားလောင်းရသေ့ရဲ့ သည်းခံနိုင်မှုကို တွေးကြည့်သင့်ပါတယ်။ တွေးကြည့်ရင် ဘုရားလောင်းရသေ့ရဲ့ သည်းခံစိတ်ထားက သည်းခံဖို့ တွန်းအားပေးတာကို တွေ့ရပါလိမ့်မယ်။ သည်းမခံချင်တဲ့ စိတ်ထားကို ဘေးတွန်းထုတ်တာကိုလည်း တွေ့ပါလိမ့်မယ်။

မိမိရဲ့ သည်းမခံနိုင်စရာ အတွေ့အကြုံဟာ ဘုရားလောင်းရသေ့ရဲ့ အတွေ့အကြုံကို စဉ်းစားမကြည့်ရင် အကြီးကြီးပဲလို့ ထင်ချင်ထင်နေပါလိမ့်မယ်။ စဉ်းစားကြည့်တော့ ဘာမှ မပြောပလောက်တာကို တွေ့ရပါလိမ့်မယ်။ သည်းမခံနိုင်စရာ အတွေ့အကြုံဟာ သည်းခံမှု အားနည်းသူ၊ သို့မဟုတ် မရှိသူမှာ အသေးလေး ဖြစ်နေပေမယ့် အကြီးကြီးလို့ ထင်မြင်ယူဆနေပါလိမ့်မယ်။ သည်းမခံနိုင်စရာ အတွေ့အကြုံ အသေးလေးတွေကို များများ သည်းခံနိုင်မှ အကြီးကြီးကိုလည်း သည်းခံနိုင်လာပါလိမ့်မယ်။ အကြီးကြီးတွေကို သည်းခံနိုင်အား ရှိလာအောင် ဘုရားလောင်းရသေ့ကို အာရုံပြုကြည့်ညိုကာ ကြိုးစားသင့်ကြပါတယ်။

## လင်္ကာ

၁။ လက်-ခြေ-နား-နှာ, ဖြတ်တောက်တာ, သူဟာ ခံရသည်။
၂။ အသား-အရေ, ပြတ်ထွက်ပေ, သွေးတွေ ယိုစီးသည်။
၃။ သို့သော် သူကား, မျက်မပွား, တအား သည်းခံသည်။
၄။ သူ့ သည်းခံအား, တွေးစဉ်းစား, လက်ဖျားခါလောက်သည်။
၅။ သည်းခံစရာ, ကြုံတဲ့ခါ, သူ့ သည်းခံတာ တွေးရသည်။
၆။ သည်းခံနိုင်ငြား, သူ့စိတ်ထား, တွန်းအားပေးပါသည်။

http://www.dhammadownload.com

## သားအဖသုံးယောက်ရဲ့ စိတ်ထား

"ဒီသုဝဏ္ဏသာမဟာ ကုသလကမ္မပထ (သုစရိုက်) ၁၀ ပါးကို ရှေးက ကျင့်ခဲ့ပါတယ်။ မြတ်တဲ့အကျင့်ကို ကျင့်ခဲ့ပါတယ်။ အမှန်ကို ပြောဆိုခဲ့ပါတယ်။ ရယ်စရာအနေနဲ့တောင် မုသားမပြောခဲ့ပါ။ မိဘတွေကို ပြုစုလုပ်ကျွေးခဲ့ပါတယ်။ အမျိုးမှာ ကြီးတဲ့သူတွေကို ရိုသေလေးစားခဲ့ပါတယ်။"

ဒီမှန်ကန်တဲ့ သစ္စာစကားကြောင့် သုဝဏ္ဏသာမမှာ တက်နေတဲ့ မြားဆိပ်တွေ ပြယ်ပျောက်သွားပါစေ။

(ဇာတက၊ ၄၊ ဆ၄၊ ၁၁၂)

မိဘနှစ်ပါးက ဒီလို သစ္စာဆိုလိုက်ရာ သုဝဏ္ဏသာမဟာ နံပါးဟိုဘက် ဒီဘက် ပြောင်းသွားတာကို တွေ့ရလို့ စိတ်အားရှိပျော်သွားပါတယ်။ နတ်သမီးကပါ သစ္စာဆိုလိုက်ရာ သုဝဏ္ဏသာမမှာ အကောင်းပကတိ ဖြစ်သွားပါတယ်။ မိဘနှစ်ပါးကလည်း မျက်စိနှစ်ကွင်း အလင်းရသွားပါတယ်။

သုဝဏ္ဏသာမရဲ့ ကုသိုလ်တွေဟာ တကယ့်အရေးမှာ အားကိုးစရာ ဖြစ်လာပါတယ်။ သုဝဏ္ဏသာမရဲ့ ကုသိုလ်လုပ်ငန်းတွေကို သစ္စာဆို တိုင်တည်ခဲ့ပါတယ်။ သစ္စာဟာ မှန်တဲ့ စကားဖြစ်လေတော့ အစွမ်းထက်ခဲ့ပါတယ်။ ဒါကြောင့် သုဝဏ္ဏသာမလို သုစရိုက် (၁၀)ပါးကို ကျင့်ထားရပါမယ်။ အကျင့်မြတ်တွေကို ကျင့်ထားရပါမယ်။ မှန်တဲ့ စကား

http://www.dhammadownload.com



တွေကို ပြောကြရပါမယ်။ ရယ်စရာအနေနဲ့တောင် မုသားမပြောဆိုသင့်ပါ။ မိဘတွေကို ပြုစုလုပ်ကျွေးကြရပါမယ်။ ကြီးသူတွေကို ရိုသေကြရပါမယ်။ ဒီလိုသစ္စာတိုင်တည်နိုင်လောက်အောင် ကုသိုလ်အားတွေကောင်းနေရင် သစ္စာဟာ အစွမ်းထက်ပါတယ်။

ဘုရားလောင်းတော် သုဝဏ္ဏသာမရဲ့မိဘတွေမှာ သား မြားပစ်ခံရတဲ့ အခက်အခဲနဲ့ တွေ့ကြုံလာတဲ့အခါ သုဝဏ္ဏသာမရဲ့ ကုသိုလ်တွေကို အားကိုးခဲ့ပါတယ်။ သုဝဏ္ဏသာမရဲ့မိဘတွေလို အခက်အခဲနဲ့ ရင်ဆိုင်ရသူတွေဟာ အခက်အခဲကို ကျော်လွှားနိုင်ဖို့ရာ သစ္စာဆိုလို့ ရနိုင်တဲ့ ကုသိုလ်တွေ ရှိထားကြဖို့ လိုအပ်ပါတယ်။ ကိုယ့်ရဲ့ကုသိုလ်တွေက ဖြူစင်အားကောင်းလေလေ အခက်အခဲ ကျော်လွှားဖို့ရာအတွက် ပိုပြီး အားကိုးရလေလေ ဖြစ်ပါတယ်။

ဘဝအခက်အခဲတွေကို ရင်ဆိုင်ကျော်လွှားဖို့အရေးမှာ တကယ်အားကိုးရကြောင်းကို သိလာရလေလေ ကုသိုလ်လုပ်ငန်းတွေကို ပိုပြီး ကြိုးစားရလေလေ ဖြစ်ပါတယ်။ အလုပ်ကောင်းတွေကို ပိုပြီး လုပ်ကြရပါမယ်။ အပြောကောင်းတွေကို ပိုပြီး ပြောကြရပါမယ်။ အတွေးကောင်း၊ စိတ်ထားကောင်းတွေကို ပိုပြီးထားကြရပါမယ်။ အကျင့်မြတ်တွေကို ပိုပြီး ကျင့်ကြရပါမယ်။ မှန်တဲ့ စကားတွေကို ပိုပြီးပြောကြရပါမယ်။ မိဘတွေကို ပိုပြီး ပြုစုလုပ်ကျွေးကြရပါမယ်။ ကြီးသူတွေကို ပိုပြီး ရိုသေလေးစားကြရပါမယ်။

သုဝဏ္ဏသာမရဲ့ မိဘနှစ်ပါး သစ္စာဆိုတာတွေမှာ အောက်ပါဂါထာစကားလေးဟာ မှတ်သားလိုက်နာစရာကောင်းလှတာမို့ ဖော်ပြလိုက်ပါတယ်။

* ယံ ကိဉ္စိတ္ထိ ကတံ ပုညံ၊ မယှဉ္စေဝ ပိတုစ္စ (မာတုစ္စ) တေ၊
သဗ္ဗေန တေန ကုသလေန၊ ဝိသံ သာမဿ ဟညတု။

http://www.dhammadownload.com



**အစိပ္ပာယ်က** -

* သင့်ရဲ့မိခင် ငါ့မှာရော သင့်ဖခင်မှာပါ (မိခင်မှာပါ) ပြုထားတဲ့ ကုသိုလ်တွေ ရှိပါတယ်။ အဲဒီကုသိုလ်အားလုံးကြောင့် သုဝဏ္ဏသာမရဲ့ အဆိပ် ပျောက်ကွယ်ပျက်စီးသွားပါစေ။

သုဝဏ္ဏသာမရဲ့ကုသိုလ်တွေကိုသာမက သူတို့ရဲ့ကုသိုလ်တွေကို လည်း မိဘနှစ်ပါးက သစ္စာဆိုတိုင်တည်ခဲ့ပါတယ်။ ဒီသစ္စာစကားဟာ လည်း အတုယူကျင့်သုံးစရာ ကောင်းပါတယ်။

မိဘနှစ်ပါးက သုဝဏ္ဏသာမပေါ် ထားရှိတဲ့ မေတ္တာကိုလည်း သစ္စာ ဆို တိုင်တည်ခဲ့ပါသေးတယ်။ ဒါလည်း အတုယူ ကျင့်သုံးစရာ ကောင်း ပါတယ်။

* ယေန သစ္စေန ယံ သာမော၊ ပါဏာ ပိယတရော မမ၊
ဧတေန သစ္စဝဇ္ဇေန၊ ဝိသံ သာမဿ ဟညတု။

* ဒီသုဝဏ္ဏသာမကို ငါ့အသက်ထက် ပိုပြီး ချစ်ပါတယ်။ ဒီ မှန်ကန်တဲ့ သစ္စာစကားကြောင့် သုဝဏ္ဏသာမရဲ့အဆိပ် ပျောက်ကွယ် ပျက်စီးသွားပါစေ။

## လင်္ကာ

၁။ ခက်ခဲ ကြုံခါ, သစ္စာဟာ, လွန်စွာ အားကိုးရပါသည်။
၂။ သားရဲ့ကုသိုလ်, သစ္စာဆို, နဂိုအတိုင်း ဖြစ်သွားသည်။
၃။ သုဝဏ္ဏသာမ, မြားဆိပ်ကျ, မိဘမျက်စိ ပြန်မြင်သည်။
၄။ သစ္စာစွမ်းအား, လွန်ကြီးမား, ကိုးစားထိုက်ပါသည်။

http://www.dhammadownload.com

# မဟာဇနကရဲ့စိတ်ထား

"သမုဒ္ဒရာရဲ့အလယ်မှာ ကမ်းကို မမြင်ဘဲနဲ့ ကြိုးစားကူးခပ်နေသူဟာ ဘယ်သူလဲ၊ ဘယ်အကျိုးကို မြင်လို့ ဒီလောက်ပြင်းပြင်းထန်ထန် ကြိုးစားနေပါသလဲ။"

သမုဒ္ဒရာကို စောင့်တဲ့ မဏိမေခလာနတ်သမီးက (၇) ရက်ကြာ သမုဒ္ဒရာထဲမှာ ကူးခပ်နေတဲ့ အသက် (၁၆) နှစ်ရှိ ဘုရားအလောင်းတော် မဟာဇနက မင်းသားကို မေးပါတယ်။ ဘုရားလောင်းက ဖြေပါတယ်။

"လောကရဲ့ ဝတ္တရားဆောင်ရွက်ရမှုကို သိမြင်ဆင်ခြင်ပြီး ငါဟာ နေပါတယ်။ ကြိုးစားမှုရဲ့အကျိုးကို သိမြင်ဆင်ခြင်ပြီး ငါဟာ နေပါတယ်။ ကြိုးစားမှုဟာ ပျောက်ပျက်ပြီး အချည်းနှီး ဖြစ်မသွားပါ၊ ချမ်းသာမှာ တည်စေပါတယ်လို့ ငါဟာ သိပါတယ်။ ဒါကြောင့် ကမ်းကို မမြင်ရပေမယ့် မပျင်းမရိ ကြိုးစားနေပါတယ်။"

"မဟာဇနက၊ အတိုင်းအတာမရှိတဲ့ နက်ရှိုင်းတဲ့ သမုဒ္ဒရာမှာ ကမ်းကိုမမြင်ရဘဲ ကူးခပ်တဲ့သင့်ရဲ့ကြိုးစားမှုဟာ အချည်းနှီးပါပဲ။ ကမ်းမရောက်ခင်ဘဲ သင် သေမှာပဲ။"

http://www.dhammadownload.com



"နတ်သမီး၊ ဘာကို ပြောလိုက်ပါလိမ့်။ ကြိုးစားမှုပြုသူကို ဆွေမျိုးတွေ၊ နတ်တွေ၊ ဗြဟ္မာတွေက မကဲ့ရဲ့၊ မရှုတ်ချပါ။ ယောကျ်ားကောင်းတွေ ပြုလုပ်ရမယ့် ကြိုးစားမှုကို ပြုလုပ်သူဟာ နောင်သောအခါမှာ မပူပန်ရပါ။ ဝမ်းမနည်းရပါ။"

"မဟာဇနက၊ အကျိုးလည်း မရှိ၊ ပင်ပန်းမှုကိုလည်း ဖြစ်စေ၊ ကြိုးစားမှုနဲ့လည်း အထွတ်အထိပ် မရောက်နိုင်တဲ့ အလုပ်ကို ပြုလုပ်သူမှာ သေရုံပဲ ရှိမှာပဲ။ ဘာအကျိုးရှိမှာလဲ။"

"နတ်သမီး၊ ဒီအလုပ်ကို ကြိုးစားပြုလုပ်လို့ မပြီးစီးနိုင်၊ သေချာပေါက် ပန်းတိုင် မရောက်နိုင်လို့ သိလို့ ကြမ်းတမ်းတဲ့ ဆင်စသည်တို့ကို မရှောင်ရှားရင် အဲဒီလူဟာ ကိုယ့်အသက်ကို မစောင့်တာပါပဲ။ ဒီလိုနေရာမျိုးတွေမှာ ကြိုးစားမှုကို လျှော့လိုက်ရင် အဲဒီပျင်းရိမှုရဲ့အကျိုးကို သိလာပါလိမ့်မယ်။ သင် နတ်သမီးဟာ အကျိုးမရှိတဲ့ စကားကို ပြောနေပါတယ်။"

"နတ်သမီး၊ ဒီလောကမှာ တချို့လူတွေက အလိုဆန္ဒရဲ့အကျိုးကို ကောင်းကောင်း သိမြင်ကြလို့ လယ်ထွန်၊ ကုန်ရောင်း စတဲ့ အလုပ်တွေကို လုပ်ကိုင်ကြပါတယ်။ အဲဒီအလုပ်တွေဟာ ပြီးစီးတာလည်း ရှိကြပါတယ်။ မပြီးစီးတာလည်း ရှိကြပါတယ်။ ဒါပေမဲ့ 'ဒီနေရာကို သွားမယ်၊ ဒါကို ယူမယ်' လို့ စိတ်ရော ကိုယ်ပါ ကြိုးစားသူရဲ့ အလုပ်ဟာ ပြီးစီးတာပါပဲ။ ဒါကြောင့် အဲဒီအလုပ်ကို လုပ်ကို လုပ်သင့်ပါတယ်။"

"နတ်သမီး၊ ကြိုးစားမှုရဲ့ လက်တွေ့အကျိုးကို သင် မြင်တယ် မဟုတ်လား။ ဒီသမုဒ္ဒရာကြီးထဲမှာ နစ်မြုပ်ကြတဲ့ အခြားလူတွေဟာ မကြိုးစားကြလို့ ငါးအစာ လိပ်အစာတွေ ဖြစ်ကုန်ကြပြီ။ ငါတစ်ယောက်တည်းပဲ ကူးခပ်နေပါတယ်။ ငါ့ကြိုးစားမှုရဲ့ အကျိုးကို ကြည့်ပါ။ ငါဟာ

http://www.dhammadownload.com



ဒီဘဝမှာ နတ်ဆိုတာကို ရှေးက မမြင်ဖူးပါ။ ငါဟာ ဒီနတ်သမီးအသွင်နဲ့ ငါ့အနီးမှာ ရပ်တည်နေတဲ့ သင့်ကို ငါဟာ မြင်နေရပါတယ်။"

"နတ်သမီး၊ ငါဟာ သတ္တိရှိသလောက် စွမ်းအားရှိသလောက် ကြိုးစားပါမယ်။ သမုဒ္ဒရာတစ်ဖက်ကမ်းကို သွားတဲ့ ငါဟာ ယောကျ်ားကောင်းတို့ ပြုလုပ်ရမယ့် ကြိုးစားမှုကို ပြုလုပ်ပါတယ်။"

**(ဇာတက၊ ၄၊ ဆ၄၊ မဟာဇနကဇာတ်၊ ၄၄)**

အသက်သာ သေချင်သေပါစေ၊ ကြိုးစားမှုကို မသေစေလိုတဲ့ စိတ်ထားရှိတဲ့ မဟာဇနကရဲ့ ပန်းတိုင်ဟာ သူ့ထံ ရောက်လာပါတယ်။ သူ ရှင်ဘုရင် ဖြစ်လာခဲ့ပါတယ်။ အခက်အခဲတွေ ဝိုင်းဝိုင်းလည်နေလို့ လက်မြှောက် ဒူးထောက်ကာ အညံ့ခံ အရှုံးပေးလိုစိတ် ပေါ်ပေါက်နေသူတွေဟာ မဟာဇနကရဲ့ ရဲရဲတောက်စိတ်ထားကို အားကျသင့်ကြပါတယ်၊ အတုယူသင့်ကြပါတယ်။ လမ်းဆုံးမရောက် လက်မမြှောက်၊ ဒူးမထောက်၊ အညံ့မခံတဲ့ မဟာဇနကရဲ့စိတ်ထားဟာ အားရစရာကောင်းလှပါတယ်။

## လင်္ကာ

၁။ မဟာဇနက, ဖွဲ့လို့လ, လုံ့လ မလျှော့ပြီ။
၂။ ကမ်း မမြင်လည်း, မနားဘဲ, ကူးမြဲ ကူးခတ်သည်။
၃။ မလျှော့ဖွဲ့နောက်, ပန်းတိုင်ရောက်, ဝမ်းမြှောက်ပျော်ရွှင်သည်။
၄။ မဟာဇနက, ဖွဲ့လို့လ, အားကျရပါမည်။
၅။ မလျှော့ဖွဲ့ရှင်, ပန်းတိုင်ဝင်, ပျော်ရွှင်ကြည်နူးမည်။

http://www.dhammadownload.com

# တေမိယရဲ့စိတ်ထား

"ချစ်သား တေမိယ၊ သင်ဟာ ငယ်ရွယ်ပါသေးတယ်၊ နုနယ်ပါသေးတယ်၊ ပထမအရွယ်ပဲ ရှိပါသေးတယ်။ အလွန် ငယ်ပါသေးတယ်။ တိုင်းပြည်အုပ်ချုပ် မင်းလုပ်ပါ၊ သင်ဟာ တောထဲမှာ ဘာလုပ်မှာလဲ"

ဖခင်ကာသိမင်းက မင်းလုပ်ရမှာ ကြောက်လို့ (၁၆) နှစ်တိုင်တိုင် အအလို အဆွံ့လို နားကန်းသူလို ဟန်ဆောင်ပြီး တောထွက်လာတဲ့ သား တေမိယရသေ့ကို မင်းလုပ်ပြီး တိုင်းပြည်ကို အုပ်ချုပ်ဖို့ ဖိတ်မံစကား ပြောနေပါတယ်။

တေမိယရသေ့က အောက်ပါအတိုင်း ပြန်ပြောပါတယ်။

"ဖခင် ကာသိမင်း၊ ငယ်ရွယ်သူဟာ အကျင့်မြတ်ကို ကျင့်ရမယ်၊ အကျင့်မြတ်ကို ကျင့်သူဟာ ငယ်ရွယ်သူ ဖြစ်ရပါမယ်။ ငယ်ရွယ်သူ ရဟန်းဝတ်တာကို ဘုရား စတဲ့ သူတော်ကောင်းတွေက ချီးမွမ်းကြပါတယ်။ ငါဟာ မြတ်တဲ့ အကျင့်ကို ကျင့်ပါမယ်။ မင်းအဖြစ်ကို အလိုမရှိပါ"

"ဖခင် ကာသိမင်း၊ ငါဟာ အမေ အဖေလို့ ခေါ်နေတဲ့ ကလေးငယ်လေး ငယ်ရွယ်စဉ်ကလေးဘဝမှာပဲ မအိုရသေးဘဲ သေသွားတာကို မြင်ရပါတယ်။ ငယ်ရွယ်တဲ့ လှပသူ ကလေးမငယ်လေး သေသွားတာ

http://www.dhammadownload.com



ကိုလည်း မြင်ရပါတယ်။ ငယ်ရွယ်တဲ့ အမျိုးသား၊ အမျိုးသမီးတွေလည်း သေကြရပါတယ်။ ငါဟာ ငယ်သေးတယ်ဆိုပြီး အသက်ရှင်ရစဉ်မှာ မပေ့ါတန်ရာပါ။"

"ဖခင် ကာသိမင်း၊ တစ်နေ့ထက် တစ်နေ့ အသက်ဟာ ပိုပို တိုလာပါတယ်။ နေရမယ့်အချိန်က နည်းနည်းလာပါတယ်။ သေချိန်က နီးနီးလာပါတယ်။ ရေနည်းနည်းထဲက ငါးတွေလိုပါပဲ။ ငယ်ရွယ်နုပျိုတာဟာ ဘာလုပ်မှာလဲ။"

"ဖခင် ကာသိမင်း၊ ချည်ကို ငင်နေသူမှာ မငင်ရသေးတာဟာ နည်းနည်းလာသလို သတ္တဝါတွေရဲ့ အသက်ဟာလည်း နည်းနည်းလာပါတယ်။ စီးဆင်းနေတဲ့ ကမ်းအပြည့် မြစ်ရေဟာ နောက်ကို ပြန်ဆုတ်ရိုးထုံးစံ မရှိသလို သတ္တဝါတွေရဲ့ အသက်ဟာလည်း သေမင်းဆီကိုသာ တစ်သွားတည်း သွားနေပါတယ်။ နောက်ကို ပြန်သွားရိုး မရှိပါ။ ကမ်းအပြည့် မြစ်ရေဟာ ကမ်းနားသစ်ပင်ကို တိုက်စားလှဲဖြိုသလို ဇရာ၊ မရဏက သတ္တဝါအားလုံးကို လှိုက်စားတူးဖြိုနေပါတယ်။"

"ဖခင် ကာသိမင်း၊ သေမင်းဟာ ငါ့ကို မမေ့ဘူး။ ငါ့ကို သတ်ဖို့ အမြဲပဲ သတိရနေတယ်လို့ ငါ သိနေပါတယ်။ သေမင်း လွှမ်းမိုးခံရတဲ့ အခါ ပျော်စရာ ဘယ်မှာ ရှိမှာလဲ။ ဥစ္စာရှာတာ ဘာလုပ်မှာလဲ။"

"ဖခင် ကာသိမင်း၊ မှည့်နေတဲ့သစ်သီးတွေဟာ အမြဲပဲ ကြွေကျနိုင်သလို မွေးလာတဲ့သတ္တဝါတွေမှာ အမြဲပဲ သေဘေးကျရောက်နိုင်ပါတယ်။"

"ဖခင် ကာသိမင်း၊ နံနက်မှာ တွေ့ရတဲ့ လူအများကို ညနေမှာ မတွေ့ရတော့ပါ။ ညနေမှာ တွေ့ရတဲ့ လူအများဟာ နံနက်မှာ မတွေ့ရတော့ပါ။ သေသွားကြပါတယ်။"

http://www.dhammadownload.com



"ဖခင် ကာသိမင်း၊ ကုသိုလ်အလုပ်တွေကို ယနေ့ပဲ ကြိုးစားအား ထုတ်ရပါမယ်။ နက်ဖြန် သန်ဘက်မှာ သေမယ် ရှင်မယ်ဆိုတာကို ဘယ်သူ သိနိုင်မှာလဲ။ မှန်ပါတယ်။ စစ်တပ်အများကြီးရှိတဲ့ သေမင်းနဲ့ ချိန်းချက်ထားတာ ငါတို့မှာ မရှိပါ။"

"ဖခင် ကာသိမင်း၊ ဥစ္စာအတွက် အသက်ကို စွန့်ကြတဲ့သူတွေဟာ ဥစ္စာကို လိုချင်ကြပါတယ်။ ငါဟာ ဥစ္စာအပေါ် တပ်မက်မှုနှောင်ကြိုးက လွတ်နေပါတယ်။ သွားပါ၊ ပြန်ပါ၊ ငါဟာ မင်းအဖြစ်ကို အလိုမရှိပါ။"

**(ဇာတက၊ ၄၊ ဆ၄၊ မူဂပက္ခဇာတ်၊ ၃၂)**

ဗာရာဏသီပြည်မှာ အနှစ်(၂၀) ကြာ မင်းလုပ်ခဲ့ပြီး အနှစ် (၈) သောင်းကြာ ဥဿဒငရဲမှာ ကျက်ခဲ့ရတာကို ပြန်မြင်သလို မင်းလုပ်ရမှာကို တေမိယမင်းသားဟာ အကြီးအကျယ် ကြောက်လန့်နေပါတယ်။ တေမိယဟာ အသက် (၁၆) နှစ်သာ ရှိသေးပေမယ့် ရသေ့ဝတ်ကာ တောမှာ နေပြီး ဗြဟ္မစိုရ်တရား ကျင့်ပွားခဲ့ပါတယ်။ တေမိယရသေ့လေးရဲ့ သံဝေဂစိတ်ထားဟာ အင်မတန်ပဲ ကြည်ညိုစရာ၊ အားကျစရာ ကောင်းလှပါပေတယ်။

## လင်္ကာ

၁။ တေမိယဟာ, ဒီ (၃) ဖြာ, (၁၆)နှစ်ကြာ ပြုလုပ်သည်။
၂။ အအ-အဆွံ့လို, နားကန်းလို, တကယ့်ကို ဟန်ဆောင်သည်။
၃။ ရှင်ဘုရင့်ဘဝ, လွန်စွာမှ, သူက ကြောက်လှသည်။
၄။ သေခြင်းတရား, အလေးထား, သူကား စဉ်းစားသည်။
၅။ မင်းအဖြစ်ကို, သူ မလို, တောကို သူ လိုသည်။
၆။ ရသေ့ဝတ်ကာ, တောထဲမှာ, ကျင့်ကာ သူ နေသည်။
၇။ (၁၆) နှစ်ရွယ်, ရသေ့ငယ်, ကြည်ညိုဖွယ် ကောင်းသည်။

http://www.dhammadownload.com

## သူတော်ကောင်းတို့ရဲ့စိတ်ထား

ဘုရားအလောင်းတော် ဝိဓုရပညာရှိအမတ်က ပုဏ္ဏကဘီလူးကို "ငါ ခန္ဓာကိုယ်ညစ်ပေနေသေးတယ်၊ ငါ ရေချိုးဦးမယ်"လို့ ပြောပါတယ်။ ပုဏ္ဏကဘီလူးကလည်း "ကောင်းပါပြီ" လို့ ပြောကာ ချိုးရေကို ဆောင်ယူပေးကာ ရေချိုးပြီးတဲ့အခါ ဘုရားလောင်းအား နတ်ပြည်မှာဖြစ်တဲ့ အဝတ်၊ ပန်း၊ နံ့သာ စသည်တွေကို ပေးပါတယ်။ တန်ဆာပြင်ဆင်ပြီးတဲ့ အခါ နတ်အစားအစာကို ပေးပါတယ်။ နတ်အစားအစာကို စားပြီးတဲ့ ဘုရားလောင်းဟာ ကာဠာဂိရိတောင်ထိပ်ကို တန်ဆာဆင်စေပြီး နေရာခင်းကျင်းစေကာ တန်ဆာဆင်ထားတဲ့ တရားပလ္လင်ပေါ်မှာ ထိုင်ပြီး သူတော်ကောင်းတရားကို ဟောပါတယ်။

"ပုဏ္ဏကလုလင်၊ သင်ဟာ ရှေးက သွားသူနောက်ကို လိုက်ပါ။ စိုတဲ့ လက်ကို မခြောက်ပါစေနဲ့၊ မိတ်ဆွေတွေမှာ တစ်ခါမှ မပြစ်မှားပါနဲ့။ ယုတ်မာသူတွေရဲ့ အလိုကို မလိုက်ပါနဲ့။"

အကျဉ်းအားဖြင့် ဟောထားတဲ့ ဘုရားလောင်းရဲ့စကားကို နားမလည်နိုင်လို့ အကျယ်ပြောပြဖို့ ဘုရားလောင်းကို ပြောပါတယ်။

ဘုရားလောင်းက ဒီလို အကျယ်ရှင်းပြပါတယ်။

http://www.dhammadownload.com



"တစ်ရက်နှစ်ရက်တောင် အတူ မနေဖူးတဲ့ မြင်လည်း မမြင်ဖူးတဲ့ လူကို နေရာလေးနဲ့တောင် ဖိတ်မံလာခဲ့ရင် (စားဖွယ်သောက်ဖွယ်တွေကို ကျွေးမွေးလာခဲ့ရင်တော့ မပြောပါနဲ့တော့) အဲဒီရှေးဦးစွာ ကျေးဇူးပြုလာသူကို ကျေးဇူးတုံ့ရာပါ၏။ ရှေးဦးစွာ ကျေးဇူးပြုလာသူရဲ့ အကျိုးကို ဆောင်ရွက်ပေးရာပါ၏။ အဲဒီလူကို 'ရှေ့က သွားသူနောက်ကို လိုက်တဲ့ သူ' လို့ ပညာရှိတွေက ပြောကြပါတယ်။"

"သူ့အိမ်မှာ တစ်ညလေးတောင် နေဖူးရင်၊ စားဖွယ်သောက်ဖွယ်ကို စားသောက်ဖူးရင် အဲဒီလူရဲ့ မကောင်းကျိုးကို စိတ်နဲ့တောင် မကြံစည်ရာ။ မိတ်ဆွေကို ပြစ်မှားသူဟာ စားထားတဲ့ လက်ကို ပူလောင်စေပါတယ်။ စိုနေတဲ့လက်ကို ခြောက်သွေ့စေပါတယ်။"

"ဒီသစ်ပင်ရဲ့အရိပ်မှာ ထိုင်ဖူးရင်၊ အိပ်ဖူးရင် အဲဒီသစ်ပင်ရဲ့ အကိုင်း၊ အရွက်ကို မချိုးဖွဲ့ မဖျက်ဆီးရာ။ သက်ရှိလူရဲ့ ကျေးဇူးကိုတော့ အထူးတောင် ပြောစရာ မလိုပါ။ အကြောင်းကတော့ မိတ်ဆွေကို ပြစ်မှားတယ်ဆိုတာ (ကျေးဇူးရှင်ကို ကျေးဇူးကန်းတယ်ဆိုတာ) ဆိုးဝါးလို့ပါပဲ။"

"ငါ့ကိုသာ ချစ်တယ်လို့ ကောင်းကောင်း ထင်ထားတဲ့ မိန်းမအား တစ်မြေပြင်လုံး ဥစ္စာနဲ့အပြည့် ပေးစေဦးတော့ လွန်ကျူးဖို့ အခွင့်ရရင် အဲဒီကျေးဇူးရှင်ယောကျ်ားကိုတောင် ကျော်လွန် ဖောက်ပြားတဲ့ မိန်းမယုတ်တွေရဲ့အလိုကို မလိုက်ရာ။"

ဒီတရား (၄) ပါးဟာ သူတော်ကောင်းတွေ လိုက်နာ ကျင့်သုံးတဲ့ တရားတွေ ဖြစ်ပါတယ်။ သူတော်ကောင်းတွေရဲ့ စိတ်ထားတွေကို ဖော်ပြထားပါတယ်။ သူတော်ကောင်းတွေဟာ ကျေးဇူးစတင်ပြုလာသူကို ကျေးဇူးပြန်ဆပ်ကြပါတယ်။ ကျေးဇူးတုံ့ပြန်ကြပါတယ်။ ရှေ့က သွားသူ

http://www.dhammadownload.com



နောက်ကို နောက်က လိုက်ကြပါတယ်။ တစ်လုတ်စားဖူး သူ့ကျေးဇူးကို အထူးပဲ သိတတ်ကြပါတယ်။ စိုနေတဲ့လက်ကို ဆက်ပြီး စိုစေကြပါတယ်။ အရိပ်နေနေ အခက်ချိုးချိုး မပြုလုပ်ကြပါ။ သားရေပေါ် အိပ်ပြီး သားရေနားမစားကြပါ။ အလိုကြီးပြီး လော်လည်တဲ့မိန်းမတွေရဲ့အလိုကို မလိုက်ကြပါ။ **(ဇာတက၊ ၄၊ သတ္တမ၊ ဝိဓုရဇာတ်၊ ၂၁၇)**

ကိုယ့်ကို ကျေးဇူးစတင်ပြုလာတဲ့သူတွေ ကိုယ့်ဘဝတစ်လျှောက်မှာ အများကြီးပဲ ရှိပါတယ်။ မိဘ၊ ဆရာသမား၊ ဆွေမျိုးစတဲ့ ပုဂ္ဂိုလ်တွေပါပဲ။ သူတို့ရဲ့ကျေးဇူးကို သိရပါတယ်။ အခွင့်သာရင် ပြန်ဆပ်ရပါမယ်။ တစ်ညဖြစ်စေ နေဖို့နေရာ၊ စားစရာ သောက်စရာ ပေးဖူးတဲ့သူတွေ ကိုယ့်ဘဝတစ်လျှောက်မှာ အများကြီးပဲ ရှိပါတယ်။ အဲဒီလူတွေရဲ့ မကောင်းကျိုးကို စိတ်နဲ့တောင် မကြံစည်သင့်ပါ။ စိုနေတဲ့ လက်ကို ခြောက်မသွားစေသင့်ပါ။ ကိုယ် နားခိုဖူးတဲ့ သစ်ပင်တွေ အများကြီးပဲ ရှိပါတယ်။ အဲဒီသစ်ပင်တွေရဲ့ အကိုင်းအခက်တွေကို မချိုးသင့်ပါ။ မေတ္တာရိပ်ပေးခဲ့ကြတဲ့သူတွေလည်း အများကြီးပဲ ရှိပါတယ်။ အဲဒီ ကျေးဇူးရှင်တွေရဲ့ ကျေးဇူးကို မကန်းသင့်ပါ။ ကိုယ့်ကိုယ်သာ ချစ်တယ်လို့ အထင်ရောက်ထားတဲ့ ဇနီးကိုတောင် လော်လည်မှုရှိရင် အလိုမလိုက်ရာ။

## လင်္ကာ

၁။ ကျေးဇူးရှိသူ, ကျေးဇူးမူ, သိသူ ဖြစ်ရသည်။
၂။ သိရုံမက, ခွင့်သာက, ဆပ်ရပါသေးသည်။
၃။ နားခိုဖူးရာ, သစ်ပင်မှာ, ဖျက်တာ ရှောင်ရသည်။
၄။ ကျေးဇူးရှင်မှာ, မကောင်းတာ, ကြံတာ ရှောင်ရသည်။
၅။ ကျေးဇူးကန်းတာ, လောကမှာ, လွန်စွာ ယုတ်မာသည်။

http://www.dhammadownload.com

## ဝေဿန္တရာရဲ့စိတ်ထား

ဘုရားအလောင်းတော် ဝေဿန္တရာဟာ (၈) နှစ်သားအရွယ်မှာ မြတ်တဲ့ပြာသာဒ်ပေါ်ရောက်ပြီး ကျက်သရေရှိတဲ့ အိပ်ရာပေါ်မှာ ထိုင်ရင်းပဲ စဉ်းစားပါတယ်။

"ငါဟာ အပြင်ပအလှူဒါနကိုသာ လှူခဲ့တယ်။ အဲဒီအလှူက ငါ့ကို ကျေနပ်မှု မဖြစ်စေပါ။ ကိုယ်တွင်းပစ္စည်းတွေကို လှူလိုပါတယ်။ တစ်စုံတစ်ယောက်က ငါ့ဦးခေါင်းကို တောင်းခဲ့ရင် ငါ့ဦးခေါင်းကို ဖြတ်ပြီး သူ့အား ပေးချင်ပါဘိတယ်။ တစ်စုံတစ်ယောက်က ငါ့နှလုံးသားကို တောင်းခဲ့ရင် ရင်ကို ခွဲပြီး အသည်းကို ထုတ်ကာ ပေးချင်ပါဘိတယ်။ မျက်စိတွေကို တောင်းခဲ့ရင် မျက်စိတွေကို ထုတ်ကာ ပေးချင်ပါဘိတယ်။ ခန္ဓာကိုယ် အသားကို တောင်းခဲ့ရင် တစ်ကိုယ်လုံးက အသားကို ဖြတ်ကာ ပေးချင်ပါဘိတယ်။ ငါ့ရဲ့ အသွေးကို တောင်းလာခဲ့ရင် သွေးကို ယူကာ ပေးချင်ပါဘိတယ်။ "သင်ဟာ ငါ့ရဲ့ ကျွန်ဖြစ်လော့"လို့ တစ်စုံတစ်ယောက်က ပြောလာခဲ့ရင် ကိုယ့်ကိုယ်ကို ကျွန်လုပ်ပြီး ပေးချင်ပါဘိတယ်။"

ဘုရားအလောင်းတော် ဝေဿန္တရာဟာ မယ်တော်ဝမ်းက ထွက်လျှင်ထွက်ချင်းပဲ ညစ်ကြေးမတင် သန့်ရှင်းစင်ကြယ်စွာနဲ့ မျက်စိတွေကို

http://www.dhammadownload.com



ဖွင့်ကာ ထွက်လာပါတယ်။ ထွက်လာတယ်ဆိုရင်ပဲ မိခင်ထံ လက်ကို ဆန့်တန်းပြီး "အမေ၊ အလှူပေးချင်ပါတယ်။ အမေ့မှာ ပစ္စည်းတစ်စုံ တစ်ရာ ရှိပါသလား" လို့ ပြောပါတယ်။ အဲဒီအခါ ဝေဿန္တရာအား အမေက "ချစ်သား၊ သင် အလိုရှိသလို လှူပါ" လို့ ပြောပြီး ဆန့်တန်း နေတဲ့ လက်ထဲမှာ ငွေတစ်ထောင်ပါတဲ့ အိတ်ကို ထည့်လိုက်ပါတယ်။

ဝေဿန္တရာဟာ အသက် (၄) နှစ်၊ (၅) နှစ်အရွယ်မှာ သူဝတ်ထား တဲ့ တစ်သိန်းတန် အဆင်တန်ဆာကို ချွတ်ပြီး အထိန်းတော်တွေအား ပေးပါတယ်။ အထိန်းတော်တွေက ပြန်ပေးပေမယ့် မယူပါ။ ဖခင်ဘုရင် က နောက်တစ်ခု လုပ်ပေးပါတယ်။ အဲဒါကိုလည်း လှူပစ်ပါတယ်။ အဲဒီလို ကလေးဘဝမှာပဲ အထိန်းတော်တွေအား (၉) ကြိမ်တိုင်တိုင် အဆင်တန်ဆာကို လှူပါတယ်။

အသက် (၁၆) နှစ် ရောက်လာတဲ့အခါ ဝေဿန္တရာဟာ မင်းဖြစ် လာပါတယ်။ မင်းဖြစ်လာတဲ့ အချိန်ကစပြီး နေ့တိုင်း (၆)သိန်း စွန့်လွှတ် ပြီး အလှူကြီး ပေးပါတယ်။ တစ်လမှာ (၆) ကြိမ် ဆင်စီးပြီး အလှူ မဏ္ဍပ် (၆) ခုကို ကြည့်ပါတယ်။

မိုးခေါင်လို့ ကာလိင်္ဂဘုရင်က မင်္ဂလာဆင်ဖြူတော်ကို အလှူခံဖို့ လွှတ်လိုက်တဲ့ ပုဏ္ဏား (၈) ယောက်အား သွားလေရာမှာ မိုးရွာစေတဲ့ မင်္ဂလာဆင်ဖြူတော်ကို ဝေဿန္တရာမင်းက လှူလိုက်ပါတယ်။ အဲဒီ ဆင်ဖြူတော်ရဲ့နာမည်က ပစ္စယလို့ ခေါ်ပါတယ်။ အဲဒီပစ္စယဆင်ဖြူတော် ကို လှူလိုက်လို့ ဝေဿန္တရာဟာ သိဝိတိုင်းက ထွက်သွားရပါတယ်။ ဝေဿန္တရာဟာ အခြားအခြား အလှူတွေကိုလည်း အများကြီး လှူပါ သေးတယ်။ နောက်ဆုံးမှာ သား ဇာလီ၊ သမီး ကဏှာဇိန၊ ဇနီး မဒ္ဒီတို့ကို တောင် လှူလိုက်ပါသေးတယ်။

http://www.dhammadownload.com



ဝေဿန္တရာဟာ အဲဒီသား၊ သမီး၊ ဇနီးတွေထက် အဆပေါင်း တစ်ရာ၊ တစ်ထောင်၊ တစ်သိန်း ပိုပြီး သဗ္ဗညုတဉာဏ်ကိုသာ ချစ်ပါသတဲ့။ အဲဒီဒါနတွေဟာ သဗ္ဗညုတဉာဏ် ရဖို့ရန်အတွက် အထောက်အပံ့ ဖြစ်ပါစေလို့ ဆုတောင်းပါသတဲ့။

**(ဇာတက၊ ၄၊ သတ္တမ၊ ဝေဿန္တရဇာတ်၊ ၂၄၈)**

ဝေဿန္တရာလို လှူနိုင်ဖို့ကတော့ မလွယ်ပါ။ လှူဖို့ စိတ်ကူးတောင် ကူးမိဖို့ မလွယ်ပါ။ ဝေဿန္တရာရဲ့ ရက်ရောတဲ့ စိတ်ထားကတော့ ခေါင်ထိပ်ကို ရောက်နေပါပြီ။ ဝေဿန္တရာလို မလှူနိုင်တောင် လှူနိုင်တဲ့ ဝေဿန္တရာကိုတော့ အားကျသင့်ပါတယ်။ သူ့လောက် မလှူနိုင်တောင် ကိုယ့်အတိုင်းအတာနဲ့ကိုယ် လှူနိုင်အောင် ကြိုးစားကြရပါမယ်။

ပစ္စည်းတွေ ရှိပြီး မလှူနိုင်ကြတဲ့သူတွေဟာ ဝေဿန္တရာကို အားကျသင့်ကြပါတယ်။ ပစ္စည်းတွေအပေါ် တွယ်တာမှုလောဘကို သတ်နိုင်အားကောင်းလှတဲ့ ဝေဿန္တရာရဲ့စိတ်ထားဟာ မွန်မြတ်လှပါတယ်။ တွယ်တာမက်မောမှု လောဘတွေ ပြိုပျက်မွှေလို့ မလှူဘဲ ကျန်နေခဲ့တဲ့ ပစ္စည်းတွေဟာ ကိုယ့်နောက်ကို မပါလာကြပါ။ သေသွားရင် ဘယ်သူမှ ယူမသွားနိုင်ကြပါ။ အားလုံး ပစ်ထားခဲ့ကြရပါတယ်။ ဝေဿန္တရာကတော့ ပစ်မထားဘဲ သူ့နောက် ပါအောင် ယူသွားနိုင်ခဲ့ပါတယ်။

ဘုရားအလောင်းတော်ဟာ ဒီလို သား၊ သမီး၊ ဇနီးတွေကို မလှူနိုင်သေးရင် ဘုရားအဖြစ်ကို မရောက်နိုင်သေးပါဘူး။ သူလိုချင်တဲ့ သဗ္ဗညုတဉာဏ်တော်ကြီးကို မရနိုင်သေးပါဘူး။ သတ္တဝါတွေကို ဆင်းရဲကလွတ်အောင် ကယ်တင်လိုလို့ သဗ္ဗညုတဉာဏ်တော်ကြီးကို ရလိုခဲ့ပါတယ်။ သဗ္ဗညုတဉာဏ်တော်ကြီးကို ရဖို့ရာ အရင်းအနှီးပေါင်းများစွာကို ရင်းနှီးခဲ့ရပါတယ်။ ဝေဿန္တရာတစ်ဘဝမှာပဲ အရင်းအနှီးတွေက

http://www.dhammadownload.com



များလှပါတယ်။ အကျိုးက ကြီးမားလေလေ အရင်းအနှီးက ကြီးမားရလေလေပါပဲ။ စွန့်လွှတ်နိုင်အား ကောင်းလေလေ ပိုင်ဆိုင်မှုက များလာလေလေ ဖြစ်ပါတယ်။ စွန့်လွှတ်နိုင်မှုက ကြီးမားလေလေ ပိုင်ဆိုင်မှုက ကြီးမားလာလေလေ ဖြစ်ပါတယ်။

## လင်္ကာ

၁။ အလှူရက်ရော, သူ့သဘော, အံ့သြရပါသည်။
၂။ ဇနီး-သား-သမီး, လှူဒါန်းပြီး, ဉာဏ်ကြီး ရဖို့ ဆုတောင်းသည်။
၃။ သဗ္ဗညုတဉာဏ်, ရဖို့ရန်, အလွန် စိတ်သန်သည်။
၄။ ထိုဉာဏ် ရဖို့ရာ, ရင်းနှီးဟာ, လွန်စွာ များလှသည်။
၅။ ရင်းနှီးကြီးကြီး, ပေးဆပ်ပြီး, ဉာဏ်ကြီး ရလေပြီ။

http://www.dhammadownload.com

## ဓမ္မပါလမိသားစုရဲ့စိတ်ထား

တက္ကသိုလ်ပြည်က ဒိသာပါမောက္ခဆရာကြီးက ထမင်းစားပြီး အေးအေးဆေးဆေး ထိုင်နေတဲ့အခါ ဘုရားအလောင်း ဓမ္မပါလတက္ကသိုလ် ကျောင်းသားရဲ့ဖခင် ပုဏ္ဏားကို ပြောပါတယ်။ ပုဏ္ဏားကလည်း ပြန်ပြော ပါတယ်။

"ပုဏ္ဏား၊ သင့်ရဲ့သား ဓမ္မပါလဟာ ပညာတော်ပါတယ်။ ဗေဒင် သုံးပုံရဲ့ အတတ် (၁၈) မျိုး ပြီးဆုံးသွားပါပြီ။ ဒါပေမဲ့ ရောဂါတစ်ခု ကြောင့် သေသွားတယ်။ သင်္ခါရတရားအားလုံးဟာ မမြဲဘူး၊ ဝမ်းမနည်း ကြပါနဲ့"

ပုဏ္ဏားက လက်အုပ်တီးပြီး အကြီးအကျယ် ရယ်ပါတယ်။

"ပုဏ္ဏား ဘာကြောင့် ရယ်ပါသလဲ။"

"အကျွန်ုပ်ရဲ့သား ဓမ္မပါလ မသေပါ။ အခြားလူ သေတာ ဖြစ်ပါ လိမ့်မယ်။"

"ပုဏ္ဏား၊ သင့်ရဲ့သားပဲ သေတယ်။ သင့်သားရဲ့ အရိုးတွေကို ကြည့်ပြီး ယုံပါ။ ဒါတွေဟာ သင့်သားရဲ့အရိုးတွေပဲ။"

"ဒါတွေဟာ သိုး သို့မဟုတ် ခွေးရဲ့အရိုးတွေ ဖြစ်ပါလိမ့်မယ်။ အကျွန်ုပ်ရဲ့သား ဓမ္မပါလကတော့ မသေပါ။ ဟုတ်တယ်။ အကျွန်ုပ်တို့

http://www.dhammadownload.com



ရဲ့ အမျိုးမှာ ဆွေ (၇) ဆက်၊ မျိုး (၇) ဆက်တိုင်အောင် ငယ်ရွယ်စဉ်မှာ မသေကြပါဘူး။ သင်ဟာ လိမ်ညာပြောတယ်။"

အဲဒီခဏမှာ လူအားလုံးဟာ လက်ခုပ်တီးပြီး အကြီးအကျယ် ရယ်ကြပါတယ်။ ဒိသာပါမောက္ခဆရာကြီးက အဲဒီအံ့သြဖွယ်ကို မြင်ပြီး ဝမ်းသာလို့ -

"ပုဏ္ဏား၊ သင်တို့ရဲ့မျိုးရိုးမှာ ငယ်ရွယ်သူတွေ မသေကြတာဟာ အကြောင်းမရှိတာတော့ မဟုတ်နိုင်ပါ။ သင်တို့ရဲ့ကလေးငယ်တွေဟာ ဘာကြောင့် မသေကြပါသလဲ" လို့ မေးပါတယ်။

ပုဏ္ဏားက ဒီလို ပြောပါတယ်။

"အကျွန်ုပ်တို့က ကုသလကမ္မပထတရား (သုစရိုက်) ၁၀ ပါးကို ကျင့်ကြပါတယ်။ ရယ်စရာအနေနဲ့တောင် လိမ်ညာမပြောကြပါ။ မကောင်းမှုတွေကို ရှောင်ကြဉ်ကြပါတယ်။ အရိယာတွေ ကဲ့ရဲ့စရာ မစင်ကြယ်တဲ့ အလုပ်တွေကို ရှောင်ကြဉ်ကြပါတယ်။ ဒါကြောင့် အကျွန်ုပ်တို့ရဲ့ ကလေးတွေဟာ မသေကြပါ။"

"အကျွန်ုပ်တို့က သူတော်ကောင်းတွေရဲ့ တရားကိုရော မသူတော်တွေရဲ့ တရားကိုပါ နာယူကြပါတယ်။ မသူတော်တွေရဲ့ တရားကို နာကြားရုံသာ နာကြားကြပါတယ်။ ဆန့်ကျင်ဘက် မဖြစ်လိုလို့ပါပဲ။ သဘောကတော့ မကျကြပါ။ မသူတော်တွေကို ပယ်စွန့်ကြပါတယ်။ သူတော်ကောင်းတွေကိုတော့ ပေါင်းသင်းကြပါတယ်။

"အကျွန်ုပ်တို့က မလှူခင်ကာလမှာရော၊ လှူဆဲကာလမှာရော လှူပြီးကာလမှာပါ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြပါတယ်။"

"အကျွန်ုပ်တို့က ရဟန်း၊ ပုဏ္ဏား၊ ခရီးသွား၊ တောင်းစားသူ၊ ဆင်းရဲသားတွေကို စားဖွယ်သောက်ဖွယ်တွေနဲ့ ကျေနပ်အောင် လုပ်ပေးကြပါတယ်။"

http://www.dhammadownload.com



"အကျွန်ုပ်တို့ရဲ့ ဇနီးမောင်နှံနှစ်ဦးဟာ တစ်ဦးအပေါ်တစ်ဦး သစ္စာရှိကြပါတယ်။ ဖောက်လွဲဖောက်ပြား မရှိကြပါ။ ဇနီးမောင်နှံ အချင်းချင်းသာ ပျော်ပါးမှု ရှိကြပါတယ်။"

"အကျွန်ုပ်တို့ဟာ သတ်မှု၊ ခိုးမှု၊ သေရည်အရက် သောက်မှု၊ လိမ်ညာမှု မပြုကြပါ။"

"အကျွန်ုပ်တို့ရဲ့သားတွေဟာ သီလရှိတဲ့ မိန်းမမြတ်တွေထံမှာ ဖြစ်ကြပါတယ်။ အဲဒီသားတွေဟာ ပညာရှိကြပါတယ်။ ပညာကြီးကျယ်ကြပါတယ်။ ဗဟုသုတ ရှိကြပါတယ်။ ပညာနဲ့ ဆုံးခန်းတိုင်အောင် တတ်မြောက်ကြပါတယ်။"

"မိဘ၊ သားသမီး၊ ညီအစ်ကို မောင်နှမ၊ ဇနီး၊ ကျွန်ယောကျ်ား၊ ကျွန်မိန်းမ၊ အလုပ်ကျွေး၊ အလုပ်သမား၊ အကျွန်ုပ်တို့အားလုံးဟာ နောက်ဘဝကြောင့် သုစရိုက် (၁၀) ပါးကို ကျင့်ကြပါတယ်။ ဒါကြောင့် အကျွန်ုပ်တို့ရဲ့ ကလေးတွေဟာ မသေကြပါ။"

**(ဇာတက၊ ၄၊ စတုတ္ထ၊ မဟာဓမ္မပါလဇာတ်၊ ၅၂)**

ငယ်ငယ်ရွယ်ရွယ်နဲ့ မသေလိုကြသူတွေဟာ ဓမ္မပါလမိသားစုရဲ့ စိတ်ကောင်း စိတ်မြတ်၊ အကျင့်ကောင်း အကျင့်မြတ်တွေကို အတုယူကာ လိုက်နာကျင့်ကြရပါမယ်။

## လင်္ကာ

၁။ ဒါန-သီလာ, မြတ်ပညာ, သုတာ ရှိကြသည်။
၂။ ကိုယ်ကျင့်-နှုတ်ကျင့်, စိတ်အကျင့်,
အကျင့်အားလုံး ကောင်းကြသည်။
၃။ အကောင်းစုံစွ, ထိုဘဝ, သက်က ရှည်ပါသည်။
၄။ အသက်ရှည်ချင်, ကောင်းဖို့ပင်, အသင် လိုပါသည်။

http://www.dhammadownload.com

# တက္ကသိုလ်မင်းလောင်းရဲ့စိတ်ထား

လူ (၆)ယောက် ဂန္ဓရတိုင်းက တက္ကသိုလ်မြို့ကို သွားကြပါတယ်။ အဲဒီငါးယောက်ရဲ့ခေါင်းဆောင်က ဘုရားလောင်း ဖြစ်ပါတယ်။ ဘုရားလောင်းက ဗာရာဏသီက ဗြဟ္မဒတ်မင်းရဲ့ သားတစ်ရာထဲက အငယ်ဆုံးသား ဖြစ်ပါတယ်။ မင်းရဲ့နန်းတော်ကို ကြွလာတဲ့ ပစ္စေကဗုဒ္ဓါတွေရဲ့ ဝေယျာဝစ္စကို ဘုရားလောင်းက လုပ်ပေးပါတယ်။ ရေစစ်ယူပြီး ရေစစ်ပေးတယ်၊ ခြေဆေးပေးတယ်၊ ဆီလိမ်းပေးတယ်၊ ဗာရာဏသီနဲ့ တက္ကသိုလ်မြို့ဟာ ယူဇနာ(၁၂၀)ဝေးပါတယ်။ လမ်းခရီးအကြားမှာ တောအုပ်ကြီးရှိပါတယ်။ ဘီလူးမတွေက အဆင်းသဘောကျသူကို အဆင်းနဲ့၊ အသံသဘောကျသူကို အသံနဲ့၊ အနံ့သဘောကျသူကို အနံ့နဲ့၊ အရသာသဘောကျသူကို အရသာနဲ့၊ အတွေ့အထိ သဘောကျသူကို အတွေ့အထိနဲ့ ဖြားယောင်းပြီး ကိုက်သတ်စားကြပါတယ်။ ကိုယ့်ကိုယ်ကိုသတိနဲ့ ထိန်းသိမ်းပြီး တက္ကသိုလ်မြို့ကို အရောက်သွားနိုင်ရင် (၇) ရက်မြောက်မှာ အဲဒီလူဟာ ဘုရင် ဖြစ်ပါမယ်။

ဘုရားလောင်းက ပစ္စေကဗုဒ္ဓါတွေကို ပရိတ်လုပ်ပေးဖို့ လျှောက်ထားပြီး ပရိတ်သဲနဲ့ ပရိတ်ကြိုးကို ယူသွားကာ ပစ္စေကဗုဒ္ဓါတွေနဲ့ မိဘတွေကို ကန်တော့ပါတယ်။ အိမ်သွားပြီး သူ့လူ (၅) ယောက်ကို “ငါဟာ တက္ကသိုလ်မြို့ကို သွားပြီး မင်းအဖြစ်ကို ယူမယ်။ မင်းတို့ ဒီမှာပဲ နေရစ်ကြ” လို့ ပြောပါတယ်။ သူ့လူ (၅) ယောက်က သူတို့လည်း လိုက်မယ်လို့

http://www.dhammadownload.com



ပြောလို့ လမ်းခရီးမှာ ဘီလူးမတွေရဲ့ အန္တရာယ်ရှိကြောင်းကို ပြောပါတယ်။ အဲဒီလူ (၅) ယောက်ဟာ ဘုရားလောင်းနဲ့အတူ လိုက်လာကြပါတယ်။ လမ်းခရီးမှာ ငါးယောက်ထဲက အဆင်းကြိုက်သူကို အဆင်းအာရုံနဲ့၊ အသံကြိုက်သူကို အသံအာရုံနဲ့၊ အနံ့ကြိုက်သူကို အနံ့အာရုံနဲ့၊ အရသာကြိုက်သူကိုအရသာအာရုံနဲ့၊ အတွေ့အထိကြိုက်သူကို အတွေ့အထိအာရုံနဲ့ ဘီလူးမတွေက ဖြားယောင်းပြီး ကိုက်သတ် စားပစ်ကြပါတယ်။

ဘုရားလောင်းတစ်ယောက်ပဲ ကျန်ပါတော့တယ်။ ဘုရားလောင်းကို နည်းအမျိုးမျိုးနဲ့ ဖြားယောင်းကြပါတယ်။ ဘုရားလောင်းကို ဘယ်လိုနည်းနဲ့မှ ဖြားယောင်းလို့ မရပါ။ တက္ကသိုလ်မြို့ကို ရောက်သွားပါတယ်။ ဘီလူးမတစ်ယောက်က ဘုရားလောင်းနောက် လိုက်လာပါတယ်။ မြို့တံခါးရောက်လို့ ဇရပ်တစ်ခုမှာ ဘုရားလောင်းက ထိုင်နေပါတယ်။ ဘုရားလောင်းရဲ့ တန်ခိုးကြောင့် ဇရပ်အတွင်းကို ဘီလူးမက မဝင်ဝံ့ပါ။ နတ်သမီးအဆင်း ဖန်ဆင်းပြီး ဇရပ်ရဲ့တံခါးဝမှာ ရပ်နေပါတယ်။

အဲဒီအချိန်မှာ တက္ကသိုလ်မင်းက ဥယျာဉ်ကို သွားတဲ့အခါ ဘီလူးမကို မြင်ပြီး သဘောကျလို့ မိဖုရားခေါင်ကြီးအရာမှာ ထားပါတယ်။ တက္ကသိုလ်မင်းနဲ့တကွ ကြက်၊ ခွေးတွေက အစ နန်းတွင်းရှိ လူတွေအားလုံးကို ကိုက်သတ်စားပစ်ကြပါတယ်။ အရိုးပဲ ကျန်ပါတယ်။

ကျန်တဲ့ တိုင်းသားပြည်သူတွေက ဘုရားလောင်းရဲ့ တည်ကြည်မှု၊ အသိပညာရှိမှုကို သဘောကျကြပါတယ်။ ဘုရားလောင်း အုပ်ချုပ်ရင် လူတွေ ချမ်းသာမယ်လို့ ယူဆကာ ဘုရားလောင်းကို တက္ကသိုလ်မင်းအဖြစ် တင်မြှောက်ကြပါတယ်။

**(ဇာတက၊ ၄၊ ပဥ္စမ၊ တေလပတ္တဇာတ်၊ ၄၂၀)**

http://www.dhammadownload.com



လူ့လောက လူ့ဘဝမှာလည်း အဖျက်အဆီးအာရုံတွေက ပေါလှပါတယ်။ လူတွေဟာ အကောင်းလောကဓံ အာရုံကြောကို မျှောပါသွားတတ်ကြပါတယ်။ နစ်မြုပ်သွားတတ်ကြပါတယ်။ အကောင်းလောကဓံရဲ့ ဒဏ်ကို မခံနိုင်သူတွေဟာ ဘီလူးမတွေ အစားခံရတဲ့ လူ (၅) ယောက်ပမာ လမ်းခုလတ်မှာပဲ ပျက်စီးဆုံးရှုံးသွားကြပါတယ်။ ဘုရားလောင်းကတော့ သူ့ကိုယ်သူ ထိန်းသိမ်းနိုင်တဲ့အတွက် မင်းအဖြစ်ကို ရရှိခဲ့ပါတယ်။

ပန်းတိုင်ဆိုတာ အခက်အခဲတွေကို ရင်ဆိုင်ကျော်လွှားနိုင်သူတွေသာ ရောက်နိုင်တဲ့အရာ ဖြစ်ပါတယ်။ ဘုရားအလောင်းဟာ လမ်းခရီးမှာ ရင်ဆိုင်ရတဲ့ အခက်အခဲတွေကို အောင့်အည်းထိန်းသိမ်းမှုနဲ့ မကျော်လွှားနိုင်ခဲ့ရင် ပန်းတိုင်နဲ့ ဝေးခဲ့ပါလိမ့်မယ်။ ပန်းတိုင်ကို သွားတဲ့ခရီးလမ်းမှာ ကြမ်းတာတွေလည်း ရှိတယ်၊ နုတာတွေလည်း ရှိတယ်၊ အကြမ်းထက် အနုက ကျော်လွှားဖို့ ပိုခက်တတ်ပါတယ်။ အကြမ်း၊ အနုနှစ်မျိုးကို ရင်ဆိုင်ကျော်လွှားနိုင်အား ရှိသူတွေသာ ပန်းတိုင်နဲ့ ထိုက်တန်ပါတယ်။

ပန်းတိုင်ကို အရောက်ပို့ပေးနိုင်တဲ့ အရာတွေက တည်ကြည်မှုနဲ့ အသိပညာတို့ ဖြစ်ပါတယ်။ တည်ကြည်မှုနဲ့ အသိပညာ မရှိလို့ လူ(၅) ယောက်ဟာ လမ်းခုလတ်မှာ အသက်ဆုံးရှုံးသွားကြပါတယ်။ တည်ကြည်မှုနဲ့ အသိပညာဟာ ထိပ်တန်းကို ပို့ပေးနိုင်တဲ့ တရားနှစ်ပါး ဖြစ်ပါတယ်။

## လင်္ကာ

၁။ အောင့်အည်းစောင့်ပြီး, လိုရာခရီး,
အပြီးရောက်အောင် သွားရသည်။
၂။ မအောင့်နိုင်က, ပန်းတိုင်မှ, ဝေးရပါလေသည်။
၃။ ပန်းတိုင်ရောက်ချင်, အောင့်ဖို့ပင်, အစဉ်လိုအပ်သည်။

http://www.dhammadownload.com

# အရှင်အာနန္ဒာရဲ့စိတ်ထား

"မြတ်စွာဘုရား၊ မြတ်စွာဘုရားက တပည့်တော်အား မြတ်စွာဘုရားရဲ့ သင်္ကန်းကောင်း၊ ဆွမ်းကောင်းကို မပေးရင် ဂန္ဓကုဋိကျောင်းထဲမှာပဲ အတူတူနေခွင့် မပေးရင်၊ ဆွမ်းပင့်ကပ်ရာကို ခေါ်မသွားရင် တပည့်တော်ဟာ မြတ်စွာဘုရားကို ပြုစုလုပ်ကျွေးပါမယ်။"

အရှင်အာနန္ဒာက မြတ်စွာဘုရားအား လျှောက်ထားတဲ့စကားဖြစ်ပါတယ်။ ပထမဗောဓိမှ ဝါ (၂၀) ပတ်လုံး ပြုစုလုပ်ကျွေးတဲ့သူ မမြဲခဲ့ပါ။ တစ်ခါတစ်ရံ နာဂသမာလ၊ တစ်ခါတစ်ရံ နာဂိတ၊ တစ်ခါတစ်ရံ ဥပဝါန၊ တစ်ခါတစ်ရံ သုနက္ခတ္တ၊ တစ်ခါတစ်ရံ စုန္ဒသာမဏေ၊ တစ်ခါတစ်ရံ သာဂတ၊ တစ်ခါတစ်ရံ ရာဓ၊ တစ်ခါတစ်ရံ မေဃိယတို့ ပြုစုလုပ်ကျွေးကြပါတယ်။

"ရဟန်းတို့၊ အခု ငါဘုရား အသက်ကြီးပြီ။ တချို့ရဟန်းတွေက ဒီလမ်းက ငါတို့သွားစို့လို့ ပြောပေမယ့် အခြားလမ်းနဲ့ သွားကြတယ်။ တချို့ရဟန်းတွေက ငါဘုရားရဲ့ သပိတ်သင်္ကန်းကို မြေကြီးပေါ် ချသွားကြတယ်။ ငါဘုရားအတွက် အမြဲပြုစုမယ့် ရဟန်းတစ်ပါးကို သိကြ"

ဂန္ဓကုဋိပရိဝုဏ်မှာ ခင်းထားတဲ့ ဘုရားရှင့်နေရာမြတ်မှာ ရဟန်းအပေါင်းခြံရံကာ ထိုင်ရင်း ရဟန်းတွေကို အထက်ပါအတိုင်း မိန့်ပါတယ်။ ရဟန်းတွေမှာ တရားသံဝေဂ ဖြစ်ပါတယ်။ အဲဒီအခါ အရှင်သာရိပုတ္တရာက နေရာမှ ထပြီး ဘုရားရှင်ကို ရှိခိုးကာ "မြတ်စွာဘုရား၊

http://www.dhammadownload.com



တပည့်တော် မြတ်စွာဘုရားကိုပဲ တောင့်တပြီး တစ်အသချေ်နဲ့ ကမ္ဘာ တစ်သိန်း ပါရမီဖြည့်ခဲ့ပါတယ်။ တပည့်တော်လို ပညာကြီးသူဟာ အလုပ်အကျွေး ဖြစ်သင့်တယ် မဟုတ်ပါလား ဘုရား။ တပည့်တော် လုပ်ကျွေးပါမယ်" လို့ လျှောက်ပါတယ်။

"သာရိပုတ္တရာ၊ မသင့်ဘူး။ သင် နေတဲ့အရပ်ဟာ တကယ် မဆိတ် သုဉ်းတဲ့ အရပ်ပဲ။ မှန်တယ်၊ သင့်ရဲ့ဩဝါဒဟာ ဘုရားရှင်တွေရဲ့ ဩဝါဒ နဲ့ တူတယ်။ သင်က ငါဘုရားကို ပြုစုဖို့ ကိစ္စမရှိ" လို့ ပြောကာ ဘုရား ရှင်က ပယ်လိုက်ပါတယ်။ ဒီနည်းနဲ့ပဲ အရှင်မောဂ္ဂလာန်ကို အစပြုပြီး သာဝကကြီး (၈၀) ကို ပယ်တော်မူပါတယ်။

အရှင်အာနန္ဒာကတော့ ဆိတ်ဆိတ်နေပါတယ်။ အဲဒီအခါ ရဟန်း တွေက အရှင်အာနန္ဒာကို "ငါ့ရှင် အာနန္ဒာ၊ ရဟန်းအပေါင်းက ပြုစုတဲ့ ရာထူးကို တောင်းနေတယ်။ သင်လည်း တောင်းပါလား" လို့ ပြောကြ ပါတယ်။ "ငါ့ရှင်တို့ တောင်းလို့ရတဲ့ ရာထူးဆိုတာ ဘယ်လို သဘောရှိ သလဲ၊ မြတ်စွာဘုရားက ငါ့ကို မမြင်ဘူးလား။ မြတ်စွာဘုရားက သဘော ကျရင် 'အာနန္ဒာဟာ ငါ့ကို လုပ်ကျွေးပါစေ' လို့ မိန့်တော်မူလိမ့်မယ်"လို့ အရှင်အာနန္ဒာက ပြောပါတယ်။ အဲဒီအခါ မြတ်စွာဘုရားက "ရဟန်း တို့၊ အာနန္ဒာကို အခြားရဟန်းတွေ တိုက်တွန်းစရာ မလိုပါ။ သူ့ဘာသာ သူပဲ သိပြီး ငါဘုရားကို ပြုစုလိမ့်မယ်" လို့ မိန့်ပါတယ်။ အဲဒီအခါ ရဟန်း တွေက "ငါ့ရှင်အာနန္ဒာ ထလော့၊ ငါ့ရှင် အာနန္ဒာ ထလော့၊ မြတ်စွာ ဘုရားကို ပြုစုတဲ့ ရာထူး တောင်းလော့" လို့ ပြောကြပါတယ်။

အဲဒီအခါ အရှင်အာနန္ဒာက ထပြီး ပယ်ဆု (၄) ပါးနဲ့ တောင်းဆု (၄) ပါးကို တောင်းပါတယ်။ ပယ်ဆု (၄) ပါးက အစမှာ ဖော်ပြခဲ့တဲ့ ဆု (၄) ဆု ဖြစ်ပါတယ်။

http://www.dhammadownload.com



"အာနန္ဒာ၊ ဘယ်အပြစ်ကို မြင်လို့ ပယ်ဆု (၄) ခုကို တောင်းပါသလဲ။"

"မြတ်စွာဘုရား၊ ဒီဝတ္ထုတွေကို တပည့်တော် ရခဲ့ရင် 'အာနန္ဒာဟာ ဘုရားရှင်ရတဲ့ သင်္ကန်းကောင်း၊ ဆွမ်းကောင်းကို သုံးဆောင်ရတယ်။ ဂန္ဓကုဋိတစ်ကျောင်းတည်း နေတယ်။ ဆွမ်းပင့်ကပ်ရာကို အတူသွားတယ်။ ဒီလာဘ်ကို ရလို့ ဘုရားရှင်ကို ပြုစုလုပ်ကျွေးတာ။ ဒီလို ပြုစုလုပ်ကျွေးသူမှာ ဘာဝန်လေးစရာ ရှိမလဲ" လို့ ပြောကြပါလိမ့်မယ်။"

**(အင်္ဂုတ္တရ၊ ဋ္ဌ၊ ပ၊ ၂၂၈)**

အရှင်အာနန္ဒာရဲ့အခွင့်အရေးမလိုချင်တဲ့ စိတ်ထားဟာ အင်မတန်ပဲ ကြည်ညိုစရာကောင်းပါတယ်။ အခွင့်အရေးကောင်းဆိုရင် လက်မလွတ်ရအောင် အရအမိယူနေကြတဲ့ လူ့လောကကြီးထဲမှာ အခွင့်အရေးကောင်းကို မလိုချင်တဲ့ အရှင်အာနန္ဒာလို စိတ်ထားဟာ ရှားမှရှားပါတယ်။ အခွင့်အရေးကို မလိုချင်ဘဲ ဖြူစင်မြင့်မြတ်တဲ့ စိတ်ထားနဲ့ ဘုရားရှင်ကို ပြုစုတဲ့ အရှင်အာနန္ဒာရဲ့ စိတ်ထားကို အခွင့်အရေး မက်မောကြသူတွေ သတိပြုကာ အတုယူသင့်ကြပါတယ်။

## လင်္ကာ

၁။ အခွင့်ရေးကောင်း, သူ မတောင်း, စိတ်ကောင်း ရှိလှသည်။
၂။ စိတ်ကောင်းရှိပါ, အာနန္ဒာ, မြတ်ဗွာဘုရားကို ပြုစုသည်။
၃။ အခွင့်ကောင်း လိုလား, ထိုစိတ်ထား, သူကား ဖယ်ရှားသည်။
၄။ သူ့လိုစိတ်ထား, အသင်ကား, များများရှိအောင် လုပ်သင့်သည်။

http://www.dhammadownload.com

## အလှူပေး အလှူခံတို့ရဲ့ စိတ်ထား

"သမီး၊ ဘယ်နေရာမှာ ဆန်ဟောင်းတွေ ရှိတယ်၊ ဘယ်နေရာမှာ နို့ရည် ရှိတယ်၊ ဘယ်နေရာမှာ ထောပတ် ရှိတယ်၊ ဘယ်နေရာမှာ တင်လဲ ရှိတယ်။ သင့်ရဲ့အစ်ကို အယျမိတ္တမထေရ်အတွက် ဆွမ်းချက်ပြီး နို့ရည်၊ ထောပတ်၊ တင်လဲတွေနဲ့အတူ လှူလိုက်ပါ။ လှူပြီး သမီးလည်း စားပါ။ အမေကတော့ မနေ့က ချက်ထားတဲ့ ထမင်းကြမ်းကို ထမင်းရည်နဲ့ စားမယ်။"

"အမေ၊ နေ့လယ် ရောက်တော့ ဘာကို စားမှာလဲ။"

"ဟင်းရွက်ချဉ်ထည့်ပြီး ဆန်ကွဲနဲ့ ယာဂုချဉ်ကျိုကာ ထားလိုက်ပါ သမီး။"

တောထဲကို သွားခါနီး အမေက သမီးနဲ့ပြောနေတဲ့စကားကို အယျမိတ္တမထေရ်က သက်န်းရုံပြီး သပိတ်ထုတ်ရင်း ကြားလိုက်ရလို့ သူ့ကိုသူ ဆုံးမပါတယ်။

"ဒကာမကြီးက ထမင်းရည်နဲ့ ထမင်းကြမ်းကို စားမယ်တဲ့။ နေ့လယ်ရောက်တော့လည်း သစ်ရွက်ချဉ်နဲ့ ကျိုထားတဲ့ ယာဂုချဉ်ကို သောက်မယ်တဲ့။ သင့်အတွက်တော့ ဆန်ကောင်း စတာတွေကို ပြော နေတယ်။ သင့်ကို မှီပြီး ဒကာမကြီးဟာ လယ်၊ ယာ၊ ထမင်း၊ အဝတ်ကို မတောင့်တ။ လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သော ချမ်းသာကို တောင့်တပြီး လှူတယ်။ သင်က ဒကာမကြီးကို အဲဒီချမ်းသာသုံးမျိုးကို ပေးနိုင်မလား၊

http://www.dhammadownload.com



မပေးနိုင်ဘူးလား။ ဒီဆွမ်းကို ရာဂ၊ ဒေါသ၊ မောဟတွေနဲ့ မခံယူသင့်” လို့ ဆုံးမပြီး သပိတ်ကို အိတ်ထဲမှာ ထည့်ကာ အနာပတ်သီးကို ဖြည်ပြီး ပြန်သွားပါတယ်။

လယ်သမားရဲ့ လိုဏ်ဂူကိုပဲ သွားကာ သပိတ်ကို ညောင်စောင်းအောက်မှာ, သင်္ကန်းကို သင်္ကန်းတန်းမှာ ထားကာ “ရဟန္တာ မဖြစ်သေးသမျှ မထွက်တော့ဘူး”လို့ ဝီရိယကို အဓိဋ္ဌာန်ကာ ထိုင်ပါတယ်။ ကြာမြင့်စွာ သတိနဲ့နေခဲ့လို့ ဝိပဿနာပွားလိုက်ရာ နံနက်ပိုင်းမှာပဲ ရဟန္တာ ဖြစ်သွားပါတယ်။ ပွင့်နေတဲ့ ပဒုမ္မာကြာပန်းလို ပြုံးရွှင်ပြီး ဂူထဲက ထွက်လာပါတယ်။ လိုဏ်ဂူတံခါးအနီးက သစ်ပင်မှာ နေတဲ့နတ်က “အရှင်ဘုရား၊ ဆွမ်းခံဝင်တဲ့ အရှင်ဘုရားလို ရဟန္တာတွေအား ဆွမ်းလှူရလို့ အဘွားကြီးတွေ ဒုက္ခမှလွတ်ကြပါလိမ့်မယ်”လို့ ပြောပါတယ်။ မထေရ်က ထပြီး တံခါးကို ဖွင့်ရာ အချိန်ကို ကြည့်လိုက်တော့ စောနေသေးတာကို သိလို့ သပိတ်၊ သင်္ကန်းကို ယူကာ ရွာသို့ ဝင်ပါတယ်။

သမီးကလည်း ဆွမ်းကို ပြင်ဆင်ကာ “အခု ငါ့ရဲ့မောင်တော် လာတော့မယ်၊ အခု ငါ့ရဲ့မောင်တော် လာတော့မယ်”လို့ တံခါးကို ကြည့်ကာ ထိုင်နေပါတယ်။ သမီးက မထေရ် အိမ်တံခါးကို ရောက်လာတဲ့အခါ သပိတ်ကို ယူပြီး ထောပတ်၊ တင်လဲတွေနဲ့ ရောစပ်ထားတဲ့ နို့ဆွမ်းနဲ့ ပြည့်စေပြီး မထေရ်ရဲ့လက်မှာ ထားလိုက်ပါတယ်။ မထေရ်က ‘ချမ်းသာပါစေ’ လို့ အနုမောဒနာ (ဝမ်းမြောက်ဖွယ် စကား) ပြောကြားပြီး ဖဲသွားပါတယ်။ သမီးကလည်း မထေရ်ကို ကြည့်ရင်းပဲ ရပ်နေပါတယ်။ မှန်ပါတယ်၊ မထေရ်ရဲ့အရေအဆင်းဟာ အဲဒီအချိန်က အလွန်အကဲပဲ ဖြူစင်နေပါတယ်။ ဣန္ဒြေတွေက ကြည်လင်နေပါတယ်။ မျက်နှာတော်က အညာက ကြွေကျတဲ့ ထန်းသီးမှည့်လို အလွန်ပဲ တင့်တယ်နေပါတယ်။

http://www.dhammadownload.com



မိခင်က တောက ပြန်လာပြီး "သမီး၊ သင့်ရဲ့မောင်တော် လာရဲ့လား" လို့ မေးပါတယ်။ သမီးက အကြောင်းစုံကို ပြောပါတယ်။ မိခင်က "ဒီနေ့ ငါ့သားရဲ့ ရဟန်းကိစ္စ ပြီးဆုံးပြီ" လို့ သိလို့ "သမီး၊ သင့်ရဲ့ မောင်တော်ဟာ ဘုရားသာသနာတော်မှာ ပျော်သွားတယ်။ မပျင်းတော့ဘူး" လို့ ပြောပါတယ်။ **(အင်္ဂုတ္တရ၊ ၄၊ ပ၊ ၃၉၃)**

မိခင်က မထေရ်ကို သားအရင်းလို သဘောထားကာ ပြုစုပါတယ်။ သမီးကလည်း မောင်ကြီးလို သဘောထားကာ ပြုစုပါတယ်။ အလှူရှင်ဖြစ်တဲ့ အမေနဲ့သမီးက သဒ္ဓါလွှမ်းတဲ့ စိတ်ထားနဲ့ ကြည်လင်ဖြူစင်အေးမြစွာ၊ ကြင်နာစွာ၊ လှိုက်လှဲစွာ မထေရ်ကို ပြုစုကြပါတယ်။ မထေရ်ကလည်း အလှူခံကောင်း ပီသလှပါတယ်။ အလှူရှင်တွေရဲ့ စိတ်ထားတွေဟာ အေးမြ ကြည်လင်သလို မထေရ်ရဲ့စိတ်ထားလည်း မြင့်မြတ်လှပါပေတယ်။

အမေနဲ့သမီးတို့ရဲ့ သဒ္ဓါစိတ်၊ မေတ္တာစိတ်တွေဟာ ဖတ်ရှုရသူတို့ရဲ့ စိတ်နှလုံးကို ယူကျုံး ဆွဲဆောင်လှပါတယ်။ ဒီလိုအလှူရှင်တွေကို ကြည်ညိုလေးစားမိပါတယ်။ ဒီမထေရ်လို အလှူခံတွေကလည်း ရှားပါးပါပေတယ်။ ဒီလို အလှူရှင်တွေနဲ့ ဒီလိုအလှူခံတွေ များလာရင် သာသနာဟာ မည်မျှ ကျက်သရေရှိလာလေမလဲ။ ဒီအလှူရှင်တွေနဲ့ ဒီအလှူခံဟာ သာသနာတော်ရဲ့ အသရေကို ဆောင်ယူနိုင်ကြပါပေတယ်။

## လင်္ကာ

၁။ သမီးနဲ့အမေ, သဒ္ဓါတွေ, ဖြိုးဝေနေပါသည်။
၂။ အမေ့မှာစကား, အရှင်ကြား, တရား အားထုတ်သည်။
၃။ မကြာလိုက်ပါ, ရဟန္တာ, သူဟာ ဖြစ်သွားသည်။
၄။ သူတို့ခြေနေ, တွေးကြည့်လေ, စိတ်တွေ ကြည်လင်သည်။
၅။ သူတို့ဘဝ, ရတော်စွ, အားရဖွယ်ကောင်းသည်။

http://www.dhammadownload.com

## မဟာနာမ်ရဲ့ စိတ်ထား

သာကီဝင်ဖြစ်တဲ့ မဟာနာမ်က သာကီဝင်ဖြစ်တဲ့ ဂေါဓာထံ သွားပြီး "တရားဘယ်နှပါးနဲ့ ပြည့်စုံတဲ့သူကို သောတာပန်လို့ သင် သိပါသလဲ" လို့ မေးပါတယ်။ "တရားသုံးပါးအပေါ် ဉာဏ်နဲ့ သက်ဝင် ယုံကြည်မှု (၃) မျိုးနဲ့ ပြည့်စုံသူကို သောတာပန်လို့ သိပါတယ်" လို့ ဖြေပါတယ်။ မဟာနာမ်ကို ဂေါဓာက ပြန်မေးလို့ မဟာနာမ်က "ငါးပါးသီလ လုံခြုံမှုကိုပါ ထည့်ပြီး တရား (၄) ပါးနဲ့ ပြည့်စုံသူကို သောတာပန်လို့ သိရပါတယ်" လို့ ဖြေပါတယ်။

"မဟာနာမ်၊ သင် ဆိုင်းငံ့ဦးလော၊ မဟာနာမ် သင် ဆိုင်းငံ့ဦးလော၊ ဘုရားရှင်သာ ဒီတရားတွေနဲ့ ပြည့်စုံတဲ့သူ၊ မပြည့်စုံတဲ့သူကို သိတယ်" လို့ ပြောပြီး ဘုရားရှင်ထံ နှစ်ယောက်သား သွားကြပါတယ်။ ရှိခိုးပြီး သင့်တင့်တဲ့ နေရာမှာ ထိုင်ကြပါတယ်။ မဟာနာမ်က အကြောင်းစုံကို ဘုရားရှင်အား လျှောက်ပြပါတယ်။

ပြီးတော့ ဒီလိုလည်း ဆက်လျှောက်ပါသေးတယ်။

"မြတ်စွာဘုရား၊ အကြောင်းကိစ္စ တစ်စုံတစ်ရာ ပေါ်လာလို့ မြတ်စွာဘုရားနဲ့ ရဟန်းအပေါင်းနဲ့ အယူဝါဒ မတူမျှဘဲ ကွဲပြားနေရင် တပည့်တော်က မြတ်စွာဘုရားဘက်ကပဲ ပါပါတယ် ဘုရား။ မြတ်စွာ

http://www.dhammadownload.com



ဘုရားက တပည့်တော်ကို ဒီလောက် ကြည်ညိုတယ်လို့ မှတ်ယူတော်မူပါ ဘုရား”

“ဘုရားရှင်က သိစရာမှန်သမျှကို အကုန်သိတဲ့ ဉာဏ်ပိုင်ရှင် ဖြစ်ပါတယ်။ ရဟန်းအပေါင်းက သိစရာမှန်သမျှ အကုန် မသိလို့ မသိဘဲလည်း ပြောနိုင်ရာပါတယ်။ ဘုရားရှင်မှာတော့ မသိတာ မရှိပါ။ ဒါကြောင့် တပည့်တော်က ဘုရားဘက်ကပဲ ပါခြင်း ဖြစ်ပါတယ်။”

“မြတ်စွာဘုရား၊ အကြောင်းကိစ္စတစ်စုံတစ်ရာ ပေါ်လာလို့ မြတ်စွာဘုရားနဲ့ ရဟန်းအပေါင်း၊ ရဟန်းမအပေါင်းနဲ့ အယူဝါဒ မတူမျှဘဲ ကွဲပြားနေရင် တပည့်တော်က မြတ်စွာဘုရားဘက်ကပဲ ပါပါမယ် ဘုရား။ မြတ်စွာဘုရားက တပည့်တော်ကို ဒီလောက် ကြည်ညိုတယ်လို့ မှတ်ယူတော်မူပါ ဘုရား။”

“မြတ်စွာဘုရား၊ အကြောင်းကိစ္စ တစ်စုံတစ်ရာ ပေါ်လာလို့ မြတ်စွာဘုရားနဲ့ ရဟန်းအပေါင်း၊ ရဟန်းမအပေါင်း၊ ဥပါသိကာ ဒကာတွေနဲ့ အယူဝါဒမတူမျှဘဲ ကွဲပြားနေရင် တပည့်တော်က မြတ်စွာဘုရားဘက်ကပဲ ပါပါမယ် ဘုရား။ မြတ်စွာဘုရားက တပည့်တော်ကို ဒီလောက် ကြည်ညိုတယ်လို့ မှတ်ယူတော်မူပါ ဘုရား”

“မြတ်စွာဘုရား၊ အကြောင်းကိစ္စ တစ်စုံတစ်ရာ ပေါ်လာလို့ မြတ်စွာဘုရားနဲ့ ရဟန်းအပေါင်း၊ ရဟန်းမအပေါင်း၊ ဒကာတွေ၊ ဥပါသိကာ ဒကာမတွေနဲ့အယူဝါဒ မတူမျှဘဲ ကွဲပြားနေရင် တပည့်တော်က မြတ်စွာဘုရားဘက်ကပဲ ပါပါမယ် ဘုရား။ မြတ်စွာဘုရားက တပည့်တော်ကို ဒီလောက် ကြည်ညိုတယ်လို့ မှတ်ယူတော်မူပါ ဘုရား”

“မြတ်စွာဘုရား၊ အကြောင်းကိစ္စ တစ်စုံတစ်ရာ ပေါ်လာလို့ မြတ်စွာဘုရားနဲ့ ရဟန်းအပေါင်း၊ ရဟန်းမအပေါင်း၊ ဥပါသကာ၊ ဥပါ

http://www.dhammadownload.com



သိကာ၊ နတ်လောက၊ ဗြဟ္မာလောကနဲ့တကွ လောကကြီးတစ်လုံးနဲ့ အယူဝါဒ မတူမျှဘဲ ကွဲပြားနေရင် တပည့်တော်က မြတ်စွာဘုရားဘက်ကပဲ ပါပါမယ် ဘုရား။ မြတ်စွာဘုရားက တပည့်တော်ကို ဒီလောက်ကြည်ညိုတယ်လို့ မှတ်ယူတော်မူပါ ဘုရား။"

"ဂေါဓာ၊ ဒီလိုဝါဒရှိတဲ့ မဟာနာမ်ကို သင်က ဘာပြောသလဲ။"

"မြတ်စွာဘုရား၊ ဒီလိုဝါဒရှိတဲ့ မဟာနာမ်ကို တပည့်တော်က ကောင်းတာ၊ အပြစ်ကင်းတာကို ဖယ်ထားပြီး ဘာကိုမှ မပြောပါ ဘုရား။ သူ့ရဲ့ဝါဒက အပြစ်ကင်းပါတယ် ဘုရား"

**(မဟာဝဂ္ဂသံယုတ်၊ ၃ သရဏာနိဝဂ်၊ ၃ ဂေါဓသက္ကသုတ်၊ ၃၂၄)**

ဘုရားနဲ့နတ် ယှဉ်လာရင် နတ်ဘက်ပါကြသူတွေ၊ ဘုရားနဲ့ဗေဒင်ဆရာ ယတြာဆရာ ယှဉ်လာရင် ဗေဒင်ဆရာ၊ ယတြာဆရာဘက် ပါကြသူတွေ၊ ဘုရားနဲ့ဖန်ဆင်းရှင် ယှဉ်လာရင် ဖန်ဆင်းရှင်ဘက်ပါကြသူတွေ၊ ဘုရားနဲ့ဘာသာခြားဝါဒရှင် ယှဉ်လာရင် ဘာသာခြားဘက် ပါကြသူတွေ၊ ဘုရားနဲ့ ဘာသာမဲ့ ဝါဒရှင် ယှဉ်လာရင် ဘာသာမဲ့ဝါဒနောက်လိုက်သူတွေ၊ ဘုရားနဲ့ပစ္စည်းရှင် အာဏာရှင်တွေ ယှဉ်လာရင် ပစ္စည်းရှင် အာဏာရှင်တွေနောက် လိုက်သူတွေဟာ မဟာနာမ်ရဲ့ စိတ်ထားကို အတုယူသင့်ကြပါတယ်။

## လင်္ကာ

၁။ ဘုရားက တစ်ဖက်, ကျန်တစ်ဖက်,
ဘုရားဘက်သာ လိုက်ပါသည်။
၂။ ဘုရားပေါ်တွင်, ဤသို့လျှင်, လွန်ပင် ကြည်ညိုသည်။
၃။ မြတ်ဘုရားဟာ, သိစရာ, ကုန်သာ သိပါသည်။
၄။ ထို့ကြောင့် မဟာနာမ, ဘုရားဘက်က, လုံးဝ ရပ်တည်သည်။
၅။ ဘုရား၏သား, အသင်ကား, ဘုရားဘက်သာ ရပ်သင့်သည်။

http://www.dhammadownload.com

## အရှင်မောဂ္ဂလာန်ရဲ့ စိတ်ထား

ဘုရားရှင်ဟာ စာတုမာရွာ သျှစ်သျှားတောမှာ သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်အမှူးရှိတဲ့ ရဟန်းငါးရာက ဘုရားရှင်ကို ဖူးဖို့ စာတုမာရွာကို ရောက်လာကြပါတယ်။ အဲဒီဧည့်သည်ရဟန်းတွေက အမြဲနေရဟန်းတွေနဲ့ နှုတ်ဆက်စကား ပြောကြပါတယ်။ ဆရာ ဥပဇ္ဈာယ်တွေအတွက် နေရာတွေကို ပေးကြ၊ တံခါးတွေကို ဖွင့်ကြ၊ ညောင်စောင်း၊ အင်းပျဉ်၊ ဖျာစတာတွေကို ထုတ်ပြီး ခါကြကာ ထားမြဲနေရာမှာ ပြန်ထားကြပါတယ်။ သပိတ်၊ သင်္ကန်း၊ ခွက်၊ ရေဘူး၊ တောင်ဝှေးတွေကို သိမ်းဆည်းကြပါတယ်။ အဲဒါတွေကို လုပ်ရင်း အသံတွေက အထက်ကိုလည်း မြင့်တက်၊ ဘေးကိုလည်း ပြန့်သွားကြပါတယ်။

"အာနန္ဒာ၊ ဒီဆူညံတဲ့ အသံတွေက ဘာသံတွေလဲ၊ ငါးရောင်းတဲ့နေရာမှာ ငါးဝယ်သူတွေရဲ့ အသံတွေများလား" လို့ အရှင်အာနန္ဒာကို မေးပါတယ်။ အရှင်အာနန္ဒာက ဧည့်သည်ရဟန်းတွေရဲ့ အသံတွေ ဖြစ်ကြောင်း လျှောက်ထားလို့ အခေါ်ခိုင်းကာ "သင်တို့ သွားကြ၊ သင်တို့ကို နှင်ထုတ်တယ်၊ သင်တို့ ငါဘုရားထံမှာ မနေထိုက်ဘူး" လို့ မိန့်တော်မူပါတယ်။ "မှန်ပါဘုရား"လို့ လျှောက်ကာ နေရာမှထပြီး ဘုရားရှင်ကို ရှိခိုး၊

http://www.dhammadownload.com



အရိုအသေပြု၊ ကျောင်းကို သိမ်းဆည်း၊ သပိတ်သင်္ကန်းကို ယူကာ ထွက်သွားကြပါတယ်။ ထွက်သွားကြတဲ့ ရဟန်းတွေထဲက တစ်ပါးကမှ "ဘုရားရှင်က ငါတို့ကို အသံဆူညံရုံနဲ့ နှင်ထုတ်တယ်" လို့လည်း မပြော၊ အခြားစကားကိုလည်း မပြောကြပါ။ "ငါတို့ဟာ ဘုရားရှင်ကို ဖူးကြမယ်၊ တရားစကားကို နာကြားကြမယ်၊ ဘုရားရှင်ထံမှာ နေကြမယ်လို့ ရည်ရွယ်ကာ လာခဲ့ကြပါတယ်။ ငါတို့ဟာ ဆရာဘုရားရှင်ရဲ့ အထံ လာပြီး အသံဆူညံကြတယ်၊ ငါတို့ရဲ့ အပြစ်ပါပဲ။ ငါတို့နှင်ထုတ်ခံကြရ တယ်။ ငါတို့ ဘုရားရှင်ထံ နေခွင့် မရ၊ ရွှေအဆင်းရှိတဲ့ ဘုရားရှင်ခန္ဓာ ကိုယ်လည်း ဖူးမြော်ခွင့် မရ၊ တရားသံကိုလည်း နာခွင့် မရကြတော့ ဘူး" လို့ တွေးကာ အကြီးအကျယ် စိတ်မကောင်းဖြစ်ကြပါတယ်။

အခုပဲ လာပြီး အခုပဲ ပြန်သွားကြတဲ့ ရဟန်းတွေကို ကိစ္စတစ်ခု ရှိလို့ လွှတ်တော်မှာ စည်းဝေးနေကြတဲ့ စာတုမာရွာက သာကီဝင်တွေ က မြင်ကြရပါတယ်။ "အရှင်ဘုရားတို့၊ အခု ဘယ်ကို ကြွကြမလို့လဲ" လို့ လျှောက်တော့ "ဒကာတို့၊ ငါတို့ကို ဘုရားရှင်က နှင်ထုတ်လိုက် တယ်"လို့ ပြောကြပါတယ်။ "အရှင်ဘုရားတို့ ခဏထိုင်ကြပါဦး၊ ဘုရား ရှင်ကို တပည့်တော်တို့ လျှောက်ထားလို့ ရနိုင်လောက်တယ်" လို့ ပြော ကာ ဘုရားရှင်ထံ သွားပြီး ဘုရားရှင်ကို ရှိခိုးကာ သင့်တော်ရာမှာ ထိုင် နေကြပါတယ်။ ပြီးတော့ "မြတ်စွာဘုရား၊ ရဟန်းအပေါင်း ပြန်လာ တာကို အလိုရှိတော်မူပါ၊ ရဟန်းအပေါင်း လာလေလို့ စိတ်ဖြစ်ပေါ်ပြီး ခေါ်တော်မူပါ။ ရှေးကလိုပဲ ပစ္စည်းနဲ့ရော တရားနဲ့ပါ တရားအပေါင်းကို ချီးမြှောက်တော်မူပါ။ ဒီရဟန်းတွေဟာ သာသနာဘောင် ရောက်တာ မကြာကြသေးပါ။ ရဟန်းသစ်တွေ ဖြစ်ကြပါတယ်။ ဘုရားရှင်ကို မဖူးရ ရင် သဒ္ဓါတရားတွေ ပြောင်းလဲသွားနိုင်ပါတယ်။ ရေမရတဲ့ သစ်ပင်နဲ့ မိခင်ကို မမြင်ရတဲ့ နို့စို့နွားငယ်လေးလိုပါပဲ ဘုရား" လို့ လျှောက်ပါ

http://www.dhammadownload.com



တယ်။ သဟမ္ပတိဗြဟ္မာကလည်း လာပြီးလျှောက်ပါတယ်။ သူတို့ လျှောက်ထားတာ အောင်မြင်ပါတယ်။

အရှင်မောဂ္ဂလာန်က ဒိဗ္ဗစက္ခုအဘိညာဉ်နဲ့ သဟမ္ပတိဗြဟ္မာ လာလျှောက်တာကိုလည်း မြင်ပါတယ်။ ဒိဗ္ဗသောတ အဘိညာဉ်နဲ့ လျှောက်ထားသံကိုလည်း ကြားပါတယ်။ စေတောပရိယအဘိညာဉ်နဲ့ ဘုရားရှင်ရဲ့ စိတ်အခြေအနေကိုလည်း သိပါတယ်။ ဒါကြောင့် ဘုရားရှင်က အခေါ်မခိုင်းခင်ဘဲ ဘုရားရှင်ထံ ပြန်လာကြပါတယ်။ ဘုရားရှင်က "ငါဘုရား နှင်ထုတ်လိုက်တဲ့အခါ သာရိပုတ္တရာ သင့်မှာ ဘယ်လိုဖြစ်သလဲ" လို့ မေးလို့ "အခု ဘုရားရှင်က အခြားကိစ္စတွေကို ကြောင့်ကြမစိုက်တော့ဘဲ အလိုရှိသလောက် ဖလသမာပတ်နဲ့ နေတော့မယ်။ ငါလည်း အဲဒီလိုပဲ နေတော့မယ်လို့ ဖြစ်ပါတယ်" လို့ လျှောက်တော့ -

"ဆိုင်းငံ့ဦး သာရိပုတ္တရာ၊ ဆိုင်းငံ့ဦး သာရိပုတ္တရာ" လို့ မိန့်ပါတယ်။

အရှင်မောဂ္ဂလာန်ကို မေးတော့"ဘုရားရှင်က ရဟန်းအပေါင်းကို နှင်ထုတ်တယ်။ အခု ဘုရားရှင်က အခြားကိစ္စတွေကို ကြောင့်ကြမစိုက်တော့ဘဲ အလိုရှိသလောက် ဖလသမာပတ်နဲ့ နေတော့မယ်။ အခု ငါနဲ့ အရှင်သာရိပုတ္တရာက ရဟန်းအပေါင်းကို ဦးဆောင်ရတော့မယ်လို့ တွေးမိပါတယ်" လို့ လျှောက်လို့ -

"မောဂ္ဂလာန် သာဓု၊ သာဓု၊ ရဟန်းအပေါင်းကို ငါဘုရားက ဖြစ်စေ၊ သာရိပုတ္တရာ၊ မောဂ္ဂလာန်ကဖြစ်စေ ဦးဆောင်ရမယ်" လို့ မိန့်ပါတယ်။

ကိုယ့်တာဝန်ကို သိတဲ့ အရှင်မောဂ္ဂလာန်ရဲ့စိတ်ထားဟာ ထူးခြားပါတယ်။ အတုယူဖွယ် ကောင်းပါပေတယ်။

**(မဇ္ဈိမပဏ္ဏာ ၂၊ ဘိက္ခုဝဂ်၊ ၇ စာတုမသုတ်၊ ၁၂၁)**

http://www.dhammadownload.com



## လင်္ကာ

၁။ ဆူညံနေလျှင်, ဘုရားရှင်, နှင်တောင် ထုတ်ခဲ့သည်။
၂။ အသံကျယ်လျှင်, ဘုရားရှင်, လွန်ပင် ရှုတ်ချသည်။
၃။ ငါးလုကြရာ, တံငါတွေပမာ, မြတ်စွာ မိန့်ခဲ့သည်။
၄။ ကြောင့်ကြမဲ့စွာ, နေလိုတာ, မြတ်စွာဗုဒ္ဓ မလိုပြီ။
၅။ ကြောင့်ကြစိုက်ဘိ, တာဝန်သိ,
မောဂ္ဂလာန်၏ စိတ်ကို ချီးကျူးသည်။

http://www.dhammadownload.com

## မထေရ်ကြီးတွေရဲ့စိတ်ထား

ဒုတိယသင်္ဂါယနာတင်ပြီးတဲ့အခါ မထေရ်တွေက "နောင်အခါမှာလည်း သာသနာတော်ရဲ့ ဒီလိုဘေးရန်ဖြစ်လေဦးမလား"လို့ ဆင်ခြင်ကြည့်ကြတဲ့အခါ "အခုအချိန်က နောက်နှစ်ပေါင်း (၁၀၈) နှစ်ကြာတဲ့အခါ ပါဋလိပုတ်မြို့မှာ ဓမ္မာသောကမင်း ပေါ်လာပြီး ဇမ္ဗူဒိပ်တစ်ကျွန်းလုံးကို မင်းလုပ်အုပ်ချုပ်လိမ့်မယ်။ အဲဒီမင်းက ဘုရားသာသနာတော်မှာ ကြည်ညိုပြီး အကြီးအကျယ် လှူလိမ့်မယ်။ ဒါကြောင့် လာဘ်လာဘ ပူဇော်သက္ကာရ ရလိုတဲ့ သာသနာပ အယူရှိသူတွေက သာသနာတော်မှာ ရဟန်းဝတ်ကာ သူတို့ရဲ့ ဘာသာခြားအယူအဆတွေကို ဟောပြောကြပါမယ်။ ဒီလိုနည်းနဲ့ သာသနာမှာ ကြီးမားတဲ့ ဘေးရန် ဖြစ်မယ်"လို့ မြင်ကြပါတယ်။

အဲဒီဘေးရန် ဖြစ်ပေါ်လာတဲ့အခါ သူတို့ အသက်ရှိဦးမလား၊ မရှိတော့ဘူးလားလို့ ဆင်ခြင်တဲ့အခါ သူတို့အားလုံး မရှိတော့တာကို သိလို့ "အဲဒီ ဘေးရန်ကို ဘယ်သူ နှိမ်နင်းနိုင်လေမလဲ" လို့ လူ့လောကကြီး တစ်ခုလုံးနဲ့ နတ်ပြည် (၆) ထပ်ကို ကြည့်ကြပါတယ်။ တစ်ယောက်ကိုမှ မတွေ့ကြပါဘူး။ ဗြဟ္မာ့ပြည်မှာ တိဿမဟာဗြဟ္မာ စုတေခါနီးနေကြောင်း အထက်ဗြဟ္မာဘုံသွားဖို့ အဆင်သင့် ဖြစ်နေကြောင်းကို မြင်ကြပါတယ်။ မြင်ကြလို့ "ငါတို့ ဒီတိဿဗြဟ္မာ လူ့ပြည်မှာ ဖြစ်ဖို့ရာ

http://www.dhammadownload.com



ကြိုးစားကြရင် ဒီဗြဟ္မာဟာ သေချာပေါက် မောဂ္ဂလိပုဏ္ဏားရဲ့ အိမ်မှာ ပဋိသန္ဓေ ယူလိမ့်မယ်။ အဲဒီကနောက် မန္တန်တွေနဲ့ ဖြားယောင်းခံရလို့ အိမ်က ထွက်ပြီး ရှင်ရဟန်းဝတ်လိမ့်မယ်။ အဲဒီလို ဝတ်ပြီး ဘုရားစကား အားလုံးကို သင်ယူကာ ခွဲခြမ်းစိတ်ဖြာတဲ့ ဉာဏ်ရပြီး တိတ္ထိ (သာသနာပ အယူရှိသူ) တွေကို နှိမ်နင်းကာ အဲဒီအဓိကရုဏ်းကို ဆုံးဖြတ်ပြီး သာသနာတော်ကို ချီးမြှောက်လိမ့်မယ်" လို့ သိမြင်ကြပါတယ်။

အဲဒီမထေရ်တွေဟာ ဗြဟ္မာ့ပြည်ကို သွားပြီး တိဿဗြဟ္မာကို "အခုအချိန်က နောက်နှစ်ပေါင်း(၁၀၈)နှစ်ကြာတဲ့အခါ သာသနာတော်မှာ ဘေးရန်ကြီး ဖြစ်ပါလိမ့်မယ်။ ငါတို့က လူ့လောကကြီး တစ်ခုလုံးနဲ့ နတ်ပြည်(၆)ထပ်ကို ကြည့်ကြတဲ့အခါ သာသနာတော်ကို ချီးမြှောက်နိုင်မယ့်သူကို တစ်ယောက်မှ မတွေ့ရလို့ ဗြဟ္မာ့ပြည်ကို ရှာဖွေကြတဲ့အခါ အသင်ဗြဟ္မာကိုသာ မြင်ကြပါတယ်။ သူတော်ကောင်း သင်ဟာ လူ့ပြည်မှာ ဖြစ်ပြီး မြတ်စွာဘုရားရဲ့ သာသနာတော်ကို ချီးမြှောက်ဖို့ရာ ဝန်ခံချက် ပေးပါ" လို့ ပြောကြပါတယ်။

အဲဒီလို ပြောတဲ့အခါ တိဿမဟာဗြဟ္မာက "ငါဟာ သာသနာတော်မှာ ဖြစ်ပေါ်လာမယ့် ဘေးရန်ကို သုတ်သင်ပြီး သာသနာတော်ကို ချီးမြှောက်နိုင်သူ ဖြစ်လိမ့်မယ်တဲ့" လို့ တွေးကာ အပျော်ကြီးပျော်ကာ အလွန်တက်ကြွပြီး "ကောင်းပါပြီ" လို့ ဝန်ခံချက်ပေးလိုက်ပါတယ်။ မထေရ်တွေက ဗြဟ္မာပြည်မှာ အဲဒီကိစ္စပြီးစေပြီး လူ့ပြည်ကို ပြန်ကြွလာကြပါတယ်။ **(ပါရာဇိကဏ်၊ ၄၊ ပ၊ ၂၇)**

အနာဂတ်သာသနာတော်အတွက် ကြောင့်ကြကြီးတော်မူကြတဲ့ မထေရ်တွေရဲ့စိတ်ထားကို လေးစားမိပါတယ်၊ ကြည်ညိုမိပါတယ်၊ အားရမိပါတယ်။ မထေရ်တွေသာ ဒီလိုကြောင့်ကြကြီးတော်မမူခဲ့ကြရင်

http://www.dhammadownload.com



ယခု ရဟန်းရှင်လူတွေ သာသနာတော်ကြီးကို ဒီလိုအခြေအနေနဲ့ တွေ့ဖို့ လွယ်မှာ မဟုတ်ပါ။ ယခုကာလ ဆရာတော်ကြီးများကလည်း နောင်အနာဂတ်သာသနာတော်အရေးကို ကြိုတင်တွေးကာ ကြောင့်ကြကြီးတော်မူကြရပါမယ်။ ဘာသိဘာသာ ကိုယ်နဲ့မဆိုင်သလို နေသွားကြရင်တော့ အနာဂတ်သာသနာအရေး ရင်လေးစရာ ဖြစ်ပါတယ်။

သာသနာတော်ရဲ့ တန်ဖိုးနဲ့အကျိုးကို မသိသူတွေက သာသနာနောင်ရေးအတွက် အေးအေးဆေးဆေးပဲ နေတတ်ကြပါတယ်။ ကိုယ်ကိုယ်တိုင် သာသနာအလုပ်ကို အစွမ်းကုန် ကြိုးစားအားထုတ်ရပါမယ်။ နောင်လာနောက်သား ပခုံးပြောင်းတာဝန်ယူရမယ့် ပုဂ္ဂိုလ်လေးတွေကိုလည်း ရွေးချယ်ထားရပါမယ်။ ကိုယ့်လိုဆောင်ရွက်နိုင်အောင် လေ့ကျင့်ပေးရပါမယ်၊ ပြုစုပျိုးထောင်ပေးရပါမယ်။ အဲဒီပခုံးပြောင်းတာဝန်ယူရတဲ့ ပုဂ္ဂိုလ်တွေကလည်း တစ်ဆင့် လက်ဆင့်ကမ်းပေးထားရမယ့် ပုဂ္ဂိုလ်လေးတွေကို ရွေးချယ်ထားကြရပါမယ်။ ဒါမှ ဒီသာသနာတော်ကြီးဟာ ရေရှည်တည်တံ့နိုင်မှာ ဖြစ်ပါတယ်။

နောက်နောင်ပုဂ္ဂိုလ်တွေက ရှေးရှေးပုဂ္ဂိုလ်ကြီးတွေရဲ့ထုံးကို နှလုံးမူပြီး ဆောင်ရွက်ကြရပါမယ်။ ရှေးရှေးပုဂ္ဂိုလ်ကြီးတွေ လျှောက်ပြထားတဲ့ လမ်းကို ဆက်ပြီး လျှောက်သွားရင် နောက်နောက်ပုဂ္ဂိုလ်တွေရဲ့ လက်ထက်မှာလည်း သာသနာတော်ကြီးဟာ အသရေရှိပြီး တင့်တယ်ငြိမ့်ထည်နေလိမ့်မယ်။

## လင်္ကာ

၁။ သာသနာနောင်ရေး, မျှော်ကာ တွေး, အရေးတယူ ရှိခဲ့သည်။
၂။ ထို့ကြောင့် ခုခါ, သာသနာ, တို့ဟာ တွေ့ရသည်။
၃။ သာသနာနောင်ရေး, တို့လည်း တွေး, အရေးတယူ ရှိရမည်။
၄။ သို့မှ သာသနာ, နောင်အခါ, ရှည်ကြာ တည်လိမ့်မည်။

http://www.dhammadownload.com

## မယတို့ရဲ့စိတ်ထား

ရှေးက မဂဓတိုင်း၊ မစလရွာမှာ မဃဆိုတဲ့ လုလင် ရှိတယ်။ ရွာမှာ အလုပ်လုပ်တဲ့ နေရာကို သွားပြီး သူရပ်တဲ့နေရာမှာ ခြေဖျားနဲ့ မြေမှုန်ကို ယက်ပြီး ပျော်စရာကောင်းအောင် လုပ်ကာ ရပ်နေတယ်။ အခြားလူ တစ်ယောက်က သူ့ကို ပခုံးနဲ့ လာတိုက်ပြီး သူ့ကို ဖယ်ရှားကာ ရပ်နေ တယ်။ မဃက အဲဒီလူကို စိတ်မဆိုးဘဲသာ အခြားနေရာကို ပျော်စရာ ကောင်းအောင် လုပ်ကာ ရပ်နေတယ်။ အခြားလူတစ်ယောက်ကလည်း လာအနိုင်ကျင့်ပြန်တယ်။ အဲဒီလူကိုလည်း စိတ်မဆိုးဘဲ အခြား တစ်နေရာ ကို ပျော်စရာကောင်းအောင် လုပ်ကာ ရပ်နေတယ်။ အဲဒီလိုပဲ အိမ်က ထွက်တိုင်း ထွက်တိုင်းသော လူတွေက သူ့ကို အနိုင်ကျင့်ကြပါတယ်။

"ဒီလူအားလုံးဟာ ငါ့ကို မှီပြီး ချမ်းသာနေကြတယ်။ ဒီအလုပ်ဟာ ငါ့အား ချမ်းသာကို ပေးတတ်တဲ့ ကောင်းမှုလုပ်ငန်း ဖြစ်မယ်" လို့ ကြံစည် ကာ နောက်တစ်နေ့မှာ ပေါက်တူးကို ယူပြီး တလင်းအဝန်းအဝိုင်း လောက် ရှိတဲ့ နေရာကို ပျော်စရာကောင်းအောင် လုပ်ပါတယ်။ လူတွေ အားလုံး အဲဒီနေရာမှာပဲ ရပ်တည်ကြပါတယ်။ ချမ်းအေးတဲ့အခါမှာ မီး မွှေးပေးပါတယ်။ နွေအခါမှာ ရေပေးပါတယ်။ "ပျော်စရာကောင်းတဲ့

http://www.dhammadownload.com



နေရာကို လူတိုင်း သဘောကျကြတာပဲ။ ဘယ်သူမှ သဘောမကျသူ မရှိဘူး။ ဒီနေ့က စပြီး ငါဟာ လမ်းကို ညီညာအောင် လုပ်ကာ လှည့်လည်သင့်တယ်” လို့ တွေးပြီး နံနက်စောစောပဲ အိမ်က ထွက်ကာ လမ်းကို ညီညာအောင် လုပ်ပါတယ်။ ဖြတ်တောက်ပြီး ဖယ်ရှားပစ်ရမယ့် သစ်ခက်တွေကို ဖယ်ရှားပစ်ပါတယ်။

“မိတ်ဆွေ ဘာလုပ်နေတာလဲ” လို့ သူ့ကို အခြားလူက မြင်လို့ မေးပါတယ်။ “မိတ်ဆွေ ငါဟာ နတ်ပြည်ရောက်ကြောင်းလမ်းကို လုပ်နေပါတယ်” လို့ ဖြေပါတယ်။ “ဒီလိုဆိုရင် ကျွန်တော်လည်း အဖော်ဖြစ်ပါရစေ”လို့ ပြောလို့ “ဖြစ်ပါ မိတ်ဆွေ၊ နတ်ပြည်ဆိုတာ လူအများလည်း သဘောကျတယ်၊ ချမ်းသာလည်း များတယ်” လို့ ပြောပါတယ်။ အဖော်တွေ တိုးလာပါတယ်။ (၃၀) ဖြစ်လာပါတယ်။ ပေါက်တူး စသည်ကို ယူကာ လမ်းကို ညီညာအောင် ပြုလုပ်ပြီး တစ်ယူဇနာ၊ နှစ်ယူဇနာမျှ အရပ်ကို သွားကြပါတယ်။

ရွာစားရဲ့ ရှင်ဘုရင်အား သူခိုးတွေပါလို့ မဟုတ်မမှန် လျှောက်ထားချက်အရ သူခိုးတွေအဖြစ်နဲ့ ဖမ်းခံထားရတဲ့ မဃတို့တစ်သိုက်ကို ရှင်ဘုရင်က မစူးစမ်းဘဲ ဆင်နဲ့ နင်းသတ်စေလို့ အမိန့်ပေးပါတယ်။ မဃက သူ့လူတို့ကို ဩဝါဒပေးပါတယ်။

“မိတ်ဆွေတို့ မေတ္တာကို ဘေးဖယ်ထားပြီး ငါတို့မှာ အခြားအားကိုးရာ မရှိပါ။ သင်တို့ဟာ ဘယ်သူ့အပေါ်မှ ဒေါသမထားကြပါနဲ့။ ရှင်ဘုရင်အပေါ်မှာရော၊ ရွာစားအပေါ်မှာရော၊ နင်းမယ့်ဆင်အပေါ်မှာရော၊ မိမိအပေါ်မှာပါ မေတ္တာစိတ်နဲ့ တန်းတူစိတ်သာ ထားရှိကြပါ။”

မဃရဲ့ အပေါင်းအဖော်တွေက မဃရဲ့ ဩဝါဒအတိုင်း ပြုလုပ်ကြပါတယ်။ အဲဒီအခါ သူတို့ရဲ့ မေတ္တာအစွမ်းကြောင့် ဆင်ဟာ ကပ်

http://www.dhammadownload.com



တောင် မကပ်ဝံ့ပါ။ ရှင်ဘုရင်က အဲဒီအကြောင်းကို ကြားရလို့ “လူ အများကြီးကို မြင်လို့ မနင်းဝံ့တာ ဖြစ်မယ်။ ဖျာနဲ့ ဖုံးအုပ်ပြီး နင်းစေကြ” လို့ ပြောပါတယ်။ ဖျာနဲ့ ဖုံးအုပ်ပြီး နင်းဖို့လွှတ်ပေမယ့်လည်း ဆင်က အဝေးကပဲ ဖဲသွားပါတယ်။ ရှင်ဘုရင်က အဲဒီအကြောင်းကို ကြားလို့ “အကြောင်း ရှိမယ်” လို့ တွေးကာ မဃတို့ကို အခေါ်ခိုင်းပြီး “အမောင် တို့၊ ငါ့ကို မှီပြီး ဘာကို မရကြသလဲ” လို့ မေးတော့ “ဘာကို ပြောတာပါ လဲ”လို့ ပြန်မေးကြပါတယ်။ “သင်တို့က အုပ်စုဖွဲ့ပြီး သူခိုးလုပ်ကာ တော ထဲမှာ လှည့်လည်နေကြတယ် မဟုတ်လား”လို့ မေးတော့ “ဘယ်သူက ပြောတာပါလဲ” လို့ မေးတယ်။ “ရွာစားက ပြောတယ်” လို့ ပြောတော့ “ကျွန်တော်တို့က သူခိုးတွေမဟုတ်ပါ။ နတ်လမ်းကိုရှင်းကြပြီး ဒီအလုပ် ဒီအလုပ်တွေကို လုပ်ကြပါတယ်။ ရွာစားက ကျွန်တော်တို့ကို သားငါး သတ်၊ အရက်သောက် စတဲ့ မကောင်းတဲ့ အလုပ်တွေကို လုပ်ဖို့ ပြောတဲ့ အခါ ကျွန်တော်တို့က သူ့စကားကို မလိုက်နာလို့ ဖျက်ဆီးလိုစိတ်ပေါ် ပြီး စိတ်ဆိုးကာ ပြောလိုက်တာပါ”လို့ လျှောက်ပြကြမှ သဘောကျကာ တိရစ္ဆာန်ကတောင် သင်တို့ရဲ့ ဂုဏ်တွေကို သိတယ်၊ လူဖြစ်တဲ့ ငါက မသိနိုင်ဘူး။ ငါ့အား သည်းခံကြပါ” လို့ ပြောပါတယ်။

သား၊ သမီး၊ ဇနီးနဲ့တကွ ရွာစားကို ကျွန်အဖြစ်၊ ဆင်ကို စီးဆင် အဖြစ်၊ ရွာကိုလည်း အလိုရှိတိုင်း သုံးဆောင်လို့ ရှင်ဘုရင်က မဃတို့ အား ပေးလိုက်ပါတယ်။ ကုသိုလ်ရဲ့အကျိုးကို လက်တွေ့တွေ့ရတာမို့ ကုသိုလ်ကို တိုးပြီး လုပ်ဖို့ တိုင်ပင်ကာ လမ်းလေးခွ လမ်းဆုံမှာ လူ အများနားဖို့ ဇရပ်ဆောက်ကြပါတယ်။ (ဓမ္မပဒ၊ ၌၊ ပ၊ ၁၆၉)

မဃတို့ရဲ့ အများအကျိုးဆောင် စိတ်ထားတွေဟာ လူသားတွေ အား ကျေးဇူးများလှပါပေတယ်။ မဃတို့လို အများအကျိုးဆောင်စိတ်

http://www.dhammadownload.com



ထားတွေ လူသားတွေမှာ ကိန်းဝပ်ကြမယ်ဆိုရင် လူ့လောကကြီးဟာ ဘယ်လောက် ပျော်ရွှင်စရာကောင်းလေမလဲ။

## လင်္ကာ

၁။ အလုပ်ကောင်းများ, လုပ်နေငြား,
မလိုလားသူကား ရှိတတ်သည်။
၂။ မလိုသူဟာ, ကောက်ကျစ်ကာ, ယုတ်မာလာတတ်သည်။
၃။ မယတို့ကား, မေတ္တာများ, ပွားများနေကြသည်။
၄။ မေတ္တာကြောင့်ပင်, ဘုရင့်ဆင်, နားပင် မကပ်ပြီ။
၅။ ရှင်ဘုရင်ဟာ, စုံစမ်းရာ, မှန်စွာ သိသွားပြီ။
၆။ မလိုသူဟာ, ထိုအခါ, ကောင်းစွာ ဒုက္ခရောက်လေပြီ။
၇။ မယလူစု, ကောင်းတဲ့မှု, ပိုပြုနိုင်လေပြီ။
၈။ မယလိုလူတွေ, ကမ္ဘာမြေ, များနေရပါမည်။
၉။ သို့ပါမှသာ, ဒီကမ္ဘာ, သာယာအေးချမ်းမည်။

[လင်္ကာတွေကို ဒုတိယအကြိမ်မှာ ဖြည့်စွက်လိုက်ပါတယ်။]

သာမဏေကျော်
မဟာဂန္ဓာရုံကျောင်းတိုက်၊
လှော်ကားဥယျာဉ်အနီး၊ မှော်ဘီမြို့နယ်၊
ရန်ကုန်တိုင်း။
သီတင်းကျွတ်လဆန်း (၉) ရက်၊ ၁၃၆၉-ခု။
၂၀-၁၀-၂၀၀၇

http://www.dhammadownload.com

## သာဓုခေါ်ပါလေ

*    ပညာဆိုတာ, လောကမှာ, အရာရာကို သိနိုင်ပေ။
*    စာအုပ်လှူရာ, ပညာပါ, လှူရာရောက်ပါပေ။
*    ဗုဒ္ဓသာသနာ, လောကမှာ, ရှည်ကြာတည်ပါစေ။
*    ဤသို့ ရည်မှန်း, ငါ လှူဒါန်း, ရွှင်လန်း သာဓုခေါ်ပါလေ။

## သာမဏေကျော်စာပေ
## ပညာဒါန အလှူရှင်များ

| | | |
|---|---|---|
| ၁။ | ကိုမျိုးခိုင်ကို ရည်စူး၍ ကျန်ရစ်သည့် မောင်နှမတစ်စု အမှတ် (၃၄) (A)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား (၁) ရပ်ကွက်၊ ဗဟန်း။ | ၁,၅၀၀,၀၀၀/- |
| ၂။ | Sukhavati (Korea, Seoul) | ၆၈၇,၅၀၀/- |
| ၃။ | မခင်ညွန့်လွင် (ခ) မဖြူ မန္တလေးမြို့။ | ၃၀၀,၀၀၀/- |
| ၄။ | ကိုစိန်ကျော်နှင့် မောင်နှမတစ်စု၊ ဘုရင့်နောင်ပွဲရုံ | ၃၀၀,၀၀၀/- |
| ၅။ | ကိုတိုးတိုး (ခ) ကိုသန်းထွဋ် - မခင်ဝင်းရီ၊ သမီး - ယွမ်ယွမ်း၊ ဝမ်ဝမ်း။ | ၂၀၀,၀၀၀/- |
| ၆။ | ကိုရဲ၊ ရွှေမဟာအထွေထွေရောင်းဝယ်ရေး၊ အမှတ် (၈၇)၊ ကုန်ဈေးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ | ၂၀၀,၀၀၀/- |

http://www.dhammadownload.com

၇။ ကိုကြည်လင် မိသားစု၊ ကောင်းဆက်ပွဲရုံ။ ၁၅၀,၀၀၀ိ/-

၈။ ကိုမောင်မောင် - မစန်းနု၊ ကောင်းဆက်ပွဲရုံ။ ၁၅၀,၀၀၀ိ/-

၉။ ဦးလှမြင့် - ဒေါ်တင်တင်အေး၊
သား - ဟိန်းစည်၊ သမီး - ဇေကရီ၊
မိသားစု၊ ပြင်ဦးလွင်မြို့။ ၁၃၀,၀၀၀ိ/-

၁၀။ မသုဘဒ္ဒါ၊ မဝိဇ္ဇာ၊ ကိုရှီးယား။ ၁၁၅,၅၀၀ိ/-

၁၁။ ကောင်းသီဟ၊ မင်းသီဟ၊ မေဦးခိုင်
မောင်နှမများ၊
အမှတ် (၅)၊ ငွေပြည်သာ၊ သယ်န်းကျွန်း။ ၁၁၁,၀၀၀ိ/-

၁၂။ အရှင်သံဝရာလင်္ကာရ ဓမ္မပိယဆရာတော်၊
သယ်န်းကျွန်း၊ ရန်ကုန်မြို့။ ၁၀၀,၀၀၀ိ/-

၁၃။ ကိုမျိုးအောင် - မစန်းစန်းဝင်း မိသားစု၊
(၅၃) ကမ်းနားလမ်း၊ ပုသိမ်မြို့။ ၁၀၀,၀၀၀ိ/-

၁၄။ ဦးအောင်ထွန်း - ဒေါ်မြင့်မြင့်အေး၊
သား - ကျော်ကျော်ထွန်း၊ ဟန်လင်းအေ
သမီး - မသဇင်အောင်၊ တောင်ကြီးမြို့ ၀၀,၀၀၀ိ/-

၁၅။ ဦးအောင်သန်း + ဒေါ်ဝေ၊ ဒေါ်နုနုဝေ၊
ဒေါ်အေးအေးလွင်၊ ဒေါ်ခင်လေးဝင်း
တောင်ကြီးမြို့။ ၁၀၀,၀၀၀ိ/-

၁၆။ ဦးစိမ်း မိသားစု။ ၁၀၀,၀၀၀ိ/-

၁၇။ ဦးခင်ဇော် - ဒေါ်စန်းစန်းအေး မိသားစု။ ၁၀၀,၀၀၀ိ/-

၁၈။ ဦးကုလားဖြူ မိသားစု။ ၁၀၀,၀၀၀ိ/-

၁၉။ ကိုထင်ကျော် - မအေးအေးခိုင်၊
သား - အောင်အောင်ဦး၊ ဟိန်းထက်ဇော်။ ၁၀၀,၀၀၀ိ/-

http://www.dhammadownload.com

| | | |
|---|---|---|
| ၂၀။ | ကိုဇင်မျိုးနိုင် - မဝင်းမာဦး မိသားစု။ | ၁၀၀,၀၀၀/- |
| ၂၁။ | ကောင်းဆက်ပွဲရုံ မိသားစု။ | ၁၀၀,၀၀၀/- |
| ၂၂။ | ဒေါ်နန်းနွယ်၊ သမီး - မခင်ခင်ဦး၊ ညီမ - မနန်းမိုးသီတာ၊ ကြပ်ပြင်၊ မိုးကုတ်မြို့။ | ၁၀၀,၀၀၀/- |
| ၂၃။ | ဦးအောင်မြင့်သိန်း၊ ကားဝပ်ရှော့၊ (၄၇၂) သစ္စာလမ်း၊ တောင်ဥက္ကလာ။ | ၁၀၀,၀၀၀/- |
| ၂၄။ | ဦးအောင်ကျော်ဆင့် + ဒေါ်နှင်းငွေရည် မြကြာငုံစာပေ၊ အမှတ်-၅၄၊ အုတ်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ | ၁၀၀,၀၀၀/- |
| ၂၅။ | မကမလညာနီ နှင့် မပရမညာနီ၊ ပဏ္ဍိတာရာမ၊ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ။ | ၅၀,၀၀၀/- |
| ၂၆။ | ဦးတင်ဝင်း - ဒေါ်ဝမ်းဝမ်း မိသားစု။ | ၃၀,၀၀၀/- |
| ၂၇။ | ဦးအောင်သူဆန်း - ဒေါ်ဌေးဌေးရီ မိသားစု။ | ၃၀,၀၀၀/- |
| ၂၈။ | ဦးတင်အောင်၊ ဒေါ်ကျင်ပု၊ စံပြရွှေဆိုင်၊ (၅၃)၊ ဝါးတန်းလမ်း၊ ရန်ကုန်မြို့။ | ၃၀,၀၀၀/- |
| ၂၉။ | ဦးနီပွန် + ဒေါ်ခင်လေးရီ၊ သင်္ဂဟမျက်မှန် မိသားစု၊ ပဲခူးမြို့။ | ၃၀,၀၀၀/- |
| ၃၀။ | သာသနာမိခင်ကြီး ဒေါ်ကျင်ယုံ၊ မဟာစည်သာသနာ့ရိပ်သာ၊ သယ်န်းကျွန်း။ | ၁၅,၀၀၀/- |
| ၃၁။ | ဒေါ်ညွန့်ညွန့်၊ သား - ကိုထွန်းနိုင် မိသားစု။ | ၁၀,၀၀၀/- |

http://www.dhammadownload.com

## သာမဏေကျော်စာပေကထုတ်ဝေခဲ့သည့်
## ဆရာတော် သာမဏေကျော်၏စာအုပ်များ

၁။ ကြီးပွားချမ်းသာမယ်
၂။ ဆွမ်းအလှူ
၃။ ကျောင်းအလှူ
၄။ ဗုဒ္ဓသမီးထံသို့
၅။ ဝါဆိုနှင့်ကထိန် (ဒုတိယအကြိမ်)
၆။ ကိုရင်ဝတ်ပြီးရင်
၇။ ဗုဒ္ဓ၏တစ်နေ့တာလုပ်ငန်းစဉ်
၈။ တောင်ကိုရီးယားသို့ဝိပဿနာခရီး
၉။ ကိုရင်လေးတို့ဖတ်ဖို့
၁၀။ ကြည်ညိုဖွယ်ရာ–အရှင်သာရိပုတ္တရာ (ဒုတိယအကြိမ်)
၁၁။ တရားဘယ်လိုရှုမှတ်ရမလဲ (ဒုတိယအကြိမ်)
၁၂။ ဗုဒ္ဓသာသနာကွယ်ချိန်
၁၃။ ဗုဒ္ဓပေးခဲ့တဲ့ယဉ်ကျေးမှုအမွေ (ဒုတိယအကြိမ်)

## ယခု
## အတုယူဖွယ်ရာစိတ်ထားများ (ဒုတိယအကြိမ်)

## ဆက်လက်ထုတ်ဝေမည့်
## ဆရာတော်သာမဏေကျော်၏စာအုပ်များ

၁။ ပန်းလေးတစ်ပွင့်
စာမူခွင့်ပြုချက်အမှတ် – ၃၂၀၀၁၄၀၁၀၈

http://www.dhammadownload.com

၂။ ဗုဒ္ဓသာသနာဝင်တို့သိဖို့လိုသည် (ဒုတိယအကြိမ်)
စာမူခွင့်ပြုချက်အမှတ် - ၃၂၀၇၉၅၁၂၀၇

၃။ ကျောင်းသစ်၏အရှက်ဦး
စာမူခွင့်ပြုချက်အမှတ် - ၃၂၀၅၅၇၀၈၀၇

၄။ ရဟန်းနှင့်စည်းကမ်း
စာမူခွင့်ပြုချက်အမှတ် - ၃၂၀၅၄၅၀၈၀၇

၅။ မြန်မာတွေအတွက် မြန်မာပရိတ်ကြီး
စာမူခွင့်ပြုချက်အမှတ် - ၃၂၀၃၄၉၀၆၀၇

၆။ ဘုရားဂုဏ်တော်နှင့်မဟာစည်ဆရာတော်
စာမူခွင့်ပြုချက်အမှတ် - ၃၂၀၃၅၆၀၆၀၇

http://www.dhammadownload.com